The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL.20, NO. 15 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | June 1, 2020





# မြန်မာနိုင်ငံ၏ ပထမဆုံး E-Commerce Virtual Conference ကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဦးဆောင်ကျင်းပ

စာမျက်နှာ - ၁၈



# jrefmZlpm;ajymif;faps;uluful ,jyeŸpa&;

စာမျက်နှာ - ၁၇





လန်းဆန်းတက်ကြွပြီး ကျန်းမာကြံ့ခိုင်ဖို့အတွက် မြန်မာနိုင်ငံတွင်
အကောင်းဆုံးနှင့် ယုံကြည်စိတ်ချရဆုံး သောက်ရေသန့်
ALPINE
Purified Drinking Water
PROMISES PURITY
/alpinedrinkingwater

# ပြည်ပနိုင်ငံများသို့ ဆန်တင်ပို့ခြင်းဆိုင်ရာကိစ္စရပ်များ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက်အမှာစကားပြောကြား



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် မေ ၂၇ ရက် မွန်းလွဲ ၁နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၃)၌ ကျင်းပသည့် ပြည်ပနိုင်ငံများသို့ ဆန်တင်ပို့ခြင်းဆိုင်ရာကိစ္စရပ်များ၊ ဆန်ပြည်ပတင်ပို့သည့် ကုမ္ပဏီများမှ အရန်ဆန်ပေးသွင်းခြင်း၊ လက်ခံခြင်းနှင့် သိုလှောင်ထားရှိခြင်းဆိုင်ရာ ကိစ္စရပ်များနှင့် မိမိနိုင်ငံ၏ စိုက်ပျိုးရေးထွက်ကုန်များ ရောင်းချရာတွင် နိုင်ငံတစ်နိုင်ငံတည်းကို ရောင်းချခြင်းမျိုးမဖြစ်စေဘဲ ဈေးကွက်အသစ်များရရှိရေး စီမံဆောင်ရွက်မှုများနှင့် စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကား ပြောကြားရာတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် လက်ရှိဖြစ်ပွားလျက်ရှိသည့် COVID-19 အခြေအနေကြောင့် မြန်မာနိုင်ငံတွင် ပြည်တွင်းစားနပ်ရိက္ခာ ဖူလုံရေးအပြင် ပြည်တွင်းကုန်ဈေးနှုန်းတည်ငြိမ်ရေး အတွက်လည်း အလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆန်စပါးသည် မြန်မာနိုင်ငံ၏ အဓိကစားသုံးသီးနှံဖြစ်သည့်အပြင် လယ်ယာထွက်ကုန် ပြည်ပတင်ပို့မှု မြှင့်တင်ရေးတွင်လည်း အလေးထားဆောင်ရွက်ရမည့် လယ်ယာထွက်ကုန်ဖြစ်ပါကြောင်း၊ အရည်အသွေးပြည့်မီသော ဆန်စပါးများကို တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက်လည်း တွန်းအားပေးဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ မကြာမီကျရောက်တော့မည့် စိုက်ပျိုးရာသီတွင် ဆန်စပါးအပါအဝင် စိုက်ပျိုးရေးထွက်ကုန်သီးနှံများ ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ အသင်းအဖွဲ့များနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ COVID-19 ရောဂါ ထိန်းချုပ်မှုကိုလည်း မထိခိုက်စေဘဲ စီးပွားရေးလုပ်ငန်းများကို တတ်နိုင်သမျှ ပြန်လည်ထူထောင်နိုင်ရေးအတွက် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတကာတွင် ကုန်သွယ်မှုလမ်းကြောင်းများ ဖွင့်လှစ်ထားပါက ကုန်သွယ်မှုနှင့် ပတ်သက်သည့် အကန့်အသတ်များကို မည်သို့ဖြေရှင်းဆောင်ရွက်မည်ကို စဉ်းစားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ COVID-19 ဖြစ်ပွားနေစဉ်ကာလအတွင်းနှင့် Post COVID-19 ကာလများတွင်လည်း မိမိနိုင်ငံ၏ စိုက်ပျိုးရေးထွက်ကုန်များရောင်းချရာတွင် နိုင်ငံတစ်နိုင်ငံတည်းကို ရောင်းချခြင်းမျိုးမဖြစ်စေဘဲ ဈေးကွက်သစ်များရရှိရေး စီမံဆောင်ရွက်ရန် လိုအပ်ကြောင်း၊ တက်ရောက်လာကြသူများအနေဖြင့် ပြည်ပနိုင်ငံများသို့ ဆန်တင်ပို့ခြင်းဆိုင်ရာ ကိစ္စရပ်များ၊ ဆန်ပြည်ပတင်ပို့သည့် ကုမ္ပဏီများက အရန်ဆန်ပေးသွင်းခြင်း၊ လက်ခံခြင်းနှင့် သိုလှောင်ထားရှိခြင်းဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ မိမိတို့ ဝန်ကြီးဌာနအနေဖြင့် ကူညီဆောင်ရွက်ပေးစေလိုသည့် ကိစ္စရပ်များကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးစေလိုကြောင်း စသည်ဖြင့် ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများမှ COVID-19 ကာလအတွင်း အရေးပေါ်အခြေအနေဖြစ်ပေါ်လာပါက အရေးပေါ်ရိက္ခာဆန် ဝယ်ယူထားရှိမှုအခြေအနေ၊ ပြည်ပဆန်တင်ပို့မှုမှ ၁၀ ရာခိုင်နှုန်းကို အရေးပေါ်ရိက္ခာပေးသွင်းမှု အခြေအနေ၊ အရေးပေါ်ရိက္ခာဆန် ဆက်လက်ဝယ်ယူမှု အခြေအနေ၊ အရေးပေါ်ရိက္ခာ ဆန်ဝယ်ယူမှုကြောင့် တောင်သူများအတွက် အကျိုးရှိပြီး နိုင်ငံတော်အတွက်လည်း အကျိုးရှိမှု အခြေအနေများသာမက ပြည်တွင်း၌ လက်ရှိကာလတွင် ဆန်လုံလောက်မှုရှိသည့် အခြေအနေများကို ဆွေးနွေးခဲ့ကြပြီး ညနေ ၃နာရီခွဲတွင် ရုပ်သိမ်းခဲ့သည်။

အဆိုပါအစည်းအဝေးသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်းနှင့် ပြည်ပသို့ ဆန်တင်ပို့သူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

MOC(IR)

# စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး Doing Business ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့် ပတ်သက်သည့် လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား



မေ ၁၁ ရက် မွန်းလွဲ ၁နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Video Conferencing စနစ်ဖြင့် ကျင်းပသည့် Doing Business ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များနှင့်ပတ်သက်သည့် လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ Ease of Doing Business Ranking တိုးတက်ရေးလုပ်ငန်းအဖွဲ့ ခေါင်းဆောင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး တက်ရောက်အမှာစကား ပြောကြားသည်။

ဒုတိယဝန်ကြီးက အမှာစကားပြောကြားရာတွင် Doing Business 2021 အစီရင်ခံစာအတွက် ပြုပြင်ပြောင်းလဲမှုများ၏ ဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် လာမည့် ၂၀၂၂ အတွက် ရှေ့ဆက်ဆောင်ရွက်မည့်အခြေအနေများ၊ E-Government တိုးတက်ကောင်းမွန်စေရေးအတွက် ဆောင်ရွက်မည့် အခြေအနေများအား ပြောကြားသည်။

ထို့နောက် သက်ဆိုင်ရာဌာနအသီးသီးမှ Video Conferencing ဖြင့် တက်ရောက်လာကြသည့် ညွှန်ကြားရေးမှူးချုပ်များ၊ ကမ္ဘာ့ဘဏ်၊ International Finance Corporation (IFC) မှ Country Officer ဒေါ်ခင်သီတာမော်၊ Senior Private Sector Specialist Mr. Jose Ricardo Silva၊ Consultant Mr. Antony Dickinson တို့မှ ဝိုင်းဝန်းအကြံပြုဆွေးနွေးကြပြီး အစည်းအဝေးကို မွန်းလွဲ ၂ နာရီတွင် ရပ်နားခဲ့ကြောင်း သတင်းရရှိသည်။

MOC(IR)

Commerce JOURNAL

**အတိုင်ပင်ခံစာတည်း**
အောင်မောင်း
မြင့်သူရ
ဦးဦးဟန်

**စာတည်းမှူးချုပ်**
မင်းအောင်အေး

**အုပ်ချုပ်ရေးမှူး**
အေးအေးမော်

**တာဝန်ခံစာတည်း**
စိန်သံ

**စာတည်းအဖွဲ့**
ရဲမင်းနိုင်

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ အေးအေးသန့်၊
သီတာဝင်း

**သတင်းထောက်များ**
စုမြတ်လှိုင်(ပြင်ပ)
ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)၊
ကြည်နိုင်ဦး(အင်းတော်) မင်းဇော်မွန်(ဖျာပုံ)၊
မြင့်ဦး(ပခုက္ကူ) ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်၊ ခင်မိုးသူ

**ကြော်ငြာတာဝန်ခံ**
ထွန်းထွန်းဝင်း
မြင့်ဇင်ညွန့်

**ထုတ်ဝေသူ**
ဦးမျိုးခိုင်ဝင်း (၀၁၀၅၅)
အမှတ်-၂၂၈/၂၄၀၊ ကမ်းနားလမ်း၊
ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၁၁၉၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
မြင့်ဇော်မိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊ အောင်မျိုး၊
အုန်းခင် (၀၉-၄၃၀၄၁၇၄၉)

**ကွန်ပျူတာ**
အိမွန်မွန်သူ၊ သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# ပုသိမ်မြို့ ဆန်စပါးဈေးကွက် အရောင်းအဝယ်ပုံမှန်ဖြစ်

ပုသိမ်မြို့နယ်ဆန် စပါးဈေးကွက်တွင် ဧရာဝတီပေါ်ဆန်း ၁၀၅ ပေါင် တင်း ၁၀၀ ကို ကျပ် ၁၁ သိန်းဝန်းကျင် ဆန်တစ်အိတ်ကို ကျပ် ၃၇၀၀၀/ ၃၈၀၀၀၊ ပေါ်ဆန်းရင် စပါး ၁၀၅ ပေါင် တင်း ၁၀၀ ကို ကျပ်ရှစ်သိန်းခွဲကိုးသိန်းခန့် ဆန်တစ်အိတ်ကို ကျပ် ၃၄၀၀၀/၃၅၀၀၀ ဈေးနှင့် မိုးမနောသုခ၊ မျိုးပွားစပါးပေါင် ၁၀၀ တင်း ၁၀၀ ကို ကျပ်ခြောက်သိန်းကျော်၊ ဆန်တစ်အိတ်ကိုကျပ် ၂၂၀၀၀/ ၂၂၅၀၀၊ ရွှေသွယ်စပါး ပေါင် ၁၀၀ တင်း ၁၀၀ ကို ကျပ်ရှစ်သိန်းဝန်းကျင်၊ ဆန်တစ်အိတ် ကျပ်၃၃၀၀၀/၃၄၀၀၀ ဈေးနှင့် နှံ့သီးထပ်စပါး ပေါင် ၁၀၀ တင်း ၁၀၀ ကျပ်ငါးသိန်းရှစ်သောင်းခန့်နှင့် ဆန်တစ်အိတ်ကို ကျပ် ၂၂၅၀၀/ ၂၃၀၀၀ ဈေးဖြင့် ပုံမှန်ရောင်းဝယ်လျက်ရှိကြောင်း ဈေးကွက်မှသိရသည်။

ပုသိမ်ဈေးကွက်မှ တိုင်းဒေသကြီးအတွင်း မြို့နယ်များနှင့်ရန်ကုန်၊ အထက်အညာဒေသများသို့ ဆန်၊ ဆန်ကွဲ၊ ကောက်ညင်းဆန်များကို တင်ပို့ရောင်းချမှုရှိပြီး ယခုရက်ပိုင်းအတွင်း အရောင်းအဝယ်ပုံမှန်ဖြစ်လျက်ရှိကြောင်း ဆန်၊ စပါးကုန်သည်အသိုင်းအဝိုင်းမှ သိရသည်။

**မင်းမင်းဦး (ပုသိမ်)**

# Covid-19 ကာလအတွင်း ဆန်နှင့် ဆန်ကွဲတင်ပို့မှု

မေ ၁၆ ရက်မှ ၂၂ ရက်တာ ကာလအတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ သန်း ၁ ဒသမ ၃၆၂ တန်ဖိုးရှိ ဆန်တန်ချိန် ၃၈၀၀ ကျော်တင်ပို့ခဲ့ကြောင်း သိရသည်။ မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ဆန်တန်ချိန် ၃၂၀၀ ကျော်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ဆန်တန်ချိန် ၄၂၀ ခန့်၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ဆန်တန်ချိန် ၁၈၀ ကျော်တင်ပို့နိုင်သဖြင့် ယခင်တစ်ပတ်တင်ပို့မှုနှင့်နှိုင်းယှဉ်လျှင် တန်ချိန် ၂၄၀၀ ခန့် ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

ယခုတစ်ပတ် မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာသန်း သုည ဒသမ ၀၉၉ ဒေါ်လာသန်း တန်ဖိုးရှိ ဆန်ကွဲတန်ချိန် ၃၀၀ တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

မေ ၁၇ ရက်မှ ၂၃ ရက်တာ ကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာသန်း ၁၂ ဒသမ ၅၆၈ တန်ဖိုးရှိ ဆန်တန်ချိန် ၃၂၀၀၀ ကျော် တင်ပို့နိုင်ခဲ့ပါသည်။ တင်ပို့မှုအနေဖြင့် အာရှနိုင်ငံများသို့ဆန်တန်ချိန် ၂၁၇၀၀ ကျော်၊ အီးယူနိုင်ငံများသို့ ဆန်တန်ချိန် ၅၄၀၀ ခန့်၊ အာဖရိကနိုင်ငံများသို့ ဆန်တန်ချိန် ၅၆၀၀ နီးပါး တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။ ယခင်တစ်ပတ်တင်ပို့မှုနှင့်နှိုင်းယှဉ်လျှင် ဆန်တန်ချိန် ၈၄၀၀ ခန့် ပိုမိုတင်ပို့ခဲ့ကြောင်း သိရသည်။

မေ ၁၇ ရက်မှ ၂၃ ရက်တာ ကာလအတွင်း ပင်လယ်ရေကြောင်းမှ ဆန်ကွဲတင်ပို့မှုအနေဖြင့် အမေရိကန်ဒေါ်လာသန်း ၅ ဒသမ ၃၂၉ တန်ဖိုးရှိ ဆန်ကွဲတန်ချိန် ၂၀၀၀၀ ကျော် တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။ အီးယူနိုင်ငံများသို့ ဆန်ကွဲတန်ချိန် ၁၄၈၀၀ ကျော်၊ အာဖရိကနိုင်ငံများသို့ ဆန်ကွဲတန်ချိန် ၄၃၀၀၊ အာရှနိုင်ငံများသို့ ဆန်ကွဲတန်ချိန် ၁၅၀၀ ခန့် တင်ပို့နိုင်ခဲ့ပါသည်။ ယခင်တစ်ပတ် တင်ပို့မှုနှင့်နှိုင်းယှဉ်လျှင် ဆန်ကွဲတန်ချိန် ၄၉၀၀ ခန့် လျော့နည်းတင်ပို့ခဲ့ကြောင်း သိရသည်။

ယခုတစ်ပတ်ဆန်နှင့်ဆန်ကွဲ စုစုပေါင်းတန်ချိန် ၅၇၀၀၀ ကျော်တင်ပို့နိုင်ခဲ့သဖြင့် ယခင်တစ်ပတ်တင်ပို့မှုနှင့် နှိုင်းယှဉ်လျှင် တန်ချိန် ၆၀၀၀ ကျော် ပိုမိုခဲ့သည်။ **အေးအေးသန့်**

# COVID - 19 ကာလအတွင်း မြန်မာ့ဆန်တန်ချိန် သိန်းချီဝယ်ယူရန် အာဆီယံနိုင်ငံများ ဆက်တိုက်ကမ်းလှမ်း

လက်ရှိ COVID- 19 ကပ်ရောဂါကာလအတွင်း မြန်မာ့ဆန်အား တန်ချိန် သိန်းချီဝယ်ယူရန် အာဆီယံနိုင်ငံများက ဆက်တိုက်ကမ်းလှမ်းလာကြောင်း မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်းမှ သိရသည်။

ယင်းသို့ကမ်းလှမ်းလာသည့်နိုင်ငံများမှာ ဖိလစ်ပိုင်၊ အင်ဒိုနီးရှားနှင့် မလေးရှားတို့ဖြစ်ပြီး အစိုးရထံသို့တိုက်ရိုက်ကမ်းလှမ်းလာခြင်းဖြစ်ကြောင်း အဆိုပါအသင်းဥက္ကဋ္ဌ ဦးအောင်သန်းဦးက မေ ၂၈ ရက်တွင် ပြောသည်။

‘အစိုးရချင်း ကမ်းလှမ်းလာတာ။ သံရုံးတွေကနေတစ်ဆင့်လည်း ကမ်းလှမ်းလာတယ်။ ရောင်းတာကတော့ အစိုးရချင်းပဲရောင်းမှာ။ ဒီနိုင်ငံတွေက အရင်က မြန်မာ့ဆန်ကို အမှာနည်းတဲ့နိုင်ငံတွေဖြစ်ပါတယ်။ ဒီသုံးနိုင်ငံထဲက ဖိလစ်ပိုင်ဆို အခုတန်ချိန်သုံးသိန်းအထိကို ဝယ်လိုတယ်လို့ ပြောလာတာရှိတယ်’ဟု ၎င်းက ပြောသည်။

နိုင်ငံတော်အစိုးရအနေဖြင့် လက်ရှိတွင် ပြည်တွင်းစားသုံးမှု ထိခိုက်ခြင်းမရှိစေရန်အတွက် ပြည်ပတင်ပို့မှုကို အကန့်အသတ်ဖြင့်သာ ခွင့်ပြုထားကြောင်း သိရသည်။ အာဆီယံနိုင်ငံများသို့ ဆန်တင်ပို့ရောင်းချမှုအား မကြာခင် ဆောင်ရွက်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်းမှ သိရသည်။ **ပန်းဆု**

# ကန်ဒေါ်လာ သန်း ၆၀၀ ကျော်ဖြင့် မဂ္ဂါဝပ် ၃၇၀ ထုတ်လုပ်နိုင်မည့် လျှပ်စစ်စီမံကိန်း ဒလတွင် ဆောင်ရွက်မည်

ဂျပန်နိုင်ငံရှိ TTCL Power myanmar ကုမ္ပဏီမှ အမေရိကန်ဒေါ်လာ ၆၄၅ သန်း ရင်းနှီးမြှုပ်နှံ၍ မဂ္ဂါဝပ် ၃၈၀ ထုတ်လုပ်နိုင်မည့် လျှပ်စစ်စီမံကိန်းကို ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်တွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်က မေ ၂၇ ရက်တွင် ပြောသည်။

အဆိုပါ စီမံကိန်းကို အလုံမြို့နယ် ရန်ကုန် မြစ်ကမ်းနားအနီးရှိ မြေဧက ၉ ဒသမ ၇၈ ဧကနှင့် တုံတင်ဂံ(တ) ကျေးရွာအုပ်စု ကွင်းအမှတ် ၂၂၉(က) ဦးပိုင်လုပ်ကွက် အမှတ် ၇/၄၊ ရှမ်းကန်ရွာမကွင်း ဒလမြို့နယ် ရန်ကုန်တိုင်းဒေသကြီးတွင် ဆောင်ရွက်မည် ဖြစ်ကြောင်း ဦးသန့်စင်လွင်က ပြောသည်။

“ဒလမြို့နယ်မှာ လျှပ်စစ် ထုတ်လုပ်ခြင်း လုပ်ငန်းကို ခွင့်ပြုထားတယ်။ အဲဒီစက်ရုံက သဘာဝ ဓာတ်ငွေ့ရည် LNG ကို အသုံးပြုပြီး လျှပ်စစ်ဓာတ်အား ထုတ်လုပ်သွားမှာပါ”ဟု၎င်းကပြောသည်။

ယင်းလုပ်ငန်းအား ခွင့်ပြုလိုက်သည့် ရင်းနှီးမြှုပ်နှံမှု ပမာဏတွင် စက်ရုံဆောက်လုပ်ခြင်း၊ သိုလှောင်ခြင်းနှင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းများ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုအနေဖြင့် တိုင်းနှင့်ပြည်နယ်များတွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်သည့် လုပ်ငန်းပေါင်း ၂၉ ခုအထိ ခွင့်ပြုထားကြောင်း သိရသည်။ **ပန်းဆု**

## အာရှနိုင်ငံများမှ FOB ဆန်ဈေးနှုန်းများ

၂၉-၅-၂၀၂၀ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၅၀၇ | ၅၇၀ | △ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၅၀၁ | ၅၀၁ | △ | - | ၄၇၃ | - | - | ၃၆၈ | - | - | ၄၅၈ | - |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၂၅% | ၄၈၇ | ၄၈၇ | △ | - | ၄၅၃ | - | - | ၃၃၈ | - | - | ၃၉၈ | - |
| ပေါင်းဆန် | ၅၁၇ | ၅၁၇ | △ | - | - | - | - | ၃၆၈ | - | - | ၄၆၆ | - |

*Source: thairiceexporters*

## ပြည်တွင်းမြို့ကြီးများ၏ (၂၉-၅-၂၀၂၀)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ညှော်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| ဆန်ပိုဒေသများ | | | | | | | | |
| ပြည် | ၅၇၀၀ | □ | ၂၂၀၀၀ | △ | ၆၉၀၀ | □ | ၃၃၀၀၀ | □ |
| ပုသိမ် | ၅၅၂၀ | ▽ | ၂၃၅၀၀ | ▽ | ၇၉၅၀ | ▽ | ၃၅၀၀၀ | □ |
| ပဲခူး | ၅၄၅၀ | □ | ၂၃၀၀၀ | △ | ၇၂၀၀ | □ | ၃၃၀၀၀ | □ |
| ရွှေဘို | ၇၀၀၀ | □ | ၃၉၀၀၀ | □ | ၁၁၀၀၀ | ▽ | ၄၀၀၀၀ | □ |
| စစ်တွေ | ၅၃၀၀ | □ | ၂၃၀၀၀ | □ | ၈၅၀၀ | □ | ၄၀၀၀၀ | △ |
| ဆန်လိုဒေသများ | | | | | | | | |
| နေပြည်တော် | ၇၀၀၀ | □ | ၂၇၀၀၀ | □ | - | - | ၄၂၀၀၀ | △ |
| ရန်ကုန်(ဝါးတန်း) | ၅၂၅၀ | □ | ၂၇၀၀၀ | □ | - | - | ၃၈၀၀၀ | □ |
| မန္တလေး | ၆၇၀၀ | △ | ၂၃၅၀၀ | ▽ | - | - | ၅၁၀၀၀ | ▽ |
| မကွေး | ၇၀၀၀ | □ | ၂၅၀၀၀ | □ | - | - | ၅၉၀၀၀ | □ |
| မော်လမြိုင် | ၅၃၀၀ | □ | ၂၆၅၀၀ | □ | ၈၃၀၀ | □ | ၃၆၀၀၀ | □ |
| လှိုင်ကော် | ၈၃၇၀ | □ | ၃၇၀၀၀ | □ | - | - | ၆၁၀၀၀ | □ |
| မြိတ် | ၅၈၀၀ | △ | ၂၆၀၀၀ | ▽ | - | - | ၃၈၅၀၀ | △ |
| ဘားအံ | ၆၅၀၀ | △ | ၂၅၀၀၀ | △ | - | - | ၃၂၀၀၀ | □ |

မှတ်ချက်။ ။ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ညှော်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊ လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နှံ့(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင် မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

## ၂၂-၅-၂၀၂၀မှ ၂၈-၅-၂၀၂၀ရက်နေ့အထိOnline CO Applicationမှ CO / Proudct Card / CE လျှောက်ထားမှုစာရင်း

| No | Form Tpye | New | Amend | Extension | Cancel | True Copy | Total |
|---|---|---|---|---|---|---|---|
| 1. | Certificate of Origin (COs) | | | | | | |
| | Form A | 279 | 11 | - | - | - | **290** |
| | Form AANZ | 6 | - | - | - | - | 6 |
| | Form AHK | - | - | - | - | - | - |
| | Form AI | 37 | - | - | - | - | 37 |
| | Form AJ | 15 | 2 | - | - | - | 17 |
| | Form AK | 92 | 5 | - | - | - | 97 |
| | Form CHINA | - | - | - | - | - | - |
| | Form D | - | - | - | - | - | - |
| | Form DFTP | - | 1 | - | - | - | 1 |
| | Form E | 98 | 11 | - | - | - | 109 |
| | Form Korea | 13 | 1 | - | - | - | 14 |
| | E Form D | 129 | - | - | - | - | 129 |
| 2. | Product Card | - | - | - | - | - | - |
| 3. | Certified Exporter | - | - | - | - | - | - |
| | **Total** | **669** | **31** | - | - | **0** | **700** |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၂၉-၅-၂၀၂၀ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၂၂/၅ | ၂၉/၅ | ပြောင်းလဲမှု | ၂၂/၅ | ၂၉/၅ | ပြောင်းလဲမှု | ၂၂/၅ | ၂၉/၅ | ပြောင်းလဲမှု | ၂၂/၅ | ၂၉/၅ | ပြောင်းလဲမှု |
| မတ်ပဲ | ၁၅၇၇ | ၁၅၂၅ | ▼ | ၁၅၅၀ | ၁၅၅၀ | ■ | ၁၄၅၀ | ၁၄၂၅ | ▼ | ၁၄၅၀ | ၁၄၅၀ | ■ |
| ပဲစင်းငုံ | ၁၂၄၉ | ၁၂၁၆ | ▼ | ၁၁၇၅ | ၁၁၈၃ | ▲ | ၁၁၇၀ | ၁၁၂၅ | ▼ | ၁၂၀၀ | ၁၂၀၀ | ■ |
| ပဲတီစိမ်း | ၁၉၁၅ | ၁၉၁၅ | ■ | ၁၉၉၁ | ၁၉၉၁ | ■ | ၁၉၂၂ | ၁၉၄၇ | ▲ | ၁၇၁၀ | ၁၇၁၀ | ■ |
| ကုလားပဲရိုးရိုး | ၁၇၇၅ | ၁၇၅၀ | ▼ | ၁၃၁၀ | ၁၂၇၅ | ▼ | ၁၂၈၄ | - | - | ၁၁၆၀ | ၁၁၆၀ | ■ |
| ပဲလွန်းဖြူ | ၁၅၃၀ | ၁၅၆၅ | ▲ | - | - | | - | - | - | ၁၄၀၀ | ၁၄၀၀ | ■ |
| ထောပတ်ပဲ | ၉၇၀ | ၉၇၀ | ■ | ၁၀၁၃ | ၁၀၈၄ | ▲ | ၈၂၉ | ၉၀၅ | ▲ | ၉၂၀ | ၉၂၀ | ■ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် (၁၆.၅.၂၀၂၀)ထိ | ယခုတစ်ပတ် (၂၃.၅.၂၀၂၀)ထိ | (၁.၁.၂၀၂၀) မှ (၂၃.၅.၂၀၂၀) ထိ |
| မတ်ပဲ | ၂၆၀၁၈၄ | ၁၆၆၂၉ | ၂၇၆၈၁၃ |
| ပဲတီစိမ်း | ၁၅၃၀၁၃ | ၆၉၈၆ | ၁၅၉၉၉၉ |
| ပဲစင်းငုံ | ၁၁၂၂၆ | ၂၆၀ | ၁၁၄၈၆ |
| ကုလားပဲ | ၇၂၈၆ | ၁၆၁ | ၇၄၄၇ |
| ပဲလွန်းဖြူ | ၁၆၅၁၈ | ၇၀၃ | ၁၇၂၂၁ |
| မြေထောက်ပဲ | ၉၆၁၇ | ၁၀၀၈ | ၁၀၆၂၅ |

## ပဲတီစိမ်းအသစ်များ လှိုင်လှိုင်ပေါ်ပြီး အရောင်းအဝယ်ဖြစ်နေ

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ပဲမျိုးစုံဈေးကွက်တွင် ပဲတီစိမ်းအသစ်များ လှိုင်လှိုင်ပေါ်လျက်ရှိကြောင်း သိရသည်။ ပဲတီစိမ်းဈေးကွက်မှာ ပဲတီစိမ်းအသစ်များ လှိုင်လှိုင်ပေါ်ချိန်တွင် ပြည်ပဝယ်လက်ဖြစ်သော တရုတ်နှင့် အိန္ဒိယနိုင်ငံတို့ ဝယ်လက်ရှိ၍ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

မုံရွာပွဲရုံများတွင် ပဲတီစိမ်းအသစ်များ နေ့စဉ်အိတ် ၃၀၀၀ ခန့် အဝင်ရှိပြီး တရုတ်နှင့် အိန္ဒိယနိုင်ငံများသို့ တင်ပို့သည့်ကုန်သည်များမှ ဝယ်ယူ၍ နေ့စဉ် အိတ် ၂၀၀၀ မှ ၃၀၀၀ ခန့် ရောင်းချနေရကြောင်း သိရသည်။ ယခုတစ်ပတ်အတွင်း ပဲတီစိမ်းတစ်တင်း ကျပ် ၃၆၀၀၀ မှ ၃၇၀၀၀ အထိ ပေါက်ဈေးရှိကြောင်း သိရသည်။ **ကြည်ကြည်နွယ်(ဇေယျာကုန်သွယ်မှုဗဟိုဌာန)**

## ဟင်္သာတမတ်ပဲ ဈေးကျဆင်းပြီး အစေ့ထုတ်ပြောင်းဈေးတက်

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတကုန်စည်ဒိုင်တွင် မေလဆန်းက တစ်တင်းလျှင် ကျပ် ၃၀၀၀၀ ကျော်ခဲ့သော မတ်ပဲသည် မေ ၂၆ ရက်တွင် ကျပ်သုံးသောင်းအောက် စတင်ကျဆင်းလာပြီး မေ ၂၈ ရက်တွင် တစ်တင်းလျှင် ကျပ် ၂၈၉၀၀ဖြင့် အိတ် ၈၀၀ အရောင်းအဝယ်ဖြစ်ခဲ့ကာ အဝယ်များပြီး အရောင်းအားနည်းခဲ့သည်။

အစေ့ထုတ်ပြောင်းတစ်တင်းလျှင် ကျပ် ၁၀၃၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ပြီး ယခင်သီတင်းပတ်ထက် ကျပ် ၁၀၀ မြင့်တက်ခဲ့သည်။ ပဲတီစိမ်း(ဆီပြောင်)တစ်တင်းလျှင် ကျပ် ၃၅၀၀၀၊ ပဲတီစိမ်း(ဝါးခယ်မ) တစ်တင်းလျှင် ကျပ် ၃၂၀၀၀၊ ပဲလွန်းနီတစ်တင်းလျှင် ကျပ် ၂၄၀၀၀၊ ပဲလွန်းဖြူတစ်တင်းလျှင် ကျပ် ၂၉၅၀၀၊ ပဲပုပ်တစ်တင်းလျှင် ကျပ် ၂၀၃၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ဖွဲနု ပေါင် ၇၀ တစ်အိတ်လျှင် ကျပ် ၇၁၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ပြီး ဆန်ကွဲ (၁၊၂) ၁၀၈ ပေါင် တစ်အိတ်လျှင် ကျပ် ၁၅၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ကာ ဆန်ကွဲ(၂၊၃၊၄) ၁၀၈ ပေါင် တစ်အိတ်လျှင် ကျပ် ၁၄၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

**မောင်မောင်မြတ်ခိုင်**

## ယခုတစ်ပတ် မတ်ပဲဈေး အနည်းငယ်ကျဆင်း

ယခင်သီတင်းပတ်ကာလအတွင်း ဧရာဝတီတိုင်းဒေသကြီး မတ်ပဲဈေးနှုန်းသည် တစ်တင်းလျှင် ကျပ် ၃၀၀၀၀ ဝန်းကျင်ရှိခဲ့ပြီး မေ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် ကျပ် ၃၀၀၀၀ ဖြင့် ဝယ်ယူလျက်ရှိသည်။ မေ ၂၁ ရက်မှ ၂၃ ရက် ကာလအထိ တစ်တင်းလျှင် ကျပ် ၃၀၁၀၀ မှ ၃၀၄၀၀ အတွင်း ရှိခဲ့သည်။

အိန္ဒိယနိုင်ငံက ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွက် မြန်မာနိုင်ငံမှ မတ်ပဲတင်သွင်းခွင့် ကိုတာ တန်ချိန် လေးသိန်းကို ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၃၁ ရက် နောက်ဆုံးထား တင်သွင်းရန် ပြောင်းလဲသတ်မှတ်ခဲ့ပြီးနောက် မတ်ပဲဈေးနှုန်း အနည်းငယ် ပြန်လည်မြင့်တက်လာသည်။ မေ ၂၄ ရက်တွင် တစ်တင်းလျှင် ကျပ် ၃၀၅၀၀ မှ ၃၁၀၀၀ ထိ မြင့်တက်လာသော်လည်း မေ ၂၅ ရက်တွင် ကျပ် ၃၀၄၅၀ နှင့် မေ ၂၆ ရက်တွင် ကျပ် ၃၀၀၀၀ ထိ အနည်းငယ် ပြန်လည်ကျဆင်းလာသည်။

အိန္ဒိယနိုင်ငံတွင် မတ်ပဲဝယ်ယူမှု မြင့်တက်ပြီး နိုင်ငံတော်အရန် ပဲလက်ကျန် နည်းပါးနေပြီဖြစ်သဖြင့် မြန်မာနိုင်ငံမှ မတ်ပဲရှိသလောက် ဝယ်ယူရန်နှင့် အိန္ဒိယနိုင်ငံ၏ မတ်ပဲရိတ်သိမ်းရာသီကို ထိခိုက်မှုမရှိစေရန် မြန်မာနိုင်ငံမှ မတ်ပဲကို သုံးလအတွင်း အပြီးဝယ်ယူရန် တင်သွင်းခွင့်ချမှတ်ပေးခဲ့ခြင်းဖြစ်သည်။ သို့သော် မြန်မာနိုင်ငံတစ်နိုင်ငံလုံးအနေဖြင့် မတ်ပဲလက်ကျန် တန်ချိန် ၂ဒသမ ၅ သိန်းခန့်သာရှိနေသဖြင့် မတ်ပဲဈေးနှုန်းများစွာ တက်လာရန် မျှော်လင့်ရသော်လည်း အိန္ဒိယနိုင်ငံ၏ မတ်ပဲတင်သွင်းခွင့်ပြုမိန့် အပြောင်းအလဲများသည် မြန်မာနိုင်ငံ မတ်ပဲစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချရခြင်းအပေါ် အကျိုးသက်ရောက်မှုရှိခြင်း၊ အိန္ဒိယနိုင်ငံအတွင်းရှိ ပဲကုန်သည်များအနေဖြင့် ပဲတင်သွင်းခါနီး ပဲဈေးနှုန်းများ အကျဘက်တွင် ထိန်းထားခြင်းတို့ကြောင့် မြန်မာနိုင်ငံရှိမတ်ပဲဈေးကွက် အနည်းငယ် ပြန်လည်အသက်ဝင်လာသော်လည်း ဈေးနှုန်းများစွာ တက်လာခြင်းမရှိဘဲ ကျပ် ၃၀၀၀၀ ဝန်းကျင်ဖြင့် ဆက်လက်ရောင်းဝယ်နေကြောင်း သိရှိရသည်။

**ရောကုန်သွယ်မှုဗဟိုဌာန**



## ပြည်ကုလားပဲ ခွဲစက်သမားများ အဓိကဝယ်ယူနေ

မေလကုန်ပတ်အတွင်း ပြည်ပဲဈေးကွက်မှာ ပြည်တွင်း/ပြည်ပဝယ်လက်ရှိသော ပဲများအနက် ပြည်တွင်းအဓိကအဝယ်ဖြစ်သော ကုလားပဲသီးနှံဟာ ပဲဝင်ရောက်မှုအနည်းငယ်ရှိနေပြီး လှောင်ပဲများလည်းရှိခဲ့သည့်အတွက် ဝယ်လိုအားရှိသလောက် ရောင်းချမှုရှိခဲ့သည်။ ဝယ်လိုအားအနေဖြင့် ဒေသတွင်းခွဲစက်သမားများ အဓိကဝယ်ယူမှုရှိကာ အရောင်းအဝယ်ဖြစ်သည့်ရက်တွင် အိတ် ၂၀၀ ကျော် အရောင်းအဝယ်ဖြစ်ပြီး ပဲဈေးမှာ တစ်တင်း ကျပ် ၂၄၅၀၀ ဖြင့်သာ ရောင်းဝယ်ခဲ့ရသည့်အတွက် ယခုနှစ်ကုလားပဲသီးနှံဈေး အေးနေတဲ့နှစ်ဖြစ်ခဲ့သည်။ ယခင်နှစ်က ကုလားပဲသီးနှံ တစ်တင်း ကျပ်သုံးသောင်းအထိ ဈေးကောင်းရရှိခဲ့ကြောင်းသိရသည်။


**ခင်ဆွေဝင်း (ပြည်)**

## ပခုက္ကူ ကုန်စည်ဒိုင်၌ တစ်ပတ်အတွင်း အရောင်းအဝယ်ဖြစ်ခဲ့သော ပဲဈေးနှုန်းများ

ပခုက္ကူကုန်စည်ဒိုင်၌ တစ်ပတ်အတွင်း အရောင်းအဝယ်ဖြစ်ခဲ့သည့် ပဲမျိုးစုံ ဈေးနှုန်းမှာ ပဲစင်းငုံနီ တစ်တင်းလျှင် ကျပ် ၂၃၂၀၀ ဖြင့် အိတ် ၁၅၀၊ ယခုတစ်ပတ်၏ ကုလားပဲသုံးမျိုးဈေးနှုန်းများမှာ ကုလားပဲဝါလုံးကြီး (929)သစ် တစ်တင်းလျှင် ကျပ် ၂၄၀၀၀ ဖြင့် အိတ် ၅၀၊ ကုလားပဲဖြူလုံးကြီး (V2) တစ်တင်းလျှင် ကျပ် ၂၄၁၀၀ ဖြင့် အိတ် ၅၀၊ ကုလားပဲဝါ (HL)သစ် တစ်တင်းလျှင် ကျပ် ၂၂၇၀၀ ဖြင့် အိတ် ၁၀၀၊ စားတော်ပဲ(ထီးလင်း) တစ်တင်းလျှင် ကျပ် ၃၀၇၀၀ ဖြင့် အိတ် ၅၀၀၊ ပဲဇီးကွက် တစ်တင်းလျှင် ကျပ် ၁၇၂၀၀ ဖြင့် အိတ် ၁၇၅၊ ပဲတီစိမ်းကြီး တစ်တင်းလျှင် ကျပ် ၃၆၈၀၀ ဖြင့် အိတ် ၁၀၀၊ ပြောင်းဖူးစေ့ (CP) တစ်တင်းလျှင် ကျပ် ၈၉၀၀ ဖြင့် အိတ် ၅၀ ပုံမှန်ရောင်းဝယ်လျက်ရှိသည်။

ရေစကြို ကုန်စည်ဒိုင်တွင် ယခုတစ်ပတ်၏ ပဲဈေးနှုန်းများမှာ ပြောင်းဖူးစေ့ (CP) တစ်တင်းလျှင် ကျပ် ၉၀၀၀ ဖြင့် အိတ် ၁၀၀၀ ပေါက်ဈေးဖြင့် အရောင်းအဝယ် ဖြစ်နေသည်။ စွန်တာနီတစ်တင်းလျှင် ကျပ် ၁၆၇၀၀၊ ပဲဇီးကွက်တစ်တင်းလျှင် ကျပ် ၁၇၀၀၀၊ နှမ်းဖြူသန့် တစ်တင်းလျှင် ကျပ် ၄၀၀၀၀ မှ ၄၃၀၀၀ ပေါက်ဈေးဖြင့် ဥပုသ်နေ့မှာလည်း ပုံမှန်ရောင်းဝယ်လည်ပတ်လျက်ရှိသည်။

**လှိုင်ဥမ္မာဦး(ပခုက္ကူ)**



## ပြည်မတ်ပဲ ရန်ကုန်ဝယ်လက်အပေါ် မူတည်၍ အရောင်းအဝယ်ဖြစ်

ပြည်ပဲမျိုးစုံဈေးကွက်အတွင်း ပဲမျိုးစုံသီးနှံများ ရောင်းဝယ်လျက်ရှိနေပြီး မတ်ပဲသီးနှံမှာ ရန်ကုန်ဝယ်လက် အဝယ်ရှိမှုပေါ် မူတည်၍ ရောင်းဝယ်ခဲ့ကြကြောင်းသိရသည်။ ပဲဝင်ရောက်မှုမှာ သိပ်မရှိသော်လည်း ဝင်ရောက်သည့်ရက်တွင် အိတ် ၁၀၀/၁၅၀ကျော် ဝင်ရောက်ခဲ့သကဲ့သို့ လက်ကျန်ပဲများရှိသည့်အတွက် ရန်ကုန်ဝယ်လက်ဝယ်ယူသည့်အခါ အိတ် ၂၀၀ ကျော် ရောင်းဝယ်ပြီး နေ့စဉ် အဝယ်မရှိဘဲ ရက်ခြားသာ ရောင်းဝယ်ခဲ့ကြသည်။

ပဲဈေးမှာ တစ်တင်း ကျပ် ၂၈၅၀၀ ဖြင့် ယခင်နှစ်ကကာလတူဈေးနှင့် သိပ်မကွာခြားဘဲ ရောင်းဝယ်နေခဲ့ကြသည်။ ယခုနှစ်အတွင်း မတ်ပဲဈေးမှာ မေလဆန်းပိုင်းက တစ်တင်း ကျပ်သုံးသောင်းကျော်ရရှိလာခဲ့ပြီး ယခုရက်မှာ ဈေးပြန်လျှော့သွားခဲ့လို့ တစ်တင်းကျပ် ၂၈၅၀၀ ဖြင့်သာ ရောင်းဝယ်နေခဲ့ကြောင်းသိရသည်။

**ခင်ဆွေဝင်း (ပြည်)**



# မြန်မာနိုင်ငံ၏ မော်တော်ယာဉ် တင်သွင်းခွင့်ပြုမှုအပေါ် လေ့လာဆန်းစစ်သုံးသပ်

ဖိလစ်ပိုင်နိုင်ငံသည် နိုင်ငံအသီးသီးမှ တင်သွင်းလာသော မော်တော်ယာဉ်နှင့် ဆက်စပ်သည့် ကုန်စည်လိုင်းဖြစ်သော HS Code 8703,8704 များအပေါ် အကာအကွယ်ပေးရန် စီမံဆောင်ရွက်နိုင်ရေး ပဏာမစစ်ဆေးခြင်း စတင်ပြုလုပ်မည်ဖြစ်ကြောင်း၊ အဆိုပါ ကုန်စည်လိုင်းများ တင်သွင်းခြင်းနှင့် စပ်လျဉ်း၍ ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်ပါက ဆွေးနွေးစေလိုကြောင်း အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှတစ်ဆင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများသို့ အကြောင်းကြားထားသည်။ အဆိုပါ ကုန်စည်လိုင်းများမှာ Seden, Wagon, Ambulance, Prison Van, Heorses, Motor Home နှင့် Lorry Truck များဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံအနေဖြင့် ပြည်ပမှ မော်တော်ယာဉ်တင်သွင်းမှုကြောင့် ပြည်တွင်း၌ ထုတ်လုပ်သူများ၏ အခက်အခဲတင်ပြချက်အရ အများပြည်သူအကျိုးကိုရှေးရှု၍ ထည့်သွင်းစဉ်းစားသွားမည်ဖြစ်သည်။ ဖိလစ်ပိုင်နိုင်ငံ၏ အကောက်ခွန်စာရင်းအရ ၂၀၁၄ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း ပြည်ပမှ မော်တော်ယာဉ်တင်သွင်းမှုမှာ ၃၅ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး အဓိကတင်ပို့သည့်နိုင်ငံများမှာ ထိုင်း၊ အင်ဒိုနီးရှား၊ တရုတ်၊ ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံတို့ဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံ၏ ပြည်ပမှ မော်တော်ယာဉ်(လူစီးယာဉ်နှင့် လုပ်ငန်းသုံးယာဉ်အပါ)တင်သွင်းမှုမှာ ၂၀၁၄ ခုနှစ်တွင် ၁၇၀၈၁၁ စီး၊ ၂၀၁၅ ခုနှစ်တွင် ၁၉၈၈၃၇ စီး၊ ၂၀၁၆ ခုနှစ်တွင် ၂၆၂၄၀၈ စီး၊ ၂၀၁၇ ခုနှစ်တွင် ၂၈၀၇၀၀ စီး၊ ၂၀၁၈ ခုနှစ်တွင် ၂၅၉၂၁၇ စီး၊ ၂၀၁၉ ခုနှစ်တွင် ၁၇၄၉၄၃ စီးရှိသဖြင့် စုစုပေါင်း တင်သွင်းမှုမှာ ၁၃၄၆၉၁၆ ဖြစ်သည်။ မော်တော်ယာဉ်တင်သွင်းမှု မြင့်မားလာသည်နှင့်အမျှ ဖိလစ်ပိုင်နိုင်ငံအနေဖြင့် ပြည်ပမှ မော်တော်ယာဉ်တင်သွင်းခြင်းကို ကန့်သတ်ဆောင်ရွက်နိုင်ရန်အတွက် Safeguard Measure ဖြင့် ဆောင်ရွက်ရန် အဆိုပြုခဲ့ခြင်းဖြစ်သည်။

အာဆီယံအဖွဲ့ဝင် နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံသည် ၂၀၁၁ ခုနှစ်မှစ၍ ပြည်ပမှ မော်တော်ယာဉ် တင်သွင်းခြင်းကို ခွင့်ပြုခဲ့ပြီး ၂၀၁၁ ခုနှစ်တွင် ၁၉၉၈၅ စီး၊ ၂၀၁၂ ခုနှစ် တွင် ၃၇၃၉၅၆ စီး၊ ၂၀၁၃ ခုနှစ် တွင် ၁၄၁၁၉၆ စီး၊ ၂၀၁၄ ခုနှစ်တွင် ၁၇၀၄၉၅ စီး၊ ၂၀၁၅ ခုနှစ်တွင် ၁၇၁၄၁၂ စီး၊ ၂၀၁၆ခုနှစ်တွင် ၁၃၃၂၂၈ စီး၊ ၂၀၁၇ ခုနှစ်တွင် ၁၀၃၂၄၉ စီး၊ ၂၀၁၈ ခုနှစ်တွင် ၅၂၂၁၁ စီး၊ ၂၀၁၉ခုနှစ်တွင် ၂၂၈၃၂ စီး တင်သွင်းခွင့်ပြုခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံ၏ မော်တော်ယာဉ်တင်သွင်းမှုသည် ၂၀၁၄ ခုနှစ်မှ ၂၀၁၉ ခုနှစ်အတွင်း ခုနစ်ရာခိုင်နှုန်းမှ ၃၂ ရာခိုင်နှုန်းအထိ မြင့်တက်နေချိန်တွင် မြန်မာနိုင်ငံအနေဖြင့် ၂၀၁၄ ခုနှစ်မှ ၂၀၁၉ ခုနှစ်အတွင်း ၂၂ရာခိုင်နှုန်းမှ ၅၆ ရာခိုင်နှုန်းအထိ တင်သွင်းမှုလျော့ကျခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် မော်တော်ယာဉ်တင်သွင်းခြင်းတွင် စတင်ခွင့်ပြုစဉ်က လွန်ခဲ့သော ၁၇ နှစ်သက်တမ်းရှိ မော်တော်ယာဉ်များကို တင်သွင်းခွင့်ပြုခဲ့ပြီး ၂၀၁၄ ခုနှစ်မှစတင်၍ ယာဉ်အို၊ ယာဉ်ဟောင်းများ ပြည်တွင်း၌စုပုံလာမှုကို ကာကွယ်ပေးနိုင်ရန်အတွက် ပြည်ပတင်သွင်းယာဉ် Model Year သတ်မှတ်ချက်ကို နှစ်စဉ် သုံးနှစ် သတ်မှတ်ဆောင်ရွက်ခဲ့သည်။ ထို့အတူ ၂၀၁၅ ခုနှစ် မော်တော်ယာဉ်ဥပဒေအရ ၂၀၁၆ ခုနှစ်မှစ၍ မြန်မာနိုင်ငံ၏ လမ်းစနစ်နှင့် ကိုက်ညီသော ဘယ်မောင်း မော်တော်ယာဉ်များကိုသာ တင်သွင်းခွင့်ပြုရန် တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်ခဲ့သည်။ ထိုသို့ ဆောင်ရွက်ခွင့်ပြုခဲ့ခြင်းကြောင့် ၂၀၁၄ ခုနှစ်မှ ၂၀၁၉ခုနှစ်အထိ တင်သွင်းမှုကို နှစ်စဉ် တစ်ဆင့်ချင်းလျှော့ချဆောင်ရွက်ခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် တင်သွင်းစီးရေ ၁၇၀၀၀၀ ခန့်မှ ၂၀၁၉ ခုနှစ်တွင် ၂၂၀၀၀ အထိ နှစ်အလိုက် လျော့ကျ ဆောင်ရွက်ခဲ့သည်။ အဓိကအားဖြင့် ကုန်သွယ်မှုလိုငွေ လျော့နည်းစေရန်၊ ပြည်တွင်း၌ မော်တော်ယာဉ် ထုတ်လုပ်မှု နှစ်စဉ်တိုးတက်လာစေရန်နှင့် နိုင်ငံသားများ၏ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန် ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် ပြည်ပမော်တော်ယာဉ်တင်သွင်းမှုတွင် စနစ်တကျတင်သွင်းခဲ့ခြင်းကြောင့်လက်ရှိအခြေအနေတွင် ပြည်ပမှမော်တော်ယာဉ်တင်သွင်းခြင်းအတွက် Safeguard Measures ကျင့်သုံးဆောင်ရွက်ရန် လတ်တလော မလိုအပ်ကြောင်း တွေ့ရှိရသည်။ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလအတွင်း မှတ်ပုံတင်ထားသည့် ယာဉ်စီးရေမှာ တစ်သန်းခန့်သာရှိသည့်အတွက် မြန်မာနိုင်ငံ လူဦးရေနှင့် ယာဉ်သုံးစွဲနိုင်မှုမှာ လူတစ်ထောင်လျှင် ၁၈ စီးသာရှိနေကြောင်း တွေ့ရှိရသည်။

ထို့ကြောင့် ပြည်ပမှ မော်တော်ယာဉ်တင်သွင်းခြင်းနှင့်ပတ်သက်ပြီး နှစ်အလိုက် သတ်မှတ်ချက်နှင့်အညီ စနစ်တကျ တင်သွင်းခွင့်ပြုခြင်းကြောင့် မော်တော်ယာဉ် တင်သွင်းမှုနှင့် ထုတ်လုပ်မှုတွင် အခြေအနေကောင်းများ ရှိလာနိုင်ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

| Year | Philippines | | | Myanmar | |
|---|---|---|---|---|---|
| | Unit | % | | Unit | % |
| 2014 | 170811 | | | 170495 | |
| 2015 | 198837\| | 16.40761 | | 171412 | 0.537846 |
| | | | | | |
| 2015 | 198837 | | | 171412 | |
| 2016 | 262408 | 31.97141 | | 133228 | -22.27615 |
| | | | | | |
| 2016 | 262408 | | | 133228 | |
| 2017 | 280700 \| | 6.970824 | | 103249 | -22.50203 |
| | | | | | |
| 2017 | 280700 | | | 103249 | |
| 2018 | 2592171 \| | -7.653367 | | 52211 | -49.43196 |
| | | | | | |
| 2018 | 259217 | | | 52211 | |
| 2019 | 174943 | -32.51099 | | 22832 | -56.26975 |

မော်တော်ယာဉ်တင်သွင်းခြင်းနှင့် သက်ဆိုင်သော
လုပ်ငန်းများကြီးကြပ်ရေးကော်မတီ

## မြန်မာ့ဆိပ်ကမ်းတွင် ၂၇.၅.၂၀၂၀ ရက် ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| ထီးတန်းဆိပ်ကမ်း(၂) | - KUO HSIUNG | ကုန်သေတ္တာ ၉၇၃ တင် ၆၁၈ ချ |
| စက်မှုဆိပ်ကမ်း(၂) | - PRESIDIO | ကုန်သေတ္တာ ၇၃၃ တင် ၅၄၆ တန်ချ |
| စက်မှုဆိပ်ကမ်း(၃) | - MCC MERGUI | ကုန်သေတ္တာ ၇၇၁ တင် ၁၅၃ တန်ချ |
| စက်မှုဆိပ်ကမ်း(၄) | - SINAR BANDUNG | ကုန်သေတ္တာ ၆၉၀ တင် ၃၈၇ တန်ချ |
| ဆူးလေဆိပ်ကမ်း(၂) | - TRANG AN 05 | ဆန် ၁၁၅၀၀ တန် တင် |
| ဆူးလေဆိပ်ကမ်း(၄) | - VANALINE UNITY | ဆန်တန်ချိန် ၁၈၀၀၀ တန်တင် |
| ဆူးလေဆိပ်ကမ်း(၇) | - STEEL LADY | Urea (In Bulk) ၁၃၂၀၀ တန်တင် |
| Myanmar Integrade Port Ltd- | AEC DILIGENCE | Steel Product ၁၆၇၀၀ တန်ချ |
| သီလဝါဆိပ်ကမ်း(၃) | - JOSCO YANGZHOU | Steel ၂၂၃၉၆ တန်ချ |
| သီလဝါဆိပ်ကမ်း(၄) | - JONIE N | Steel ၂၅၀၀၀ တန်ချ |
| သီလဝါဆိပ်ကမ်း(၅) | - THOR BREEZE | Coil(In Bulk) ၂၀၀၀၀ တန်ချ |
| WILMAR JETTY | - OCEAN DIAMOND | Clinker ၂၃၆၅၀ တန်ချ |
| သီလဝါဆိပ်ကမ်းသစ်(၂) | - DL JASMINE | SteelBar & 340Units PKG ၅၁၃၂ တန်ချ |
| IBTT ဆိပ်ကမ်း | - IRENE | Soy Beam ၂၂၂၀၅ တန်ချ |
| PUMA JATTY | - MT.PENINSULA IX | JET A 1 ၁၄၆၉၉ တန်ချ |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| POROSPERITY | ပြောင်းဖူး တန် ၂၄၀၀၀ တန်ပို့ရန် | BINGLADESH | ၂၈.၅.၂၀၂၀ |
| SEA CORAL | Unite Vehicle &Steel ၂၉၂တန်ကုန်ချရန် | JAPAN | ၂၈.၅.၂၀၂၀ |
| ATM APOLLO | ပြောင်းဖူး တန် ၆၀၀၀ တန်ပို့ရန် | PHILLIPPNNE | ၂၈.၅.၂၀၂၀ |
| SHANDONG KUAI LE | Steel Pipe ၅၅၄၇ တန်ချရန် | CHINA | ၂၈.၅.၂၀၂၀ |
| ALLIANCE | Steel D Bar ၁၃၀၀၀ တန်ချရန် | UAE | ၂၈.၅.၂၀၂၀ |
| MAGNUN FORCE | Steel Product ၁၈၉၀၀ တန်ချရန် | CHINA | ၃၀.၅.၂၀၂၀ |
| VUNG HAI | Ammonium Nitrate ၃၅၀၀တန်ချရန် | CHINA | ၃၁.၅.၂၀၂၀ |
| BLUE BALESTER | ဂျုံတန်ချိန် ၂၅၀၀၀ တန်ချရန် | AUSTRALIA | ၁.၆.၂၀၂၀ |
| KALAPATI | Steel Bar ၃၀၀၅ တန်ချရန် | JAPAN | ၁.၆.၂၀၂၀ |
| DECENT | Fertilizer ၁၅၀၀၀ တန်ချရန် | CHINA | ၅.၆.၂၀၂၀ |
| WU YI SHAN | Steel Pipe ၂၉၃၂ တန်ချရန် | CHINA | ၉.၆.၂၀၂၀ |
| WHITE TOMONY | Steel Coil&15 Unit Vehicle ၁၀၀၀၀ တန်ချရန် | JAPAN | ၁၄.၆.၂၀၂၀ |
| ODIRIS | Coil(In Bulk) ၃၃၀၀၀တန်ချရန် | AUSTRALIA | ၁၈.၆.၂၀၂၀ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| KATO HALUS | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၈.၅.၂၀၂၀ |
| ALS SUZURAN | SINGAPORE | စက်မှု/သီလဝါဆိပ်ကမ်း | ၂၈.၅.၂၀၂၀ |
| MCC HALONG | SINGAPORE | စက်မှု/သီလဝါဆိပ်ကမ်း | ၂၉.၅.၂၀၂၀ |
| KUO TAI | SINGAPORE | အလုံဆိပ်ကမ်း | ၂၉.၅.၂၀၂၀ |
| TIC VDAY | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၂၉.၅.၂၀၂၀ |
| AS SERENA | SINGAPORE | သီလဝါဆိပ်ကမ်း | ၂၉.၅.၂၀၂၀ |
| ALVAN | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၉.၅.၂၀၂၀ |
| ISEACO GENESIS | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၃၀.၅.၂၀၂၀ |
| ISEACO WIS DOM | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၃၁.၅.၂၀၂၀ |
| MCC HALONG | SINGAPORE | သီလဝါဆိပ်ကမ်းသစ်/စက်မှုဆိပ်ကမ်း | ၂.၆.၂၀၂၀ |
| MANATEE | SINGAPORE | သီလဝါ/ဗိုလ်အောင်ကျော်ဆိပ်ကမ်း | ၃.၆.၂၀၂၀ |
| YANTRA BHUM | SINGAPORE | သီလဝါဆိပ်ကမ်းသစ်/စက်မှုဆိပ်ကမ်း | ၃.၆.၂၀၂၀ |

### (ဃ) ဆိုက်ရောက်ရန် မျှော်လင့်လျက်ရှိသော စက်သုံးဆီ/စားအုန်းဆီ သင်္ဘောများစာရင်း

| သင်္ဘောအမည် | ကုန်ပစ္စည်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ရောက်မည့်ခန့်မှန်းရက် |
|---|---|---|---|
| MT.DENKO BRIGHT | Diesel Oil 22677တန်ချရန် | - | ၂၇.၅.၂၀၂၀ |
| MT.GREAT PRINCESS | Diesel Oil 22677တန်ချရန် | - | ၂၈.၅.၂၀၂၀ |
| MT.ASIAN GLORY | P.Oil In Bulk 8299တန်ချရန် | - | ၂၈.၅.၂၀၂၀ |
| MT.GREAT DIAMOND | Diesel Oil 12000 တန်ချရန် | SINGAPORE | ၂၈.၅.၂၀၂၀ |
| MT.NSH SINGAPORE | Diesel Oil 9000 တန်ချရန် | SINGAPORE | ၂၈.၅.၂၀၂၀ |
| MT.ORCA PACIFIC | Diesel Oil 16570 တန်ချရန် | SINGAPORE | ၂၈.၅.၂၀၂၀ |
| MT.ROYAL 36 | P.Oil In Bulk 5500 တန်ချရန် | INDONESIA | ၂၈.၅.၂၀၂၀ |
| MT.AS SOVEREIGN | Mogas ( 92 Ron) 12000 တန်ချရန် | SINGAPORE | ၂၈.၅.၂၀၂၀ |
| MT.PENISUCA IX | JET A 1 တန် 13000 ချရန် | SINGAPORE | ၂၈.၅.၂၀၂၀ |
| MT.AULACE BELLA | Diesel Oil 10000 တန်ချရန် | SINGAPORE | ၂၉.၅.၂၀၂၀ |
| MT.KIRANA HASTA | Diesel Oil 17000 တန်ချရန် | SINGAPORE | ၃၀.၃.၂၀၂၀ |
| MT.ANGEL NO.6 | Diesel Oil+Mogas ( 92 Ron) 20000 တန်ချရန် | SINGAPORE | ၃၁.၃.၂၀၂၀ |
| MT.VL-21 | P.Oil In Bulk 4900 တန်ချရန် | INDONESIA | ၁.၆.၂၀၂၀ |
| MT.GLORY STAR | Diesel Oil 15000 တန်ချရန် | SINGAPORE | ၁.၆.၂၀၂၀ |
| MT.VERITY | Diesel Oil 8500 တန်ချရန် | SINGAPORE | ၁.၆.၂၀၂၀ |
| MT.YU DONG | Diesel Oil 19000တန်ချရန် | SINGAPORE | ၂.၆.၂၀၂၀ |
| MT.YU HAI | Diesel Oil 15000 တန်ချရန် | SINGAPORE | ၂.၆.၂၀၂၀ |
| MT.PRIMROSE | P.Oil (In Bulk )4300တန်ချရန် | INDONESIA | ၆.၆.၂၀၂၀ |

## ပို့ကုန်/သွင်းကုန် လိုင်စင်ပါမစ် လျှောက်ထားခြင်းများနှင့်ပတ်သက်၍ ကုန်သည်လုပ်ငန်းရှင်များအား အသိပေးကြေညာ

ကုန်သွယ်ရေးဦးစီးဌာနသို့ လိုအပ်သည့်ကုန်ပစ္စည်းအမယ်များအား ၂၃-၄-၂၀၂၀ ရက်မှစတင်၍ ပို့ကုန်သွင်းကုန်ရုံး (နေပြည်တော်၊ ရန်ကုန်) လက်အောက်တွင်ရှိသော သက်ဆိုင်ရာ PAC Section များရှိ ဝန်ထမ်းများမှ Invoice ပါ လိုင်စင်အချက်အလက်များအား စနစ်အတွင်းသို့ Typing ဖြင့် ထည့်သွင်းဆောင်ရွက်ပေးတော့မည်မဟုတ်ဘဲ ကုန်သည်လုပ်ငန်းရှင်များကိုယ်တိုင် လိုင်စင်အချက်အလက်များ ဖြည့်သွင်းလာသည့် Application Format ဖြင့်သာ လျှောက်ထားဆောင်ရွက်ရမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။ **ကုန်သွယ်ရေးဦးစီးဌာန**

## ကြက်သွန်

### မုံရွာကြက်သွန်နီ အရောင်းအဝယ်အေးနေ

ယခုတစ်ပတ်အတွင်း မုံရွာမြို့၏ ကြက်သွန်နီဈေးကွက် အခြေအနေမှာ အရောင်းအဝယ်အေးပြီး ဈေးလည်းအေးနေကြောင်း သိရသည်။ မုံရွာမြို့မှ အခြားဒေသများသို့ တင်ပို့မှုနည်းပြီး ဒေသတွင်းဝယ်လက်လည်း နည်းနေကြောင်း၊ စားသောက်ဆိုင်များ ပြန်လည်ဖွင့်လှစ်လာလျှင် အရောင်းအဝယ် သွက်လာနိုင်မည်ဖြစ်ကြောင်း မုံရွာမြို့ကြက်သွန်နီပွဲရုံပိုင်ရှင် ဦးစိုးတင့်က ပြောသည်။

ကြက်သွန်နီများ မုံရွာပွဲရုံသို့ နေ့စဉ်ဝင်ရောက်မှုမှာ တစ်သောင်းကျော် ဝင်ရောက်လျက်ရှိကာ ပေါက်ဈေးနှုန်းမှာ လက်ကားဈေး တစ်ပိဿာ (သေး၊လတ်၊ကြီး) ကျပ်၄၀၀၊ ၄၅၀၊ ၄၈၀ နှုန်းပေါက်လျက်ရှိပြီး လက်လီတစ်ပိဿာ ပေါက်ဈေးနှုန်းမှာ (သေး၊ လတ်၊ ကြီး) ကျပ် ၅၀၀၊ ၅၅၀၊ ၆၀၀ နှုန်း ပေါက်လျက်ရှိကြောင်း သိရသည်။

မုံရွာကြက်သွန်ဖြူဈေးကွက်၌ နေ့စဉ်ပွဲရုံသို့ ကြက်သွန်ဖြူများ ပိဿာ ၃၀၀၀ မှ ၅၀၀၀ ခန့်အဝင်ရှိပြီး ပွဲရုံပေါက်ဈေးနှုန်းမှာ တစ်ပိဿာ(ဗမာ) ကျပ် ၄၂၀၀၊ (ရှမ်း) ကျပ် ၄၀၀၀ နှုန်း၊ လက်လီပေါက်ဈေးနှုန်းမှာ (ဗမာ) ကျပ် ၄၅၀၀၊ (ရှမ်း) ကျပ် ၄၅၀၀ နှုန်းဖြင့် ရောင်းဝယ်နေကြောင်းသိရသည်။

**ကြည်ကြည်နွယ်(ဇေယျာကုန်သွယ်မှုဗဟိုဌာန)**

### တရုတ်တင်ပို့ ကြက်သွန်နီ ဈေးငြိမ်နေ

မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ တရုတ်သို့ ကြက်သွန်နီများ နေ့စဉ်တင်ပို့လျက်ရှိရာ မေ ၁ရက်မှ၂၅ရက်အတွင်း ကြက်သွန်နီကား ၄၈၇ စီး၊ တန်ချိန် ၈၈၄၅ တန် တင်ပို့နိုင်ခဲ့သည်။

မေ ၁၁ ရက်မှ ၁၇ ရက်အထိ ကြက်သွန်နီ ၁၀၉ စီး ၁၉၂၃ ဒသမ ၇ တန်၊ မေ ၁၈ ရက်မှ ၂၄ ရက်အထိ ၁၇၅ စီး ၃၀၉၇ ဒသမ ၅ တန် တင်ပို့နိုင်ခဲ့သဖြင့် ဒုတိယပတ်နှင့် တတိယပတ်နှိုင်းယှဉ်လျှင် တတိယပတ်တွင် တင်ပို့မှုများခဲ့သည်။

မေလအတွင်း အရောင်းအဝယ်ဖြစ်ခဲ့သော ကြက်သွန်နီဈေးနှုန်းမှာ မေ ၁၁ ရက်မှ ၁၇ ရက်အထိ တစ်ပိဿာ ကျပ် ၅၇၀ ဝန်းကျင်ရောင်းချခဲ့ရပြီး မေ ၁၈ ရက်မှ၂၄ ရက်အထိလည်း တစ်ပိဿာ ကျပ် ၅၇၀ ဝန်းကျင်၊ တစ်တန် ကျပ် ၃၅၄၀၀၀ (ယွမ် ၂၈၇၀) ဈေး အရောင်းအဝယ်ဖြစ်ခဲ့သဖြင့် မေလဒုတိယပတ်နှင့် တတိယပတ် ဈေးနှုန်းနှိုင်းယှဉ်လျှင် ဈေးနှုန်းပြောင်းလဲမှု မရှိဘဲ ငွေလဲနှုန်းမှာ တစ်ယွမ်လျှင် ၁၉၅ ကျပ်ဝန်းကျင်ဖြစ်ခဲ့ကြောင်း (၁၀၅)မိုင်ကုန်သွယ်ရေးဇုန် ပဲ၊ ပြောင်း၊ နှမ်း ကုန်စည်ဒိုင်မှ သိရသည်။

**ထွန်းမင်းထွန်း (မောဝ်ရွှေလီကုန်သွယ်မှုဗဟိုဌာန)**

### ပခုက္ကူခရိုင်၏ ကြက်သွန်နီဈေးနှုန်း၊ ဈေးကွက်

ယခုတစ်ပတ်အတွင်း ဆောင်းစိုက်(ပင်စိုက်) ကြက်သွန်နီများ ကြက်သွန်နီကုန်ဝယ်ဒိုင်မှာ အရောင်းအဝယ်မဖြစ်ဘဲ ကုန်သည်များ နှင့် ပွဲရုံများတွင် အရောင်းအဝယ်ဖြစ်နေသည်။

ယခုတစ်ပတ် ကြက်သွန်နီဈေးနှုန်းများမှာ ထိပ်စတစ်ပိဿာ လျှင် ကျပ် ၄၅၀၊ လတ်စတစ်ပိဿာလျှင် ကျပ် ၃၅၀၊ အနိမ့်စ တစ်ပိဿာလျှင် ကျပ် ၂၅၀ ဖြင့် နေ့စဉ်ကုန်ချိန် ၃၀၀၀၀ ကြား အရောင်းအဝယ်ဖြစ်နေသည်။ လက်လီဈေးမှာ ထိပ်စတစ်ပိဿာလျှင် ကျပ် ၇၀၀၊ လတ်စ တစ်ပိဿာလျှင် ကျပ် ၆၀၀၊ အနိမ့်စ တစ်ပိဿာလျှင် ကျပ် ၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေသည်။



**လှိုင်ဥမ္မာဦး(ပခုက္ကူ)**

### ပြည်ကြက်သွန်နီ ပုံမှန်ရောင်းဝယ်မှုရှိ

မေလနောက်ဆုံးပတ်အတွင်းတွင် အောင်လံ၊ တောင်တွင်း၊ ဆိပ်ဖြူ ပခုက္ကူ စသည့်နယ်များမှ ပိဿာ ၃၀ ဝင်အိတ် ၄၀၀/ ၅၀၀ ခန့်ဝင်ရောက်ကာ အရည်အသွေးပေါ်မူတည်၍ ဈေးနှုန်းအမျိုးမျိုးဖြင့် ဝင်ရောက်မှုရှိလာကြောင်း သိရသည်။ ပြည်ပွဲရုံများ၌ အရောင်းအဝယ်မှာ ဝင်ရောက်မှု၏ ထက်ဝက်ကျော်ကို ပုံမှန်ဝယ်လက်များ၊ ဒေသတွင်း အိတ်ဆွဲ ဝယ်ရောင်းသမားများ၊ ဧရာဝတီနှင့် ရခိုင်တို့သို့ နယ်ကျော်တင်ပို့မှုများဖြင့် ရောင်းဝယ်မှုရှိနေသည်။

ပြည်ဒေသပတ်ဝန်းကျင်ထွက် မှော်ဇာ၊ တောင်လုံးညို ကြက်သွန်များမှာတော့ စိုက်ပျိုးသူတောင်သူများက စားသုံးသူဆီ တိုက်ရိုက်လှည့်လည်၍ တစ်ပိဿာလျှင် ကျပ် ၅၀၀-၆၀၀-၇၀၀ စသည့်နှုန်းများဖြင့် ရောင်းချမှုရှိသည်။ ပြည်ပွဲရုံဈေးနှုန်းများမှာ ပွဲရုံလက်ကားဈေး တစ်ပိဿာကို (ကြီး/လတ်/သေး)ကျပ် ၆၀၀/၅၅၀/၄၅၀-၃၅၀ နှုန်းတို့ရှိပြီး လက်လီဈေးအသေးများတွင် (ကြီး/လတ်/သေး)ကျပ် ၈၀၀-၇၅၀/၇၀၀-၆၅၀/၆၀၀-၅၅၀ နှုန်းများဖြင့် ရောင်းဝယ်မှုရှိနေကြောင်း သိရသည်။

**ဝင်းလဲ့ဝါ (ပြည်)**

## နှမ်း

### ပြည်ဈေးကွက်တွင် နှမ်းအရောင်းအဝယ်ပြန်ဖြစ်

ပဲခူးတိုင်းဒေသကြီး (အနောက်) ပြည်ဈေးကွက်တွင် အရောင်းအဝယ်များ ပုံမှန်ပြန်လည် လည်ပတ်လာပြီဖြစ်၍ ယခုတစ်ပတ်တွင် နှမ်းအရောင်းအဝယ်များပြန်ဖြစ်လာသည်။ ယခုအချိန်တွင် ရေသွင်းနှမ်း (ခေါ်) နွေနှမ်းများ စိုက်ပျိုးချိန်ဖြစ်သည့်အတွက် နှမ်းအဝင်မရှိသော်လည်း ယခင်ဆောင်းနှမ်း လက်ကျန်များဖြင့်သာ အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

အောင်လံနှင့် မန္တလေးဘက်မှ အဝယ်အနည်းငယ်ရှိလာသည့်အတွက် တစ်နေ့လျှင် အရောင်းအဝယ် အိတ် ၇၀ ခန့်ဖြစ်လျက်ရှိသည်။ ယခုတစ်ပတ် နှမ်းဈေးနှုန်းများမှာ နှမ်းနီတစ်တင်းလျှင် ကျပ် ၃၉၀၀၀ မှ ၅၃၀၀၀ အထိဈေးရှိပြီး နှမ်းနက်တစ်တင်းလျှင် ကျပ် ၄၀၀၀၀ မှ ကျပ် ၅၈၀၀၀၊ စမုံနက်နှမ်း တစ်တင်းလျှင် ကျပ် ၆၃၀၀၀ မှ ကျပ် ၆၅၀၀၀ အထိ ဈေးပြန်ဖွင့်ပြီး ရောင်းဝယ်လျက်ရှိသည်။

**ဝေဝေမင်း (ပြည်)**

## နနွင်း

### နနွင်းတန်ချိန် ၁၄၀ ကျော် တင်ပို့

မေ ၁၇ ရက်မှ ၂၃ ရက် သီတင်းပတ်အတွင်း နနွင်းတန်ချိန် ၁၄၁ ဒသမ ၅ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့သည်။ ယခုတစ်ပတ် အိန္ဒိယနိုင်ငံသို့ ၅၇ ဒသမ ၅ တန်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၈၄ တန် တင်ပို့ခဲ့ကြောင်း သိရသည်။

ယခုတစ်ပတ် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အများဆုံးတင်ပို့ခဲ့သည်။ နနွင်းတစ်တန် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၇၄၀-၇၄၅ ဝန်းကျင်ရရှိခဲ့သည်။ ယခင်သီတင်းပတ်က နနွင်းတန်ချိန် ၅၄၀ ကျော်တင်ပို့ခဲ့ခြင်းကြောင့် ယခုတစ်ပတ် တင်ပို့မှုနှင့်နှိုင်းယှဉ်လျှင် တန်ချိန် ၃၉၀ ကျော် တင်ပို့မှုလျော့နည်းခဲ့ကြောင်း သိရသည်။ ယခုတစ်ပတ် နနွင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၀၂၅၄၅ ဒေါ်လာ ဝင်ငွေရရှိခဲ့သည်။

**သီတာဝင်း (DOT)**

## ချင်း

### ချင်းတန်ချိန် ၆၀ ကျော်တင်ပို့

မေ ၁၇ ရက်မှ ၂၃ ရက် သီတင်းပတ်အတွင်း ချင်း ၆၁ ဒသမ ၅ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့သည်။ ယခုတစ်ပတ် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၅၄ တန်နှင့် အိန္ဒိယနိုင်ငံသို့ ၇ ဒသမ ၅ တန် တင်ပို့ခဲ့သည်။ ယခင်သီတင်းပတ်က ချင်း ၁၀ ဒသမ ၆၄၄ တန် တင်ပို့ခဲ့ခြင်းကြောင့် ယခုတစ်ပတ် တင်ပို့ မှုနှင့် နှိုင်းယှဉ်လျှင် ၅၀ ဒသမ ၈၅၆ တန် ပိုမိုတင်ပို့ခဲ့ကြောင်း သိရသည်။ ယခုတစ်ပတ် ချင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၈၃၀၀ ဒေါ်လာ ဝင်ငွေရရှိခဲ့သည်။

**သီတာဝင်း (DOT)**

## မန်ကျည်း

### ယခုတစ်ပတ် မန်ကျည်းတန်ချိန် ၁၅၀ တင်ပို့

မေ ၁၇ ရက်မှ ၂၃ ရက် သီတင်းပတ်အတွင်း မန်ကျည်းတန်ချိန် ၁၅၀ ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့သည်။ ယခုတစ်ပတ် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တန်ချိန် ၁၀၀ နှင့် ပါကစ္စတန်နိုင်ငံသို့ တန်ချိန် ၅၀ တင်ပို့ခဲ့ကြောင်း သိရသည်။

ယခုတစ်ပတ် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အများဆုံးတင်ပို့ခဲ့သည်။ ယခင်သီတင်းပတ်က မန်ကျည်း ၁၄၈ ဒသမ ၅ တန် တင်ပို့ခဲ့ခြင်းကြောင့် ယခုတစ်ပတ် တင်ပို့မှုနှင့် နှိုင်းယှဉ်လျှင် ၁ ဒသမ ၅ တန် ပိုမိုတင်ပို့ခဲ့ကြောင်းသိရသည်။ ယခုတစ်ပတ်မန်ကျည်း တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၇၅၀၀ ဒေါ်လာ ဝင်ငွေရရှိခဲ့သည်။

**သီတာဝင်း (DOT)**



## မြေပဲဆန်

### ပြည်မြေပဲဆန် အရောင်းအဝယ်ပြန်ဖြစ်

ပြည်ဈေးကွက်သို့ မြေပဲဆန်များကို ရခိုင်ပြည်နယ်ရှိ တောင်ကုတ်၊ ရမ်းဗြဲ၊ မာန်အောင်မြို့များနှင့် ကံမ၊ မင်းတုန်းဘက်မှ တစ်နေ့လျှင် အိတ် ၅၀၀ ခန့် ပြန်လည်ဝင်ရောက်လာပြီး အရောင်းအဝယ် ဖြစ်လျက်ရှိသည်။ မြို့တွင်းရှိ ပွဲရုံများနှင့် ဆီစက်များကလည်း အဝယ်ရှိပြီး ရန်ကုန်ဝယ်လက်များက လုံးဆန် (အဖြူ) သန့်သန့်ကို အဝယ်ရှိလာသည်ကို တွေ့ရသည်။ ပဲကြော်သမားများကလည်း လုံးဆန် (အနီ)ကို အဝယ်ရှိသည့်အတွက် အရောင်းအဝယ်ဖြစ်လာသည်။

ယခုတစ်ပတ် မြေပဲဆန်ဈေးများမှာ ဆီဆန် (အဖြူ) တစ်ပိဿာလျှင် ကျပ် ၂၅၅၀နှင့် (အနီ)တစ်ပိဿာလျှင် ကျပ် ၂၇၀၀နှင့် လုံးဆန် (အဖြူ) တစ်ပိဿာလျှင် ကျပ် ၂၈၅၀ မှ ၂၉၅၀၊ (အနီ)တစ်ပိဿာလျှင် ကျပ် ၃၀၀၀ မှ ၃၅၀၀)ဈေးဖြင့် တစ်နေ့လျှင် ဆီဆန်ရောလုံးဆန်ပါ နှစ်မျိုးပေါင်း အိတ် ၃၀၀ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

**ခင်ဆွေဝင်း (ပြည်)**

# အိန္ဒိယနိုင်ငံ၏ မတ်ပဲ စိုက်ပျိုးထုတ်လုပ်မှု၊ စားသုံးမှုနှင့် တင်သွင်းမှု အခြေအနေ

နေအေးလွင်


အိန္ဒိယနိုင်ငံသည် ကမ္ဘာပေါ်တွင် ပဲမျိုးစုံကို အများဆုံး စိုက်ပျိုးထုတ်လုပ်လျက်ရှိသကဲ့သို့ တင်သွင်းမှုအများဆုံး နိုင်ငံလည်းဖြစ်သည်။ ထို့ပြင် ပြည်တွင်းစားသုံးမှုမှ ပိုလျှံမှုရှိသည့် အချို့သော ပဲအမျိုးအစားများကိုလည်း ပြည်ပသို့တင်ပို့လျက်ရှိသည်။ အိန္ဒိယနိုင်ငံရှိ လူဦးရေ စုစုပေါင်း၏ ၄၀ရာခိုင်နှုန်းခန့်သည် သက်သတ်လွတ်စားသုံးသူများ (Vegetarians) ဖြစ်ပြီး နိုင်ငံသားများ၏ စားသုံးမှုဓလေ့စရိုက်အရ ပရိုတိန်းဓာတ်ပေးစွမ်းနိုင်သည့် အရင်းအမြစ်ဖြစ်သော ပဲမျိုးစုံသည် ၎င်းတို့၏ လူနေမှုဘဝတွင် မရှိမဖြစ်လိုအပ်သည့် အစိတ်အပိုင်းတစ်ရပ်သဖွယ် ဖြစ်တည်လျက်ရှိသည်။



အိန္ဒိယနိုင်ငံတွင် ကုလားပဲ၊ ပဲစင်းငုံ၊ ပဲနီလေး၊ မတ်ပဲ၊ ပဲတီစိမ်း၊ မြေထောက်ပဲ၊ ပဲပိစပ်၊ ပဲလွန်းဖြူ စသည့် ပဲအမျိုးအစားများအား အဓိကစိုက်ပျိုးကြသည်။ ၎င်းတို့အနက် အိန္ဒိယ ဒေသခံများက Urad ဟု ခေါ်ဆိုသည့် မတ်ပဲ (Black gram) (သိပ္ပံအမည် Vigna Mungo L.) စိုက်ပျိုးမှုမှာ ၁၀ရာခိုင်နှုန်းမှ ၁၂ရာခိုင်နှုန်းအထိပါဝင်လျက်ရှိသည်။ မတ်ပဲ၏ မူလဇာစ်မြစ်သည် အိန္ဒိယနိုင်ငံမှပင်ဖြစ်ပြီး ယခုအခါ အိန္ဒိယ၊ ပါကစ္စတန်၊ မြန်မာနှင့် တောင်အာရှနိုင်ငံများ အပါအဝင် အာရှနိုင်ငံများ၌ စိုက်ပျိုးလျက်ရှိသည်။ ကမ္ဘာ့မတ်ပဲ စိုက်ပျိုးထုတ်လုပ်မှု၏ ၇၀ရာခိုင်နှုန်းခန့်မှာ အိန္ဒိယနိုင်ငံက ထွက်ရှိခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။

အိန္ဒိယနိုင်ငံ၌ ပုံမှန်အား ဖြင့် နှစ်စဉ် မတ်ပဲစိုက်ပျိုးမှုဧရိယာသည် ဟက်တာပေါင်း ၃၀ ဒသမ ၆၄ သိန်းခန့်ရှိပြီး စိုက်ပျိုးမြေတိုးချဲ့ရန် အစိုးရက တွန်းအားပေးဆောင်ရွက်လျက်ရှိရာ ၂၀၁၇-၁၈ ဘဏ္ဍာနှစ်၌ ဟက်တာပေါင်း ၅၄ ဒသမ ၃၉ သိန်း အထိ တိုးမြှင့်စိုက်ပျိုးနိုင်ခဲ့ပြီး ထုတ်လုပ်မှုပမာဏ တန်ချိန် ၃၄ဒသမ၉၀ သိန်း ထွက်ရှိခဲ့ကြောင်း အိန္ဒိယစိုက်ပျိုးရေးဝန်ကြီးဌာန၏ အစီရင်ခံဖော်ပြမှုအရ သိရှိရသည်။

Crop calendar




ပုံ(၁) အိန္ဒိယနိုင်ငံ၏ မတ်ပဲစိုက်ပျိုးမှု ပြက္ခဒိန် (Source: www.agrifarming.in)

အိန္ဒိယနိုင်ငံ၌ မတ်ပဲစိုက်ပျိုးထုတ်လုပ်မှု စုစုပေါင်းပမာဏ၏ ၉၅ ရာခိုင်နှုန်းအား Madhya Pradesh, Rajasthan, Andhra Pradesh, Uttar Pradesh, Tamil Nadu, Maharashtra, Jharkhand, Gujarat, Karnataka နှင့် West Bengal ပြည်နယ် ၁၀ ခုမှ စိုက်ပျိုးထုတ်လုပ်ခြင်းဖြစ်ကြောင်း အိန္ဒိယစိုက်ပျိုးရေးဝန်ကြီးဌာန၏ စာရင်းများအရ သိရှိရသည်။

ဇယား(၁) အိန္ဒိယနိုင်ငံ၏ ၂၀၁၇-၁၈ ဘဏ္ဍာနှစ် တတိယအကြိမ် ခန့်မှန်းချက်စာရင်းအရ မတ်ပဲစိုက်ပျိုးမှုနှင့် ထုတ်လုပ်မှု အခြေအနေ ဖော်ပြချက်


(ဟက်တာသိန်း/ တန်ချိန်သိန်း)

| ပြည်နယ် | ဧရိယာ | ပါဝင်မှု % | ပြည်နယ် | ထုတ်လုပ်မှု | ပါဝင်မှု % |
|---|---|---|---|---|---|
| မဒ္ဓျပရာဒေ့ရှ် | ၁၈.၀၄ | ၃၅.၈၆ | မဒ္ဓျပရာဒေ့ရှ် | ၁၃.၂၀ | ၄၀.၁၉ |
| ဥတ္တာပရာဒေ့ရှ် | ၆.၁၄ | ၁၂.၂၀ | ရာဇဿာန် | ၃.၃၇ | ၁၀.၂၆ |
| ရာဇဿာန် | ၅.၄၀ | ၁၀.၇၃ | ဥတ္တာပရာဒေ့ရှ် | ၃.၁၅ | ၉.၅၉ |
| မဟာရဋ္ဌ | ၄.၈၄ | ၉.၆၂ | အန္တြပရာဒေ့ရှ် | ၃.၁၃ | ၉.၅၃ |
| တမီနာဒူ | ၄.၀၆ | ၈.၀၆ | တမီနာဒူ | ၃.၀၁ | ၉.၁၇ |
| အန္တြပရာဒေ့ရှ် | ၃.၈၁ | ၇.၅၇ | မဟာရဋ္ဌ | ၁.၇၇ | ၅.၃၉ |
| ဂျာကန် | ၁.၄၈ | ၂.၉၄ | ဂျာကန် | ၁.၃၆ | ၄.၁၃ |
| ကာနာတကာ | ၁.၃၈ | ၂.၇၄ | ဂူဂျရတ် | ၀.၉၆ | ၂.၉၂ |
| ဂူဂျရတ် | ၁.၃၃ | ၂.၆၄ | အနောက်ဘင်္ဂလား | ၀.၆၃ | ၁.၉၁ |
| အနောက်ဘင်္ဂလား | ၀.၈၂ | ၁.၆၃ | ကာနာတကာ | ၀.၄၇ | ၁.၄၃ |
| အခြား | ၃.၀၂ | ၆.၀၀ | အခြား | ၁.၇၉ | ၅.၄၆ |
| စုစုပေါင်း | ၅၀.၃၁ | | စုစုပေါင်း | ၃၂.၈၄ | |

Source: 2017-18*-3rd Adv. Est, Directorate of Economics and Statistics, Ministry of Agriculture & Farmers' Welfare of India

အိန္ဒိယနိုင်ငံတွင် ပုံမှန်အားဖြင့် Uttar Pradesh, Maharashtra နှင့် Madhya Pradesh ပြည်နယ်တို့သည် ယခင်က မတ်ပဲအဓိကစိုက်ပျိုးသည့် ပြည်နယ်များဖြစ်ကြသော်လည်း ၂၀၁၄-၁၅ ခုနှစ်နောက်ပိုင်း အခြားသောပြည်နယ်များ အထူးသဖြင့် Tamil Nadu၊ Jharkhand နှင့် Rajasthan ပြည်နယ်တို့၌လည်း မတ်ပဲထုတ်လုပ်မှု သိသာစွာ မြင့်တက်လာခဲ့သည်။ သို့ရာတွင် မတ်ပဲစိုက်ပျိုးဧရိယာ စုစုပေါင်း၏ ၇၅ရာခိုင်နှုန်းခန့်သည် မိုးသီးနှံအဖြစ် စိုက်ပျိုးခြင်းဖြစ်ပြီး ရာသီဥတုနှင့် စိုက်ပျိုးရေရရှိနိုင်မှုအပေါ် မှီခိုလျက်ရှိရာ နှစ်အလိုက် ထုတ်လုပ်နိုင်မှုမှာ တည်ငြိမ်မှုမရှိသေးသည့် အခြေအနေရှိသည်။

အိန္ဒိယနိုင်ငံ၏ နှစ်အလိုက် မတ်ပဲစိုက်ပျိုးထုတ်လုပ်မှု




ပုံ(၂) အိန္ဒိယနိုင်ငံ၏ နှစ်အလိုက်မတ်ပဲစိုက်ပျိုးထုတ်လုပ်မှု (Source: Directorate of Economics and Statistics of India)

ဇယား(၃) ၂၀၀၉-၁၀ ခုနှစ်မှ ၂၀၁၄-၁၅ ခုနှစ်အတွင်း အိန္ဒိယနိုင်ငံ၏ မတ်ပဲ ရရှိနိုင်မှုနှင့် စားသုံးမှု အခြေအနေ (တန်ချိန်သန်း)

| ကာလ | စာရင်းဖွင့် | ထုတ်လုပ်မှု | တင်သွင်းမှု | ရရှိနိုင်မှု | စားသုံးမှု | စာရင်းပိတ် |
|---|---|---|---|---|---|---|
| ၂၀၀၉-၁၀ | ၀.၀၆ | ၁.၂၃ | ၀.၄၇ | ၁.၇၆ | ၁.၆၅ | ၀.၁၁ |
| ၂၀၁၀-၁၁ | ၀.၁၁ | ၁.၇၆ | ၀.၃၂ | ၂.၂၇ | ၁.၈၀ | ၀.၄၇ |
| ၂၀၁၁-၁၂ | ၀.၄၇ | ၁.၈၁ | ၀.၄၂ | ၂.၅၃ | ၁.၉၀ | ၀.၆၃ |
| ၂၀၁၂-၁၃ | ၀.၆၃ | ၁.၉၀ | ၀.၄၆ | ၂.၉၉ | ၂.၀၈ | ၀.၉၁ |
| ၂၀၁၃-၁၄ | ၀.၉၁ | ၁.၇၀ | ၀.၄၀ | ၃.၀၁ | ၂.၀၅ | ၀.၉၆ |
| ၂၀၁၄-၁၅ | ၀.၉၆ | ၁.၆၁ | ၀.၄၀ | ၂.၉၇ | ၂.၁၅ | ၀.၈၂ |

Source: Ministry of Agriculture, GoI, IGPA and Trade Sources

ပြည်တွင်း၌ နှစ်အလိုက်ရာသီဥတုကောင်းမွန်မှုနှင့် စိုက်ပျိုးထုတ်လုပ်မှုပမာဏ အတက် အကျ အခြေအနေတို့အပေါ် မူတည်၍ ပြည်တွင်းရှိထုတ်လုပ်သူများအား အကာအကွယ်ပေးရန် နှင့် ဈေးနှုန်းတည်ငြိမ်မှုကို ထိန်းသိမ်းနိုင်စေရန်အတွက် အိန္ဒိယအစိုးရသည် ပဲစိုက်ပျိုးထုတ်လုပ် တင်ပို့သည့် နိုင်ငံအချို့နှင့် ပဲဝယ်ယူမှုဆိုင်ရာ နှစ်နိုင်ငံနားလည်မှု စာချွန်လွှာများ လက်မှတ်ရေး ထိုး၍ တင်သွင်းခြင်း၊ ၂၀၁၅-၂၀၂၀ နိုင်ငံခြားကုန်သွယ်မှု မူဝါဒအရ ၂၀၁၇ ခုနှစ်မှ စတင်၍ ပဲမျိုးစုံ အား ကန့်သတ်တင်သွင်းကုန်စည်အဖြစ် သတ်မှတ်၍ ဘဏ္ဍာနှစ်အလိုက် ကိုတာ (Quota) ခွဲတမ်းစနစ်ဖြင့် ပြည်တွင်းလုပ်ငန်းရှင်များအား တင်သွင်းစေခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

အိန္ဒိယအကောက်ခွန်ဌာန၏ ၁-၉-၂၀၁၉ရက် သွင်းကုန်အခွန်သတ်မှတ်နှုန်းထားများအရ စားတော်ပဲလုံး (Pea) နှင့် ပဲနီလေး (Lentils) တင်သွင်းမှုအပေါ် ၅၀ရာခိုင်နှုန်း၊ ကုလားပဲအုပ်စုဝင်ပဲများအပေါ် ၆၀ ရာခိုင်နှုန်း နှင့် အခြားသောပဲများအပေါ် ၃၀ရာခိုင်နှုန်း အခွန်ကောက်ခံကြောင်း သိရှိရသည်။ အထူး အခွင့်အရေးပေးသည့် ဒေသများ (Preferential Areas) ၏ တင်သွင်းခြင်းဖြစ်ပါက စားတော်ပဲလုံး အပေါ် ၄၀ ရာခိုင်နှုန်းနှင့် ကျန်ပဲများအပေါ် ၂၀ ရာခိုင်နှုန်း သွင်းကုန်အခွန် ကောက်ခံလျက်ရှိသည်။

အိန္ဒိယနိုင်ငံ စိုက်ပျိုးရေးနှင့် တောင်သူလယ်သမားများ ဖူလုံရေးဝန်ကြီးဌာနက ထုတ်ပြန်သည့် စာရင်းများအရ မတ်ပဲ စိုက်ပျိုးမှုဧရိယာမှာ ၂၀၁၉-၂၀ ခုနှစ် မိုးသီးနှံ၌ ၂၇-၉-၂၀၁၉ ရက် အထိ ဟက်တာ ၃၈ ဒသမ ၈၃ သိန်းရှိပြီး ဆောင်းသီးနှံစိုက်ပျိုးမှုမှာ ဟက်တာ ၇ ဒသမ ၆၃ သိန်းဖြစ်ရာ တစ်နှစ်တာ အတွင်း မတ်ပဲစိုက်ဧရိယာ စုစုပေါင်း ဟက်တာ ၄၆ ဒသမ ၄၆ သိန်းရှိကြောင်း တွေ့ရှိရသည်။ သို့ရာတွင် ၂၀၁၉ ခုနှစ် မိုးလယ်နှင့် မိုးနှောင်းကာလတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် ရေကြီးနစ်မြုပ်မှုများကြောင့် ပြည်နယ် ၁၅ ခု၌ သီးနှံစိုက်ခင်း ဟက်တာ ၆၄ သိန်းခန့် ထိခိုက်ပျက်စီးခဲ့ရာ မတ်ပဲ စိုက်ဧကများစွာပါဝင်ခဲ့သည်။ ထို့ကြောင့် အိန္ဒိယစိုက်ပျိုးရေးဝန်ကြီးဌာနက ၁၈-၂-၂၀၂၀ ရက်ဒုတိယအကြိမ် သီးနှံထွက်ရှိနိုင်မှုခန့်မှန်းချက် စာရင်းထုတ် ပြန်ရာ၌ မတ်ပဲအထွက်နှုန်းအား မူလခန့်မှန်းထားသည်ထက် လျှော့ချလျက် တန်ချိန် ၂၂ ဒသမ ၅ သိန်းထွက်ရှိရန် ခန့်မှန်းထားရာ ယခင်နှစ် ထုတ်လုပ်မှုအောက် တန်ချိန် ၈ ဒသမ ၁ သိန်း လျော့နည်းခဲ့ကြောင်း တွေ့ရှိရသည်။

သို့ဖြစ်၍ အိန္ဒိယအစိုးရသည် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွက် မတ်ပဲတင်သွင်းခွင့် ခွဲတမ်း သတ်မှတ်ချက်ကို မူလကတန်ချိန် ၁ ဒသမ ၅ သိန်း သတ်မှတ်ထားရာမှ နောက်ထပ်တန်ချိန် ၂ ဒသမ ၅ သိန်း တိုးမြှင့်လျက် စုစုပေါင်း တန်ချိန်လေးသိန်း တင်သွင်းခွင့်ပြုခဲ့သည်။ ထိုသို့ တိုးမြှင့်ခွင့်ပြုသည့် မတ်ပဲတန်ချိန် ၂ ဒသမ ၅ သိန်းအား ၁၅-၅-၂၀၂၀ရက် နောက်ဆုံးထား၍ အိန္ဒိယနိုင်ငံဆိပ်ကမ်းအရောက်တင်သွင်းရန် အိန္ဒိယနိုင်ငံ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာနက ၁၆-၄-၂၀၂၀ရက်တွင် ကုန်သွယ်ရေးအသိပေးချက်အမှတ် ၀၄/ ၂၀၂၀-၂၁ အား ထုတ်ပြန်ခဲ့သည်။ COVID-19 ဗိုင်းရပ်စ်ကူးစက်မှု တားဆီးထိန်းချုပ်နိုင်ရန်အတွက် ဆက်သွယ်သွားလာမှုများအား တားမြစ်ကန့်သတ်ထားသည့် ကာလအတွင်း ကုန်စည်များသယ်ယူပို့ဆောင်ရန် အခက်အခဲရှိသဖြင့် အဆိုပါ သတ်မှတ်ချက်အပေါ် မြန်မာ့မတ်ပဲတန်ချိန် ၄၀၀၀၀ အား ၃၀-၆-၂၀၂၀ ရက်အထိ တင်သွင်းခွင့်ကာလ တိုးမြှင့်ပေးပါရန် မြန်မာနိုင်ငံရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက အိန္ဒိယနိုင်ငံ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာနထံသို့ ၅-၅-၂၀၂၀ ရက်တွင် မေတ္တာရပ်ခံထားသည်။ အိန္ဒိယ ကူးသန်း ရောင်းဝယ်ရေးဌာနသို့ အလွတ်သဘော မေးမြန်းစုံစမ်းရာ၌ အိန္ဒိယ အစိုးရ အနေဖြင့် ဝန်ကြီးဌာနအတွင်း ညှိနှိုင်းဆွေးနွေး ဆဲဖြစ်ကြောင်း သိရှိရသည်။

အိန္ဒိယနိုင်ငံအစိုးရသည် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွက် မတ်ပဲတန်ချိန် လေးသိန်းကို ခွဲတမ်းသတ်မှတ်၍ ၁-၅-၂၀၂၀ ရက်မှ ၃၁-၃-၂၀၂၁ ရက်အတွင်း ကန့်သတ်တင်သွင်း ခွင့်ပြုမည် ဖြစ်ကြောင်း ၁၇-၃-၂၀၂၀ ရက်တွင် အမိန့်ကြော်ငြာစာထုတ်ပြန်ခဲ့သည်။ ပြည်တွင်းရှိ ပဲခွဲစက်နှင့် ပဲသန့်စင်မှုလုပ်ငန်းလုပ်ကိုင်သူများ အနေဖြင့် ၂၀၂၀ ပြည့်နှစ် မတ် ၂၀ ရက်မှ ၃၁ ရက် အတွင်း ၎င်းတို့၏ အင်တာနက်စကြမ်မှတစ်ဆင့် ကိုတာ လျှောက်လွှာများ တင်သွင်းနိုင်ကြောင်း အိန္ဒိယပြည်ပကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန (DGFT) က ကုန်သွယ်ရေး အသိပေးချက်များ ထပ်ဆင့်ထုတ်ပြန်ခဲ့သော်လည်း လက်ရှိကာလတွင် COVID-19 ဗိုင်းရပ်စ်ကူးစက်မှု တားဆီးထိန်းချုပ်ရေး လုပ်ငန်းများဆောင်ရွက်နေမှုအရ မတ်ပဲတင်သွင်းခွင့်ရရှိသူကုမ္ပဏီများအမည်စာရင်းကို ဆက်လက်ထုတ်ပြန်နိုင်မှု မရှိသေးကြောင်း လေ့လာသိရှိရသည်။

## ဓာတ်ဆီ၊ ဒီဇယ် တန်ချိန် ၂၀၀၀၀၀ နီးပါးဝင်

မေ ၁၇ ရက်မှ ၂၂ ရက်သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၅၉၄၈၀၀၀ တန်ဖိုးရှိ ဓာတ်ဆီ ၈၁၀၂၂ ဒသမ ၆၅ တန်နှင့် အမေရိကန်ဒေါ်လာ ၂၃၆၃၀၉၉၅ တန်ဖိုးရှိ ဒီဇယ် ၁၀၈၆၄၃ ဒသမ ၅၂ တန်၊ စုစုပေါင်း ၁၈၉၆၆၆ ဒသမ ၁၇ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့သည်။

ယခင်သီတင်းပတ်မှာ ဓာတ်ဆီတန်ချိန် ၅၀၅၃၆ ဒသမ ၅၆ တန် တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ် တင်သွင်းမှုနှင့်နှိုင်းယှဉ်လျှင် ၃၀၄၈၆ ဒသမ ၀၉ တန်၊ ယခင်သီတင်းပတ်က ဒီဇယ်တန်ချိန် ၆၃၉၆၆ ဒသမ ၄၄ တန်တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ် တင်သွင်းမှုနှင့် နှိုင်းယှဉ်လျှင် ၄၄၆၇၇ ဒသမ ၀၁ တန် ပိုမိုတင်သွင်းခဲ့ကြောင်း သိရသည်။ ထို့ကြောင့်ယခုတစ်ပတ် ဒီဇယ်ရော ဓာတ်ဆီပါ အဝင်ပိုခဲ့သည်။

**သီတာဝင်း(DOT)**

## ဆီထွက်သီးနှံ ဖူလုံရေးအတွက် တောင်သူများအား ပံ့ပိုးမှုများ ပြုလုပ်ပေးမည်

ဆီထွက်သီးနှံ ဖူလုံရေးအတွက် စံပြစိုက်ကွက်များ ပိုမိုတိုးချဲ့ စိုက်ပျိုးနိုင်ရန်အတွက် တောင်သူများကို ပံ့ပိုးမှုများ ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်းမှ သိရသည်။ လက်ရှိတွင် ဆီစက်အသင်းနှင့် စိုက်ပျိုးရေး ပညာရှင်တို့က ဒေသခံစိုက်ပျိုးရေးလုပ်ငန်းရှင်များနှင့် အကျိုးတူပူးပေါင်း၍ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်လေးလုံးကျေးရွာအုပ်စုတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် စံပြနေကြာစိုက်ခင်း ဧက ၁၀၀ အား အဆင့်မြင့် စက်ကိရိယာများဖြင့် ရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းအပြင် ပြည်တွင်း လိုအပ်ချက် များစွာရှိနေသည့် စားသုံးဆီ ဖူလုံလာစေရေးအတွက် လာမည့်နှစ် စိုက်ပျိုးရာသီတွင် ဧကများစွာ တိုးချဲ့ စိုက်ပျိုးနိုင်ရေး ဆွေးနွေးခြင်း၊ မျိုးကောင်းမျိုးသန့်နှင့် စိုက်ပျိုးနည်းပညာများ ပေါင်းစပ်ဆောင်ရွက်ရေးနှင့် စက်မှုလယ်ယာစနစ် အပြည့်အဝ အကောင်အထည်ဖော်ရေးတို့အတွက် ပူးပေါင်းဆောင်ရွက်နေကြောင်း သိရသည်။

'တောင်သူတွေအတွက် အခြေခံလိုအပ်ချက်တွေဖြစ်တဲ့ စိုက်ပျိုးရေး နည်းပညာကောင်းတွေရရှိဖို့ ထိရောက်တဲ့သွင်းအားစုတွေ ပံ့ပိုးပေးနိုင်ဖို့အပြင် ဆီထွက်သီးနှံစီမံကိန်းတွေ ဖော်ဆောင်နေပေးပြီးတော့ ဈေးကွက်အာမခံချက်တွေ ရှိအောင် ဆောင်ရွက်ပေးနေတယ်'ဟု မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်း ဥက္ကဋ္ဌ ဦးခင်စိုးက မေ ၂၈ ရက်တွင် ပြောသည်။ သို့ဖြစ်၍ ဆီထွက်သီးနှံ ဖူလုံရေးအတွက် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မြေပဲစိုက်တောင်သူများ အပါအဝင် လယ်ယာကဏ္ဍနှင့် ပတ်သက်သူအားလုံး မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်းနှင့် ဆက်သွယ်ကာ ပူးပေါင်းဆောင်ရွက်လုပ်ကိုင်နိုင်ကြောင်း ဦးခင်စိုးက ပြောသည်။

ထို့ပြင် ဆီထွက်သီးနှံ စိုက်ပျိုးသူ တောင်သူများအားတွေ့ဆုံ၍ မျိုးကောင်းမျိုးသန့်များ ဖြန့်ဝေပေးခြင်း၊ စိုက်ပျိုးစရိတ်ချေးငွေရရှိရေးနှင့် စိုက်ပျိုးနည်းပညာများအား အသိပညာပေး ဟောပြောခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များ အသင်းအနေဖြင့် အသင်း၏ အဓိက မျှော်မှန်းချက်ဖြစ်သည့် ပြည်တွင်းဆီနှင့် ဆီထွက်သီးနှံ ဖူလုံရေး၊ ကျန်းမာရေးနှင့် ညီညွတ်သော အရည်အသွေးမီ စားသုံးဆီများ ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေး၊ ပြည်တွင်း ဆီစက်များ၏ လုပ်ငန်းများ ရှင်သန်ဖွံ့ဖြိုးလာစေရေးတို့အတွက် ကြိုးပမ်းလုပ်ဆောင်နေကြောင်း ဦးခင်စိုးက ပြောသည်။ အဆိုပါ အသင်းအနေဖြင့် လက်ရှိတွင် ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်းနှင့် နေကြာတို့ကို မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

**ပန်းဆု**

## ဈေးငြိမ်နေသည့် ပြည်တွင်းငွေလဲနှုန်း

ပြီးခဲ့သည့် ဧပြီလဆန်း၌ အမေရိကန်တစ်ဒေါ်လာလျှင် မြန်မာငွေကျပ် ၁၃၉၀ ဝန်းကျင်ဖြင့် ဈေးငြိမ်ခဲ့သည့် ပြည်တွင်းငွေလဲနှုန်းမှာ ယခုမေလကုန်တွင် ၁၄၁၀ ကျပ် ဝန်းကျင်ဖြင့်သာ ဈေးငြိမ်နေကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

ပြည်တွင်းငွေလဲဈေးနှုန်း ကျဆင်းသွားချိန်တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က နိုင်ငံခြားငွေဈေးပြိုင် လေလံဖြင့် ဝင်ရောက်ထိန်းပေးခြင်းများ ပြုလုပ်ခဲ့ပြီး ယနေ့အချိန်အထိ ၁၄၀၀ ကျပ်ဝန်းကျင်တွင်သာ ဈေးငြိမ်နေကြောင်း သိရသည်။

'ဒီကာလကတော့ အစိုးရကထိန်းထားတဲ့အတိုင်း ဈေးကငြိမ်နေတယ်။ ပိုဆိုးတာက ကိုဗစ်ကာလဖြစ်တဲ့အတွက် အရောင်းအဝယ်က မသွက်ဘူး။ ဒီထက်လည်း ကျဖို့မမြင်ဘူး။ ကျရင်လည်း အစိုးရက ထပ်ထိန်းသွားမှာပါ။ အခုကတော့ ဘာမှကို သေသေချာချာပြောလို့မရသေးဘူး။ နိုင်ငံခြားငွေသွင်းရမယ့် ကျောင်းတွေ၊ လုပ်ငန်းတွေ ပြန်ပြီးလည်ပတ်နိုင်မှ ပုံမှန်အရောင်းအဝယ်ဖြစ်လာနိုင်တယ်'ဟု ပြည်တွင်းငွေကြေးအရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်နေသူတစ်ဦးက ပြောသည်။

ပြည်တွင်းငွေလဲနှုန်း ဈေးကွက်တွင် မေ ၂၇ ရက်က အမေရိကန် တစ်ဒေါ်လာ ရောင်းဈေး ကျပ် ၁၄၁၀၊ ဝယ်ဈေး ကျပ် ၁၄၀၈ ရှိပြီး မေ ၂၈ ရက်တွင် အမေရိကန်တစ်ဒေါ်လာ ရောင်းဈေး ကျပ် ၁၄၀၈၊ ဝယ်ဈေးကျပ် ၁၄၀၃ ရှိခဲ့ကြောင်း၊ မေ ၂၉ ရက်တွင်မူ အမေရိကန်တစ်ဒေါ်လာ ရောင်းဈေး ၁၄၀၆ ကျပ်၊ ဝယ်ဈေး ကျပ် ၁၄၀၄ ရှိနေပြီး ယခင်ရက်သတ္တပတ်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက အနည်းငယ်ကျဆင်းခဲ့ကြောင်း သိရသည်။

**ချောစု**

## အနည်းငယ်ကျဆင်းလာသည့် ရွှေဈေးနှုန်း

ဈေးကွက်အတွင်း အမြင့်အနေအထားဖြင့် ရပ်တည်နေသည့် ပြည်တွင်းရွှေဈေးနှုန်းမှာ အနည်းငယ်ကျဆင်းလာပြီဖြစ်ကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

မေလလယ်မှစတင်၍ ၁၂ သိန်းဝန်းကျင်ဖြင့် ရပ်တည်ခဲ့သည့် ရွှေဈေးမှာ ဈေးကွက်အရောင်းအဝယ် အေးနေသော်လည်း ဈေးနှုန်းမှာ ၁၂ သိန်းအောက် ကျဆင်းသွားခြင်းမရှိကြောင်း သိရသည်။

'ရွှေဈေးက မတ်လ ဒုတိယပတ်လောက်ကတည်းက စကျတာ။ အခု မေလလယ်ကစပြီး ၁၂ သိန်းအထက်ကို ပြန်ခုန်လာတယ်။ ဒီကာလမှာက အရောင်းအဝယ်ကတော့ အကောင်းကြီး မဟုတ်ဘူး။ ဒါပေမဲ့ ခေတ်အနေအထားအရ အွန်လိုင်းအရောင်းတွေကရှိလာတော့ လုံးလုံးကြီး ရပ်မသွားဘူး။ အဲဒါကြောင့်လည်း ဈေးကကောင်းနေတာ။ ကမ္ဘာ့ရွှေဈေးကတော့ ၁၇၀၀ ကျော်မှာပဲ ရှိနေသေးတယ်။ အဓိကက ကမ္ဘာ့ရွှေတက်လို့ လိုက်တက်တာဖြစ်နိုင်တယ်'ဟု ပြည်တွင်းရွှေအရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်နေသူတစ်ဦးက ပြောသည်။

ပြည်တွင်းရွှေဈေးကွက်၌ မေ ၂၇ ရက်က အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၁၂၁၀၀၀၀ ရှိခဲ့ပြီး မေ ၂၈ ရက်တွင်မူ အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၂၁၄၀၀၀ သို့ မြင့်တက်ခဲ့ကြောင်း၊ မေ ၂၉ ရက် (မွန်းလွဲပိုင်းဈေး) တွင်မူ အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၂၁၄၀၀၀ ဖြင့် ဈေးငြိမ်ခဲ့ပြီး ပြီးခဲ့သည့်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက ဈေးနှုန်းကျဆင်းခဲ့ကြောင်း သိရသည်။

ကမ္ဘာ့ရွှေဈေးကွက်တွင်မူ မေ ၂၇ ရက်က ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၇၀၅ ဒေါ်လာ ရှိခဲ့ရာမှ မေ ၂၈ ရက်တွင် ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၇၂၈ ဒေါ်လာ သို့မြင့်တက်ခဲ့ပြီး မေ ၂၉ ရက်တွင် တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၇၁၈ ဒေါ်လာဈေးသို့ ပြန်လည်ကျဆင်းခဲ့ကြောင်း သိရသည်။

**ချောစု**

## Currency Exchange Rate

May 29, 2020
Base Currency is
United States Dollar - USD

| Currency Unit | Units per USD |
|---|---|
| AUD Australia Dollars | 1.50 |
| BDT Bangladesh Taka | 85.01 |
| CAD Canada Dollars | 1.38 |
| CNY China Yuan Renminbi | 7.15 |
| EUR Euro | 0.90 |
| H KD Hong Kong Dollars | 7.75 |
| I NR India Rupees | 75.65 |
| I DR Indonesia Rupiahs | 14656.63 |
| JPY Japan Yen | 107.20 |
| MYR Malaysia | 4.35 |
| PKR Pakistan Rupees | 162.91 |
| PHP Philippines Pesos | 50.62 |
| RUB Russia Rubles | 70.69 |
| SGD Singapore Dollars | 1.41 |
| KRW South Korea Won | 1238.08 |
| LKR Sri Lanka Rupe | 186.07 |
| THB Thailand Baht | 31.83 |
| GBP United Kingdom Pounds | 0.81 |
| VND VietnamDon | 23283.64 |

*Source:xe.com*

## World Gold Price

May- 2020 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 25 | 1731 | 1730 | 1731 |
| 26 | 1756 | 1736 | 1736 |
| 27 | 1713 | 1713 | 1713 |
| 28 | 1736 | 1724 | 1720 |
| 29 | 1732 | 1724 | 1724 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 25-5.-2020 | 1216.00 | 1215.00 |
| 26-5-2020 | 1222.00 | 1222.00 |
| 27-5- 2020 | 1212.00 | 1212.00 |
| 28-5- 2020 | 1217.00 | 1217.80 |
| 29-5- 2020 | 1214.00 | 1214.00 |

## နယ်စပ်ငွေလဲလှယ်နှုန်း

မေလ ၂၀၂၀ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 25 | 7.14 | 31.97 | 84.99 | 75.85 |
| 26 | 7.13 | 31.91 | 85.00 | 75.67 |
| 27 | 7.16 | 31.96 | 85.00 | 75.58 |
| 28 | 7.15 | 31.85 | 85.01 | 75.73 |
| 29 | 7.15 | 31.83 | 85.01 | 75.65 |

## Energy NYMEX 29-5-2020

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 32.99 | -0.72 | -2.14 |
| Brent Crude Futr (USD/bbl) | 34.80 | -0.49 | -1.39 |
| Gasoline Rbob Fut (Cent/gal) | 99.00 | -0.85 | -0.85 |
| Natural Gas Futr (USD/MMBtu) | 1.81 | -0.02 | -0.99 |
| Heating Oil Futr (Cent/gal) | 92.00 | -0.56 | -0.61 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 25-May | 17.02 | 1951.20 | 1465.56 | 5291.36 | 815.00 |
| 26-May | 17.43 | 1962.66 | 1471.83 | 5314.28 | 836.00 |
| 27-May | 17.07 | 1944.15 | 1486.16 | 5294.23 | 811.00 |
| 28-May | 17.33 | 1913.95 | 1500.26 | 5307.01 | 822.00 |
| 29-May | 17.39 | 1941.72 | 1506.65 | 5327.29 | 824.00 |

## ရန်ကုန်စတော့အိတ်ချိန်း၏ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်ကို ဒုတိယအကြိမ် လုပ်ဆောင်

ရန်ကုန် စတော့အိတ်ချိန်း၏ YSX Live Talk Program ကို ဒုတိယအကြိမ်အဖြစ် မေ ၃၀ ရက်တွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲတွင် Covid-19 နှင့်အတူ လှုပ်ရှားပြောင်းလဲလာမည့် မြန်မာနိုင်ငံ၏ ထောက်ပံ့ပို့ဆောင်ရေးကဏ္ဍအကြောင်းကိုဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ ဆွေးနွေးပွဲ ကျင်းပရခြင်းမှာ စတော့ရှယ်ယာ ရင်းနှီးမြှုပ်နှံသူများအား StayHome ကာလအတွင်း Logistic Industry အကြောင်းကို သိရှိနိုင်စေရန် လုပ်ဆောင်ပေးခြင်းဖြစ်ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် ရန်ကုန်စတော့အိတ်ချိန်းစာရင်းဝင် ကုမ္ပဏီများဖြစ်သော Ever Flow River Group Public Co.,Ltd.(EFR) မှ ဥက္ကဋ္ဌ ဦးကျော်လွင်ဦးနှင့် Myanmar Thilawa SEZ Holdings Public Co.,Ltd. (MTSH) မှ အမှုဆောင်အရာရှိချုပ် ဦးမြင့်ဇော်တို့ ပါဝင်ဆွေးနွေးခဲ့ကြောင်း သိရသည်။

စိတ်ပါဝင်စားသူများ အနေဖြင့် YSX ၏ ဖေ့စ်ဘွတ်ခ်ပေ့ချ်တွင် ကြည့်ရှုနိုင်စေရန် လုပ်ဆောင်ပေးထားကြောင်း သိရသည်။

**ချောစု**

## ဘိလပ်မြေ

# ယခုတစ်ပတ် ရေလမ်းမှ ဘိလပ်မြေတင်သွင်းမှုရပ်နား



မေ ၁၇ ရက်မှ ၂၃ ရက် သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ ဘိလပ်မြေတင်သွင်းမှု မရှိခဲ့ကြောင်း သိရသည်။ မေ ၁ ရက်မှ ၁၆ ရက်အတွင်း ဘိလပ်မြေ ၁၀၁၅ ဒသမ ၆၀ တန်တင်သွင်းခဲ့သည်။ တရုတ်နိုင်ငံမှ တန်ချိန် ၈၄၀၊ မလေးရှားနိုင်ငံမှ ၇၅ ဒသမ ၆၀ တန်၊ ထိုင်းနိုင်ငံမှ တန်ချိန် ၁၀၀ တင်သွင်းခဲ့ကြောင်း သိရသည်။

မေ ၁၆ ရက်မှ ၂၂ ရက်အတွင်း နယ်စပ်လမ်းမှဘိလပ်မြေ အဝင်မှာ တန်ချိန် ၁၇၅၀၀ ရှိခဲ့ပြီး ယခင်သီတင်းပတ်က ဘိလပ်မြေအဝင်မှာ တန်ချိန် ၂၀၀၉၀ ကျော်ရှိခဲ့ခြင်းကြောင့် ယခုတစ်ပတ်မှာ တန်ချိန် ၂၅၈၀ ကျော်အဝင်လျော့ခဲ့သည်။ ထို့ကြောင့် ယခုတစ်ပတ်ရေကြောင်းလမ်းမှာ အဝင်မရှိဘဲ နယ်စပ်လမ်းမှအဝင် လျော့ခဲ့သည်။

# ဘိလပ်မြေဈေးကွက် အရောင်းပါး

မော်လမြိုင်ဘိလပ်မြေဈေးကွက်၌ ကိုဗစ်(၁၉)ရောဂါ ဖြစ်ပွားမှုကြောင့် ဆိုင်တော်တော်များလည်း ဧပြီလဆန်းမှစပြီး ပိတ်ထားကြကာ ယခုရက်ပိုင်းမှ ဆိုင်တချို့ပြန်လည်ဖွင့်လာကြောင်း အိမ်ဆောက်ပစ္စည်းအရောင်းဆိုင်ပိုင်ရှင်ထံမှ သိရသည်။ အရောင်းအဝယ်အနေဖြင့် သိပ်မကောင်းသေးသော်လည်း ဈေးကွက်အတွင်း ပစ္စည်းဝင်ရောက်မှု နည်းနေသေးခြင်းကြောင့် ဘိလပ်မြေဈေး အနည်းငယ် တက်လာကြောင်းသိရသည်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ ဆင်မြန်မာ ကျပ် ၆၁၀၀၊ ကြံ့တစ်ကောင် (ပြာ) ကျပ် ၅၈၅၀၊ ကြံ့နှစ်ကောင်(နီ) ကျပ် ၅၈၅၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း စုံစမ်းသိရှိရသည်။

**တောင်ကြီးဘိလပ်မြေဈေးကွက်၌** ယခုရက်ပိုင်း တည်ဆောက်ရေးလုပ်ငန်းများ အနည်းငယ်ပြန်လည်လုပ်ကိုင်လာခြင်းကြောင့် အရောင်းအဝယ်ပုံမှန်ရှိကြောင်း သိရသည်။ စိန်(ထိုင်း)၊ အေသုံးလုံး ဘိလပ်မြေတို့ ပစ္စည်းပြတ်နေပြီး နဂါး၊ အပါချီနှင့် ကမ္ဘောဇဘိလပ်မြေများက ဈေးအနည်းငယ်မြင့်လာကြောင်း သိရသည်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ စိန်(ထိုင်း) ကျပ် ၈၀၀၀၊ အေသုံးလုံး ကျပ် ၅၂၀၀၊ အပါချီ ကျပ် ၅၁၀၀၊ကမ္ဘောဇ ကျပ် ၄၈၀၀၊ ကြံ့ ကျပ် ၅၂၀၀၊ ကျားခေါင်း ကျပ် ၆၂၀၀၊ နဂါးကျပ် ၅၂၀၀ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရသည်။

**မကွေးဘိလပ်မြေဈေးကွက်၌** ဧပြီလဆန်းပိုင်းမှစပြီး တည်ဆောက်ရေးလုပ်ငန်းများလည်း ရပ်နားထားမှုကြောင့် အရောင်းအဝယ်ပါးနေကြောင်း အိမ်ဆောက်ပစ္စည်းဆိုင်မှ တာဝန်ရှိသူတစ်ဦး ကပြောသည်။ ယခုတစ်ပတ် အယ်လ်ဖာဘိလပ်မြေ ကကျပ် ၁၀၀ ဈေးမြင့်ကာ ကျန်ဘိလပ်မြေများက ယခင်ဈေးအတိုင်း အရောင်း အဝယ်ဖြစ်ကြောင်းသိရသည်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ အပါချီ ကျပ် ၅၂၀၀၊ ကြံ့ကျပ် ၅၂၀၀၊ ကမ္ဘောဇကျပ် ၅၅၀၀၊ ဘလူးဒိုင်းမွန်းကျပ် ၅၂၀၀၊ အယ်လ်ဖာကျပ် ၅၂၀၀ နှင့် အရောင်းအဝယ်ဖြစ်ကြောင်း သိရှိရသည်။

**မန္တလေးဘိလပ်မြေဈေးကွက်၌** ယခုရက်ပိုင်း အရောင်းအဝယ်ပုံမှန်ရှိကြောင်း သိရသည်။ အယ်လ်ဖာ၊ ခရောင်း(525)နှင့်ခရောင်း (425)တို့က ဈေးအနည်းငယ်ကျလာကြောင်း သိရသည်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ အေသုံးလုံး ကျပ် ၄၉၀၀၊ အယ်လ်ဖာကျပ် ၄၈၀၀၊ ခရောင်း (525) ကျပ် ၅၀၀၀၊ ခရောင်း(425)ကျပ် ၄၆၀၀ ဖြင့်အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

**သီတာဝင်း(DOT) စုစည်းသည်**

## ဓာတ်မြေဩဇာ

# မြေဩဇာ တန်ချိန် ၆၀၀၀ ကျော်ဝင်

မေ ၁၇ ရက်မှ ၂၃ ရက်သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂၂၀၉၁၂၈ တန်ဖိုးရှိ မြေဩဇာ၆၀၃၉ ဒသမ ၂၇၈ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့သည်။ ယခုတစ်ပတ် ဘီလာရုစ်နိုင်ငံမှ ၁၀၁၇ ဒသမ ၅၀ တန်၊ တရုတ်နိုင်ငံမှ ၅၆ ဒသမ ၄၂၈ တန်၊ အီဂျစ်နိုင်ငံမှ ၉၄၀ ဒသမ ၆၂ တန်၊ ဂျပန်နိုင်ငံမှ ၇၇ ဒသမ ၂၂ တန်၊ ဂျော်ဒန်နိုင်ငံမှ ၄၈၃ ဒသမ ၉၄ တန်၊ ကိုရီးယားနိုင်ငံမှ ၁၃၄၁ ဒသမ ၈၉ တန်၊ ရုရှားနိုင်ငံမှ ၁၆၂၁ ဒသမ ၆၈ တန်နှင့် ထိုင်းနိုင်ငံမှ တန်ချိန် ၅၀၀ တင်သွင်းခဲ့ကြောင်းသိရသည်။ ယခုတစ်ပတ် ရုရှားနိုင်ငံမှ အများဆုံး တင်သွင်းခဲ့ပြီး ကိုရီးယားနိုင်ငံမှ ဒုတိယအများဆုံး တင်သွင်းခဲ့ကြောင်းသိရသည်။

တင်သွင်းခဲ့သည့်အမျိုးအစားများမှာ ပိုတက်၊ မဂ္ဂနီဆီယမ်ဆာလဖိတ်၊ ဇင့်ဆာလဖိတ်၊ ကော့ပါးဆာလဖိတ်၊ပိုတက်ဆီယမ်ဖော့စဖိတ်၊နိုက်ထရိုဂျင်၊ အော်ဂဲနစ်၊ ကွန်ပေါင်း(၁၅း၁၅း၁၅)နှင့် ကွန်ပေါင်း(၁၆း၁၆း၈)တို့ဖြစ်သည်။ ယခင်သီတင်းပတ်က မြေဩဇာတန်ချိန် ၅၀၀၀၀ နီးပါးတင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ် တင်သွင်းမှုနှင့်နှိုင်းယှဉ်လျှင် တန်ချိန် ၄၄၀၀၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့သည်။

# မြေဩဇာဈေးကွက် အရောင်းပါး

မေ ၁၇ ရက်မှ ၂၃ ရက်အထိ နယ်စပ်လမ်းမှ မြေဩဇာအဝင်မှာ တန်ချိန် ၃၂၂၅၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာတန် ၂၉၅၃၀ ကျော် ရှိခဲ့ခြင်းကြောင့် ယခုတစ်ပတ် တန်ချိန်၂၇၀၀ ကျော် အဝင်လျော့ခဲ့ကြောင်း သိရသည်။ ထို့ကြောင့် ယခုတစ်ပတ်ရေလမ်းရော နယ်စပ်လမ်းမှပါအဝင်လျော့ခဲ့သည်။

**တောင်ကြီးဈေးကွက်၌** အရောင်းအဝယ်ပါးနေကြောင်းသိရသည်။ ယခုတစ်ပတ် ပုလဲ-အသေး(ပန်းဖူး)၊ တီစူပါ၊ တီစူပါ(၁၅း၁၅း၁၅)၊ တီစူပါ(၁၀း၁၀း၅)၊ ဓာတ်ဆား၊ ယူရီးယားတို့က ဈေးအနည်းငယ်တက်ခဲ့ပြီး ကျန်မြေဩဇာများက ဈေးအတက်အကျမရှိခဲ့ကြောင်းသိရသည်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ ယူရီးယား (ပန်းဖူး-တရုတ်)ကျပ် ၂၇၀၀၀၊ တီစူပါ၂၀%(တရုတ်) ကျပ်၁၅၆၀၀၊ ပိုးသတ်ဆေးကျပ် ၂၂၀၀၊ တီစူပါ ၁၅ ပတ်လည် (တရုတ်)ကျပ် ၄၀၅၀၀၊ တီစူပါ ၁၀း၁၀း၅ (တရုတ်)ကျပ် ၁၉၀၀၀၊ ဓာတ်ဆား (တရုတ်) ကျပ် ၂၀၀၀၀၊ ပိုတက် (တရုတ်) ကျပ် ၂၇၅၀၀၊ ယူရီးယား (ယူအေအီး)ကျပ် ၂၈၅၀၀၊ မြားကမ္ဘာ ကျပ် ၁၉၀၀၀၊ ရွက်ဖျန်း ကျပ် ၃၀၀၀၊ ဆိုင်ကလုန်းကျပ် ၃၀၀၀၊ ဆိုက်ပါ ကျပ် ၂၀၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်ကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

**မကွေးဈေးကွက်၌** အရောင်းအဝယ်ပါးကြောင်းသိရသည်။ ယခုတစ်ပတ် မြားကမ္ဘာ(၁၂း၁၃)၊ ဆင်(၁၀း၁၀း၅)၊ သီးစုံ(ဝါစိမ်းပြာ)၊ အာမို၊ ယူရီးယားတို့က ဈေးအနည်းငယ်တက်ပြီး တီစူပါ၊ တောင်သူမ၊ တက်တိုး၊ ဇာမနီတို့က ဈေးအနည်းငယ်ကျကာ ကျန်မြေဩဇာများက ဈေးငြိမ်နေကြောင်းသိရသည်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ မြားကမ္ဘာ-တရုတ်(၁၂း၁၃) ကျပ် ၁၈၀၀၀၊ ဆင် ၁၀း၁၀း၅ ကျပ် ၁၈၅၀၀၊ သီးစုံ(ဝါစိမ်းပြာ) ကျပ် ၁၈၅၀၀၊ အာမို၁၅း၁၅း၁၅ ကျပ် ၄၂၀၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၃၇၃၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၁၉၈၀၀၊ ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်) ကျပ် ၂၇၀၀၀၊ ယူရီးယား-ပုလဲ (ရွှေတောင်-တရုတ်) ကျပ် ၂၇၀၀၀၊ မြားကမ္ဘာ (၁၅း၇း၈) ကျပ် ၂၂၅၀၀၊ တီစူပါ က ကျပ် ၂၄၅၀၀၊ ဇာမနီကျပ် ၂၀၂၀၀၊ တောင်သူမ ကျပ် ၁၈၂၀၀၊ တက်တိုးကျပ် ၂၂၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

**မော်လမြိုင်ဈေးကွက်၌** ကိုဗစ်(၁၉)ရောဂါကြောင့် အရောင်းအဝယ် ပါးနေပြီး ယခုရက်ပိုင်းမှ အရောင်းအဝယ် နည်းနည်းပြန်ဖြစ်လာကြောင်း စိုက်ပျိုးရေးဆိုင်မှ အရောင်းဆိုင်တာဝန်ခံက ပြောသည်။ ယခုတစ်ပတ် ပုလဲ-အကြီး(ထိုင်း)(မြင်းပျံ) က ဈေးကျလာပြီးပုလဲ-အသေး(မြန်မာစုစံ)နှင့် ကွန်ပေါင်း(၁၅)ပတ်လည်က ဈေးအနည်းငယ်မြင့်ကာ ကျန်မြေဩဇာများ ဈေးငြိမ်နေကြောင်း သိရသည်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ ပုလဲ-အကြီး(ထိုင်း) မြင်းပျံ ကျပ် ၂၅၅၀၀၊ ပုလဲ-မြန်မာ (နဂါး-တရုတ်) ကျပ် ၂၈၀၀၀၊ပုလဲ-မြန်မာ (စုစံ)ကျပ် ၂၆၀၀၀၊ ကွန်ပေါင်း (အစိမ်း)(၁၅း၁၅း၁၅) (ထိုင်း)ကျပ် ၄၀၀၀၀၊ တီစူပါ ၄၆% (သံကွင်း-တရုတ်) ကျပ် ၂၅၀၀၀၊ ကွန် ပေါင်း (တရုတ်) (၁၀း၁၀း၅) ကျပ် ၂၀၀၀၀၊ ပိုတက်(မာကိုတာ) ကျပ် ၂၉၅၀၀၊ မြားနီ ကျပ် ၂၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရှိရသည်။

## နို့ဆီ/နို့မှုန့်

# နို့ဆီ တန် ၃၀ ကျော်နှင့် နို့မှုန့်တန် ၄၀၀ ကျော်သွင်း

မေ ၁၇ ရက်မှ ၂၃ ရက်အတွင်း အမေရိကန်ဒေါ်လာ ၃၄၅၂၀ တန်ဖိုးရှိ နို့ဆီ ၃၅ ဒသမ ၇၄၈ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့သည်။ ယခုတစ်ပတ် မလေးရှားနိုင်ငံမှ ၂၄ ဒသမ ၈၀၄ တန်နှင့် ဗီယက်နမ်နိုင်ငံမှ ၁၀ ဒသမ ၉၄၄ တန် တင်သွင်းခဲ့ကြောင်း သိရသည်။ တင်သွင်းခဲ့သည့်တံဆိပ်များမှာ ဂိုးနှင့် ဆောက်သ်တို့ဖြစ်သည်။ ယခင်သီတင်းပတ်က နို့ဆီတန်ချိန် ၃၈၀ ကျော် တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ် တင်သွင်းမှုနှင့်နှိုင်းယှဉ်လျှင် တန်ချိန် ၃၄၀ ကျော် တင်သွင်းမှု လျော့နည်းခဲ့ကြောင်း သိရသည်။အမေရိကန်ဒေါ်လာ ၁၄၀၅၄၈၀ တန်ဖိုးရှိ နို့မှုန့် ၄၂၉ ဒသမ ၅၂၅ တန်ကို တင်သွင်းခဲ့သည်။ ယခုတစ်ပတ် နယူးဇီလန်နိုင်ငံမှ တင်သွင်းခဲ့ကြောင်း သိရသည်။ ယခင်သီတင်းပတ်က နို့ဆီ ၃၇၈ ဒမသ ၇၇၅ တန် တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်သွင်းမှုနှင့် နှိုင်းယှဉ်လျှင် ၅၀ ဒသမ ၇၅ တန် ပိုမိုတင်သွင်းခဲ့ကြောင်း သိရသည်။ ထို့ကြောင့် ယခုတစ်ပတ် နို့ဆီအဝင်လျော့ပြီး နို့မှုန့်အဝင်ပိုခဲ့သည်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၆/၅ မှ ၂၂/၅ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၉/၅ မှ ၁၅/၅ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၅၄.၀၀ | ၄၂.၁၀၀ | (+) | ၁၂.၁၅ |
| ၂။ | လွယ်ဂျယ် | | - | | - |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | ကန်ပိုက်တီး | - | - | | - |
| ၅။ | တာချီလိတ် | ၅၀၀၀.၀၀ | ၆၀၀၀.၀၀ | (-) | ၁၀၀၀.၀၀ |
| ၆။ | မြဝတီ | - | - | | - |
| ၇။ | ကော့သောင်း | ၁၂၄၅၀.၀၀ | ၁၄၀၅၀.၀၀ | (-) | ၁၆၀၀.၀၀ |
| ၈။ | မြိတ် | - | - | | - |
| | စုစုပေါင်း | ၁၇၅၀၄.၂၅ | ၂၀၀၉၂.၁၀ | (-) | ၂၅၈၇.၈၅ |

အေးအေးသန့်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေဩဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၆/၅ မှ ၂၂/၅ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၉/၅ မှ ၁၅/၅ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၁၁၅၉.၂၅ | ၉၄၄၃.၉၇ | (+) | ၁၇၁၅.၂၈ |
| ၂။ | လွယ်ဂျယ် | ၃၅၇၂.၅၀ | ၅၈၂၇.၆၀ | (-) | ၂၂၅၅.၁၀ |
| ၃။ | ချင်းရွှေဟော် | ၁၃၃၅၄.၃၀ | ၁၁၇၃၀.၄၀ | (+) | ၁၆၂၃.၉၀ |
| ၄။ | ကန်ပိုက်တီ | ၈၆၇.၀၀ | ၁၀၁၅.၀၀ | (-) | ၁၄၈.၀၀ |
| ၅။ | မြဝတီ | - | ၁၅၂၀.၅၀ | (-) | ၁၅၂၀.၅၀ |
| ၆။ | ကော့သောင်း | ၃၃၀၀.၀၀ | - | (+) | ၃၃၀၀.၀၀ |
| ၇။ | မြိတ် | - | - | | - |
| ၈။ | ရိုဒ် | - | - | | - |
| ၉။ | တမူး | - | - | | - |
| | စုစုပေါင်း | ၃၂၂၅၃.၀၅ | ၂၉၅၃၇.၄၇ | (+) | ၂၇၁၅.၅၈ |

ခင်မိုးသူ



# ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မောင်း ပခုက္ကူမြို့နယ်ရှိ ဒန့်သလွန်ခြံသို့ ကွင်းဆင်းလေ့လာ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မောင်း ဦးဆောင်၍ ပခုက္ကူခရိုင် ခရိုင်ဦးစီးမှူး ဦးဝေဠုအောင်နှင့် ဝန်ထမ်းများအဖွဲ့သည် မေ ၂၇ ရက်တွင် ပခုက္ကူခရိုင် မြစ်ခြေမြို့အနီး ဒန့်သလွန်ပင်စိုက်ပျိုးထုတ်လုပ်သူ ဦးမြင့်ကိုခြံသို့ သွားရောက်၍ ဒန့်သလွန်ပင်စိုက်ပျိုးထုတ်လုပ်သည့် လုပ်ငန်းရှင် သုံးဦးတို့နှင့်တွေ့ဆုံပြီး စိုက်ပျိုးထုတ်လုပ်မှု၊ ပြည်တွင်း/ပြည်ပ၊ ဈေးကွက်၊ ဈေးနှုန်းအခြေအနေနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် Covid-19ဖြစ်နေသည့်ကာလအတွင်း တွေ့ကြုံရသည့် အခက်အခဲများအား ကွင်းဆင်းဆွေးနွေးခဲ့သည်။

ထိုသို့ကွင်းဆင်းဆွေးနွေးရာတွင် မြစ်ခြေမြို့၌ ဒန့်သလွန်ပင်စိုက်ဧက ၁၅ ဧကနှင့် ဆက်လက်စိုက်ပျိုးရန် ဧက ၂၀ မြေပြင်ထားမှုအခြေအနေ၊ ပျိုးထောင်ထားမှုအခြေအနေများအား ခြံပိုင်ရှင် ဦးမြင့်ကိုက ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ဒန့်သလွန်အဆီ ထုတ်ယူမှုနှင့်ပတ်သက်၍ ရှင်းလင်းရာ ဒန့်သလွန်အဆီ ထုတ်ယူပါက ဒန့်သလွန်အဆန် နှစ်ပိဿာကြိတ်လျှင် ဒန့်သလွန်အဆီ လေးကျပ်သားခန့်ရရှိကြောင်း၊ လက်ရှိအချိန်မှာ တရုတ်နိုင်ငံမှ ဝယ်ယူလျက်ရှိပြီး အဆီတစ်လီတာလျှင် ယွမ် ၂၅၀၀ ခန့် ရရှိကာ ပြည်တွင်းဈေးကွက်အနေဖြင့် အဆီ တစ်လီတာလျှင် ကျပ် ၅၀၀၀၀၀ ခန့် ရရှိကြောင်း၊ အထွက်နှုန်းအနေဖြင့် အပင်ခြောက်လ၊ တစ်နှစ်သားလျှင် တစ်ပင်ကို အသီးတောင့် ၅၀ မှ ၂၀၀ ကြားရရှိနိုင် ပြီး အပင်(၂/၃)နှစ်သားလျှင် တစ်ပင်ကို အသီးတောင့် ၅၀၀ မှ ၁၀၀၀ ခန့် ခူးဆွတ်နိုင်ကြောင်း၊ ဒန့်သလွန်မျိုးအနေဖြင့် အိန္ဒိယမျိုး PKM-1၊ PKM-2ဟူ၍ နှစ်မျိုးရှိပြီး PKM-1မျိုးမှာအသီးတောင့် တစ်တောင့်လျှင် ၂၀ လက်မမှ ၃၀ လက်မခန့် ရှိပြီး မျိုးစေ့ဈေးနှုန်းမှာ တစ်စေ့မှ ၅၀၀ စေ့အထိဆိုလျှင် တစ်စေ့ကို ကျပ် ၁၀၀၊ အစေ့ ၅၀၀ မှ ၅၀၀၀ အထိဆိုလျှင် တစ်စေ့ကို ကျပ် ၈၀၊ အစေ့ ၅၀၀၀ အထက်ဆိုလျှင် တစ်စေ့ကို ၆၅ ကျပ် ရောင်းချကြောင်း၊ PKM-2 မျိုးမှာ နောက်စိုက်မည့် မျိုးဖြစ်ပြီး ရာသီဥတုဒဏ်ခံနိုင်ပြီး အသီးတောင့်၏ အရှည်မှာ လက်မ ၃၀ မှ လက်မ ၄၀ ကြားရှိပြီး မျိုးစေ့မှာ တစ်စေ့လျှင် ကျပ် ၁၀၀ ခန့်ရှိကြောင်း၊ ပင်ကြား တန်းကြားအနေဖြင့် ၁၂ ပေ စိုက်ပျိုးပြီး တစ်ဧက အပင် ၄၀၀ စိုက်ပျိုးကြောင်း၊ တန်ဖိုး မြင့်ထုတ်ကုန်အနေဖြင့် အစေ့မှုန့်၊ အရွက်မှုန့်၊ အရွက်မှုန့်မှ ထုတ်သော ဆေးပြား ၁၂၀ ပါ ဘူးတစ်ဘူးလျှင် ကျပ် ၃၀၀၀၊ အစေ့မှထုတ်သော အတောင့် ၆၀ ဘူး တစ်ဘူးလျှင် ကျပ် ၅၀၀၀ ထုတ်လုပ်ရောင်းချနေကြောင်း ၎င်းက ရှင်းလင်းပြောကြား ခဲ့သည်။

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မောင်းက ယခုကဲ့သို့ စိုက်ပျိုးအောင်မြင်သည်ကို ဝမ်းသာကြောင်း၊ ကျန်ရှိသည့် စိုက်ပျိုးလိုသူလုပ်ငန်းရှင်များ ရှိပါကလည်း ဌာနမှ ချိတ်ဆက်ပေးသွားမည်ဖြစ်ပြီး လေ့လာရန် ဒန့်သလွန်ခြံသို့ လမ်းညွှန်ပေးမည်ဖြစ်ကြောင်း၊ တစ်ဦးတစ်ယောက်တည်း လုပ်ကိုင်ခြင်းထက် အသင်းအစုအဖွဲ့ဖြင့် လုပ်ကိုင်ပါက ပို၍ အောင်မြင်လာမည်ဖြစ်ကြောင်း၊ မိမိတို့ ပြည်ထောင်စုဝန်ကြီးကလည်း ဒန့်သလွန်ပင် စိုက်ပျိုးမှုကို စိတ်ဝင်စားကြောင်း၊ ဈေးကွက်ပိုမိုရရှိရေးကိုလည်း ဌာနအနေဖြင့် ချိတ်ဆက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**ဝေဠုအောင်(ပခုက္ကူ)**

# အငယ်စား၊ အသေးစား၊ အလတ်စားလုပ်ငန်းများ ရင်ဆိုင်နေရသည့် အခက်အခဲများ

COVID-19 ကပ်ရောဂါ ပြန့်ပွားမှုကြောင့် အိန္ဒိယနိုင်ငံရှိ ရပ်ကွက်/ကျေးရွာများတွင် Lockdown ချထားခြင်း၏ အကျိုးဆက်အနေဖြင့် အငယ်စား၊ အသေးစား၊ အလတ်စားလုပ်ငန်းများ (MSMEs) စီးပွားရေး အကျပ်အတည်း ပြင်းထန်စွာ ခံစားနေရသည်။ အိန္ဒိယနိုင်ငံ၏ MSMEs နိုင်ငံအတွင်းရှိ လူဦးရေ ၁၁၄ သန်းအား အလုပ်အကိုင် ဖန်တီးပေးပြီးနိုင်ငံပို့ကုန်၏ ထက်ဝက်ကျော်အား ထုတ်လုပ်ကာ တိုင်းပြည်ဝင်ငွေ၏ ၃၀ ရာခိုင်နှုန်းကျော် အကျိုးပြုလျက်ရှိသည်။

ကပ်ရောဂါ၏ အကျိုးဆက်အနေဖြင့် supply-chain ကွင်းဆက်ပြတ်တောက်သွားပြီး ထုတ်လုပ်မှုများ ရပ်စဲကာ အရေးပါသည့် ဝန်ဆောင်မှုများလည်း ရပ်တန့်သွားခြင်းကြောင့် MSMEs လုပ်ငန်းများရှိ ဝန်ထမ်းများအား လုပ်ခလစာ ပေးချေရန် အခက်အခဲများနှင့် ရင်ဆိုင်နေရသည်။ မကြာသေးမီက MSMEs လုပ်ငန်း ၅၀၀၀ အား All India Manufacturers' Organization (AIMO) ၏ ကွင်းဆင်းလေ့လာ သုတေသနပြုချက်အရMSMEs လုပ်ငန်း ၇၁ ရာခိုင်နှုန်းသည် မတ်လအထိ ၎င်းတို့၏ ဝန်ထမ်းများ လုပ်ခလစာ မပေးနိုင်ကြောင်း တွေ့ရှိခဲ့ရသည်။ နိုင်ငံအတွင်းရှိMSMEs များသည် ၎င်းတို့လိုအပ်နေသည့် ရင်းနှီးငွေများကို ရရှိရန်အတွက် အစီရင်ခံစာများ၌ သုံးသပ်မှုများ ပြုလုပ်နေကြသည်။

အိန္ဒိယအစိုးရအနေဖြင့် MSMEs ကဏ္ဍရှိလုပ်ငန်းများအတွက် စီးပွားရေးဆိုင်ရာ အထောက်အကူပြု အစီအစဉ်များကို ကြေညာခဲ့ပြီး ကာလတို ငွေဖြစ်လွယ်မှုမှတစ်ဆင့် ယာယီ အခက်အခဲများကို ဖြေရှင်းပေးဖို့ရန်မက အနာဂတ်ကာလတွင် ကာလလတ်၊ ကာလရှည်စီးပွားရေး ပြန်လည်ဦးမော့လာစေရေးအတွက်ပါ ရည်ရွယ်ထားသည်။

COVID-19 ကပ်ရောဂါပြန့်ပွားမှုကြောင့် စီးပွားကျပ်တည်းမှုဒဏ်ခံနေရသည့် MSMEs ကဏ္ဍရှိ ကုန်ပစ္စည်းထုတ်လုပ်သည့်လုပ်ငန်းများနှင့် ဝန်ဆောင်မှုပေးနေသည့် လုပ်ငန်းများအတွက် Reserve Bank of India (RBI) (က) အိန္ဒိယက MSMEs စီးပွားရေးလုပ်ငန်းများ ဆက်လက်လည်ပတ်နိုင်ရေးအတွက် ကူညီထောက်ပံ့မှုများကို ကြေညာခဲ့ခြင်း၊ Public Sector Banks (PSBs) ဘဏ်က အရေးပေါ်ချေးငွေ အစီအစဉ်များ အစပြုခြင်း Small Industries Development Bank of India (SIDBI) ဘဏ်က သက်သာသည့် အတိုးနှုန်းဖြင့် ငွေချေးပေးခြင်းတို့အပြင် ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုတို့အပေါ် ကောက်ခံသည့် အခွန်(GST) ပေးချေမှုကို ၂၀၂၀ ပြည့်နှစ် ဇွန်လအထိ ရွှေ့ဆိုင်းပေးထားသည်။ MSMEs စီးပွားရေးလုပ်ငန်းများ ကာလတိုငွေသား အကျပ်အတည်းဖြစ်မှုကို ဖြေရှင်းပေးနိုင်သည် သာမက MSMEs ကဏ္ဍရှိလုပ်ငန်းများအတွက် စီးပွားရေးဆိုင်ရာ အထောက်အကူပြု အစီအစဉ်များက ထိရောက်ခဲ့သည်။

**စာမျက်နှာ ၁၆ သို့**

## ပြည်တွင်းဆီဈေးနှုန်းများ (၂၉-၅-၂၀၂၀)

ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၆၈၀၀ | ၇၅၀၀ | △ | ၇၅၀၀ | ၇၅၀၀ | □ | ၂၀၀၀ | ၁၇၀၀ | ▽ |
| ရန်ကုန် | ၈၅၀၀ | ၈၅၀၀ | □ | ၈၅၀၀ | ၈၅၀၀ | □ | ၂၁၀၀ | ၂၁၀၀ | □ |
| မန္တလေး | ၇၀၀၀ | ၇၀၀၀ | □ | ၇၀၀၀ | ၇၀၀၀ | □ | ၂၂၀၀ | ၂၃၀၀ | △ |
| ပဲခူး | ၇၀၀၀ | ၇၀၀၀ | □ | ၇၀၀၀ | ၇၀၀၀ | □ | ၂၂၀၀ | ၂၁၀၀ | ▽ |
| မကွေး | ၆၅၀၀ | ၆၅၀၀ | □ | ၆၅၀၀ | ၆၅၀၀ | □ | ၂၀၀၀ | ၂၀၀၀ | □ |
| မုံရွာ | ၆၀၀၀ | ၆၀၀၀ | □ | ၆၅၀၀ | ၆၅၀၀ | □ | ၁၇၀၀ | ၁၇၀၀ | □ |
| စစ်တွေ | ၈၅၀၀ | ၈၅၀၀ | □ | ၆၀၀၀ | ၆၀၀၀ | □ | ၂၃၀၀ | ၂၄၀၀ | △ |



## မလေးရှားစားအုန်းဆီအပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၂၉-၅-၂၀၂၀ **US$/Ton**

| အမျိုးအစား | မေဒုတိယပတ် | မေတတိယပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| **RBD P.Oil** | ၅၂၀.၀၀ | ၅၁၀.၀၀ | ▽ |
| **RBD P.Olein** | ၅၂၆.၅၀ | ၅၁၂.၅၀ | ▽ |
| **RBD P.Stearin** | ၅၂၉.၅၀ | ၅၁၈.၅၀ | ▽ |

***Source: bepi.mpob***

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၂၉-၅-၂၀၂၀) ရက်

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၄၁၁.၈၉ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၃.၅၃ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၇.၀၆ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၇.၄၈ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.0 x 5%)/612 | ၈၁.၂၇ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၃၅.၁၇ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၆.၈၉ |
| ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | | ၁၅၅၉.၀၈၇ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၂၉-၅-၂၀၂၀ နေ့ (CIF ဈေး Cloud Point 8 ˚C Max ၆၁၅ ဒေါ်လာနှင့် USD ဈေး ၁၄၀၅ ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။
၂။ ၂၉-၅-၂၀၂၀ နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၄၀၅ ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**
**ကုန်သွယ်ရေးဦးစီးဌာန**

**ဆန်နှင့်ဆန်ကွဲ ပြည်ပတင်ပို့သည့်လုပ်ငန်းအစီအစဉ်နှင့်ပတ်သက်သောသတင်းလွှာ (၃ /၂၀၂၀)**

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ် ဧပြီလ ၇ ရက်

အကြောင်းအရာ။ **ဆန်နှင့် ဆန်ကွဲပြည်ပတင်ပို့သည့် လုပ်ငန်းအစီအစဉ် ထုတ်ပြန်ခြင်း**

၁။ ကမ္ဘာနှင့်အဝှမ်း ဖြစ်ပေါ်လျက်ရှိသော Coronavirus Disease 2019 (COVID-19) ကြောင့် ပြည်တွင်းစားနပ်ရိက္ခာဖူလုံရေး၊ ကုန်ဈေးနှုန်းတည်ငြိမ်ရေး၊ တောင်သူလယ်သမားများ ဝင်ငွေတိုးတက်ရရှိရေးနှင့် ပြည်ပပို့ကုန် တိုးမြှင့်ရေးတို့အတွက် ၂၀၂၀ ပြည့်နှစ် ဆန်နှင့် ဆန်ကွဲ ပြည်ပတင်ပို့မည့် လုပ်ငန်းအစီအစဉ်များကို အောက်ပါအတိုင်းထုတ်ပြန်လိုက်သည်-

(က) ဆန်နှင့် ဆန်ကွဲ တင်ပို့ခွင့်လိုင်စင် ရရှိထားသူများအနက် ၁၅-၃-၂၀၂၀ ရက်နေ့ နောက်ပိုင်း (၁၆-၃-၂၀၂၀ ရက်နေ့မှ ၂၀-၃-၂၀၂၀ ရက်နေ့အထိ) ပို့ကုန်လိုင်စင် ရရှိထားသူများအနေဖြင့် တင်ပို့သည့်ပမာဏ အထောက်အထား ပို့ကုန်ကြေညာလွှာ (Export Declaration) တွင် ဖော်ပြထားသည့်ပမာဏ၏ ၁၀ ရာခိုင်နှုန်းကို နိုင်ငံတော်အရန်ဆန်အဖြစ် ဧည့်မထဆန် ၂၅ % (Emata 25%, Well Milled Polished) ကို ရောင်းချပေးရမည်။

(ခ) ဆန်နှင့် ဆန်ကွဲ တင်ပို့သည့်ကုမ္ပဏီသည် တင်ပို့ခြင်းမပြုမီ ကြိုတင်၍လည်းကောင်း၊ အမှန်တင်ပို့ပြီး တစ်ပတ်အတွင်းတွင်လည်းကောင်း နိုင်ငံတော်အရန်ဆန် ၁၀ ရာခိုင်နှုန်းကို သတ်မှတ်ထားသည့် သိုလှောင်ရုံသို့ အပ်နှံပေးသွင်းရမည်။

(ဂ) နိုင်ငံတော်အရန်ဆန် ၁၀ ရာခိုင်နှုန်းကို သတ်မှတ်ချိန်အတွင်း ပြီးပြတ်အောင် ပေးသွင်းခြင်းမရှိပါက ပို့ကုန်/သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင် ပိတ်သိမ်းခြင်းခံရမည်ဖြစ်သည့်အပြင် အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူခြင်းခံရမည်။

၂။ ၂၀၂၀ ပြည့်နှစ် မေလ ၁ ရက်နေ့ နောက်ပိုင်း ဆန်တင်ပို့ခွင့်လိုင်စင် ခွင့်ပြုထုတ်ပေးခြင်းနှင့်ပတ်သက်သည့် စည်းကမ်းသတ်မှတ်ချက်များအား ထပ်မံထုတ်ပြန်ကြေညာသွားမည်။

ကုန်သွယ်ရေးဦးစီးဌာန

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
ကုန်သွယ်ရေးဦးစီးဌာန

Coronavirus 2019 (COVID-19) ကာလအတွင်း **ဆန်နှင့်ဆန်ကွဲ** ပြည်ပတင်ပို့ခွင့်
လိုင်စင်ခွင့်ပြုမည့် လုပ်ထုံးလုပ်နည်းနှင့်စပ်လျဉ်းသောသတင်းလွှာ (၅ /၂၀၂၀)

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ် ဧပြီလ ၂၄ ရက်

အကြောင်းအရာ။ **Coronavirus 2019 (COVID-19) ကာလအတွင်း ဆန်နှင့်ဆန်ကွဲ ပြည်ပတင်ပို့ခွင့်လိုင်စင်ခွင့်ပြုမည့် လုပ်ထုံးလုပ်နည်းထုတ်ပြန်ခြင်း**

၁။ ကမ္ဘာနှင့်အဝှမ်း ဖြစ်ပေါ်လျက်ရှိသော Coronavirus Disease 2019 (COVID-19) ကြောင့် ပြည်တွင်းစားနပ်ရိက္ခာဖူလုံရေး၊ ကုန်ဈေးနှုန်းတည်ငြိမ်ရေး၊ တောင်သူလယ်သမားများ ဝင်ငွေတိုးတက်ရရှိရေးနှင့် ပြည်ပပို့ကုန် တိုးမြှင့်ရေးတို့အတွက် ၂၀၂၀ ပြည့်နှစ် ဆန်နှင့် ဆန်ကွဲ ပြည်ပတင်ပို့မည့် လုပ်ငန်းအစီအစဉ်ကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၏ ၇.၄.၂၀၂၀ ရက်စွဲပါ သတင်းလွှာအမှတ် (၃/၂၀၂၀)ဖြင့်ထုတ်ပြန်ထားပါသည်။

၂။ အဆိုပါအစီအစဉ်အရ Coronavirus 2019 (COVID-19) ကာလအတွင်း ဆန်/ဆန်ကွဲ တင်ပို့ခွင့်လိုင်စင်လျှောက်ထားသူများအနေဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ လိုက်နာဆောင်ရွက်နိုင်ရန်အတွက် ပူးတွဲပါလုပ်ထုံးလုပ်နည်းများကို အသိပေးထုတ်ပြန်လိုက်သည်။

ကုန်သွယ်ရေးဦးစီးဌာန

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**
**ကုန်သွယ်ရေးဦးစီးဌာန**
**ပို့ကုန်သွင်းကုန်နှင့်ပတ်သက်သော သတင်းလွှာ ( ၄/၂၀၂၀ )**

ရက်စွဲ ၊ ၂၀၂၀ ပြည့်နှစ် ၊ ဧပြီလ ၂၄ ရက်

အကြောင်းအရာ။ **ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်များအား သက်တမ်း ယာယီတိုးမြှင့်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာခြင်း**

၁။ ယခုအခါ ကမ္ဘာနှင့်အဝှမ်းဖြစ်ပေါ်လျက်ရှိသော Coronavirus Disease 2019(COVID–19) ကြောင့် စီးပွားရေးလုပ်ငန်းများ ထိခိုက်မှုလျော့နည်း သက်သာစေရန်နှင့် ရုံးလုပ်ငန်းများတွင် လူအချင်းချင်းထိတွေ့ ဆောင်ရွက်မှုများအား လျှော့ချနိုင်ရန်အတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် (၂၇-၄-၂၀၂၀)ရက်နေ့မှ (၃၀-၇-၂၀၂၀)ရက်နေ့အတွင်း သက်တမ်းကုန်ဆုံးမည့် ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်များအား ကုမ္ပဏီလုပ်ငန်းရှင်များ၊ ကိုယ်စားလှယ်များအနေဖြင့် ရုံးသို့ကိုယ်တိုင် လာရောက်လျှောက်ထားရန်မလိုအပ်ဘဲ Registration စနစ်မှ (၃၁-၇-၂၀၂၀)ရက်နေ့အထိ သက်တမ်းယာယီတိုးမြှင့်ပေးခြင်းအား ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၂။ ကုမ္ပဏီလုပ်ငန်းရှင်များ၊ ကိုယ်စားလှယ်များအနေဖြင့် ရုံးသို့ကိုယ်တိုင် လာရောက်လျှောက်ထားရန်မလိုအပ်ဘဲ ဌာနအနေဖြင့် Registration စနစ်မှ ဆောင်ရွက်ပေးခြင်းဖြစ်ပါ၍ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင် သက်တမ်းတိုးကတ်ကိုလည်း ထုတ်ပေးမည်မဟုတ်ပါ။

၃။ ဤကဲ့သို့ဆောင်ရွက်ရာတွင် ယာယီသက်တမ်းတိုး ကုန်ဆုံးသည့်အချိန်တွင် ကုမ္ပဏီများမှ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင် သက်တမ်းတိုး လာရောက်လျှောက်ထားပါက သတ်မှတ်သက်တမ်း(၅)နှစ်တွင် ယာယီတိုးပေးထားသည့် သက်တမ်းကာလအား ထည့်သွင်းတွက်ချက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး သက်တမ်းတိုးကြေးအား သတ်မှတ်နှုန်းထားအတိုင်း ကောက်ခံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကုန်သွယ်ရေးဦးစီးဌာန**

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**
**ကုန်သွယ်ရေးဦးစီးဌာန**

**ပို့ကုန်သွင်းကုန်နှင့်ပတ်သက်သော သတင်းလွှာ ( ၆ /၂၀၂၀)**

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၃၀ ရက်

အကြောင်းအရာ။ **Fully Online Licensing စနစ်ကို အသုံးပြု၍ လိုင်စင်လျှောက်ထားနိုင်သည့် ပို့ကုန်/ သွင်းကုန်ပစ္စည်းအမယ်များ တိုးမြှင့်ဆောင်ရွက်ခွင့်ပြုခြင်း**

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ကုန်သွယ်မှုလုပ်ငန်းဆောင်ရွက်သူများအနေဖြင့် လိုင်စင်လျှောက်ထားရန်လိုသော ကုန်စည်အချို့ကို အင်တာနက်ရှိသည့် မည်သည့်နေရာမှမဆို ပို့ကုန်/ သွင်းကုန်လိုင်စင်လျှောက်ထားခြင်းကို Fully Online Licensing စနစ်ဖြင့် ၂၀၁၆ ခုနှစ်၊ ဇွန်လ (၇) ရက်နေ့တွင် စတင်ခွင့်ပြုခဲ့ပါသည်။

၂။ ကျန်ရှိသည့် လိုင်စင်လျှောက် ထားရန်လိုသော ကုန်စည်လိုင်းများအား တစ်ဆင့်ပြီးတစ်ဆင့် Fully Online စနစ်ဖြင့် လျှောက်ထား ရယူနိုင်ရေး တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ လက်ရှိတွင် HS Code 2017 Version အရ 10 digit ဖြင့် ပို့ကုန် H.S Line (၈၈) လိုင်းနှင့် သွင်းကုန် H.S Line ( ၆၅၀) လိုင်းတို့ကို Fully Online Licensing စနစ်ဖြင့် www.myanmartradenet.com.mm တွင် ပို့ကုန်/ သွင်းကုန်လိုင်စင်လျှောက်ထားရယူနိုင်ကြောင်းနှင့် ထပ်မံ၍ကုန်စည်လိုင်းများ တိုးမြှင့်ခွင့်ပြုသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ကြေညာလိုက်သည်။

ကုန်သွယ်ရေးဦးစီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ကုန်သွယ်ရေးဦးစီးဌာန

ဆန်နှင့်ဆန်ကွဲ ပြည်ပတင်ပို့ခွင့် လိုင်စင်ခွင့်ပြုမည့် လုပ်ထုံးလုပ်နည်းပါ

စည်းကမ်းချက်ပြင်ဆင်သောသတင်းလွှာ (၇/၂၀၂၀)

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ် မေလ ၉ ရက်

အကြောင်းအရာ။ သတင်းလွှာ ၅/၂၀၂၀ ဖြင့်ထုတ်ပြန်ထားသော ဆန်နှင့်ဆန်ကွဲပြည်ပတင်ပို့ခွင့် လိုင်စင်ခွင့်ပြုမည့် လုပ်ထုံးလုပ်နည်းပါစည်းကမ်းချက် ပြင်ဆင်ထုတ်ပြန်ခြင်း

၁။ ကမ္ဘာ့နှင့်အဝှမ်းဖြစ်ပေါ်လျက်ရှိသော Coronavirus Disease 2019(COVID-19) ကာလအတွင်း ဆန်နှင့် ဆန်ကွဲ ပြည်ပသို့တင်ပို့မည့်လုပ်ငန်းအစီအစဉ်နှင့်စပ်လျဉ်း၍ တင်ပို့ခွင့်လိုင်စင်လျှောက်ထားသူများအနေဖြင့် လိုက်နာဆောင်ရွက်နိုင်ရန် ပြည်ပတင်ပို့ခွင့်လုပ်ထုံးလုပ်နည်းကို သတင်းလွှာ (၅/၂၀၂၀)ဖြင့် ထုတ်ပြန်ခဲ့ပါသည်။ အဆိုပါလုပ်ထုံးလုပ်နည်း အပိုဒ် ၅ တွင် "လစဉ် လိုင်စင်လျှောက်ထားခြင်းမရှိဘဲ နှစ်လ/သုံးလအတွက် ပို့ကုန်လိုင်စင်ကို တစ်ပေါင်းတည်း လျှောက်ထားခြင်း၊ ကျော်လွန်သွားသည့်ကာလအတွက် ပြန်လည်လျှောက်ထားခြင်းများကို ခွင့်ပြုသွားမည်မဟုတ်ပါ" ဟုဖော်ပြထားပါသည်။

၂။ သို့သော်လည်း လက်ရှိဆန်တင်ပို့မှုအခြေအနေအနေအရ ဆန်တင်ပို့သူများအနေဖြင့် ပြည်ပဆန်ဝယ်နိုင်ငံများနှင့် ချုပ်ဆိုသည့် ဆန်အရောင်းအဝယ်စာချုပ်ပါအတိုင်း အပြည့်အဝလွယ်ကူစွာတင်ပို့နိုင်ရေး၊ ဆန်သင်္ဘောတင်မှုတွင် အချိန်နှောင့်နှေးမှုအခက်အခဲမရှိစေရေး၊ ပွင့်လင်းရာသီချိန်အတွင်း လုပ်ငန်းတွင်ကျယ်စွာဆောင်ရွက်နိုင်ရေးတို့အတွက် သတင်းလွှာ(၅/၂၀၂၀)ပါ လုပ်ထုံးလုပ်နည်း အပိုဒ် ၅ အား အောက်ပါအတိုင်း ပြင်ဆင်ထုတ်ပြန်လိုက်သည်-

"ဆန်နှင့်ဆန်ကွဲတင်ပို့ခွင့်လိုင်စင်ခွင့်ပြုမည့် လုပ်ထုံးလုပ်နည်းပါ သတ်မှတ်ကာလအတွင်း တင်ပို့ခွင့်ပြုရန် အမြင့်ဆုံးလျာထားသည့်ဆန်နှင့်ဆန်ကွဲတန်ချိန် ၆ သိန်း အတွင်း တင်ပို့ခွင့်ရရှိသူသည် လစဉ်တင်ပို့ခွင့်ရရှိသည့် အရေအတွက်ပမာဏကို ဆန်/ဆန်ကွဲတင်ပို့ခွင့် ပို့ကုန်လိုင်စင်လျှောက်ထားရာတွင် နှစ်လအတွက် တစ်ပေါင်းတည်းလျှောက်ထားနိုင်သည်"

ကုန်သွယ်ရေးဦးစီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ကုန်သွယ်ရေးဦးစီးဌာန

**Myanmar Tradenet Member ဝင်ခြင်းနှင့်သက်တမ်းတိုးလျှောက်ထားခြင်းဆိုင်ရာ**

**သတင်းလွှာ( ၈ /၂၀၂၀)**

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ မေလ ၂၀ ရက်

အကြောင်းအရာ။ **Myanmar Tradenet Member ဝင်ခြင်းနှင့် သက်တမ်းတိုးလျှောက်ထားခြင်းများကို သတ်မှတ်ကာလအတွင်း ယာယီသက်တမ်းတိုးဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာခြင်း**

၁။ ကမ္ဘာ့နှင့်အဝှမ်းဖြစ်ပေါ်လျက်ရှိသော Coronavirus Disease 2019 (COVID-19) ကြောင့် စီးပွားရေးလုပ်ငန်းများ ထိခိုက်မှုလျော့နည်းသက်သာစေရန်နှင့် ရုံးလုပ်ငန်းများတွင် လူအချင်းချင်းထိတွေ့ဆောင်ရွက်မှုများကို လျှော့ချနိုင်ရန်အတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် (၂၀-၅-၂၀၂၀)ရက်နေ့မှ (၃၁-၇-၂၀၂၀) ရက်နေ့ အတွင်း Myanmar Tradenet Member ဝင်ခြင်းနှင့် သက်တမ်းတိုးခြင်းများကို နေပြည်တော်(ရုံးချုပ်)နှင့် ပို့ကုန်သွင်းကုန်ရုံး(ရန်ကုန်)သို့ ကိုယ်တိုင်လာရောက် လျှောက်ထားရန်မလိုအပ်ဘဲ သတ်မှတ်စာရွက်စာတမ်းများဖြင့် အီးမေးလ် "dotictygn@gmail.com" သို့ ပေးပို့လျှောက်ထားမှုများကို လက်ခံဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၂။ ယင်းကဲ့သို့ အီးမေးလ်မှတစ်ဆင့် ဆောင်ရွက်ပေးသည့် ကာလအတွင်း Member Fees များနှင့်စပ်လျဉ်း၍ ကုမ္ပဏီလုပ်ငန်းရှင်များ၊ ကိုယ်စားလှယ်များအနေဖြင့် ရုံးသို့ လာရောက်ပေးသွင်းရန်မလိုအပ်ဘဲ (၁-၈-၂၀၂၀) ရက်နေ့မှ (၁၀-၈-၂၀၂၀) ရက်နေ့အတွင်းတွင် သက်ဆိုင်ရာရုံးသို့လာရောက်၍ ပေးသွင်းရမည်ဖြစ်ပါသည်။

၃။ Member Fees များပြန်လည်ပေးသွင်းရာတွင် အီးမေးလ်ပေးပို့၍လျှောက်ထားခဲ့သည့်ရက်မှစတင်၍ တစ်နှစ်စာနှစ်စဉ်ကြေးကို ပေးသွင်းရမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်သွယ်ရေးဦးစီးဌာန

## ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များအား အသိပေးကြေညာခြင်း

၁။ ၂၀၁၂ ခုနှစ်၊ နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေနှင့် ၂၀၁၅ ခုနှစ်၊ နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေကို ပြင်ဆင်သည့် ဥပဒေ အခန်း(၁၁)၊ ပုဒ်မ ၃၈-ခ တွင် မည်သူမျှ ပို့ကုန်ရငွေအားလုံးကို သတ်မှတ်ကာလအတွင်း နိုင်ငံတော်အတွင်းရှိ ယင်း၏ ဘဏ်ငွေစာရင်းသို့ နိုင်ငံခြားသုံးငွေဖြင့် ထည့်သွင်းရန် ပျက်ကွက်ခြင်းမရှိစေရဟု ပြဋ္ဌာန်းထားရှိပါသည်။

၂။ ယင်းဥပဒေပြဋ္ဌာန်းချက်အရ ပြည်ပသို့ ပို့ကုန်တင်ပို့သည့် ကုမ္ပဏီများအနေဖြင့် ပို့ကုန်ရငွေအားလုံးကို ပို့ကုန်များ သင်္ဘောတင်သည့်နေ့မှ (၆)လအတွင်း နိုင်ငံတော်အတွင်းရှိ ယင်း၏ ဘဏ်ငွေစာရင်း အသီးသီးသို့ နိုင်ငံခြားသုံးငွေဖြင့် ထည့်သွင်းရန် တာဝန်ရှိပါသည်။

၃။ ၂၀၁၇ ခုနှစ်အတွင်း ပြည်ပသို့ ပို့ကုန်တင်ပို့ခဲ့ပြီး ယနေ့အထိ ပို့ကုန်ရငွေ အားလုံးကိုလည်းကောင်း၊ တစ်စိတ်တစ်ပိုင်းကိုလည်းကောင်း မိမိတို့၏ သက်ဆိုင်ရာဘဏ်စာရင်းတွင် ပြန်လည်ထည့်သွင်းရန် ပျက်ကွက်သော ပို့ကုန်တင်ပို့သည့် ကုမ္ပဏီ(၄၅၃)ခုရှိသည်ကို စိစစ်တွေ့ရှိရသဖြင့် အဆိုပါကုမ္ပဏီများအနေဖြင့် ယခုကြေညာသည့်ရက်မှ ရက်ပေါင်း(၆၀)အတွင်း ပို့ကုန်ရငွေအားလုံးကို မိမိတို့ဘဏ်စာရင်းအသီးသီးတွင် နိုင်ငံခြားငွေဖြင့် ထည့်သွင်းကြရန် နိုးဆော်ခဲ့ပြီး ယင်းကာလအတွင်း ထည့်သွင်းရန် ပျက်ကွက်သည့် ကုမ္ပဏီများကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပေးထားသော ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်လက်မှတ်ပိတ်သိမ်းခြင်း အပါအဝင် တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၂၇-၁-၂၀၂၀ ရက်နေ့မှစ၍ အသိပေးကြေညာခဲ့ပါသည်။

၄။ ၂၀၂၀ ပြည့်နှစ်၊ မေလ ၁၈ ရက်နေ့တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ သတ္တမအကြိမ်အဖြစ် ပို့ကုန်ရငွေ အပြည့်အဝပြန်လည်ဝင်ရောက်လာသော ကုမ္ပဏီ(၅)ခုစာရင်းအား ပေးပို့လာခဲ့ပါသဖြင့် ပို့ကုန်ရငွေ ပြန်လည်ထည့်သွင်းရန် ကုမ္ပဏီ (၃၁၄)ခု ကျန်ရှိနေပါသည်။

၅။ အဆိုပါ ကုမ္ပဏီ(၃၁၄)ခုအနေဖြင့် သတ်မှတ်ကာလအတွင်း ပို့ကုန်ရငွေအားလုံးကို မိမိတို့ဘဏ်စာရင်းအသီးသီးတွင် နိုင်ငံခြားငွေဖြင့် ထည့်သွင်းကြရန် ထပ်မံအသိပေးနိုးဆော်အပ်ပါသည်။ (အသေးစိတ် ကုမ္ပဏီအမည်စာရင်းအား စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန Website-www.commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။)

**ကုန်သွယ်ရေးဦးစီးဌာန**
**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

Coronavirus Disease 2019 (COVID -19) နှင့်စပ်လျဉ်း၍

ကုန်ပစ္စည်းတင်သွင်းဖြန့်ဖြူးသူများအား အသိပေးထုတ်ပြန်ကြေညာခြင်း

၁၃၈၂ ခုနှစ်၊ ကဆုန်လဆန်း ၃ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၂၄ ရက်)

၁။ လက်ရှိဖြစ်ပေါ်နေသော Coronavirus Disease 2019 (COVID -19) အခြေအနေအရ ပြည်တွင်းဈေးကွက်အတွင်း အခြေခံစားသောက်ကုန်နှင့် မရှိမဖြစ်လူသုံးကုန်ပစ္စည်းများ ပြတ်လပ်မှုမရှိစေရေး၊ ကုန်ဈေးနှုန်း တည်ငြိမ်စေရေးတို့အတွက် နေ့စဉ်ပြည်သူများကို ရောင်းချပေးနိုင်ရေးအတွက် တိုင်း/ပြည်နယ်အသီးသီးတွင် လက်လီဆိုင်များအပါအဝင် ဈေးများကို စနစ်တကျဖွင့်လှစ်ခွင့်ပြုထားသကဲ့သို့ ကုန်စည်စီးဆင်းမှုအဆင်ပြေစေရေးအတွက်လည်း ယာဉ်/လူပုဂ္ဂိုလ်များကိုလည်း သတ်မှတ်ချက်များနှင့်အညီ သွားလာခွင့်ပြုထားပါသည်။

၂။ ပြည်ပမှ တင်သွင်းရန်လိုအပ်သည့် ကုန်ပစ္စည်းများ အဆင်ပြေချောမွေ့စွာ တင်သွင်းရောင်းချနိုင်ရေးအတွက်လည်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်းများ၊ လုပ်ငန်းရှင်အသင်းအဖွဲ့များနှင့်ချိတ်ဆက်၍ လုပ်ငန်းစဉ်များ ဖြေလျှော့ပေးသည့် စီမံချက်များဖြင့် ခွင့်ပြု ဆောင်ရွက်ပေးလျက်ရှိပါသည်။

၃။ ကုန်ပစ္စည်းပြတ်လပ်မှုနှင့် ကုန်ဈေးနှုန်းကြီးမြင့်မှုမဖြစ်ပေါ်စေရေးအတွက် အခြေခံစားသောက်ကုန်နှင့် လူသုံးကုန်များကို ဖြန့်ဖြူးရောင်းချလျက်ရှိသည့် ကုမ္ပဏီ/လုပ်ငန်းရှင်များ၏ ကုန်ပစ္စည်းများ ဖြန့်ဖြူးရောင်းချပေးခြင်းကို တားမြစ်ကန့်သတ်ထားခြင်းမရှိပါ။ သို့ဖြစ်ပါ၍ ကုန်ပစ္စည်းထုတ်လုပ်(ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ စံသတ်မှတ်ချက်နှင့်အညီ စစ်ဆေးမှု ခံယူပြီးသော) ဖြန့်ဖြူးရောင်းချသူ၊ ပို့ဆောင်ဖြန့်ဖြူးသူ၊ တင်သွင်းရောင်းချသူများအနေဖြင့် မိမိတို့လုပ်ငန်းများကို ပုံမှန်ဆောင်ရွက်သွားကြရန် အသိပေးကြေညာအပ်ပါသည်။

၄။ ယင်းသို့ ဆောင်ရွက်ရာတွင် ရောဂါပြန့်ပွားမှုမဖြစ်ပေါ်စေရေးအတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်သွားရန် ဖြစ်ပါသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
ဝန်ကြီးရုံး

**အမိန့်ကြော်ငြာစာအမှတ်၊ ၂၃ / ၂၀၂၀**
**၁၃၈၁ ခုနှစ်၊ တန်ခူးလဆန်း ၁၄ ရက်**
**( ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၆ ရက် )**

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပို့ကုန်သွင်းကုန်ဥပဒေ ပုဒ်မ ၁၃၊ ပုဒ်မ ခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ ပြည်ပမှ ဝယ်ယူတင်သွင်းသည့် ပစ္စည်းများအပေါ်တွင် ကောက်ခံလျက်ရှိသော သွင်းကုန်လိုင်စင်ကြေး နှုန်းထားများကို လိုင်စင်လျှောက်ထားမှု တန်ဖိုးများနှင့် ဆီလျော်မှုရှိစေရေးအတွက် သွင်းကုန်လိုင်စင်ကြေး ကောက်ခံမည့် နှုန်းထားများကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ၁၀ - ၁၀ - ၂၀၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၅၈/၂၀၁၉ ဖြင့် ထုတ်ပြန်သတ်မှတ်ခဲ့ပါသည်။

၃။ ယခုအခါ ကမ္ဘာနှင့်အဝှမ်း ဖြစ်ပေါ်လျက်ရှိသော Coronavirus Disease 2019 (COVID-19) ကြောင့် စီးပွားရေးလုပ်ငန်းများ ထိခိုက်မှုလျော့နည်းသက်သာစေရေးအတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ၁၀ - ၁၀ - ၂၀၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၅၈/၂၀၁၉ ဖြင့် ထုတ်ပြန်ကောက်ခံလျက်ရှိသည့် သွင်းကုန်လိုင်စင်ကြေးနှုန်းထားများအစား သွင်းကုန်လိုင်စင် (၁) စောင်လျှင် ကျပ် ၃၀၀၀၀ (ကျပ် သုံးသောင်း)နှုန်းဖြင့် ပြောင်းလဲကောက်ခံသွားမည်ဖြစ်ပါသည်။

၄။ ဤအမိန့်ကြော်ငြာစာသည် အမိန့်ကြော်ငြာစာထုတ်ပြန်သည့်နေ့မှစ၍ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့အထိ အကျိုးသက်ရောက်စေရမည်။

(ပုံ)
ဒေါက်တာသန်းမြင့်
ပြည်ထောင်စုဝန်ကြီး
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

အမိန့်ကြော်ငြာစာအမှတ်၊ ၂၇ / ၂၀၂၀
၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၄ ရက်
( ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၁၁ ရက် )

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပို့ကုန်သွင်းကုန် ဥပဒေ ပုဒ်မ ၁၃ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

**ဆေးဝါးများနှင့် ဆေးဝါးကုန်ကြမ်းများ အားလုံးအပေါ် သွင်းကုန်လိုင်စင်ကြေး ကင်းလွတ်ခွင့်ပြုခြင်း**

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပြည်သူ့ကျန်းမာရေးတိုးတက်မြင့်မားမှုကို အထောက်အကူပြုရေး၊ ဆေးဝါးနှင့်ဆေးဝါးကုန်ကြမ်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူရရှိနိုင်ရေး၊ ပြည်တွင်းဆေးဝါးထုတ်လုပ်မှုလုပ်ငန်းများကို အားပေးမြှင့်တင်နိုင်ရေးတို့အတွက် ကုန်သွယ်ရေးဝန်ကြီးဌာန၏ ၂၅- ၂- ၁၉၉၃ ရက်စွဲပါ အမိန့်အမှတ် ၅/၉၃ ဖြင့် ဆေးဝါးပစ္စည်း ၃၆ မျိုးနှင့် ယင်းဆေးဝါးများထုတ်လုပ်ရာတွင် အသုံးပြုသည့် ဆေးဝါးကုန်ကြမ်းများ တင်သွင်းမှုအပေါ် သွင်းကုန်လိုင်စင်ကြေး ကင်းလွတ်ခွင့်ပြုကြောင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ၂-၇-၁၉၉၈ ရက်စွဲပါ အမိန့်အမှတ် ၁၀/၉၈ ဖြင့် ဆေးဝါးပစ္စည်း ၃၁ မျိုးနှင့် ယင်းဆေးဝါးများထုတ်လုပ်ရာတွင် အသုံးပြုသည့် ဆေးဝါးကုန်ကြမ်းများ တင်သွင်းမှုအပေါ် သွင်းကုန်လိုင်စင်ကြေး ကင်းလွတ်ခွင့်ပြုကြောင်း အမိန့်များ ထုတ်ပြန်ခဲ့ပါသည်။

၂။ ယခုအခါ ကမ္ဘာနှင့်တစ်ဝှမ်း ဖြစ်ပေါ်လျက်ရှိသော Coronavirus Disease 2019 (COVID-19) ကြောင့် စီးပွားရေးလုပ်ငန်းများ ထိခိုက်မှု လျော့နည်း သက်သာစေရေးအတွက် ဆေးဝါးများနှင့် ဆေးဝါးများထုတ်လုပ်ရာတွင် အသုံးပြုသည့် ဆေးဝါးကုန်ကြမ်းများ အားလုံးအပေါ် ဤအမိန့်ကြော်ငြာစာ ထုတ်ပြန်သည့်နေ့မှစ၍ သွင်းကုန်လိုင်စင်ကြေး ကင်းလွတ်ခွင့် ပြုလိုက်သည်။

၃။ ကုန်သွယ်ရေးဝန်ကြီးဌာန၏ ၂၅- ၂- ၁၉၉၃ ရက်စွဲပါ အမိန့်အမှတ် ၅/၉၃ နှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ၂-၇-၁၉၉၈ ရက်စွဲပါ အမိန့်အမှတ် ၁၀/၉၈ တို့ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

(ပုံ)
ဒေါက်တာသန်းမြင့်
ပြည်ထောင်စုဝန်ကြီး
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

အမိန့်ကြော်ငြာစာအမှတ် ၃၅/ ၂၀၂၀
၁၃၈၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၅ ရက်
( ၂၀၂၀ ပြည့်နှစ်၊ မေလ ၁၁ ရက် )

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ ၁၃ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရန် ပို့ကုန်သွင်းကုန်လိုင်စင်များကို ဈေးနှုန်းစိစစ်ခြင်းမပြုဘဲ ကုမ္ပဏီများက တင်ပြသည့် ဈေးနှုန်းနှင့် တန်ဖိုးအတိုင်း ခွင့်ပြုခဲ့သော်လည်း ကုမ္ပဏီများက အခွန်ရှောင်ရန် ရည်ရွယ်၍ မမှန်မကန် ဆောင်ရွက်ကြောင်း တွေ့ရှိရသဖြင့် တင်ပို့၊ တင်သွင်းခဲ့သော ဈေးနှုန်းများကို ပြန်လည်စိစစ်မည့် လုပ်ထုံးလုပ်နည်းများကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ အမှတ် (၃၈/၂၀၁၇) ဖြင့် ထုတ်ပြန်ခဲ့ပါသည်။

၂။ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန (ယခင်-စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန) သည် ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေး သဘောတူညီချက်၏ အပိုဒ် ၇.၅ အရ လည်းကောင်း၊ ကမ္ဘာ့အကောက်ခွန်အဖွဲ့၏ Guideline အရ လည်းကောင်း အကောက်ခွန်ဆိုင်ရာ နှောင်းစာရင်းစစ်ဆေးခြင်း လုပ်ထုံးလုပ်နည်းများကို အမိန့်ကြော်ငြာစာအမှတ် (၁၀/၂၀၁၇) ဖြင့် ထုတ်ပြန်ဆောင်ရွက်လျက်ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ လုပ်ငန်းရှင်များက လုပ်ထုံးလုပ်နည်းများကို လိုက်နာဆောင်ရွက်ရာတွင် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန်နှင့် လုပ်ငန်းစဉ်များ ရောထွေးမှုမဖြစ်ပေါ်စေရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် အမိန့်ကြော်ငြာစာအမှတ် (၃၈/၂၀၁၇) ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

( ပုံ ) ဒေါက်တာသန်းမြင့်
ပြည်ထောင်စုဝန်ကြီး
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**
**ဝန်ကြီးရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၃၈ / ၂၀၂၀**
**၁၃၈၂ ခုနှစ် ၊ နယုန်လဆန်း ၄ ရက်**
**၂၀၂၀ ပြည့်နှစ် ၊ မေလ ၂၅ ရက်**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပို့ကုန်သွင်းကုန်ဥပဒေ ပုဒ်မ ၁၃ ပုဒ်မခွဲ(ခ)အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

**ပြည်ပမှ တင်သွင်းခွင့်မပြုသည့် ကုန်ပစ္စည်းများအား ပြင်ဆင်သတ်မှတ်သည့်အမိန့်**

၁။ ပို့ကုန်သွင်းကုန်ဥပဒေအရ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များအား ပြည်ပမှ တင်သွင်းခွင့်မပြုသော ကုန်ပစ္စည်းများကို အောက်ပါအတိုင်း ပြင်ဆင်သတ်မှတ်လိုက်သည်-

(က) ဘီယာ
(ခ) စီးကရက်
(ဂ) တည်ဆဲဥပဒေအရ ကန့်သတ်၊ တားမြစ်ထားသည့် ကုန်ပစ္စည်းများ

၂။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ၄-၂-၂၀၁၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၈/၂၀၁၃ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

( ပုံ )

ဒေါက်တာသန်းမြင့်
ပြည်ထောင်စုဝန်ကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
ဝန်ကြီးရုံး
အမိန့်ကြော်ငြာစာအမှတ် ၃၉ / ၂၀၂၀
၁၃၈၂ ခုနှစ်၊ နယုန်လဆန်း ၄ ရက်
( ၂၀၂၀ ပြည့်နှစ် ၊ မေလ ၂၅ ရက် )

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပို့ကုန်သွင်းကုန်ဥပဒေ ပုဒ်မ ၁၃ ပုဒ်မခွဲ( ခ )အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤလုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်လိုက်သည်။

### အခန်း(၁)
### အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤလုပ်ထုံးလုပ်နည်းများကို ပြည်ပမှ အရက်တင်သွင်းခွင့်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများဟု ခေါ်တွင်စေရမည်။

၂။ ဤလုပ်ထုံးလုပ်နည်းများတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ယမကာတင်သွင်းခွင့် မှတ်ပုံတင်လက်မှတ်** ဆိုသည်မှာ အရက်တင်သွင်းရန် ကုန်သွယ်ရေးဦးစီးဌာနက သတ်မှတ်ချက်နှင့်အညီ ထုတ်ပေးသည့် မှတ်ပုံတင်လက်မှတ်ကိုဆိုသည်။

(ခ) **သက်ဆိုင်ရာဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတို့ကို ဆိုသည်။

### အခန်း ( ၂ )
### ရည်ရွယ်ချက်

၃။ ဤလုပ်ထုံးလုပ်နည်းများ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အရည်အသွေးအာမခံနိုင်သောကုန်စည်များရောင်းချသုံးဆောင်နိုင်ရန်၊
(ခ) တရားမဝင်တင်သွင်းမှုကိုထိန်းချုပ်နိုင်ရန်၊
(ဂ) နိုင်ငံတော်အတွက်အခွန်အခများအပြည့်အဝရရှိနိုင်ရန် ၊
(ဃ) ပြည်တွင်းဈေးကွက်လိုအပ်ချက်ကိုဖြည့်ဆည်းနိုင်ရန်။

### အခန်း(၃)
### အရက် တင်သွင်းခွင့်ရှိသည့်ကုမ္ပဏီနှင့် တင်သွင်းခွင့်လုပ်ငန်းစဉ်

၄။ ပြည်ပမှ အရက်တင်သွင်းခွင့်လျှောက်ထားသည့်ကုမ္ပဏီသည်-

(က) မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသော မြန်မာကုမ္ပဏီ ဖြစ်ရမည်။
(ခ) ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်ရှိရမည်။
(ဂ) ကုမ္ပဏီတွင် နိုင်ငံခြားအရက်ကို လက်ကားရောင်းချခွင့်လိုင်စင် (FL-11) သို့မဟုတ် နိုင်ငံခြားအရက်ပြင်းကို ပေါင်းစပ်ခွင့်၊ ရောနှောခွင့်၊ အနံ့ထည့်ခွင့်နှင့် အရောင်ဆိုးခွင့်လိုင်စင်(FL-4)နှင့် နိုင်ငံခြားအရက်ပြင်းကို ပုလင်းသွတ်ခွင့်လိုင်စင်(FL-5 ) ရရှိသည့် ဒါရိုက်တာတစ်ဦးဦးပါဝင်ရမည်။
(ဃ) နိုင်ငံခြားအရက်ထုတ်လုပ်ဖြန့်ဖြူးသူ၏ တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော အမှတ်တံဆိပ်အမျိုးအမျိုးအတွက် တစ်ဦးတည်း ဖြန့်ဖြူးရောင်းဝယ်ခွင့် (Exclusive Distributorship) ရရှိထားသော ကုမ္ပဏီ သို့မဟုတ် ယင်းကုမ္ပဏီမှ တစ်ဦးတည်းရောင်းဝယ်ခွင့် (Exclusive Dealership) ပေးထားသည့် ကုမ္ပဏီ ဖြစ်ရမည်။
(င) သက်ဆိုင်ရာ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ခွင့်ပြုထားသော ဖြန့်ဖြူးရောင်းချခွင့်လိုင်စင်ရနေရာ သို့မဟုတ် သိုလှောင်ခွင့်လက်မှတ် ရယူထားသော သိုလှောင်ရုံရှိရမည်။

၅။ အပိုဒ် ၄ ပါ သတ်မှတ်ချက်နှင့် ကိုက်ညီသောကုမ္ပဏီသည် ပြည်ပမှ အရက်တင်သွင်းခွင့်ရရှိရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနတွင် ယမကာတင်သွင်းခွင့်မှတ်ပုံတင်လက်မှတ်နှင့် သွင်းကုန်လိုင်စင်တို့ကို လျှောက်ထားရမည်။

### ယမကာတင်သွင်းခွင့် မှတ်ပုံတင်လက်မှတ် လျှောက်ထားခြင်း

၆။ ယမကာတင်သွင်းခွင့်မှတ်ပုံတင်လက်မှတ် လျှောက်ထားရာတွင်-

(က) ပြည်ပမှ အသင့်သောက်သုံးနိုင်သည့် အရက်တင်သွင်းလိုသည့် ကုမ္ပဏီသည် အောက်ပါစာရွက်စာတမ်း အထောက်အထားများနှင့်အတူ လျှောက်ထားရမည်-
( ၁ ) ကုမ္ပဏီ Letter Head ပါလျှောက်လွှာ(ကုမ္ပဏီအမည် ၊ မှတ်ပုံတင်အမှတ်)
( ၂ ) ကုမ္ပဏီဒါရိုက်တာတစ်ဦးဦး၏ နိုင်ငံခြားဖြစ်အရက်ကို လက်ကားရောင်းချခွင့်လိုင်စင် (Foreign Liquor-11) မူရင်း၊
( ၃ ) နိုင်ငံခြားဖြစ်အရက် ထုတ်လုပ်ဖြန့်ဖြူးသူနှင့် တစ်ဦးတည်းဖြန့်ဖြူးရောင်းဝယ်ခွင့် (Exclusive Distributorship) သို့မဟုတ် တစ်ဦးတည်းရောင်းဝယ်ခွင့် (Exclusive Dealership) ကိုယ်စားလှယ်အဖြစ် ချုပ်ဆိုထားသောစာချုပ် (မူရင်းနှင့်မိတ္တူ)၊
( ၄ ) လျှောက်ထားသူသည် ကုမ္ပဏီ၏ ဒါရိုက်တာ ကိုယ်တိုင် မဟုတ်ပါက ၎င်း၏ ကိုယ်စားလှယ်လွှဲစာနှင့် မှတ်ပုံတင်ကတ်(မိတ္တူ)၊
( ၅ ) တင်သွင်းမည့်အရက်နှင့်စပ်လျဉ်းသည့် အချက်အလက်များ-
(ကက) အယ်လ်ကိုဟောပါဝင်မှုရာခိုင်နှုန်း၊
( ခခ ) ကုန်ပစ္စည်းအမည်၊ အမျိုးအစား၊ အမှတ်တံဆိပ်၊ ပါဝင်သည့်ပစ္စည်းများနှင့် ထုပ်ပိုးမှုပုံစံ၊
( ဂဂ ) ထုတ်လုပ်သည့်ခုနှစ်နှင့်သက်တမ်း၊
(ဃဃ) ထုတ်လုပ်သည့် နိုင်ငံ၊ ကုမ္ပဏီအမည်နှင့်လိပ်စာ။
( ၆ ) သက်ဆိုင်ရာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ခွင့်ပြုထားသည့် အရက်သိုလှောင်ခွင့်လက်မှတ် သို့မဟုတ် ဖြန့်ဖြူးရောင်းချခွင့်လိုင်စင်၊
( ၇ ) အရက်သိုလှောင်ရုံလိပ်စာနှင့် ရောင်းချမည့်ဆိုင်လိပ်စာ။

( ခ ) အရက်ဆီ ၊ အရက်ပြင်းတင်သွင်းလိုသောကုမ္ပဏီများသည် အောက်ပါစာရွက်စာတမ်းအထောက်အထားများနှင့်အတူ လျှောက်ထားရမည်-
( ၁ ) ကုမ္ပဏီ Letter Head ပါလျှောက်လွှာ ( ကုမ္ပဏီအမည်၊ မှတ်ပုံတင်အမှတ် )၊
( ၂ ) ကုမ္ပဏီဒါရိုက်တာတစ်ဦးဦး၏ ပြည်ပမှ တင်သွင်းသော နိုင်ငံခြားအရက်ပြင်းကို ပေါင်းစပ်ခွင့်၊ ရောနှောခွင့်၊ အနံ့ထည့်ခွင့်နှင့် အရောင်ဆိုးခွင့်လိုင်စင် (FL-4)နှင့် နိုင်ငံခြားအရက်ပြင်းကို ပုလင်းသွတ်ခွင့်(FL-5 ) ယစ်မျိုးလိုင်စင် (မူရင်း)၊
( ၃ ) ကုမ္ပဏီ၏ဒါရိုက်တာအဖွဲ့ဝင်ကိုယ်တိုင်မဟုတ်ပါက ၎င်း၏ကိုယ်စားလှယ်လွှဲစာနှင့် မှတ်ပုံတင်ကတ် ( မိတ္တူ )၊
( ၄ ) တင်သွင်းမည့်အရက်ဆီ ၊ အရက်ပြင်းနှင့်စပ်လျဉ်းသည့် အောက်ဖော်ပြပါ အချက်အလက်များ-
(ကက) အယ်လ်ကိုဟောပါဝင်မှုရာခိုင်နှုန်း၊
( ခခ ) ကုန်ပစ္စည်းအမည်၊ အမျိုးအစား၊ အမှတ်တံဆိပ် ၊ ဖွဲ့စည်းပုံ ၊ ထုပ်ပိုးမှုပုံစံ၊
( ဂဂ ) ထုတ်လုပ်သည့်နိုင်ငံ၊ ကုမ္ပဏီအမည်၊ လိပ်စာ၊
( ၅ ) အရက်ရောနှောပေါင်းစပ်၍ ထုတ်လုပ်ခြင်း ၊ ပုလင်းသွတ်ခြင်းပြုလုပ်မည့်လိပ်စာ။

၇။ ယမကာတင်သွင်းခွင့်မှတ်ပုံတင်၏ သက်တမ်းသည် တစ်နှစ်ဖြစ်သည်။

၈။ ယမကာတင်သွင်းခွင့်မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးလိုပါက မှတ်ပုံတင်လက်မှတ်သက်တမ်းမကုန်မီ ၃ လ ကြိုတင်၍ အပိုဒ် ၆ ပါ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

### သွင်းကုန်လိုင်စင်လျှောက်ထားခြင်း

၉။ အရက်တင်သွင်းခွင့်အတွက် သွင်းကုန်လိုင်စင်လျှောက်ထားရာတွင် အောက်ပါစာရွက်စာတမ်းအထောက်အထားများနှင့်အတူ လျှောက်ထားရမည်-

(က) ကုမ္ပဏီ၏ Letter Head ပါလျှောက်လွှာ၊ (ကုမ္ပဏီအမည်၊ မှတ်ပုံတင်အမှတ်)၊
( ခ ) ကုန်အမှာလွှာ (Proforma Invoice) မူရင်း သို့မဟုတ် အရောင်းအဝယ်စာချုပ် (Sale Contract) မူရင်း (တင်သွင်းမည့်အရက်နှင့် သက်ဆိုင်သော အသေးစိတ်အချက်အလက်များကို ပြည့်စုံစွာဖော်ပြရမည်)၊
( ဂ ) ယမကာတင်သွင်းခွင့်မှတ်ပုံတင်လက်မှတ် ( မူရင်း ၊ မိတ္တူ )၊
(ဃ) အရက်ပုလင်းပေါ်တွင် တင်သွင်းသည့် ကုမ္ပဏီ၏ အမည်ကိုကပ်နှိပ် ဖော်ပြမည့်နမူနာ၊
( င ) အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ( FDA ) ထောက်ခံချက် (မူရင်း)၊
( စ ) လျှောက်ထားသူသည် ကုမ္ပဏီ၏ဒါရိုက်တာ ကိုယ်တိုင် မဟုတ်ပါက ကိုယ်စားလှယ်လွှဲစာနှင့် မှတ်ပုံတင်ကတ် ( မိတ္တူ )။

၁၀။ အရက်သွင်းကုန်လိုင်စင်သက်တမ်းမှာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော သတ်မှတ်ကာလအတိုင်းဖြစ်သည်။

### အခန်း ( ၄ )
### အရက်တင်သွင်းခွင့်ဆိုင်ရာ စည်းကမ်းချက်များ

၁၁။ ပြည်ပမှအရက်ကို ရန်ကုန်ဆိပ်ကမ်းနှင့် ရန်ကုန်လေဆိပ်တို့မှ တင်သွင်းရမည်။

၁၂။ အရက်တစ်လီတာလျှင် ဆိပ်ကမ်းအရောက်တန်ဖိုး (Cost, Insurance and Freight-CIF ) သည် အနည်းဆုံးအမေရိကန်ဒေါ်လာ ၈ ဒေါ်လာရှိရမည်။

စာမျက်နှာ - ၁၆ - သို့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

အမိန့်ကြော်ငြာစာအမှတ်၊ ၃၆/၂၀၂၀
၁၃၈၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၈ ရက်
( ၂၀၂၀ ပြည့်နှစ်၊ မေလ ၁၄ ရက် )

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ- ၁၃ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

**အသုံးပြုပြီး စက်ပစ္စည်း ( Used Machine ) များ တင်သွင်းခွင့်ပြုခြင်း**

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် အငယ်စား၊ အသေးစားနှင့် အလတ်စားစက်မှု လုပ်ငန်းများအပါအဝင် စက်မှုကုန်ထုတ်လုပ်ငန်းများ လုပ်ငန်းတည်ထောင်ဆောင်ရွက်ရာ၌ အထောက်အကူဖြစ်စေရန်နှင့် ရင်းနှီးမြှုပ်နှံမှု ကုန်ကျစရိတ်သက်သာစေရန် ၂၀၁၅ ခုနှစ်မှစ၍ နှစ်အလိုက်တင်သွင်းခွင့်ပြုခဲ့သည့် ပြုပြင်ထားခြင်းမရှိသော တိုက်ရိုက်အသုံးပြုနိုင်သည့် အသုံးပြုပြီးစက်ပစ္စည်း (Used Machine) များကို အထူးကိစ္စရပ်အနေဖြင့် တင်သွင်းခွင့်ပြုလိုက်သည်။

၂။ ပြည်တွင်းတွင် အသုံးမတည့်သော စက်ပစ္စည်းများ စုပုံနေခြင်းကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမဖြစ်ပေါ်စေရန်နှင့် လုပ်ငန်းရှင်များ၏ ထုတ်လုပ်မှုစွမ်းရည် တိုးတက်စေရန် ရည်ရွယ်၍ အသုံးပြုပြီးသည့်နှစ် ၁၀ နှစ် ထက်မပိုသော အသုံးပြုပြီးစက်ပစ္စည်းများကို တင်သွင်းလိုသော လုပ်ငန်းရှင်များသည် အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့်အညီ တင်သွင်းရမည်-

(က) တင်သွင်းမှုအထောက်အထားဖြစ်သော ကုန်အမှာလွှာ (Invoice) သို့မဟုတ် အရောင်းအဝယ်စာချုပ် (Sale Contract) တွင် စက်ပစ္စည်း၏ စံချိန်စံညွှန်း အပြည့်အစုံကို အောက်ပါအတိုင်း ဖော်ပြရမည်-

(၁) အမှတ်တံဆိပ် (Brand Name)
(၂) စက်စွမ်းရည် (Capacity)
(၃) ထုတ်လုပ်သည့်ခုနှစ် (Model Year)
(၄) ထုတ်လုပ်သည့်နိုင်ငံ (Country of Origin)
(၅) စက်၏ သုံးစွဲသည့် စွမ်းအင် သို့မဟုတ် လောင်စာ (လျှပ်စစ်၊ ရေနွေးငွေ့၊ ဓာတ်ဆီ၊ ဒီဇယ်၊ သဘာဝဓာတ်ငွေ့စသည်များ)

(ခ) စက်ပစ္စည်း၏ အသုံးပြုနိုင်သည့် အရည်အသွေးသည် နည်းပညာ ၈၀% ထက် မနည်းသော အရည်အသွေးရှိရမည်။

(ဂ) စက်မှုဖွံ့ဖြိုးပြီးသည့်နိုင်ငံမှ ခေတ်မီနည်းပညာဖြင့် ထုတ်လုပ်သောစက်ပစ္စည်း ဖြစ်ရမည်။

(ဃ) စက်ပစ္စည်း၏ သုံးစွဲနိုင်သည့် ကြံ့ခိုင်မှု (Running Condition) နှင့်စပ်လျဉ်း၍ ဆိပ်ကမ်းဆိုက်ရောက်သည့် ရက်မတိုင်မီ ခြောက်လအတွင်း စစ်ဆေးထားသော သင်္ဘောမတင်မီစစ်ဆေးခြင်းလက်မှတ် (Pre-shipment Inspection Certificate) ပါရှိရမည်။

(င) အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများနှင့်သက်ဆိုင်သည့် စက်ပစ္စည်း ဖြစ်ပါက မွန်ထရီယယ်နောက်ဆက်တွဲစာချုပ်၊ စတော့ဟုမ်းကွန်ဗင်းရှင်း၊ ဘာဆယ် ကွန်ဗင်းရှင်းများအရ သတ်မှတ်ချက်များနှင့် ကိုက်ညီစေရန် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန၏ ထောက်ခံချက်ပါရှိရမည်။

၃။ အသုံးပြုပြီးစက်ပစ္စည်း (Used Machine) သည် အသုံးပြုပြီးသည့်နှစ် ၁၀ နှစ်ထက် ကျော်လွန်နေသော်လည်း အရည်အသွေးမြင့်မားခြင်း၊ စက်စွမ်းရည် (Capacity) ကောင်းမွန်ခြင်း၊ ထုတ်လုပ်မှုနည်းစဉ် တိုးတက်ခြင်းတို့ကြောင့် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနမှ အသိအမှတ်ပြုထားသော အငယ်စား၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ (Micro, Small and Medium Enterprises-MSME)နှင့် ပုဂ္ဂလိကစက်မှုလုပ်ငန်းများ၏ သက်ဆိုင်ရာလုပ်ငန်းခွင်များနှင့် သင့်လျော်ပါက စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၏ ထောက်ခံချက်ဖြင့် တင်သွင်း ရမည်။

၄။ အသုံးပြုပြီးစက်ပစ္စည်းများကို ပင်လယ်ရေကြောင်းမှ တင်သွင်းရမည်။

၅။ အောက်ပါ အသုံးပြုပြီးစက်ပစ္စည်းများကို တင်သွင်းခြင်းမပြုရ-

(က) ကုန်ထုတ်လုပ်ငန်းများနှင့် တိုက်ရိုက်သက်ဆိုင်မှုမရှိသော (ရေခဲသေတ္တာ၊ လေအေးပေးစက်၊ အဝတ်လျှော်စက်၊ မိတ္တူကူးစက်၊ တီဗွီ အစရှိသည့်) အိမ်သုံးစက်ပစ္စည်းများ (Home appliances) ၊

(ခ) မိမိ၏ကုန်ထုတ်လုပ်ငန်းတွင် အသုံးပြုရန်မဟုတ်ဘဲ စီးပွားဖြစ်ပြန်လည်ရောင်းချ ရန် ရည်ရွယ်ချက်ဖြင့် တင်သွင်းမည့် အသုံးပြုပြီးစက်ပစ္စည်းများ။

၆။ လျှောက်ထားသူသည် တင်သွင်းလာသော အသုံးပြုပြီးစက်ပစ္စည်းကို လျှောက်ထားချက်ပါအချက်များနှင့် ကိုက်ညီမှု ရှိ မရှိ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၏ စစ်ဆေးမှုကို ခံယူရမည်။

၇။ အပိုဒ် ၆ ပါ စစ်ဆေးချက်အရ သတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိကြောင်း စိစစ်တွေ့ရှိပါက သက်ဆိုင်ရာ ဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူခြင်းခံရမည်။

၈။ အသုံးပြုပြီးစက်ပစ္စည်း (Used Machine) များအား တင်သွင်းခွင့်ပြုခြင်းအား ပြည်တွင်းလိုအပ်ချက် ၊ ဈေးကွက်အနေအထား ၊ ပြည်တွင်းစီးပွားရေးလုပ်ငန်းများ၏ အခြေအနေ အစရှိသည်တို့အပေါ် မူတည်၍ လိုအပ်သလို ပြောင်းလဲပြင်ဆင်ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

(ပုံ)
ဒေါက်တာသန်းမြင့်
ပြည်ထောင်စုဝန်ကြီး
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

စာမျက်နှာ - ၁၅ - မှအဆက်

၁၃။ ယမကာတင်သွင်းခွင့် မှတ်ပုံတင်လက်မှတ်ရရှိသည့် ကုမ္ပဏီသည်-

(က) အရက်ထုပ်ပိုးမှုပေါ်တွင် အရက်အမျိုးအစား၊ ပါဝင်သည့် အသားတင်ပမာဏ (Net Volume) ၊ အယ်လ်ကိုဟောပါဝင်မှု ရာခိုင်နှုန်းနှင့် အရက်တင်သွင်းသည့် ကုမ္ပဏီအမည်၊ ကုမ္ပဏီမှတ်ပုံတင်ထားသော ရုံးခန်း သို့မဟုတ် စီးပွားရေး လုပ်ငန်း အဓိကဆောင်ရွက်ရာနေရာ စသည့်အချက်များကို ဖော်ပြရမည်။

( ခ ) အရက်ကို အကောက်ခွန်ဦးစီးဌာန၏ သိုလှောင်ရုံ (Customs Warehouse) မှ ပြောင်းရွှေ့ခြင်းမပြုမီ ပြည်တွင်းအခွန်များဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ၂၁ ရက် အတွင်း သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ အရက်ပုလင်းတွင် အခွန် အမှတ်တံဆိပ် ( Tax Paid ) ကပ်နှိပ်ပြီးဖြန့်ဖြူးရမည်။

( ဂ ) ကုန်ဝင်၊ ကုန်ထွက်၊ ကုန်လက်ကျန်စာရင်းများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ဌာနများ၏ စစ်ဆေးမှုကို ခံယူရမည်။

(ဃ) အရက်ကို သက်ဆိုင်ရာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ခွင့်ပြုထားသော လိုင်စင်ရနေရာ သို့မဟုတ် သိုလှောင်ခွင့် လက်မှတ်ရနေရာတွင် ထားရှိရမည်။

**အခွန်အခပေးဆောင်ခြင်း**

၁၄။ အရက်တင်သွင်းခွင့်ရရှိသည့်ကုမ္ပဏီသည် သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ သတ်မှတ်ထားသည့် အခွန်အခပေးဆောင်ရမည်။

၁၅။ အရက်တင်သွင်းခွင့် လျှောက်ထားသည့် ကုမ္ပဏီသည် ယမကာတင်သွင်းခွင့်ဆိုင်ရာ မှတ်ပုံတင်ကြေး၊ မှတ်ပုံတင်သက်တမ်းတိုးကြေး၊ မှတ်ပုံတင်ပြင်ဆင်ကြေးနှင့် သွင်းကုန်လိုင်စင်ကြေး များကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက သတ်မှတ်သည့်အတိုင်း ပေးသွင်း ရမည်။

**ဖြန့်ဖြူးရောင်းချခြင်းနှင့် ဆိုင်ဖွင့်လှစ်ခြင်း**

၁၆။ အရက်တင်သွင်းခွင့်ရရှိသည့် ကုမ္ပဏီသည် အရက်သယ်ယူပို့ဆောင်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်းနှင့် ဆိုင်ဖွင့်လှစ်ခြင်းတို့နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက် ရမည်။

**အခန်း(၅)**
**စစ်ဆေးခြင်းနှင့် အရေးယူခြင်း**

၁၇။ အရက်တင်သွင်းခွင့်ရရှိသည့်ကုမ္ပဏီသည် တင်သွင်းခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း ဆိုင်ရာ သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ခြင်းရှိမရှိ သက်ဆိုင်ရာဝန်ကြီးဌာန၏ အခါအားလျော်စွာ စစ်ဆေးခြင်းကိုခံယူရမည်။

၁၈။ အရက်တင်သွင်းခွင့်ရရှိသည့်ကုမ္ပဏီသည် ဤလုပ်ထုံးလုပ်နည်းများပါ သတ်မှတ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ပါက ယမကာတင်သွင်းခွင့်အား ရပ်ဆိုင်းခြင်း သို့မဟုတ် ယမကာတင်သွင်းခွင့် မှတ်ပုံတင်အား ပယ်ဖျက်ခြင်းခံရမည်။

**အခန်း ( ၆ )**
**အထွေထွေ**

၁၉။ အကောက်ခွန်လွတ်အရောင်းဆိုင် (Duty Free Shop) နှင့် ဟိုတယ်များတွင်အသုံးပြုရန် အရက်တင်သွင်းခြင်းအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သီးခြား သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ တင်သွင်းခွင့်ပြုမည်ဖြစ်သည်။

၂၀။ နိုင်ငံခြားအရက်တင်သွင်းခွင့် စည်းကမ်းချက်များကို ပြောင်းလဲဖြစ်ပေါ်လာသည့် အခြေအနေများနှင့်အညီ လိုအပ်သလို ပြင်ဆင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

( ပုံ )
ဒေါက်တာသန်းမြင့်
ပြည်ထောင်စုဝန်ကြီး

**စာမျက်နှာ (၁၁) အငယ်စား၊ အသေးစား၊ အလတ်စားလုပ်ငန်းများ . . . မှအဆက်**

ကမ္ဘာပေါ်ရှိ အစိုးရအသီးသီးသည် အသေးစားလုပ်ငန်းများ ရှင်သန်နိုင်ရေးအတွက် ချေးငွေရရှိရေးကို ထိရောက်စွာ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။ အိန္ဒိယနိုင်ငံ၏ ကူညီမှုများတွင် ကာလတို ငွေသားအကျပ်အတည်းကို ကူညီပေးခဲ့သည်သာမက တစ်ဦးတည်း လုပ်ငန်းလုပ်ကိုင်သူများနှင့် အငယ်စားလုပ်ငန်းများအတွက် တိုက်ရိုက်ကူညီ ထောက်ပံ့ပေးခြင်း၊ ဆိုင်ခန်းငှားခနှင့် ရေ၊ မီးအခွန်အခများပေးချေမှုကို ရွှေ့ဆိုင်းပေးခြင်း၊ Lockdown ချထားခြင်းကြောင့် ရောင်းရငွေ လျော့နည်းမှုအပေါ် ထောက်ပံ့ပေးခြင်းတို့အပါအဝင် အလုပ်သမားခ ပေးချေမှုကို သုံးလမှ ခြောက်လအထိ ကူညီပေးခဲ့သည်။

အိန္ဒိယအစိုးရအနေဖြင့် ငွေကြေးနှင့် လူမှုဘဝလုံခြုံရေးတို့အတွက် ကူညီဆောင်ရွက်ပေးသော်လည်း MSMEs လုပ်ငန်း ၆၃ ဒသမ ၄ သန်းကို အတည်ပြုရန် အခက်အခဲရှိနေပြီး ၎င်းအနက်မှ တရားဝင် မှတ်ပုံတင်ထားခြင်းမရှိသည့် MSMEs လုပ်ငန်းအငယ်စား ၉၉ ရာခိုင်နှုန်းကျော်ရှိနေသည်။

**ဒေါက်တာထိန်လင်း (Myantrade)**

# မြန်မာ့ ဖူးစားပြောင်းဈေးကွက် ကျယ်ပြန့်စေရေး

ပြောင်းဖူးသည် ကမ္ဘာပေါ်တွင် အများဆုံးစားသုံးသောသီးနှံဟု သိရှိကြပါသည်။ ဆန်နှင့်ဂျုံထက် ပင်ပြောင်းကို စားသုံးမှု ပိုမိုများပြားသည်ဟု သိရသည်။ မြန်မာနိုင်ငံတွင်မူ အဓိက အစားအစာအဖြစ် ဆန်ကိုသာ စားသုံးကြပြီး ပြောင်းကို မုန့်ပဲသရေစာအဖြစ်သာ စားသုံးသည့်ဓလေ့ရှိတတ်ပါသည်။ ဖူးစားပြောင်းကို အစေ့ထွင်၍ ပြောင်းဖူးကြော်၊ ပြောင်းဖူးဟင်းအဖြစ်ပေါ်ချိန်များ တွင်သာ အနည်းငယ် စားသုံးတတ်ကြသည်။

ဖူးစားပြောင်းနှင့် အစေ့ထုတ်ပြောင်းတို့ကို စိုက်ပျိုးရာတွင် စိုက်ပျိုးသည့်ရည်ရွယ်ချက်မှာ ဖူးစားပြောင်းကို ပြည်တွင်းဈေးကွက်အတွက်ဖြစ်ပြီးအစေ့ထုတ်ပြောင်းကိုပြည်တွင်းဈေးကွက်တွင် ကြက်စာပြောင်းအဖြစ် ရောင်းဝယ်ကြပြီး အများအားဖြင့် တိရစ္ဆာန်အစားအစာအဖြစ် အသုံးပြုတတ်ကြပါသည်။ အစေ့ထုတ်ပြောင်းကို စိုက်ပျိုးသည့် ရည်ရွယ်ချက်မှာ ပြည်ပသို့တင်ပို့ရန်အတွက် အဓိက စိုက်ပျိုးထုတ်လုပ်ကြခြင်းဖြစ်ပါသည်။

ဖူးစားပြောင်းကို ပြည်တွင်းစားသုံးရန်အတွက် ရည်ရွယ်ပြီး သီးသန့်မျိုးများ ထုတ်လုပ်စိုက်ပျိုးမှုမရှိသော်လည်း ယခုနောက်ပိုင်းတွင် မျိုးသစ်များ စိုက်ပျိုးလာသည်ဟု ယူဆရပါသည်။ အချို့မှာ တရားဝင်တင်သွင်းလာသောမျိုးများမဟုတ်ဟု သိရပါသည်။ ထွက်ရှိလာသော မျိုးများကို ပြည်တွင်းဈေးကွက်တွင် ရောင်းချရာတွင် အဖူးလိုက်သာ ရောင်းချကြပြီး ကုန်စိမ်းအဖြစ် ဟင်းသီးဟင်းရွက်ဈေးများတွင် ရောင်းချကြပါသည်။ အဆိုပါ အဖူးများကို မရင့်မှည့်မီတွင် ခူးဆွတ်ပြီး အခွံဖြင့် ရောင်းဝယ်ကြပါသည်။ အချို့ကလည်း အဆိုပါ ဖူးစားပြောင်းများကို ပြောင်းချို Sweet Corn ဟုခေါ်ဆိုကြပါသည်။ အစေ့ထုတ်ပြောင်းများတွင်မူ အဖူးကိုအပင်ပေါ်တွင် ခြောက်သွေ့သည်အထိ ထားရှိပြီးမှ ခူးဆွတ်တတ်ကြပါသည်။ ခြောက်သွေ့သည်အထိထားရှိသဖြင့် အချိုဓာတ်ပါဝင်မှုများစွာ လျော့နည်းသွားသည်ကို တွေ့နိုင်ပါသည်။

ဖူးစားပြောင်းနှင့် အစေ့ထုတ်ပြောင်းတို့မှာ မျိုးကွဲပြားကြပါသည်။ ဖူးစားပြောင်းမျိုးများပင် အမျိုးအစားအမျိုးမျိုးရှိသည်ဟု ဆိုပါသည်။ မြန်မာနိုင်ငံတွင် အဓိကစိုက်သောဖူးစားပြောင်းများမှာ ပြောင်းချိုဟုလည်းခေါ်သော Sweet Corn မျိုးများဖြစ်ကြသည်ဟု ဆိုပါသည်။ ရေးသားတင်ပြလိုသည်မှာ ဖူးစားပြောင်းကို ပြည်တွင်းဈေးကွက်အတွက်သာမက ပြည်ပဈေးကွက်သို့ထိုးဖောက် ရောင်းဝယ်ခြင်းဖြင့် ဈေးကွက်ကျယ်ပြန့်လာစေရန်နှင့် ဈေးကွက်ကျယ်ပြန့်လာသည်နှင့်အမျှ ထုတ်လုပ်မှု တိုးတက်လာစေရန်အတွက် ပြည်ပဈေးကွက်အခြေအနေ၊ ဝယ်လိုအားအခြေအနေတို့ကို တင်ပြခြင်း ဖြစ်ပါသည်။

## မြန်မာ့ဖူးစားပြောင်း

ဖူးစားပြောင်းများကို မြန်မာနိုင်ငံအတွင်း နေရာအနှံ့စိုက်ပျိုးကြပါသည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် စိုက်ဧကမှာ ၇၆၇၆၇၀ ဧကဖြစ်ပြီး ယခင်နှစ် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် စိုက်ဧက ၈၅၇၆၂၂ ဧကနှင့် နှိုင်းယှဉ်ပါက ၈၉၉၅၂ ဧကလျော့နည်းခဲ့ပါသည်။ ဖူးစားပြောင်းသည် ပြည်တွင်းဈေးကွက်သက်သက်အတွက်သာဖြစ်ပြီး ပြည်တွင်းစားသုံးသူအများစုမှာ သရေစာမုန့်အဖြစ်သာ စားသုံးတတ်ကြသဖြင့် အကန့်အသတ်ရှိပြီး ဈေးကွက်ကျဉ်းမြောင်းသဖြင့် တောင်သူများ စိတ်ဝင်စားမှု နည်းပါးပါသည်။

သို့ဖြစ်၍ အခြားသီးနှံများပြောင်းလဲစိုက်ပျိုးခြင်း၊ အစေ့ထုတ် ပြောင်းမျိုးများ ပြောင်းလဲစိုက်ပျိုးခြင်း၊ သီးထပ်သီးညှပ်စိုက် ဧကများ လျော့နည်းလာခြင်းတို့ကြောင့် စိုက်ဧကလည်း လျော့နည်းလာခြင်း ဖြစ်ပါသည်။ ပျမ်းမျှ အထွက်နှုန်းမှာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် တစ်ဧကလျှင် ၁၇၆၁၃ ဖူးဖြစ်သည်ဟု သိရပါသည်။ ယခင် ဘဏ္ဍာနှစ် ၂၀၁၇-၂၀၁၈ က ၁၇၄၇၉ ဖူးထွက်ရှိသဖြင့် ယခုနှစ်တွင် အဖူး ၁၃၄ ဖူး ပိုမိုထွက်ရှိပါသည်။ စိုက်ဧကနှင့် ရိတ်သိမ်းဧက လျော့နည်းခဲ့သော်လည်း အထွက်ကောင်းမျိုးကို ပြောင်းလဲစိုက်ပျိုးခြင်းနှင့် သွင်းအားစုများ စနစ်တကျ ထည့်သွင်းစိုက်ပျိုးလာကြခြင်းကြောင့် အထွက်တိုးလာခြင်းဖြစ်သည်ဟု သိရပါသည်။

## ပြောင်းချို

အဆိုပါဖူးစားပြောင်းခေါ် ပြောင်းချိုခေါ် Sweet Corn (Zea mays convar.caccharata var rugosa) ကို သကြားပြောင်း Sugar corn ဟုလည်း ခေါ်ဆိုကြပြီး အချိုဓာတ်ပိုမိုသောမျိုးဖြစ်သည်ဟု ဆိုပါသည်။ ပြောင်းဖူးကိုခူးဆွတ်ရာတွင် အခြားသော ပြောင်းများနှင့်မတူဘဲ နို့နှစ်တည်ချိန်တွင် ခူးဆွတ်ကြပြီး ဟင်းသီးဟင်းရွက်ကဲ့သို့ စားသုံးကြသည်ဟုဆိုပါသည်။ ကောက်ပဲသီးနှံကဲ့သို့ စားသုံးခြင်းမျိုးမဟုတ်ဟု ဆိုပါသည်။ ပြောင်းချိုကိုအဖူးလိုက်စားခြင်း၊ စည်သွတ်စားသုံးခြင်း၊ အေးခဲစားသုံးခြင်းနှင့် ကြာရှည်အထားခံအောင် ပြုပြင်စားသုံးခြင်းများ ပြုလုပ်ရောင်းဝယ်ကြပါသည်။ ပြောင်းချိုမျိုးများတွင် အဓိကအားဖြင့် အမျိုးအစားခြောက်မျိုးကွဲပြားသည်ဟု ဆိုပါသည်။ dent corn, flint corn, pod corn, pop corn and flour corn. တို့လည်းရှိပါသည်။

## စားသုံးပုံအလေ့အထ

လက်တင်အမေရိကနိုင်ငံများတွင် အစေ့ထုတ်၍ ပဲနှင့် နှစ်မျိုး တွဲပြီးစားသုံးတတ်ကြပါသည်။ ဘရာဇီးနိုင်ငံတွင် ပြောင်းစေ့ကို ပြောင်းဖူးရိုးမှခွာပြီးပဲနှင့်တွဲ၍ စားသုံးကြခြင်းဖြစ်ပါသည်။ ပြုတ်၍လည်း စားသုံးတတ်ကြပါသည်။ ဆလတ်အဖြစ်လည်းကောင်း၊ ထမင်းနှင့်တွဲ၍ လည်းကောင်း၊ ရီစော့တိုခေါ် ကောက်ညှင်းပေါင်းကဲ့သို့လည်းကောင်း၊ စွပ်ပြုတ်အဖြစ်လည်းကောင်း၊ ပတ်စတာမုန့်အဖြစ်လည်းကောင်း၊ ထောပတ်နှင့်လည်း မုန့်အဖြစ်လည်းကောင်း ပြုလုပ်စားသုံးကြသည်ဟုဆိုပါသည်။ မလေးရှားနိုင်ငံတွင် ပုလဲပြောင်း ခေါ် အစေ့အရောင်ဖြူသော ပြောင်းမျိုးရှိပြီး အဖူးလိုက် ဆားအနည်းငယ်နှင့် ပြုတ်စားတတ်ကြသည်ဟုဆိုပါသည်။


ဖိလစ်ပိုင်နိုင်ငံတွင် ပြောင်းချိုကိုအစေ့ထုတ်၍ ပြုတ်ပြီး မာဂျရင်း သို့မဟုတ် ချိစ်အမှုန့်ဖြင့်ရောကာ ဈေးကြီးသောမုန့်လုပ်ရောင်းဝယ်ကြ သည်ဟု ဆိုပါသည်။ အင်ဒိုနီးရှားနိုင်ငံတွင်လည်း ပြောင်းချိုအစေ့ကို နွားနို့နှင့် ရော၍ စားသုံးတတ်ကြသည်ဟု ဆိုပါသည်။ ဥရောပနှင့် အာရှနိုင်ငံများတွင် ဆလတ်တွင်ပြောင်းကို အပေါ်မှတင်၍လည်းကောင်း၊ အဖူးလိုက်ပြုတ်၍ လည်းကောင်း၊ မီးကင်၍လည်းကောင်း၊ မီးဖုတ်၍လည်းကောင်း စားသုံးတတ်ကြပါသည်။ ပြောင်းချိုကို ဘေဘီကွန်းအဖြစ်လည်း စားသုံးတတ်ကြသည်ဟု သိရပါသည်။

## မျိုးသူ(ကုန်သွယ်မြှင့်)

အမေရိကန်ပြည်ထောင်စုတွင် ပြောင်းချိုအစေ့ကိုပြုတ်၍ ဟင်းသီးဟင်းရွက်အနေဖြင့် အများဆုံး စားသုံးတတ်ကြပါသည်။ ထောပတ်နှင့်လည်းကောင်း၊ ဆားဖြင့်လည်းကောင်းတွဲ၍ စားတတ် ကြပါသည်။ ပြောင်းချိုသည် အမေရိကန်ပြည်ထောင်စုတွင် ထင်ရှားသော အစားအသောက်တစ်မျိုးဖြစ်ပါသည်။ လတ်လတ်ဆတ်ဆတ် စားသုံးသောပြောင်း၊ အေးခဲထားပြီး စားသုံးသောပြောင်း၊ ပြောင်းဖူး စွပ်ပြုတ်၊ ပြောင်းဖူးပြုတ်၊ ပြောင်းဖူးဖုတ် စသဖြင့် အမျိုးမျိုးစားသုံး ကြသည်ဟုဆိုပါသည်။ လိုင်မာပဲနှင့်လည်းတွဲ၍ စားသုံးတတ်ကြသည် ဟု သိရပါသည်။


## တင်သွင်းနိုင်ငံများ

ကမ္ဘာပေါ်တွင် ပြောင်းချိုကိုအေးခဲထားသော၊ မချက်ပြုတ် ရသေးသောပြုတ်ထားသည့် ပြောင်းဖူးစေ့များအဖြစ် အဓိကတင်သွင်းသည့်နိုင်ငံများအားလုံးပေါင်းသည် ကမ္ဘာတွင် တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၄၁၆ ဒသမ ၅၃၂ သန်းဖြစ်ပြီး လွန်ခဲ့သောငါးနှစ်အထိ ကြည့်လျှင် တန်ဖိုးအားဖြင့် တိုးတက်လာမှုမှာ ၃ ရာခိုင်နှုန်းရှိသည်ဟု သိရပါသည်။ အများဆုံး ဖူးစားပြောင်း သို့မဟုတ် ပြောင်းချိုကို တင်သွင်းသော ထိပ်ဆုံးနိုင်ငံ ၁၅ ခုကို လေ့လာကြည့်လျှင် အောက်ပါအတိုင်း တွေ့ရှိရပါသည်-


List of importers for the selected product
Product: 071040 Sweetcorn, uncooked or cooked by steaming or by boiling in water, frozen

## တင်ပို့သောနိုင်ငံများ

ဖူးစားပြောင်းများကို တင်ပို့ရာတွင် အစိမ်းအတိုင်းသော်လည်း ကောင်း၊ စည်သွတ်၍လည်းကောင်း၊ ပြုတ်၍ သို့မဟုတ် ပေါင်းခံ၍ လည်းကောင်း၊ အေးခဲ၍လည်းကောင်း ရောင်းဝယ်ကြပါသည်။ အဆိုပါ ရောင်းဝယ်မှုကိုလိုက်၍ အချက်အလက်ကိန်းဂဏန်းများကို ပေါင်းပြီး ပြည်ပတင်ပို့ ရောင်းဝယ်သော ထိပ်တန်းကမ္ဘာ့နိုင်ငံများကို အောက်တွင်ဖော်ပြထားပါသည်-


List of exporters for the selected product
Product: 071040 Sweetcorn, uncooked or cooked by steaming or by boiling in water, frozen

အဆိုပါ နိုင်ငံများတွင် အမေရိကန်ပြည်ထောင်စု၊ ဟန်ဂေရီ၊ စပိန်၊ တရုတ်၊ ပြင်သစ်၊ ဘယ်လ်ဂျီယံ၊ ထိုင်းနိုင်ငံ၊ ကနေဒါ၊ ပိုလန်နှင့် နယူးဇီလန်တို့သည် ထိပ်တန်း ၁၀ နိုင်ငံဖြစ်ပြီး အိန္ဒိယနှင့် ဗီယက်နမ်နိုင်ငံတို့မှာ ၂၀၁၅ မှ ၂၀၁၉ အထိလေးနှစ်တာကာလအတွင်းတွင် တင်ပို့မှုများစွာ တိုးတက်လာသည်ကို တွေ့နိုင်ပါသည်။ အိမ်နီးချင်း နိုင်ငံများအနက် ထိုင်းနိုင်ငံသည်တင်ပို့မှု ၂၄ ရာခိုင်နှုန်း၊ အိန္ဒိယသည် ၃၂ ရာခိုင်နှုန်းနှင့် ဗီယက်နမ်သည် ၆၀ ရာခိုင်နှုန်းအထိ တန်ဖိုးအားဖြင့် တိုးမြှင့်တင်ပို့လာသည်ကို တွေ့ နိုင်ပါသည်။

စာမျက်နှာ (၂၀)သို့





# မြန်မာနိုင်ငံ၏ ပထမဆုံး E-Commerce Virtual Conference ကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဦးဆောင်ကျင်းပ

၂၀၂၀ ပြည့်နှစ် မေ ၂၈ ရက် နံနက် ၁၀ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၌ ကျင်းပပြုလုပ်သော E-Commerce Virtual Conference ဖွင့်ပွဲအခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး တက်ရောက်အမှာစကားပြောကြားခဲ့သည်။

ဒုတိယဝန်ကြီးက အမှာစကားပြောကြားရာတွင် ကိုဗစ်ကပ်ရောဂါကြောင့် New Normalအဖြစ် Tele-Conference ကျင်းပခြင်းဖြစ်ပြီး နေရာမျိုးစုံမှ လူအများ ပါဝင်တက်ရောက်နိုင်ခြင်းသည် အားသာချက်ဖြစ်ပါကြောင်း၊ အွန်လိုင်းအသုံးပြု ကူးသန်းရောင်းဝယ်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးနှင့် စနစ်တကျ ဖြစ်ပေါ်တိုးတက်စေရေးသည် ဝန်ကြီးဌာန၏ ရည်မှန်းချက်ဖြစ်ပါကြောင်း၊ E-Commerce စီးပွားရေးပုံစံများသည် ချိတ်ဆက်ဆောင်ရွက်မှုများကို ပိုမိုအားကောင်းစေပြီး နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို တွန်းအားတစ်ခုဖြစ်စေမည်ဖြစ်ပါကြောင်း၊ E-Commerce လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရ၏ နိုင်ငံရေးစိတ်အားထက်သန်မှုကို ဤကွန်ဖရင့်က ပြသနိုင်မည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက နိုင်ငံတော်အစိုးရက ထုတ်ပြန်သည့် COVID- 19 စီးပွားရေးကုစားမှု အစီအစဉ် CERP ကို အသင်းချုပ်က ကြိုဆိုထောက်ခံပါကြောင်း၊ ကိုဗစ်ကပ်ရောဂါကြောင့် ဒစ်ဂျစ်တယ်စီးပွားရေးပုံစံ မြန်ဆန်စွာ ဖြစ်ထွန်းလာသဖြင့် နိုင်ငံတော်ကချမှတ်သည့် မူဝါဒများနှင့်အညီ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် E-Commerce အောင်မြင်ဖွံ့ဖြိုးစေရေးနှင့် ပြည်သူလူထုကြားတွင် ယုံကြည်လက်ခံလာရေး အစိုးရ-ပုဂ္ဂလိက အတူတကွ ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

**မြန်မာနင်း**

ထို့နောက်တွင် ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းမင်းက CERP ၏ ပန်းတိုင် ၅ ပါ ဆောင်ရွက်ရန် စီမံချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားရာတွင် ဒေသတွင်းနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုအဖြစ် စေ့စပ်ဆွေးနွေးလျက်ရှိသည့် လုပ်ငန်းစဉ်များ၊ စည်းမျဉ်းစည်းကမ်းများ သတ်မှတ်နိုင်မှုအတွက် ဆောင်ရွက်ဆဲကိစ္စရပ်များ၊ အစိုးရ-ပုဂ္ဂလိက ဆွေးနွေးမှုများ ဆောင်ရွက်ခဲ့သည့် အခြေအနေ၊ E-Commerce Association များ ဖွဲ့စည်းနိုင်ခဲ့သည့် အခြေအနေနှင့် E-Commerce ဂေဟစနစ် တိုးတက်ကောင်းမွန်စေရေးအတွက် ဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြခဲ့သည်။

ကွန်ဖရင့်တွင် COVID- 19 စီးပွားရေးကုစားမှုအစီအစဉ် CERP ၏ ပန်းတိုင် ၅ အောက်ရှိ E-commerce ဆိုင်ရာ ဆောင်ရွက်ရန် စီမံချက်များနှင့်ဆက်စပ်၍ အစိုးရဌာန/ အဖွဲ့အစည်းများက ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များက ရင်ဆိုင်နေရသည့် စိန်ခေါ်မှုနှင့် အကြံပြုချက်များအား Panel Session လေးခုဖြင့် ဆွေးနွေးခဲ့ကြသည်။

ပထမ Session တွင် လက်လီရောင်းချသူများက E-commerce Marketplaces/ Platform များတွင် ဝင်ရောက်ရောင်းချနိုင်ရေး အတွက် အားပေးဆောင်ရွက်သွားမည့် အခြေအနေများအားလည်းကောင်း၊ ဒုတိယ Session တွင် e-payment မြှင့်တင်အသုံးပြုရေးအတွက် လည်းကောင်း၊ တတိယ Session တွင် အွန်လိုင်းမှ ဝယ်ယူသူများအတွက် ကုန်ပစ္စည်းအား အိမ်တိုင်ရာရောက် ပေးပို့သည့် ဝန်ဆောင်မှုစနစ် (Last mile Delivery Service) များအား အားပေးမြှင့်တင် ဆောင်ရွက်နိုင်ရေးအတွက် လည်းကောင်း၊ စတုတ္ထ Session တွင် E-commerce ဂေဟစနစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒရေးရာဆိုင်ရာကိစ္စရပ်များကို လည်းကောင်း ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ Panel များတွင် ကုန်သွယ်ရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ အမျိုးသား ဆိုက်ဘာလုံခြုံရေးဗဟို ဌာန၊ မြန်မာ့စာတိုက်လုပ်ငန်းနှင့် မြန်မာ့အာမခံလုပ်ငန်းတို့မှ တာဝန်ရှိသူများနှင့် E-commerce နယ်ပယ်နှင့် ဆက်စပ်သည့် လုပ်ငန်းရှင်များနှင့် အသိပညာရှင်၊ အတတ်ပညာရှင်များ ပါဝင်ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။







စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် UNCTAD နှင့် ပူးပေါင်း၍ ၂၀၁၇ ခုနှစ်တွင် အီလက်ထရွန်နစ် အသုံးပြုလုပ်ငန်းများ၏ အဆင့်သင့်ဖြစ်မှုအခြေအနေကို ဆန်းစစ်ချက်ပြုလုပ်ခဲ့ကြောင်းနှင့် ဆန်းစစ်ချက်ပါ တွေ့ရှိချက်များအရ EIF Tier 2 အဆင့် မြန်မာနိုင်ငံ ဝန်ဆောင်မှု ကုန်သွယ်ရေးကဏ္ဍ မြှင့်တင်ခြင်း စီမံကိန်းအောက်မှ E-Commerce Strategy ကို UNCTAD အဖွဲ့အစည်းနှင့် ပူးပေါင်းရေးဆွဲလျက်ရှိကြောင်း၊ ဩစတြေးလျနိုင်ငံ DFAT ၏ နည်းပညာ အထောက်အပံ့ဖြင့် Digital Trade Policy Framework ကို ရေးဆွဲလျက်ရှိပြီး COVID ကာလအတွင်း Offline မှ Online သို့ ကူးပြောင်းမည့် လုပ်ငန်းငယ်များအတွက် အထောက်အကူပြု Good Practice Guide များကိုလည်း ထုတ်ဝေရန် ဆောင်ရွက်လျက်ရှိကြောင်း၊ EU Myanmar ARISE Plus စီမံကိန်းအောက်မှ SME လုပ်ငန်းများ ဒစ်ဂျစ်တယ်ကုန်သွယ်မှု အသွင်ကူးပြောင်း၍ ကမ္ဘာ့ဈေးကွက် ထိုးဖောက်နိုင်ရေး အထောက်အကူပြု လုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိကြောင်းနှင့် CERP ပါ စီမံချက်များအား အချိန်တိုအတွင်း အကောင်အထည်ဖော် ဆောင်နိုင်ရေးအတွက် ဖွံ့ဖြိုးမှုမိတ်ဖက်များနှင့် ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိကြောင်း သိရှိရသည်။ လက်ရှိတွင် ဝန်ကြီးဌာနသည် E-Commerce Guideline ကို ရေးဆွဲလျက်ရှိပြီး ၂၀၂၀ ပြည့်နှစ်မကုန်မီ ထုတ်ပြန်သွားမည်ဖြစ်ကြောင်းနှင့် အွန်လိုင်းတွင် ဈေးရောင်းချသူများအတွက် မိမိသဘောဆန္ဒအလျောက် မှတ်ပုံတင်သည့်စနစ် (Voluntary Registration System) အားဆောင်ရွက်မည်ဖြစ်ကြောင်း ကွန်ဖရင့်တွင် ဆွေးနွေးချက်များအရ သိရှိရသည်။

ကွန်ဖရင့်၏ အဓိကအာဘော် Theme မှာ "အကျပ်အတည်းကို ရင်ဆိုင်ကာ ရေရှည်ရှင်သန်နိုင်ဖို့ အီးကောမက်စ်ကို အရှိန်မြှင့်စို့" ဖြစ်ပြီး အင်္ဂလိပ်ဘာသာဖြင့် "Outliving the Crisis through e-Commerce Acceleration" ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါE-Commerce Virtual Conference တွင် အဓိက ပါဝင်ဆွေးနွေးခဲ့သူ စုစုပေါင်း ၂၈ ဦး အပါအဝင် အစိုးရဌာန/ အဖွဲ့အစည်းများ၊ ကော်မတီများ၊ အသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များနှင့် စိတ်ပါဝင်စားသော ပြည်တွင်းပြည်ပမှ စာရင်းပေးတက်ရောက်ခဲ့သူ စုစုပေါင်း ၄၅၀ ဦးရှိကြောင်းနှင့် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ ကျင်းပခဲ့ကြောင်း သိရှိရသည်။



Add : No.39, Daw Thein Tin Road, Mingalar Taung Nyunt Township, Yangon, Myanmar.
Ph : 09-421165252, 09-5079016, 01-394309
Email : myonyunt.psmc@gmail.com, wun2amyo.88@gmail.com



# မြင့်မြတ်တော်ဝင်

အထူးကုဆေးခန်း

ပိတ်ရက်မရှိဖွင့်လှစ်သည်။

G-13/15, Pyay Rd., Diamond Condo,
Tower-B, Kamayut Tsp., Yangon.
Ph : 0932006350

# NK LEGAL MYANMAR

NK Legal Myanmar, offers, a full range of legal and financial services with respect to projects in Myanmar. The services offered by the firm include assisting with:

- Corporation, Company Incorporation and Commercial
- Trade Mark, Patents, Industrial Design, Copy Right and Intellectual Property
- Business and Company Due Diligence
- Commercial Dispute Resolutions
- Infrastructure and BOTs
- Joint Ventures
- Labor/Employment
- Criminal Litigation
- Land and Security, Property Development

Consultants (IP, Corporate & Investment)
Room 007, Inya Lake Hotel
#37, Kaba Aye Pagoda Road, Mayangone Township
Yangon, Myanmar
Tel: +95 9 5000119, +95 9 796767546
E-mail: nyeinkyaw@nklegalmyanmar.com, heinthaw@nklegalmyanmar.com
Web: www.nklegalmyanmar.com

# မူပိုင်ခွင့်မှသည် ကုန်သွယ်မှု မြှင့်တင်ရေးဆီသို့



ဒေါက်တာမိုးမိုးသွယ်

နိုင်ငံတစ်နိုင်ငံ၏ ကုန်သွယ်မှုမြှင့်တင်ရေးကိုဆောင်ရွက်ရာတွင် မူပိုင်ခွင့်ကဏ္ဍသည် မဖြစ်မနေ ဆောင်ရွက်ရမည့် လုပ်ငန်းတစ်ရပ်ဖြစ်သည်။ မူပိုင်ခွင့်စနစ်သည် တီထွင်ဖန်တီးမှုများကို အားပေးမြှင့်တင်ခြင်းဖြင့် ဆန်းသစ်သောနည်းပညာများကို အသုံးချထားသည့် တန်ဖိုးမြှင့်ထုတ်ကုန်များကို တိုးတက်ထုတ်လုပ်လာစေသည်။ အဆိုပါ တန်ဖိုးမြှင့်ထုတ်ကုန်များသည် တင့်တယ်လှပ၍ ဆွဲဆောင်မှုရှိခြင်း၊ ခိုင်ခံ့ခြင်း၊ စိတ်ချယုံကြည်ရခြင်းနှင့် သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်ခြင်း စသည့်အချက်များကြောင့် ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပနိုင်ငံများသို့ပါ ထိုးဖောက်နိုင်မည်ဖြစ်သည်။

## မြန်မာ့သနပ်ခါး

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသည့်နိုင်ငံတစ်နိုင်ငံဖြစ်သည့်အလျောက် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် စိုက်ပျိုးရေးထွက်ကုန်များကို အခြေခံသည့်အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများစွာရှိသည်။ ၎င်းတို့အနက် သနပ်ခါးစိုက်ပျိုးခြင်းနှင့် သနပ်ခါး ကို အခြေခံသည့် စီးပွားရေးလုပ်ငန်းသည် တစ်ခုအပါအဝင်ဖြစ်သည်။ သနပ်ခါးသည် မြန်မာနိုင်ငံအလယ်ပိုင်းမိုးရေချိန် ၂၀ လက်မ မှ ၄၀ လက်မအထိ ရွာသွန်းသော ခြောက်သွေ့သော အပူပိုင်းဒေသတွင် အများဆုံးပေါက်ရောက်ပြီး မြေနီ၊ သဲစပ်မြေနှင့် ကျောက်စရစ်ကုန်းမြေမျိုးကို ကြိုက်နှစ်သက်သည်။ မြန်မာတစ်နိုင်ငံလုံးတွင် သနပ်ခါးစိုက်ဧကစုစုပေါင်း သုံးသိန်းခန့်ရှိသည်။ သနပ်ခါးအများဆုံး စိုက်ပျိုးရာဒေသများမှာ မကွေးတိုင်းဒေသကြီး ပခုက္ကူ၊ မြိုင်နှင့် ရေစကြို မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအရာတော်နှင့် ရွှေဘိုမြို့နယ်တို့ ဖြစ်ကြသည်။ ၎င်းပြင် ကန့်ဘလူ၊ မုံရွာ၊ မြင်းမူ၊ ဘုတလင်၊ ကနီ၊ ယင်းမာပင်၊ ပေါက် စသည့် မြို့နယ်တို့တွင်လည်း အများအပြား စိုက်ပျိုးကြသည်။

သနပ်ခါးသည် သဘာဝပေါက်သော ပင်လတ်တစ်မျိုးဖြစ်ပြီး နံ့သာ ၁၀ ပါးတွင် တစ်ပါးအပါအဝင်ဖြစ်သည်။ သနပ်ခါးသည် အကျိုးကျေးဇူးများစွာရှိသည်။ သနပ်ခါးကိုမျက်နှာနှင့် ကိုယ်ပေါ်တွင် လိမ်းကျံခြင်းဖြင့် ခန္ဓာကိုယ်အေးမြမှုနှင့် သင်းပျံ့သော မွှေးရနံ့ကြောင့် စိတ်ကြည်လင် လန်းဆန်းစေမှုတို့ကို ခံစားရရှိနိုင်ပြီး အရေပြားယားယံခြင်းများကို သက်သာစေနိုင်သည်။ သနပ်ခါးသည် သွေးသားစင်ကြယ်စေခြင်း၊ အစာကြေ၊ လေနိုင်၍ အခိုးပွင့်စေခြင်းနှင့် အအေးပတ်ခြင်းတို့ကို ကာကွယ်နိုင်ခြင်း၊ ခေါင်းအုံခြင်း၊ ခေါင်းကိုက်ခြင်း၊ ဇက်ကြောတက်ခြင်း၊ သွားကိုက်ခြင်းတို့ကို သက်သာစေနိုင်ခြင်း၊ ကိုယ်တွင်းအဆိပ်များကို ကုစားနိုင်ခြင်းတို့အပြင် အမျိုးသမီးမီးယပ်ရောဂါများအတွက် အသုံးပြုနိုင်ခြင်း စသည့်အကျိုးများကိုလည်း ရရှိစေနိုင်သည်။ သနပ်ခါးလိမ်းကျံခြင်းဖြင့် အသားအရေကို ထိန်းသိမ်းနိုင်ပြီး နူးညံ့ချောမွတ်သော ဝါဝင်းသောအသားအရေကို ရရှိနိုင်သည်။ အသားဖြူသူကို သနပ်ခါးလိမ်းခြင်းဖြင့် ပိုမိုလှပစေပြီး အသားညိုသူကိုမူ ဝါညက်ညက်လေးဖြင့် အကြည့်ခံစေသည်။ ဝက်ခြံ၊ တင်းတိပ်၊ မှည့်ခြောက်များနှင့် ဒဏ်ရာ အမာရွတ်များကို သက်သာစေနိုင်ပြီး နေလောင်ဒဏ်နှင့် ခရမ်းလွန်ရောင်ခြည်ဒဏ်ကိုလည်း ကာကွယ်နိုင်သည်။

မြန်မာနိုင်ငံသမိုင်းတွင် သနပ်ခါးအသုံးပြုခဲ့မှုကို လွန်ခဲ့သော နှစ်ပေါင်း ၂၀၀၀ ကျော် ပီသနိုးပျူခေတ်မှ စတင်ခဲ့သည်ဟု သမိုင်းသုတေသီအချို့က ခန့်မှန်းကြသည်။ မြန်မာအမျိုးသမီးတို့သည် နန်းတွင်းသူမှစ၍ ကောက်စိုက်သူအဆုံး သနပ်ခါးလိမ်းသော ဓလေ့ရှိခဲ့ကြသည်။ ယနေ့ခေတ်တွင် မြန်မာအမျိုးသမီးလေးများသည် နိုင်ငံခြားတိုင်းပြည်များမှ ဝင်ရောက်လာသော ခေတ်မီဓာတုနည်းများဖြင့် ထုတ်လုပ်ထားသော အလှကုန်အမျိုးအစားများစွာ ရှိသော်လည်း မြန်မာ့သနပ်ခါးသဘာဝအလှကုန်များကို မြတ်နိုးတန်ဖိုးထားစွာ ဆက်လက်အသုံးပြုလျက်ရှိကြသည်။ မြန်မာအမျိုးသမီးလေးများ၏ ပါးပြင်နုနုပေါ်တွင် သနပ်ခါး ပါးကွက်ကျားလေး လိမ်းထားသည့် အခါ တစ်မူထူးခြား တင့်တယ်လှပမှုကို ဖွဲ့ဆိုထားသောကဗျာများ၊ သီချင်းများ၊ ဆောင်းပါးများများစွာရှိသည်။ နန်းတော်ရှေ့ဆရာတင် ရေးစပ်ခဲ့သော "ရွှေဘိုသနပ်ခါး" သီချင်းသည် လူကြိုက်များ ထင်ရှားခဲ့သော သီချင်းတစ်ပုဒ်ဖြစ်ခဲ့သည်။ ယနေ့ခေတ်တွင်လည်း ခေတ်လူငယ်စာဆိုများက သနပ်ခါးနှင့်စပ်လျဉ်းသော မြန်မာအမျိုးသမီးလေးများ၏ လှပကျက်သရေရှိမှုကို သီချင်းများစပ်ဆိုခဲ့ကြသည်။ သို့ဖြစ်၍ မြန်မာလူမျိုးများသည် သနပ်ခါးလိမ်းခြင်းဓလေ့ကို ယဉ်ကျေးမှုတစ်ရပ်အနေဖြင့် ထိန်းသိမ်းထားရှိခဲ့ကြသည်မှာ ထင်ရှားလှသည်။

## သနပ်ခါးအသုံးဝင်မှုများ

မြန်မာနိုင်ငံတွင် သနပ်ခါးပင်ကို အမျိုးမျိုးအသုံးပြုကြသည်။ သနပ်ခါးပင်၏ အခေါက်ကိုသွေး၍ ရရှိသောသနပ်ခါးအရည်ကို သဘာဝအတိုင်း အသုံးပြုသည့် အလှကုန်ပစ္စည်းအမျိုးမျိုး ထုတ်လုပ်ခြင်းနှင့် အသားအရေထိန်းသိမ်းသည့်နေရာတွင်သာမက ရနံ့သင်းသည့် သနပ်ခါးအသားကို စိပ်ပုတီး၊ ဘုရားဆင်းတု၊ နံ့သာယပ်တောင်၊ နံ့သာအမွှေးတိုင် စသည်တို့သာမက ခေါင်းဖီးသည့်ဘီး၊ ဆီကြိတ်ဆုံဝင်ရိုးနှင့် စပါးထောင်းသည့်မောင်းနှင့် ပန်းပုထုရာတွင်ပါ အသုံးပြုကြသေးသည်။ ၎င်းအပြင် ပူ၍ခါးသက်သော အရသာရှိပြီး ဆေးဖက်ဝင်သောသနပ်ခါး၏ ပင်စည်၊ အသီး၊ အပွင့်၊ အရွက်၊ အမြစ် စသည့် ပဉ္စင်ါးပါးကို မြန်မာ့တိုင်းရင်းဆေးနည်းများဖြင့် ဆေး များဖော်စပ်ကာ အနာရောဂါကုသရေးများတွင် အသုံးပြုကြသည်။ သို့ဖြစ်၍ သနပ်ခါးသည် မြန်မာနိုင်ငံတွင်ပေါက်ရောက်သော မြန်မာ့ ဇီဝအရင်းအမြစ်သယံဇာတစစ်စစ်ဖြစ်ပြီး သနပ်ခါးအသုံးပြုမှုဓလေ့ ထုံးစံများစွာရှိသော သနပ်ခါးယဉ်ကျေးမှုတစ်ရပ်အဖြစ် ရပ်တည်လျက်ရှိသဖြင့် မြန်မာ့သနပ်ခါးကို ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်လှသည်။

## မြန်မာ့သနပ်ခါးအသင်းကြီး

မြန်မာနိုင်ငံတွင် ပထမဆုံးသနပ်ခါးအသင်းအဖွဲ့ကို အရာတော်မြို့နယ် သနပ်ခါးစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းအဖြစ် ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၃၀ရက်တွင် ဖွဲ့စည်းနိုင်ခဲ့ကြသည်။ ထို့နောက် သနပ်ခါးစိုက်ပျိုးထုတ်လုပ်သည့်ဒေသများဖြစ်သည့် အရာတော်မြို့နယ်၊ ရွှေဘိုမြို့နယ်၊ ရေစကြိုမြို့နယ်၊ မြိုင်မြို့နယ်၊ ကနီမြို့နယ်၊ ယင်းမာပင်မြို့နယ်၊ မြင်းမူမြို့နယ်၊ ဘုတလင်မြို့နယ်၊ ကန့်ဘလူမြို့နယ်နှင့် လင်းခေး(ရှမ်းပြည်နယ်)တို့မှ သနပ်ခါးစိုက်ပျိုးထုတ်လုပ်သူများပါဝင်၍ ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၁၁ ရက်တွင် မြန်မာနိုင်ငံ သနပ်ခါးအသင်းကြီးအဖြစ် တိုးမြှင့်ဖွဲ့စည်းနိုင်ခဲ့သည်။

မြန်မာနိုင်ငံ သနပ်ခါးအသင်းကြီးအနေဖြင့် မြန်မာ့သနပ်ခါးယဉ်ကျေးမှုကို တန်ဖိုးထားမြတ်နိုးလာစေရေး၊ မြန်မာ့သနပ်ခါးအစဉ်အလာကောင်းတို့ကို ထိန်းသိမ်းကာကွယ်နိုင်ရေး၊ နောင်မျိုးဆက်သစ်တို့မြန်မာ့သနပ်ခါးသမိုင်းကို လွယ်ကူစွာလေ့လာနိုင်ရေးနှင့် သုတေသနပြုဆောင်ရွက်နိုင်ရေး၊ ပြည်တွင်းသနပ်ခါးဈေးကွက်ခိုင်မာစေရေး၊ ပြည်ပဈေးကွက်ကျယ်ပြန့်စွာရရှိစေရေး၊ သနပ်ခါးစိုက်တောင်သူများအဆင့်မြင့်နည်းပညာများဖြင့် စိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ အဆင့်မြင့်သနပ်ခါးထုတ်ကုန်များ ထုတ်လုပ်လာနိုင်စေရေးတို့အပြင် မြန်မာ့သနပ်ခါး လုံးဝပါဝင်မှုမရှိသော သနပ်ခါးထုတ်ကုန်များ ထုတ်လုပ်သူများကိုစိစစ်ဟန့်တားနိုင်ရေး စသည့် ရည်ရွယ်ချက်တို့ဖြင့် ဖွဲ့စည်းခဲ့ကြခြင်းဖြစ်သည်။

မြန်မာ့သနပ်ခါးအသင်းကြီးသည် မြန်မာ့ရိုးရာ သနပ်ခါးယဉ်ကျေးမှု ထွန်းကားလာစေရန် သနပ်ခါးလှပျိုမေပြိုင်ပွဲများ၊ သနပ်ခါး ဈေးရောင်းပွဲတော်များကို နှစ်စဉ်ကျင်းပနိုင်ခဲ့ပြီး "တပို့တွဲလပြည့် မြန်မာ့သနပ်ခါးနေ့" ဟုသတ်မှတ်ပြီး အရာတော်၊ ရေစကြို၊ မြိုင်နှင့် ရွှေဘိုမြို့များတွင် သနပ်ခါးပွဲတော်ကို တစ်ပြိုင်နက် ကျင်းပနိုင်ခဲ့သည်။ ထိုသို့ကျင်းပရာတွင် သနပ်ခါးဆိုင်ရာ သိကောင်းစရာများဆွေးနွေးခြင်း၊ သနပ်ခါးဆိုင်ရာ လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ တန်ခိုးကြီးဘုရားများ၌ သနပ်ခါးအမွှေးနံ့သာတို့ဖြင့် ပူဇော်ခြင်း၊ သနပ်ခါး ဈေးရောင်းပွဲတော်များ ကျင်းပခြင်း၊ စာပေဟောပြောပွဲများကျင်းပခြင်းနှင့် စတုဒီသာကျွေးမွေးခြင်းတို့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြသည်။

## မြန်မာ့သနပ်ခါးမူပိုင်ခွင့်

မြန်မာ့သနပ်ခါးကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကမ္ဘာ့အလယ်တွင် "မြန်မာ့သနပ်ခါး"ကို မြန်မာ့မူပိုင်အဖြစ် အသိအမှတ်ပြုနိုင်ရေး၊ ခေတ်မီ၍သုံးစွဲသူအကြိုက်လိုက်နိုင်သည့် တန်ဖိုးမြှင့်သနပ်ခါးထုတ်ကုန်များ ထုတ်လုပ်နိုင်ပြီး ပြည်တွင်းသုံးစွဲမှုမှ ပြည်ပဈေးကွက်အထိထိုးဖောက်နိုင်ရေး၊ နိုင်ငံခြားဝင်ငွေများ တိုးမြှင့်ရရှိစေခြင်းဖြင့် ဒေသဖွံ့ဖြိုးတိုးတက်စေရေးနှင့် နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးကို အထောက်အကူပြုစေရေးတို့ကိုလည်း မြန်မာ့သနပ်ခါးအသင်းကြီးအနေဖြင့် ဦးတည်ရည်မှန်းဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်နိုင်ရေးအတွက် မူပိုင်ခွင့်ဆိုင်ရာ ဗဟုသုတများရှိစေရန်နှင့် မူပိုင်ခွင့်စနစ်ကို အသုံးပြုနိုင်ရန် လိုအပ်မည်ဖြစ်သည်။

ဆက်လက်ဖော်ပြပါမည်။

စာမျက်နှာ (၁၇) မြန်မာ့ဖူးစားပြောင်းဈေးကွက် ကျယ်ပြန့်စေရေး . . . . . မှ အဆက်

### မြန်မာ့ဖူးစားပြောင်း

မြန်မာနိုင်ငံတွင် ဖူးစားပြောင်းကို သရေစာမုန့်အဖြစ်သာ ပြည်တွင်းဈေးကွက်တွင် အဖူးလိုက် အစိမ်းရောင်းဝယ်ကြသည်ကို အထက်တွင်တင်ပြခဲ့ပြီးဖြစ်ပါသည်။ ပြည်တွင်းတွင် အခြားနည်းလမ်း ဖြင့် စားသုံးမှုမျိုးအားနည်းပြီး အဓိကအစားအစာအဖြစ်လည်းကောင်း၊ ဟင်းအဖြစ်လည်းကောင်း စားသုံးမှုအလွန်နည်းပါးသဖြင့် ဈေးကွက်မှာ ကျဉ်းမြောင်းပြီး ဖူးစားပြောင်း စိုက်ပျိုးထုတ်လုပ်မှုမှာလည်း များစွာ တိုးတက်မှုမရှိသည်ကို တွေ့နိုင်ပါသည်။ ဖူးစားပြောင်းကို အစိမ်းအတိုင်း အဖူးလိုက်တင်ပို့မည်ဆိုပါက ထိုင်းနိုင်ငံနယ်စပ်တွင် စိုက်ပျိုးထုတ်လုပ်ပြီး နယ်စပ်ကုန်သွယ်မှုအဖြစ် ဆောင်ရွက်နိုင်မည်ဆိုပါက ပို့ကုန်ဝင်ငွေတိုးတက်လာနိုင်ပြီး ပြည်တွင်းစိုက်ပျိုးထုတ်လုပ်မှုတွင်လည်း တိုးတက်လာနိုင်ပါသည်။

ထိုင်းနိုင်ငံသည် ပို့ကုန်ပိုင်းတွင် တိုးတက်လာပြီး စည်သွတ် တင်ပို့မှုကို အများဆုံးဆောင်ရွက်လျက်ရှိသည်ဟု သိရသဖြင့် ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံများသို့ ကုန်ကြမ်းအနေဖြင့် ဦးစွာတင်ပို့နိုင်ရေးကို ညှိနှိုင်းဆောင်ရွက်ပေးသင့်ပြီး နောင်တွင် စည်သွတ်စက်ရုံများ၊ အေးခဲစက်ရုံများ စသည်တို့ကို တည်ထောင်ပြီး တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်တင်ပို့နိုင်ရန် ကာလတိုကာလရှည်စီမံကိန်းများ စီစဉ်ရေးဆွဲပြီး ဆောင်ရွက်နိုင်မည်ဆိုပါက အစေ့ထုတ်ပြောင်း တင်ပို့မှုကဲ့သို့ပင် ပြောင်းချိုတင်ပို့မှုသည်လည်း နိုင်ငံအတွက် အားထားရမည့် သီးနှံတစ်မျိုးအဖြစ် ရောက်ရှိလာမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

# e,fy,pkfrTchm&nfeS;cufaxmfyHh
# jrefrmpD;yGm;a&;u,fwif&;tpDtpOf

နိုင်ငံတော်အစိုးရသည် ကိုဗစ်ရောဂါကြောင့် မြန်မာ့စီးပွားရေးထိခိုက်မှုလျော့နည်း သက်သာစေရေးအတွက် COVID-19 Economics Relief Plan (CERP) မြန်မာ့စီးပွားရေး ကယ်တင်ရေး အစီအစဉ်”တစ်ရပ်ကို ဧပြီ ၂၇ ရက်တွင် ထုတ်ပြန်ခဲ့သည်။ မြန်မာ့စီးပွားရေး ကယ်တင်ရေးအစီအစဉ်တွင် ပုဂ္ဂလိကစီးပွားရေးကဏ္ဍတွင် ချေးငွေရန်ပုံငွေ ကျပ်ဘီလီယံ၅၀၀ အထိ တိုးမြှင့် ထုတ်ချေးပေးရေး အပါအဝင် ရည်မှန်းချက်ခုနစ်ရပ်၊ မဟာဗျူဟာ ၁၀ ခု၊ လုပ်ငန်းစီမံချက် ၃၆ ခု၊ လုပ်ငန်းစဉ် ၇၆ ခု ပါဝင်သည်။ မြန်မာ့စီးပွားရေး ကယ်တင်ရေး အစီအစဉ်တွင် ရည်မှန်းချက်ခုနစ်ရပ်သည် အဓိက အရေးပါသည်။ ရည်မှန်းချက်များ အောင်မြင်ရေးသည် CERP ၏အသက်လည်း ဖြစ်သည်။

မြန်မာ့စီးပွားရေးကယ်တင်ရေးအစီအစဉ်၏ ရည်မှန်းချက်ခုနစ်ရပ်မှာ (၁) ငွေကြေးဆိုင်ရာလှုံ့ဆော်မှုဖြင့် မက်ခရိုစီးပွားရေးပတ်ဝန်းကျင်ကို တိုးတက်အောင်ပြုလုပ်ခြင်း၊ (၂) ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်ရေးနှင့်ဘဏ်လုပ်ငန်းပြုပြင်ပြောင်းလဲမှုများဖြင့် ပုဂ္ဂလိကကဏ္ဍအပေါ် ရိုက်ခတ်မှုကိုလျှော့ချခြင်း၊ (၃) အိမ်ထောင်စုများအပေါ် သက်ရောက်မှုများသက်သာစေခြင်း၊ (၄) အလုပ်သမားများအပေါ် ရိုက်ခတ်မှုများလျှော့ချခြင်း၊ (၅) ဆန်းသစ်သော ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်စွမ်းကို မြှင့်တင်အားပေးခြင်း၊ (၆) ကျန်းမာရေး စောင့်ရှောက်မှုစနစ်များ အားကောင်းစေခြင်း၊ (၇) ကိုဗစ်(၁၉) တုံ့ပြန်မှု၊ ငွေကြေးထောက်ပံ့မှုများ တိုးချဲ့ခြင်း (အရေးပေါ်ရန်ပုံငွေများ အပါအဝင်)တို့ဖြစ်သည်။ ယင်းရည်မှန်းချက်ခုနစ်ရပ်အပြင် စီးပွားရေးကယ်တင်ရေး အစီအစဉ်ထဲ၌ စီးပွားရေးလုပ်ငန်းများကို ချေးငွေများထုတ်ပေးရန်၊ ချေးငွေအာမခံချက်များပေးရန်၊ ဒစ်ဂျစ်တယ်ငွေပေးချေမှုများကို အားပေးရန်၊ အသေးစားချေးငွေလုပ်ငန်းများကို အတိုးနှုန်း သက်သာသော ချေးငွေများ ထုတ်ပေးရန်၊ ရင်းနှီးမြှုပ်နှံမှုများကို အမြန်ဆွဲဆောင်ရန် စသည့် ငွေကြေးဆိုင်ရာ လုပ်ငန်းများလည်း ပါဝင်ပါသေးသည်။

မြန်မာ့စီးပွားရေး ကယ်တင်ရေးအစီအစဉ်၏ ရည်မှန်းချက်ခုနစ်ရပ်ထဲတွင် ပြည်သူများသိသင့်သိထိုက်သည့် ရည်မှန်းချက်အချို့ကို ကောက်နုတ်တင်ပြချင်ပါသည်။ “ငွေကြေးဆိုင်ရာလှုံ့ဆော်မှုဖြင့် မက်ခရိုစီးပွားရေးပတ်ဝန်းကျင်ကို တိုးတက်အောင်ပြုလုပ်ခြင်း” ရည်မှန်းချက်တွင် ဘဏ်အတိုးနှုန်း သုံးရာခိုင်နှုန်းလျှော့ချခြင်း(လုပ်ဆောင်ပြီး)၊ အနည်းဆုံးသီးသန့်ငွေလိုအပ်ချက်ပမာဏလျှော့ချခြင်း(လုပ်ဆောင်ပြီး)၊ ရည်ညွှန်းငွေလဲနှုန်းကို ဈေးကွက်အခြေအနေနှင့်လျော်ညီစေခြင်း(လုပ်ဆောင်ပြီး)များပါဝင်ပြီး ချက်ချင်း ဆက်လက်လုပ်ဆောင်ရမည့်ကိစ္စအဖြစ် ဘဏ်နှင့်ဘဏ္ဍာရေးကဏ္ဍအတွင်း ငွေဖြစ်လွယ်မှုများပြားလာစေရန် ချေးငွေကိုလေလံဆွဲခြင်း၊ ဘဏ္ဍာရေးလိုငွေပြမှုကို ဗဟိုဘဏ်က ငွေကြေးထောက်ပံ့ရာတွင်သင့်လျော်သော အခြေအနေအထိ တိုးမြှင့်ခွင့်ပြုခြင်း (၂၀၂၀ နှစ်ကုန်ပိုင်းတွင် ဆောင်ရွက်ရန်) အစိုးရ ငွေချေးစာချုပ်၊ ငွေတိုက်စာချုပ် လေလံရောင်းချမှုများ ယာယီလျှော့ချခြင်း(၂၀၂၀ မကုန်မီလုပ် ဆောင်ရန်) စသည်တို့ပါဝင်သည်ဟု လေ့လာသိရှိရသည်။

“ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်ရေးနှင့် ဘဏ်လုပ်ငန်းပြုပြင်ပြောင်းလဲမှုများဖြင့် ပုဂ္ဂလိကကဏ္ဍအပေါ် ရိုက်ခတ်မှုများကို လျှော့ချခြင်း” ရည်မှန်းချက်တွင် ကျပ်ဘီလီယံ ၁၀၀ ဖြင့် အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများတွင် ပါဝင်သောအထည်ချုပ်လုပ်ငန်းများ၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများကို အတိုးနှုန်းတစ်ရာခိုင်နှုန်းဖြင့် ချေးငွေထုတ်ချေးခြင်း(လုပ်ဆောင်ပြီး)၊ လိုအပ်ချက်အပေါ်မူတည်ပြီး ကျပ်ဘီလီယံ ၂၀၀ မှ ၅၀၀အထိ ရန်ပုံငွေကို မြှင့်တင်ခြင်း (၂၀၂၀ ပြည့်နှစ် မကုန်မီ လုပ်ဆောင်ရန်)၊ မတည်ငွေရင်းအဖြစ် ချေးယူသည့် ကျပ်တစ်ဘီလီယံအောက် လျော့နည်းသော ချေးငွေအသစ်များကို ပုဂ္ဂလိက လုပ်ငန်းများ၊ ဘဏ်များမှ ချေးငွေရယူပါက ချေးငွေ၏ ၅၀ ရာခိုင်နှုန်းကို အစိုးရက အာမခံခြင်း (၂၀၂၀ မကုန်မီ လုပ်ဆောင်ရန်)၊ စီးပွားရေးအလားအလာ ကောင်းမွန်သည့်ကဏ္ဍရှိစီးပွားရေးလုပ်ငန်းများကို အစိုးရက အာမခံချက်များတိုးချဲ့ခြင်း (၂၀၂၀ မကုန်မီ လုပ်ဆောင်ရန်)၊ ဝင်ငွေခွန်ပေး ဆောင်ရမည့်အချိန်ကာလသတ်မှတ်ချက်တိုးမြှင့်ပေးခြင်း (လုပ်ဆောင်ပြီး)၊ ကိုဗစ်ရောဂါကာကွယ် ထိန်းချုပ်ကုသရေးဆိုင်ရာ ဆေးဝါးနှင့်ဆေးပစ္စည်းများကို အထူးကုန်စည်ခွန်နှင့် အကောက်ခွန်ကင်းလွတ်ခွင့်ပြုခြင်း (ချက်ချင်းလုပ်ဆောင်ရန်)၊ ဂုဏ်သိက္ခာ ကြီးမားသော နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို မြန်ဆန်ထိရောက်သော လုပ်ထုံးလုပ်နည်းများဖြင့် ရင်းနှီးမြှုပ်နှံခွင့်ပြုခြင်း (ချက်ချင်း လုပ်ဆောင်ရန်)၊ ကုန်သွယ်မှုဆိုင်ရာလုပ်ငန်း၊ ငွေကြေးပေးချေမှုများ ထောက်ပံ့မည့် ကူးသန်းရောင်းဝယ်ရေးဘဏ်များအတွက် ကျပ်ဘီလီယံ ၁၀၀ ရန်ပုံငွေထူထောင်ခြင်း (၂၀၂၀ မကုန်မီလုပ်ဆောင်ရန်)၊ ကိုဗစ်ရောဂါကာကွယ်ထိန်းချုပ်ကုသရေးဆိုင်ရာ ဆေးနှင့် သက်ဆိုင်သောဆေးပစ္စည်းများ တင်သွင်းခြင်း လုပ်ငန်းစဉ်မြန်ဆန်စေရန် ဆောင်ရွက်ခြင်း (ချက်ချင်း လုပ်ဆောင်ရန်)၊ ဆန်စပါးတင်ပို့မှု ဆက်လက်ကောင်းမွန်စေရေးအတွက် တောင်သူများအား မက်လုံးများပေးခြင်း (ချက်ချင်းလုပ်ဆောင်ရန်) စသည်တို့ ပါဝင်သည်ဟုသိရသည်။

ထို့ပြင် “အိမ်ထောင်စုများအပေါ် သက်ရောက်မှုများ သက်သာစေခြင်း” ရည်မှန်းချက်တွင် မီတာခများလျှော့ချပေးခြင်း(လုပ်ဆောင်ပြီး)၊ ထိခိုက်လွယ်သောအိမ်ထောင်စုများနှင့် အန္တရာယ်ကျရောက်လွယ်သော အိမ်ထောင်စုများကို စားနပ်ရိက္ခာထောက်ပံ့ပေးခြင်း(လုပ်ဆောင်ပြီး)၊ လူထုအခြေပြုအသင်းအဖွဲ့၊ အဖွဲ့အစည်းများမှတစ်ဆင့် အရေးပေါ်စားနပ်ရိက္ခာများထောက်ပံ့ပေးခြင်း (လုပ်ဆောင်ပြီး)၊ လူမှုပင်စင်ခံစားခွင့်များတိုးမြှင့်ပေးခြင်းနှင့် ခံစားခွင့်ပေးသော အသက်အရွယ်လျှော့ချပေးခြင်း(ချက်ချင်းလုပ်ဆောင်ရန်)၊ အထိခိုက်အလွယ်ဆုံး အိမ်ထောင်စုများကို ငွေကြေးထောက်ပံ့ပေးခြင်းများ ဆောင်ရွက်ပေးခြင်း (၂၀၂၀ မကုန်မီလုပ်ဆောင်ရန်)၊ အိမ်ထောင်စုများအတွက် သင့်လျော်သည့် အတိုးနှုန်းဖြင့် ချေးငွေပေးဆပ်မှုပုံစံပြုပြင်ပြောင်းလဲရန် ဘဏ်များနှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများ ညှိနှိုင်းဆောင်ရွက်ပေးခြင်း(ချက်ချင်းလုပ်ဆောင်ရန်) တို့ပါဝင်သည် သိရ၏။

“အလုပ်သမားများအပေါ် ရိုက်ခတ်မှုများလျှော့ချခြင်း” ရည်မှန်းချက်ကို ဆက်လက်လေ့လာကြည့်သောအခါ အလုပ်လက်မဲ့ဖြစ်သွားသော အလုပ်သမားများအတွက် ကျန်းမာရေးစောင့်ရှောက်မှုခံစားခွင့်များကို ခြောက်လမှတစ်နှစ်အထိ တိုးမြှင့်ပေးခြင်း(လုပ်ဆောင်ပြီး)၊ အလုပ်လက်မဲ့ဖြစ်သွားသည့်နေ့မှစ၍ ခြောက်လမှတစ်နှစ်အထိ ဆေးဝါးထောက်ပံ့မှုနှင့် ခရီးသွားလာခွင့်များပေးအပ်ခြင်း (လုပ်ဆောင်ပြီး)၊ ရွှေ့ပြောင်းခံရသူ သို့မဟုတ် ပြန်လည်ဝင်ရောက်လာသော ရွှေ့ပြောင်းအလုပ်သမားများအတွက် အထောက်အကူပြုနိုင်သော အခြေခံအဆောက်အအုံများ အကောင်အထည်ဖော်ခြင်း(၂၀၂၀ မကုန်မီ လုပ်ဆောင်ရန်) စသည့်ကိစ္စများပါဝင်သည်ဟု သိရသည်။ ထို့ပြင် “ ကိုဗစ်-၁၉ တုံ့ပြန်မှု၊ ငွေကြေးထောက်ပံ့မှုများ တိုးချဲ့ခြင်း(အရေးပေါ်ရန်ပုံငွေအပါအဝင်) ရည်မှန်းချက်တွင်လည်း ကိုဗစ်ရန်ပုံငွေအတွက် အစိုးရဌာနဆိုင်ရာအသီးသီး၏ ဘတ်ဂျက်ကို ၁၀ ရာခိုင်နှုန်းအထိ လျှော့ချရန် (စတင်ဆောင်ရွက်နေ)၊ အရေးပေါ်ရန်ပုံငွေတိုးမြှင့်နိုင်စေရေး၊ ဘတ်ဂျက်ပြုပြင်ပြောင်းလဲနိုင်စွမ်းနှင့် ထိရောက်သောဘဏ္ဍာငွေသုံးစွဲမှုဖြစ်ရေး ဦးတည်ဆောင်ရွက်ရန်(စတင်ဆောင်ရွက်နေ)၊ ဘတ်ဂျက်ပြန်လည်ခွဲဝေသတ်မှတ်မှုကို အခြေအနေနှင့်အညီလုပ်ဆောင်ရန်(စတင်ဆောင်ရွက်နေ)၊ ကိုဗစ်-၁၉ တုံ့ပြန်မှုများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရာတွင် ထောက်ပံ့ငွေများ၊ ချေးငွေများ၊ ပြင်ပဖွံ့ဖြိုးရေးရန်ပုံငွေများ ရယူဆောင်ရွက်ရန် (စတင် ဆောင်ရွက်နေ) စသည်တို့ပါဝင်ကြောင်း လေ့လာကောက်နုတ်တင်ပြလိုက်ရပါသည်။

| မောင်လွင်ပြင် |

■



# မလွန်ဆန်နိုင်သောဖြစ်ရပ်နှင့် ကိုရိုနာဗိုင်းရပ်စ်

**ဇေယျာညွန့်ဦး (LAU)**

ယနေ့ကမ္ဘာပေါ်တွင် ကူးစက်မြန်ကပ်ရောဂါတစ်မျိုးဖြစ် သည့် COVID-19ကြောင့် နိုင်ငံအသီးသီး၏ အရေးအရာကိစ္စရပ်များစွာတွင် ထိခိုက်နစ်နာဆုံးရှုံးမှုများစွာ ကြုံတွေ့ရလျက်ရှိသည်။ အထူးသဖြင့် လူသားတိုင်းနေ့စဉ်ဖြတ်သန်းလျက်ရှိသည့် စားရေး၊ ဝတ်ရေး၊ နေရေးကိစ္စရပ်များအတွက် မည်သို့ပင် အန္တရာယ်ဖြစ်ပါစေ ရင်ဆိုင်ဖြေရှင်းရမည်မှာအသေအချာပင်ဖြစ်သည်။ ထို့ကြောင့်ပင် ကုန်သွယ်ကူးသန်းကိစ္စရပ်များကို လုပ်ငန်းဆောင်ရွက်မှုမပျက်စေရေး၊ ပုံမှန်လည်ပတ်မှုရှိစေရေး၊ ထိုက်သင့်သည့် အကျိုးအမြတ်ရရှိရေးအတွက် စာချုပ်စာတမ်းများအားကိုးဖြင့်နိုင်ငံတကာတွင် ဆောင်ရွက်လျက်ရှိသည်။

၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၃၀ ရက်မှာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ကြေညာချက်တစ်ခုထုတ်ပြန်ခဲ့သည်။ ယင်းကြေညာချက်သည် ကိုရိုနာဗိုင်းရပ်စ်(COVID 19) ဆိုသည့် ရောဂါဆန်းတစ်ခုဟာ နိုင်ငံတကာကလူအများ၏ ကျန်းမာရေးအတွက်စိုးရိမ်ရသည့် အခြေအနေအဖြစ် ပျံ့နှံ့နေပြီဆိုခြင်းပင်ဖြစ်သည်။ ယင်းဗိုင်းရပ်စ် ပျံ့နှံ့ခြင်းနှင့် ပတ်သက်ပြီး ကမ္ဘာ့နိုင်ငံအသီးသီးတွင် ကြိုတင် ကာကွယ်ရေးအစီအမံများ ပြုလုပ်နေသည့် ကြားကပင် ဗိုင်းရပ်စ်၏ ဆိုကျိုးများကို ခံစားနေရသည် ဆိုတာအားလုံးတွေ့မြင်နိုင်မည်ဖြစ်သည်။

ယခုလိုအချိန်အတွင်းမှာပဲ စီးပွားရေးကုမ္ပဏီများလည်း ၎င်းတို့၏ ကူးသန်းရောင်းဝယ်ရေးစာချုပ်များတွင်ပါသည့် တာဝန်ဝတ္တရားများကို အကောင်အထည်ဖော်ဆောင်ရွက်ဖို့ အခက်အခဲများ ကြုံတွေ့လာကြရပါတော့သည်။ အဆိုပါအခက်အခဲများမှာ လုပ်ငန်းခွင်များနှင့် ဆိပ်ကမ်းများ ပိတ်ထားခြင်းများ၊ ကုန်စည်ပေးပို့ခြင်းနှင့် ဖြန့်ဖြူးခြင်းများမှာ အတားအဆီးအခက်အခဲများ၊ စာရင်းကောက်ယူစိစစ်ခြင်းများမှာ အတားအဆီးအခက်အခဲများ၊ လုပ်သားရှားပါးလာခြင်းနှင့် လုပ်သားများလုပ်ငန်းခွင်လာရောက်ရန် ခက်ခဲခြင်း၊ တွေ့ဆုံဆွေးနွေးပွဲများ၊ အခမ်းအနားများ ဖျက်သိမ်းခြင်း၊ ရက်ရွှေ့ဆိုင်းကြခြင်းနှင့် ဒေသတွင်းဝယ်လိုအား ကျဆင်းလာခြင်းတို့ဖြစ်သည်။

အဆိုပါ အခက်အခဲများကို ကျော်လွှားဖြေရှင်းပေးနိုင်ရေးအတွက် ကြိုတင်ချုပ်ဆိုထားသော၊ ကြိုတင်သဘောတူညီထားသော အချက်များသည် ပြည့်စုံလုံလောက်မှု ရှိ၊ မရှိ၊ မျှတမှု ရှိ/မရှိ၊ နှစ်ဦးနှစ်ဖက် ရေရှည်အကျိုးစီးပွားအတွက် အကျိုး ရှိ/မရှိစသည့် အချက်များသည် စာချုပ်ပါ မလွန်ဆန်နိုင်သော အကြောင်းတရားများဟူသည့် သတ်မှတ်ချက်များသည် အကျိုးပြု/မပြုစဉ်းစား၍ ဝေဖန်ပိုင်းခြားကာ ဆင်ခြင်တုံတရားရှိစွာဖြင့် ပြေလည်အောင်ဆောင်ရွက်ရန် လိုအပ် လာပါသည်။

ထိုသို့ မျှော်မှန်းလို့မရတဲ့အခြေအနေတွေများမှာ ဘယ်လိုလုပ်ရမယ်ဆိုတဲ့ကိစ္စရပ်မျိုးကို ကူးသန်းရောင်းဝယ်ရေးစာချုပ်များတွင် မဖြစ်မနေဖော်ပြပြီး ထည့်သွင်းချုပ်ဆိုကြလေ့ရှိပါသည်။ ကိုရိုနာဗိုင်းရပ်စ်မှ ရယ်မဟုတ်ပါဘူး၊ အစိုးရရဲ့ မူဝါဒတွေပြောင်းလဲသွားတာမျိုး ဥပမာ- လေယာဉ်ခရီးစဉ်တွေကို ခေတ္တရပ်နားစေတာမျိုး၊ ကုန်သွယ်မှုလမ်းကြောင်းပိတ်တာမျိုးတွေ့ပဲ ဖြစ်ပါတယ်။ ဒါ့ပြင် သဘာဝဘေးအန္တရာယ် ကြုံတွေ့ရတာမျိုးများ ပါဝင်ပါတယ်။ ဒီလိုကြိုတင်မျှော်မှန်းလို့မရသည့် အခြေအနေများတွင် စာချုပ်သက်တမ်းအတွင်း တစ်ချိန်ချိန်မှာ ကြုံတွေ့ရရင် စာချုပ်ပါ ဆောင်ရွက်ရမယ့်တာဝန်ဝတ္တရားတွေကို အပြည့်အဝဖြစ်စေ ဒါမှမဟုတ် တစ်စိတ်တစ်ပိုင်းဖြစ်စေ ဆောင်ရွက်နိုင်တော့မှာ မဟုတ်ပါဘူး။ ကူးသန်းရောင်းဝယ်ရေးစာချုပ်တွေမှာ Force Majeure ကြိုတင်မမျှော်မှန်းနိုင် သည့် ဖြစ်ရပ်များဆိုပြီး ဖော်ပြကြပါသည်။ Force Majeure ကြုံတွေ့လာရင် စာချုပ်ဝင်တွေအနေနဲ့ သူတို့ဆောင်ရွက်ပေးရမယ့် တာဝန်ဝတ္တရားတွေကို စွန့်လွှတ်ခွင့်ပေးထားပါပြီး ဒီနေရာမှာ အင်္ဂလိပ်ရိုးရာဥပဒေစနစ် (common law jurisdiction) နဲ့ Civil Law Jurisdiction ကျင့်သုံးတဲ့နိုင်ငံဆိုပြီး နှစ်မျိုးခွဲခြားလေ့လာရရှိသည်။

အာရှပစိဖိတ်ဒေသတွင်း နိုင်ငံများအနက် common law jurisdiction ကို ကျင့်သုံးသည့် ဟောင်ကောင်၊ မြန်မာ၊ စင်ကာပူနိုင်ငံများတွင် Force Majeure စာပိုဒ်ကို မည်သို့ရေးသားဖော်ပြရမည်ဆိုပြီး အတိအကျဥပဒေမှာ ရေးထားတာမျိုးမရှိပေမယ့် Civil Law Jurisdiction ကျင့်သုံးသည့် ထိုင်ဝမ်၊ ထိုင်း၊ ဂျပန်၊ တရုတ် စသည့် နိုင်ငံများတွင် ဥပဒေများမှာ အတိအကျရေးသားဖော်ပြကြသည်။

**စာမျက်နှာ (၂၉) သို့**




## ရေဖြူမြို့ရှိ မြို့ဈေး၊ ဆေးဆိုင်များနှင့် ကုန်စုံဆိုင်များအား ကွင်းဆင်းအသိပညာပေး

တနင်္သာရီတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီး ဦးစီးမှူးရုံးမှဦးစီးအရာရှိဦးကျော်မင်းနှင့် ဝန်ထမ်းများသည် မေ ၁၉ ရက် နံနက် ၈ နာရီတွင် တိုင်းဒေသကြီး အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့တို့နှင့်ပူးပေါင်း၍ ရေဖြူမြို့ပေါ်ရှိ ဈေး၊ ကုန်စုံဆိုင်များနှင့် ဆေးဆိုင်များသို့ သွားရောက်ပြီး Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကာလအတွင်း အများပြည်သူအား ဈေးနှုန်းမြှင့်တင်ရောင်းချနေမှုမရှိစေရေးအတွက် သွားရောက်အသိပညာပေးခဲ့သည်။

ထိုသို့ကွင်းဆင်းရာတွင် တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ ဦးစီးအရာရှိဦးကျော်မင်းက ရေဖြူမြို့ဈေးနှင့် ဆေးဆိုင်များ၊ ကုန်စုံဆိုင်များတွင် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကာလအတွင်း ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ၊ ဆေးဝါးများ၊ စားသုံးကုန်ပစ္စည်းများ ဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးနှုန်းမြှင့်တင်ဖြန့်ဖြူးခြင်းသို့မဟုတ် ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းတို့ မဖြစ်စေရေးနှင့် စိစစ်တွေ့ရှိပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေပုဒ်မ ၅ အရ အရေးယူခံရမည်ဖြစ်ကြောင်းတို့ကို အသိပညာပေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဒေါ်မေသန်းနိုင်က ဆေးဝါးများအား ကောင်းမွန်သော ဆေးဝါးရောင်းချမှုကျင့်စဉ်နှင့်အညီ ရောင်းချရန်နှင့် တရားမဝင်ဆေးဝါးများ မရောင်းချရန် အသိပညာပေးခဲ့ကြောင်း သိရသည်။

**ရွှေဝယ်သား**

## ဧရာဝတီတိုင်းအတွင်းရှိ ကုန်စည်များအား စားသုံးသူကာကွယ်ရေး ဥပဒေနှင့်အညီ ကိုက်ညီသည့်လုပ်ငန်းများအား စိစစ်ခွင့်ပြုပေးလျက်ရှိ

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့စားသုံးသူရေးရာဦးစီးဌာနမှ တိုင်းဒေသကြီးအတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်များက ထုတ်လုပ်လျက်ရှိသော ကုန်စည်များအား စားသုံးသူကာကွယ်ရေးဥပဒေနှင့်အညီ စိစစ်ရန် ကုန်အညွှန်းအမှတ်အသားဖော်ပြရမည့်အချက်နှင့် ကိုက်ညီသည့်လုပ်ငန်းများအား တိုင်းဦးစီးမှူးရုံးက ၂၀၁၉ ခုနှစ် နိုဝင်ဘာလမှ စတင်၍ ရုံးချုပ်ထုတ်ကုန်လုံခြုံစိတ်ချရမှု ဌာနခွဲသို့ ခွင့်ပြုမိန့်ပေးရန် တင်ပြလျက်ရှိရာ ခရိုင်၊ မြို့နယ်များရှိ အချိုရည်နှင့် မုန့်မျိုးစုံလုပ်ငန်း၊ နို့နှင့်နို့ထွက်ပစ္စည်းအမျိုးမျိုးလုပ်ငန်း ရေထွက်ပစ္စည်းအမျိုးမျိုးလုပ်ငန်း၊ အသင့်စားအစားအစာအမျိုးမျိုးလုပ်ငန်း၊ ကွမ်းဆားဆေးအမျိုးမျိုးလုပ်ငန်း၊ ငရုတ်ဆီအမျိုးမျိုးလုပ်ငန်း၊ အသင့်စားမုန့်အမျိုးမျိုးလုပ်ငန်း၊ ယမကာအမျိုးမျိုးလုပ်ငန်းနှင့် တိုင်းရင်းဆေးထုတ်လုပ်သည့်လုပ်ငန်းအမျိုးမျိုးတို့ကို စားသုံးသူကာကွယ်ရေး ဥပဒေနှင့်အညီ ကုန်အညွှန်းအမှတ်အသားများ ဖော်ပြထုတ်လုပ်လျက်ရှိရာ ၂၀၂၀ မေလအထိ ဧရာဝတီတိုင်းအတွင်း ထုတ်ကုန်များအား ရုံးချုပ်သို့ တင်ပြခဲ့ရာ ခွင့်ပြုမိန့်ရကုန်စည် ၇၄၈ မျိုးရရှိပြီးဖြစ်ကြောင်း သိရသည်။

**မင်းမင်းဦး (ပုသိမ်)**

## မုံရွာမြို့ပေါ်ရှိ စတိုးဆိုင်များနှင့် ဆေးဆိုင်များအား စစ်ဆေး

မြန်မာနိုင်ငံအတွင်း COVID-19 ဗိုင်းရပ်စ်ပိုးကူးစက်လူနာများ တွေ့ရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ကြေညာပြီးနောက် စားသုံးသူပြည်သူများအကြား စိုးရိမ်ပူပန်မှုများရှိလာပြီး စားသောက်ကုန်များ၊ ဆေးဝါးများ၊ Mask & Hand Gel များ စုပြုံဝယ်ယူမှုများအပေါ် စီးပွားရေး အမြတ်ထုတ်လိုသည့် ရည်ရွယ်ချက်ဖြင့် ဈေးနှုန်းမြှင့်တင်ရောင်းချလျက်ရှိကြောင်း စားသုံးသူပြည်သူများက သတင်းပေးတိုင်ကြားမှုများ ရှိလာပါသဖြင့် ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးနှုန်းမြှင့်တင်ဖြန့်ဖြူးခြင်း သို့မဟုတ် ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းတို့ကို စိစစ်အရေးယူဆောင်ရွက်သွားရန် ညွှန်ကြားလာခြင်းအပေါ် စားသုံးသူရေးရာဦးစီးဌာန၊ မုံရွာခရိုင်ဦးစီးမှူးရုံးအနေဖြင့် အခြားမိတ်ဖက်ဌာနများ ဖြစ်သော စစ်ကိုင်းတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA)၊ ခရိုင်ကျန်းမာရေးဦးစီးဌာန၊ ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့နှင့် ပူးပေါင်း၍ မေ၇ရက်၊ ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် မုံရွာမြို့ပေါ်ရှိ ဘုရားကြီးရပ်ကွက်၊ ဒေါနခြံရပ်ကွက်၊ ချမ်းမြသာစည်ရပ်ကွက်၊ အလယ်ရပ်ကွက်၊ ရန်ကင်းရပ်ကွက်၊ မြဝတီရပ်ကွက်နှင့် ကျောက္ကာလမ်းပေါ်ရှိ စတိုးဆိုင်များနှင့် ဆေးဆိုင်များ စုစုပေါင်း ၁၈ ဆိုင်အား ကွင်းဆင်း စစ်ဆေးခဲ့သည်။

မုံရွာမြို့ပေါ်ရှိ စတိုးဆိုင်များနှင့် ဆေးဆိုင်များသည် စားသောက်ကုန်များ၊ ဆေးဝါးများ၊ Mask & Hand Gel များအား ဈေးနှုန်းများ မြှင့်တင်ရောင်းချမှုမရှိဘဲ အမြတ်အနည်းငယ်တင်သည့် ပုံမှန်ဈေးနှုန်းများဖြင့် သာရောင်းချနေကြောင်း စိစစ်တွေ့ရှိရသဖြင့် ဈေးနှုန်းကြီးမြင့်စွာအမြတ်တင်၍ မရောင်းချရန်၊ ဝယ်ဈေးနှုန်းအထောက်အထား ဘောက်ချာများကို သိမ်းဆည်းထားရန်၊ ပစ္စည်းအတုများ မရောင်းချရန် အသိပညာပေး ဆွေးနွေးခြင်းများကို မုံရွာခရိုင်ဦးစီးမှူးနှင့် စစ်ဆေးရေးအဖွဲ့များက ဆောင်ရွက်ခဲ့ကြသည်။

**သန်းသန်းတင် (မုံရွာ)**

# မုံရွာမြို့ရှိ ကန်သာယာ ယာယီပွဲကျဈေးအား သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းစစ်ဆေး

COVID-19 ရောဂါကူးစက်မှု ကာကွယ်ရေးအတွက် ဆောင်ရွက်ချက်များတွင် ယာယီဈေးများ ဖွင့်လှစ်ခြင်းသည် တစ်ခုအပါအဝင်ဖြစ်၍ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် မုံရွာမြို့နယ်စည်ပင်သာယာရေးကော်မတီက ဦးဆောင်ကြီးကြပ်၍ မုံရွာမြို့၊ ဒေါနခြံရပ်ကွက်ရှိ ကန်သာယာ ကန်ပတ်လမ်းပေါ်တွင် ကန်သာယာ ယာယီပွဲကျဈေးကို ဧပြီ၃၀ရက်တွင် စတင်ဖွင့်လှစ်ခဲ့ရာ တစ်ဆိုင်နှင့် တစ်ဆိုင်အကြား ခြောက်ပေစီခြားလျက် ဆိုင်နေရာပေါင်း ၁၃၀၀ ကျော်ဖြင့် နေ့စဉ် (နံနက် ၄နာရီ မှ ၁၀ နာရီထိ) လက်လီ/လက်ကား ရောင်းဝယ်လျက်ရှိကြသည်။

စားသုံးသူများ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းပြီး ထုတ်ကုန်များလုံခြုံစိတ်ချရမှု ရှိစေရန် ရည်ရွယ်၍ စားသုံးသူရေးရာဦးစီးဌာန၊ မုံရွာခရိုင်ဦးစီးမှူးရုံးအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA)၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ အဖွဲ့ဝင်တို့နှင့် ပူးပေါင်း၍ မေ ၁၃ရက်တွင် မုံရွာမြို့ ကန်သာယာ ယာယီပွဲကျဈေးသို့ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ဈေးဆိုင်များတွင် ရောင်းချနေသော စားသောက်ကုန်ဖြစ်သည့် မုန့်တီဖတ်၊ ပဲသွေးခဲ၊ ဆိတ်သွေးခဲ၊ ပဲပြား၊ မျှစ်၊ သရက်ချဉ်၊ သခွားချဉ်၊ ကတက်ချဉ်၊ နှမ်းဖတ်၊ စသည့် နမူနာစားသောက်ကုန်ပစ္စည်း၁၃မျိုးကို ဝယ်ယူပြီး စားသုံးရန် မသင့်သည့် ဓာတုဆိုးဆေးများ ပါဝင်ခြင်းရှိ/မရှိ FDA ဌာန Mobile Lab ကားဖြင့် စစ်ဆေးခဲ့ရာ အိုင်အမှတ်တံဆိပ်ပါ ပဲပြားတွင် စားသုံးရန်မသင့်သည့် ဖော်မလင်ပါဝင်ကြောင်း စစ်ဆေးတွေ့ရှိရပါသဖြင့် ရောင်းချနေသည့် ဆိုင်သုံးဆိုင်မှ ဆိုင်ရှင်များအား ဈေးရုံးခန်းသို့ ခေါ်ယူသတိပေးခြင်း၊ ရောင်းချနေသည့် ပဲပြားခုရေ ၅၀ ခန့်အား သိမ်းဆည်းခြင်း၊ စည်ပင်ဥပဒေအရ သိမ်းဆည်းပဲပြားများကို ဖျက်ဆီးမြေမြှုပ်ခြင်း လုပ်ငန်းများကို စစ်ဆေးသည့်အဖွဲ့ဝင်များအားလုံး၏ ရှေ့မှောက်တွင် ဆောင်ရွက်ခဲ့သည်။

**သန်းသန်းတင် (မုံရွာ)**

# တောင်ကြီးမြို့ရပ်ကွက်များရှိ အခြေခံ လူတန်းစားများအား ထောက်ပံ့ရေးရိက္ခာများလှူဒါန်း

ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ ချမ်းသာရပ်ကွက်၊ ကျောင်းကြီးစုရပ်ကွက်နှင့် ကံကြီးရပ်ကွက်ရှိ အခြေခံလူတန်းစားများအား KBZ Bank နှင့်အလှူရှင်များက လှူဒါန်းသော Covid-19 ထောက်ပံ့ရေးရိက္ခာများဖြစ်သည့် ဆန်၊ ဆီ၊ ဆား၊ ပဲများကို ရှမ်းပြည်နယ်ပြည်သူလူထု စားနပ်ရိက္ခာထောက်ပံ့ရေး ကော်မတီမှ ထောက်ပံ့ရေး ရိက္ခာများလှူဒါန်းမှုကို မေ ၂၄ရက်က အဆိုပါရပ်ကွက်များရှိ အိမ်ထောင်စု ၁၀၈၁ စုကို ပေးအပ်လှူဒါန်းခဲ့ကြသည်။

အလားတူစားနပ်ရိက္ခာလှူဒါန်းမှုများကို မေ ၂၁ ရက်က စိန်ပန်းရပ်ကွက်၊ ရွှေတောင်ရပ်ကွက်ရှိ အိမ်ထောင်စု ၁၂၂၄ စုအားလည်းကောင်း၊ မေ ၂၂ ရက်က ချမ်းမြသာစည်ရပ်ကွက်၊ ရတနာသီရိရပ်ကွက်၊ ညောင်ရွှေဟော်ကုန်းရပ်ကွက်ရှိ အိမ်ထောင်စု ၇၅၂ စုအားလည်းကောင်း၊ မေ ၂၃ ရက်က ညောင်ဖြူစခန်းရပ်ကွက်၊ စပ်စံထွန်းရပ်ကွက်ရှိ အိမ်ထောင်စု ၁၁၂၇ စုတို့အား ရိက္ခာထုပ်စုစုပေါင်း Quota အစုံ ၅၆၃၇ စုံကို လှူဒါန်းမှုများပြုလုပ်ခဲ့ကြကြောင်း သိရသည်။ **စောမောင် (တောင်ကြီး)**

# ရှမ်းပြည်နယ်(အရှေ့ပိုင်း) နယ်စပ်ဒေသများ၏ မေလ စတုတ္ထပတ်ကုန်သွယ်မှု အခြေအနေ



ရှမ်းပြည်နယ်(အရှေ့ပိုင်း)နယ်စပ်ဒေသများ၏ မေလစတုတ္ထပတ် ကုန်သွယ်မှုအခြေအနေများကို သက်ဆိုင်ရာကုန်သွယ်မှုလမ်းကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ ပေးပို့နေသော စာရင်းများအရ ကျိုင်းတုံ-မိုင်းခတ်-မိုင်းယန်း-မိုင်းလား နယ်စပ်လမ်းကြောင်းတွင် ယခုတစ်ပတ် ပို့ကုန်မရှိဘဲ၊ သွင်းကုန်အနေဖြင့် ရိတ်သိမ်းခြွေလှေ့စက်များသာ တင်သွင်းလျက်ရှိပြီး အခြေခံ စားသောက်ကုန်ဈေးနှုန်းများ တည်ငြိမ်လျက်ရှိကာ၊ စပါးအဟောင်း ၄၀ ကီလိုတစ်အိတ်လျှင် ကျပ် ၁၃၀၀၀၊ စပါးအသစ် ကီလို ၄၀ တစ်အိတ်လျှင် ကျပ် ၁၂၅၀၀ ဈေးအသီးသီးရှိသည်။ ဒေသဆန်မှော်ဘီ(၃)ကီလို၅၀ တစ်အိတ်လျှင် ကျပ် ၃၁၀၀၀ဖြင့် ဈေးငြိမ်လျက်ရှိနေသည်။

တာချီလိတ်မြို့ မယ်ယန်းကုန်သွယ်ရေးစခန်းမှ တစ်ပတ်အတွင်း အများဆုံးတင်ပို့သော ကုန်ပစ္စည်းများမှာ ပြောင်း၊ မင်းဂနီး(စ်)ဒိုင်အောက်ဆိုဒ်၊ ဗူးခွံ၊ ပုလင်းခွံ၊ ဓာတ်ဆီတို့ဖြစ်ကြပြီး သွင်းကုန်မှာ ဘိလပ်မြေ၊ ဒီဇယ်၊ ဓာတ်ဆီ၊ နေကြာစေ့၊ သံချောင်း၊ ဆပ်ပြာမှုန့်များဖြစ်ကာ ယခင်တစ်ပတ်ထက် ကုန်သွယ်မှု ဒေါ်လာ ၂ ဒသမ ၀၃၆ သန်း တိုးလာကြောင်း သိရသည်။

မိုင်းယောင်း-မိုင်းယု ကုန်သွယ်ရေးလမ်းကြောင်းမှ ယခုတစ်ပတ်အတွင်း သွင်းကုန်မရှိဘဲ အဓိက တင်ပို့သော ပို့ကုန်မှာ ငှက်ပျောဖြစ်ကြောင်း သိရသည်။ **စောမောင် (တောင်ကြီး)**

# ဧရာဝတီတိုင်းဒေသကြီး၌ တောင်သူများအား စိုက်ပျိုးစရိတ်ချေးငွေ ဘီလီယံ ၂၉၀ ကျော် ထုတ်ချေးရန် လျာထား

ဧရာဝတီတိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ၂၀၂၀ မိုးစပါးရာသီတိုင်းအတွင်း မြို့နယ် ၂၆ မြို့နယ်မှစိုက်ဧက ၁၉ သိန်း ၇ သောင်းကျော်အတွက် တစ်ဧကလျှင် ကျပ်တစ်သိန်းခွဲနှုန်းဖြင့် တောင်သူများအား စိုက်ပျိုးစရိတ်ချေးငွေ ဘီလီယံ ၂၉၀ ကျော် ထုတ်ချေးရန်လျာထားကြောင်း အဆိုပါဘဏ်မှ သိရသည်။

မိုးစပါးစိုက်ပျိုးစရိတ် ထုတ်ချေးမည့် တောင်သူများမှာ သက်ဆိုင်ရာဒေသတွင် အမြဲတမ်းနေထိုင်သည့် ထောက်ခံချက်နှင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြု ပုံစံ-၇ မူရင်းကို အာမခံအဖြစ် ဘဏ်ကိုပေးရမှာဖြစ်ပြီး အမှန်တကယ်စိုက်ပျိုးမည့် တောင်သူဖြစ်ရန်နှင့် မိုးစပါးချေးငွေများကို တစ်ဧကမှ အများဆုံး ၁၀ ဧကအထိ ထုတ်ချေးပေးမည်ဖြစ်ကြောင်း ယခင်နှစ်က အတိုးနှုန်း ၈ ရာခိုင်နှုန်းဖြင့် ထုတ်ချေးပေးပြီး ယခုနှစ်တွင် အတိုးနှုန်းလျှော့၍ ၅ ရာခိုင်နှုန်းဖြင့် ချေးပေးသွားမှာဖြစ်ကြောင်း သိရသည်။

တောင်သူလယ်သမားများ ချေးငွေလာရောက်ထုတ်ယူရာတွင် Covid-19 ကာလအတွင်း ရောဂါကူးစက်မှု မဖြစ်ပွားစေရန် ရုံးကိုလာရောက်ရာတွင် Mask တပ်ဆင်လာရန်နှင့် ရုံးမှာလည်း လက်ဆေးရန် ဆောင်ရွက်ထားရှိကြောင်း၊ မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေများကို မေ၁၅ ရက်မှစတင်၍ ထုတ်ချေးပေးလျက်ရှိရာ မေလလယ်မှစက်တင်ဘာလအထိ ထုတ်ချေးပေးမည်ဖြစ်ကြောင်း မေ ၂၆ ရက်အထိ တိုင်းအတွင်းရှိကျေးရွာအုပ်စု ၁၆ စု၊ တောင်သူဦးရေ ၁၅၁၅၄ ဦး၊ စိုက်ဧက ၁၀၂၃၆၉ ဧကအတွက် ချေးငွေ ၁၅၃၅၅ ဒသမ ၃၅ သန်း ထုတ်ချေးပေးပြီးဖြစ်ကြောင်း တိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ သိရသည်။ **မင်းမင်းဦး (ပုသိမ်)**

## နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်

| | | |
|---|---|---|
| (၁) မြန်မာကုန်သွယ်မှုဗဟိုဌာန (Myanmar Trade Center) | ဖုန်း-၀၁ ၂၅၄၀၂၄ | ဖက်စ်- ၀၁ ၂၅၄၀၂၃ **အီးမေးလ်**-itpic.moc@gmail.com |
| (၂) Myanmar-EU Trade Help Desk | ဖုန်း- ၀၉ ၄၃၀ ၄၁ ၈၄၇ | **အီးမေးလ်**- mmeu.tradehelpdesk@gmail.com |

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC) စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | ဓမ္မစေတီလမ်း၊ အမှတ်(၅)ကျောင်းရှေ့၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

# စက်သုံးဆီ(ဓာတ်ဆီ၊ ဒီဇယ်)၊ ဆန်၊ သကြား၊ ရွှေနှင့် အမေရိကန်ဒေါ်လာ ပြည်တွင်း

## စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်) ပြည်တွင်းဈေးနှုန်းနှင့်ကမ္ဘာ့ဈေးကွက်အခြေအနေသုံးသပ်ချက်

ကမ္ဘာ့လောင်စာဆီဈေးကွက် အခြေအနေအား လေ့လာကြည့်ရာတွင် ဓာတ်ဆီဈေးနှုန်းသည် ၂၀၂၀ ပြည့်နှစ် မေ ၂၅ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ဈေးနှုန်းများအရ ကမ္ဘာ့နိုင်ငံပေါင်း ၁၂၉ နိုင်ငံအနက် မိုနာကို၊ နယူးဇီလန်၊ ချီလီနှင့် နယ်သာလန် စသည့် ၄၂ နိုင်ငံတို့တွင် ဈေးနှုန်းမြင့်တက်ခဲ့ပြီး ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်သည့် ပနားမားနိုင်ငံတွင် ယခင်တစ်ပတ်ဈေးနှုန်းထက် ၁၁ ဒသမ ၄၀ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။

ယခုတစ်ပတ်အတွင်း ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ ဗီယက်နမ်၊ တရုတ်၊ ဘူတန်၊ အိန္ဒိယ၊ ပါကစ္စတန်၊ ကာတာ၊ တောင်ကိုရီးယား၊ ယူအေအီး၊ ယူကေ၊ အာဂျင်တီးနား၊ ဘယ်ဂျီယမ်၊ ဘီနင်၊ ကိုလမ်ဘီယာ၊ ရုရှားနှင့် တောင်အာဖရိက စသည့်နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၇၄ နိုင်ငံတွင် ယခင်တစ်ပတ်ဈေးနှုန်းများအတိုင်း ပြောင်းလဲခြင်းမရှိဘဲ ဓာတ်ဆီဈေးနှုန်းတည်ငြိမ်ခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။

ဓာတ်ဆီဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် ဘရာဇီး၊ ဆွီဒင်၊ အိုင်ယာလန်၊ ချီလီ၊ ပီရူး၊ အိုက်စ်လန်နှင့် ဆွစ်ဇာလန် စသည့် နိုင်ငံ ပေါင်း ၁၃ နိုင်ငံရှိ၍ ယခင်တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၄ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ ကြောင်း တွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ ၂၀၂၀ ပြည့်နှစ် မေ ၂၅ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ဓာတ်ဆီဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်လျှင် မလေးရှားနိုင်ငံတွင် ၅ ဒသမ ၃၀ ရာခိုင်နှုန်း၊ မြန်မာနိုင်ငံတွင် ၅ ဒသမ ၀၀ ရာခိုင်နှုန်း၊ ထိုင်းနိုင်ငံ တွင် ၁ ဒသမ ၈၀ ရာခိုင်နှုန်း၊ စင်ကာပူနိုင်ငံတွင် ၁ ဒသမ ၅၀ ရာခိုင်နှုန်းနှင့် ဖိလစ်ပိုင်နိုင်ငံတွင် သုည ဒသမ ၃၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်ခဲ့ကာ ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေကြောင်း လေ့လာတွေ့ရှိရ သည်။

ဒီဇယ်ဆီဈေးနှုန်းသည် ၂၀၂၀ ပြည့်နှစ် မေ ၂၅ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့နိုင်ငံပေါင်း ၁၂၉ နိုင်ငံအနက် ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၄၀ နိုင်ငံရှိပြီး ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်သည့် ပနားမားနိုင်ငံတွင် ယခင်တစ်ပတ် ဈေးနှုန်းထက် ၆ ဒသမ ၆၀ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း တွေ့ရှိရသည်။

ယခုတစ်ပတ်အတွင်း ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ ဗီယက်နမ်၊ တရုတ်၊ ဘူတန်၊ တောင်ကိုရီးယား၊ အိန္ဒိယ၊ ပါကစ္စတန်၊ ကာတာ၊ အာဖဂန်နစ္စတန်၊ USA၊ အာဂျင်တီးနား၊ အိုမန်၊ တောင်အာဖရိကနှင့် ယူအေအီး စသည့်နိုင်ငံများ အပါအဝင် ၆၇ နိုင်ငံတွင် ယခင်တစ်ပတ်များအတိုင်း ဈေးနှုန်းအပြောင်းအလဲမရှိဘဲ ဒီဇယ်ဈေးနှုန်းတည်ငြိမ်လျက်ရှိခဲ့ကြောင်း တွေ့ရှိရသည်။

ဒီဇယ်ဈေးနှုန်းကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် ဖိလစ်ပိုင်၊ အိုင်ယာလန်၊ ယူကေ၊ ဒိန်းမတ်၊ ဆွစ်ဇာလန်၊ချီလီ၊ နယ်သာလန်နှင့် ဘရာဇီး စသည့်နိုင်ငံပေါင်း ၂၂ နိုင်ငံရှိပြီး ယခင်တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်း မှ ၅ ဒသမ ၂၀ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ ၂၀၂၀ ပြည့်နှစ် မေ ၂၅ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ဒီဇယ်ဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်လျှင် ထိုင်းနိုင်ငံတွင် ၅ ဒသမ ၇၀ ရာခိုင်နှုန်း၊ မလေးရှားနိုင်ငံတွင် ၄ ဒသမ ၁၀ ရာခိုင်နှုန်း၊ မြန်မာနိုင်ငံတွင် ၃ ဒသမ ၇၀ ရာခိုင်နှုန်းနှင့် စင်ကာပူနိုင်ငံတွင် ၂ ဒသမ ၄၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်ခဲ့ပြီး ဖိလစ်ပိုင်နိုင်ငံတွင် သုည ဒသမ ၂၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းကျဆင်းခဲ့ကာ ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်းအပြောင်း အလဲမရှိ တည်ငြိမ်နေခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။ အာဆီယံ နိုင်ငံများ၏ ၂၀၂၀ ပြည့်နှစ် မေ ၂၅ ရက်တွင် ဖြစ်ပေါ်နေသော ဓာတ်ဆီ၊ ဒီဇယ်တစ်လီတာဈေးနှုန်းများကို အောက်ပါအတိုင်း ဖော်ပြအပ်သည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | မြန်မာ | လီတာ | ၀.၄၅ | ၀.၄၀ |
| ၂ | အင်ဒိုနီးရှား | လီတာ | ၀.၆၂ | ၀.၆၇ |
| ၃ | ထိုင်း | လီတာ | ၀.၈၇ | ၀.၆၄ |

## ဆန် ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ပြည်ပဆန်ဈေးကွက်ကို လေ့လာကြည့်ပါက ၂၀၂၀ ပြည့်နှစ် မေ ၂၅ ရက်တွင် International Rice Market Website ၌ဖော်ပြချက်အရ ပါကစ္စတန်ဆန်ဈေးနှုန်းများမှာ ဧည့်မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၅၃ ဖြင့်လည်းကောင်း၊ ဧည့်မထ ၂၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၉၁ ဖြင့် လည်းကောင်း ဖြစ်ပေါ်ခဲ့သည်ကို သိရှိရသည်။ ထိုင်းဆန်ဈေးနှုန်းများမှာ ၁၀၀% ဘီဂရိတ်ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၉၈ ဖြင့် လည်းကောင်း၊ ဧည့်မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၈၈ ဖြင့် လည်းကောင်း၊ ဧည့်မထ ၂၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၆၅ ဖြင့်လည်းကောင်း၊ ပေါင်းဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၈၀ ဒေါ်လာဖြင့်လည်းကောင်း အသီးသီးဖြစ်ပေါ်ခဲ့သည်။

ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးကွက်တွင် ဧည့်မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၅၂ ဖြင့် လည်းကောင်း၊ ဧည့်မထ ၂၅ မှတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၂၃ ဖြင့် လည်းကောင်း ရှိခဲ့ပြီး အိန္ဒိယနိုင်ငံတွင် ဧည့်မထ ၂၅ မှတ်ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၈၀ ဖြင့် လည်းကောင်း၊ ပေါင်းဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၈၃ ဖြင့်လည်းကောင်း အသီးသီးဖြစ်ပေါ်ခဲ့သည်။

ဆန်ဈေးကွက်နှင့်ပတ်သက်သည့် ပြည်ပသတင်းများအနေဖြင့် ကမ္ဘာ့ဆန်တင်သွင်းမှု အများဆုံး နိုင်ငံများတွင် တစ်ခုအပါအဝင်ဖြစ်သည့် ဖိလစ်ပိုင်နိုင်ငံသည် ပြည်တွင်းဆန်ထုတ်လုပ်မှုမြှင့်တင်ရေး ကြိုးပမ်းနေသကဲ့သို့ ပြည်ပမှ ဆန်ကိုလည်း တိုးမြှင့်ဝယ်ယူခဲ့သဖြင့် ယခုနှစ်ကုန်တွင် နိုင်ငံ၏ ဆန်လက်ကျန်စာရင်းမှာ တန်ချိန် ၃ ဒသမ ၃ သန်း ရှိလာနိုင်ကြောင်း အစိုးရတာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်ကို သိရှိရသည်။ အဆိုပါ ပမာဏမှာ ၁၀ စုနှစ် တစ်ခုအတွင်း အများဆုံးသော ဖိလစ်ပိုင်နိုင်ငံ၏ နှစ်ကုန်ဆန်စာရင်းဖြစ်ကြောင်း ဖိလစ်ပိုင် စာရင်းအင်းအာဏာပိုင်အဖွဲ့မှ ထုတ်ပြန်ထားသည့် ကိန်းဂဏန်းများအရ သိရှိရသည်။

၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလကုန်ထိ အဓိက အခြေခံစားကုန်ဖြစ်သည့် ဆန်အပါအဝင် မိမိတို့နိုင်ငံအတွက် စားနပ်ရိက္ခာအလုံအလောက် ရှိနေမည်ဖြစ်ကြောင်း ဖိလစ်ပိုင်၊ စိုက်ပျိုးရေးအတွင်းဝန် William Dar က ပြောကြားခဲ့သည်ကို သိရှိရသည်။ ဖိလစ်ပိုင်နိုင်ငံ၏ ဆန်ရှားပါးသည့်လများမှာ ပြည်တွင်းဆန် ထုတ်လုပ်မှုနည်းသော ဇူလိုင်လမှ စက်တင်ဘာလအထိဖြစ်ပြီး ပြည်တွင်းစားသုံးမှုအတွက် နှစ်ကုန်ဆန်စာရင်းခန့်မှန်းခြေမှာ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလကုန်အထိ လုံလောက်မည်ဖြစ်ကြောင်း၊ ယင်းသို့ခန့်မှန်းချက်တွင် အစိုးရကတင်သွင်းရန် ဆောင်ရွက်နေသော ဆန်တန်ချိန်သုံးသိန်းကို ထည့်သွင်းတွက်ချက်ထားခြင်းဖြစ်ကြောင်း William Dar က ပြောကြားခဲ့သည်။

အဆိုပါ တင်သွင်းမှုမှာ ယခင်နှစ်က စတင်သက်ရောက်ခဲ့သည့် ဆန်တင်သွင်းမှုပမာဏ အကန့်အသတ် ဖယ်ရှားမှုနောက်ပိုင်း အစိုးရ၏ ပထမဆုံးဆန်တင်သွင်းမှုဖြစ်ကြောင်း သိရှိရသည်။ ဆန်များ ထပ်မံတင်သွင်းခြင်းကြောင့် ယခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံ၏ စုစုပေါင်း ဆန်တင်သွင်းမှုမှာ တန်ချိန်သုံးသန်းအထိ စံချိန်တင်ရောက်ရှိခဲ့ပြီး ယခင်နှစ် တစ်နှစ်လုံး၏ ဆန်ဝယ်ယူမှု တန်ချိန် ၂ ဒသမ ၉ သန်းကိုပင် ကျော်ဖြတ်သွားခဲ့သည်ကို သိရှိရသည်။

ဆန်ဈေးကွက်နှင့်ပတ်သက်သည့် ပြည်တွင်းသတင်းများအနေဖြင့် ကမ္ဘာတစ်ဝန်း Covid-19 ကူးစက်ရောဂါဖြစ်ပွားနေစဉ် ယခုကာလအတွင်း မြန်မာ့ဆန်အား တန်ချိန်သိန်းချီဝယ်ယူလိုကြောင်း အာဆီယံနိုင်ငံများက ဆက်တိုက် ကမ်းလှမ်းလာကြောင်း မြန်မာနိုင်ငံ၊ ဆန်စပါးကုန်သည်ကြီးများအသင်း ဥက္ကဋ္ဌ ဦးအောင်သန်းဦးက ပြောကြားခဲ့သည်ကို သိရှိရပါသည်။ အဆိုပါနိုင်ငံများသည် ယခင်က မြန်မာ့ဆန်ကို ဝယ်ယူမှုနည်းသည့် နိုင်ငံများဖြစ်ပြီး ယခုအခါတွင် ဆန်ဝယ်ယူလိုကြောင်း အစိုးရထံသို့ တိုက်ရိုက်ကမ်းလှမ်းလာခြင်းဖြစ်ကြောင်း သိရှိရသည်။ ဆန်ဝယ်ယူလိုသည့် နိုင်ငံများမှ အစိုးရအချင်းချင်း ကမ်းလှမ်းလာခြင်းဖြစ်ပြီး သံရုံးများမှတစ်ဆင့်လည်း ကမ်းလှမ်းလာကြကြောင်း သိရှိရသည်။

ဆန်ဝယ်ယူလိုမှု ကမ်းလှမ်းလာသည့်နိုင်ငံ များပြားလာသော်လည်း မိမိတို့အနေဖြင့် ဖိလစ်ပိုင်၊ အင်ဒိုနီးရှားနှင့် မလေးရှား သုံးနိုင်ငံခန့်ကို တင်ပို့နိုင်ရန် ဆုံးဖြတ်ထားကြောင်း၊ ရောင်းချရာတွင်လည်း အစိုးရအချင်းချင်း ရောင်းချမည်ဖြစ်ပြီး ဖိလစ်ပိုင်နိုင်ငံ သည် ဆန်တန်ချိန် သုံးသိန်းအထိ ဝယ်ယူနိုင်ရန် ကမ်းလှမ်းလာခဲ့ကြောင်း သိရှိရသည်။ လက်ရှိတွင် နိုင်ငံတော်က ပြည်တွင်းစားသုံးမှု ထိခိုက်မှုမရှိစေရန် ပြည်ပသို့ တင်ပို့မှုကို အကန့်အသတ်ဖြင့်သာ ခွင့်ပြုထားခြင်းဖြစ်ပြီး အာဆီယံနိုင်ငံများသို့ ဆန်တင်ပို့ရောင်းချမှုအား မကြာခင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း ဥက္ကဋ္ဌ ဦးအောင်သန်းဦးက ပြောကြားခဲ့သည်ကို သိရှိရသည်။

ပိုးမွှားကင်းစင်ကြောင်း ထောက်ခံချက်မရှိ၍ တရုတ်နိုင်ငံ၊ ကျယ်ဂေါင်မြို့တွင် နှစ်လကျော် ကြာပိတ်မိနေသည့် ဆန်တန်ချိန် ၅၀၀၀ ကို မြန်မာနိုင်ငံဘက်သို့ပြန်လည်သယ်ယူစစ်ဆေးပြီးမှ သာ တရုတ်နိုင်ငံဘက်မှ ဝယ်ယူမည်ဖြစ်ကြောင်း မူဆယ် ၁၀၅ မိုင် ဆန်စပါးကုန်စည်ဒိုင်မှ သိရှိရပါသည်။ သို့ဖြစ်၍ ကျယ်ဂေါင်မြို့ရှိ ဆန်တန်ချိန် ၅၀၀၀ ကို မူဆယ်ဘက်သို့ ပြန်လည်သယ်ယူရမည်ဖြစ်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ပြန်လည်စစ်ဆေးပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။ ယခုလက်ရှိတွင် ပြန်လည်သယ်ယူနေပြီဖြစ်ပြီး ဆန်အိတ်ရေ တစ်သိန်းနှစ်သောင်းတွင် ဆန်အိတ်ရေနှစ်သောင်းခန့် ပြန်လည်သယ်ယူပြီးဖြစ်ကြောင်း သိရှိရသည်။

ယင်းဆန်များသည် ဧပြီ ၃ ရက်တွင် မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ တရုတ်နိုင်ငံ ကျယ်ဂေါင်မြို့မှတစ်ဆင့် ရွှေလီမြို့သို့ တင်ပို့မည့် ဆန်တန်ချိန် ၅၀၀၀ ကျော်(အိတ်ရေ တစ်သိန်းနှစ်သောင်းကျော်) ဖြစ်ပြီး ရွှေလီအကောက်ခွန် စစ်ဆေးရေးဂိတ်တွင် မြန်မာအစိုးရ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ပိုးမွှားကင်းစင်ကြောင်း ထောက်ခံချက် မပါဝင်သည့်အတွက် ရွှေလီသို့ ဝင်ခွင့်မပြုခဲ့ခြင်း ဖြစ်သည်။ မြန်မာနိုင်ငံအစိုးရ၏ ပိုးမွှားကင်းစင်ကြောင်းထောက်ခံချက် (AQSIQ) မပါရှိခြင်းကြောင့် တရုတ်အစိုးရကလက်မခံ၍ နှစ်လကျော်ခန့် ကြန့်ကြာသွားသော်လည်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ လာရောက်စစ်ဆေးကာ ပိုးမွှားကင်းစင်ကြောင်း ထောက်ခံချက် ထုတ်ပေးမည်ဖြစ်ပြီး ယင်းသို့ စိစစ်ပြီးမှသာ တရုတ်နိုင်ငံမှ ပြန်လည်လက်ခံမည်ဖြစ်ကြောင်း သိရှိရသည်။

တရုတ်နိုင်ငံသို့ ဆန်တင်ပို့ရာတွင် ယခင်က မူဆယ်၁၀၅ မိုင်ကုန်သွယ်ရေးဇုန်မှ ထောက်ခံချက်ဖြင့်ရရှိခဲ့သော်လည်း ယခုအချိန်တွင် နေပြည်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ထောက်ခံချက်ကို တရုတ်ဘက်မှ တောင်းဆိုခဲ့ခြင်းဖြစ်သည်။ ထိုသို့ဖြစ်ပေါ်နေမှုများကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှတစ်ဆင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသို့ မူဆယ် ၁၀၅ မိုင် ဆန်စပါးကုန်စည်ဒိုင်က တင်ပြခဲ့ပြီး ယင်းဆန်တင်ပို့မှုသည် မြန်မာနှင့် တရုတ်ကုမ္ပဏီများအကြား တရားဝင်ရောင်းဝယ်၍ တင်ပို့ခြင်းဖြစ်ပြီး ဆန်ဝယ်ယူရန် တရုတ်ကုမ္ပဏီ ၃၀ ခန့်ကို ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလတွင် တရုတ် အစိုးရက တရားဝင်လိုင်စင်

စာမျက်နှာ ၂၇ သို့

# ဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ၊ အပတ်စဉ်ဈေးနှုန်း သုံးသပ်ချက်

| | | | | |
|---|---|---|---|---|
| ၄ | ဗီယက်နမ် | လီတာ | ၀.၅၃ | ၀.၄၃ |
| ၅ | စင်္ကာပူ | လီတာ | ၁.၃၅ | ၁.၁၄ |
| ၆ | မလေးရှား | လီတာ | ၀.၃၂ | ၀.၃၅ |
| ၇ | ဖိလစ်ပိုင် | လီတာ | ၀.၈၂ | ၀.၅၉ |
| ၈ | ကမ္ဘောဒီးယား | လီတာ | ၀.၇၂ | ၀.၅၆ |
| ၉ | လာအို | လီတာ | ၁.၀၈ | ၀.၈၈ |
| ၁၀ | ဘရူနိုင်း | Global Petrol Prices website တွင် ဖော်ပြထားခြင်းမရှိပါ။ | | |

၂၀၂၀ ပြည့်နှစ် မေ ၂၅ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့စက်သုံးဆီဈေးနှုန်းမှာ ဓာတ်ဆီ တစ်လီတာတွင် အမေရိကန်ဒေါ်လာ သုည ဒသမ ၉၂ နှင့် ဒီဇယ်ဆီ တစ်လီတာတွင် အမေရိကန်ဒေါ်လာ သုည ဒသမ ၈၃ ရှိပြီး စက်သုံးဆီဈေးနှုန်းနိုင်ငံအလိုက် နည်း/များတွင် မြန်မာနိုင်ငံသည် ဓာတ်ဆီဈေးနှုန်း တစ်လီတာ သုည ဒသမ ၄၅ ဒေါ်လာနှုန်းဖြင့် ၁၃ နိုင်ငံမြောက်နှင့် ဒီဇယ်ဆီဈေးနှုန်း တစ်လီတာ သုည ဒသမ ၄၀ ဒေါ်လာနှုန်းဖြင့် ၁၃ နိုင်ငံမြောက်တွင်ရှိနေကြောင်း တွေ့ရှိရပါသည်။ ယခုအပတ် တွင် ဓာတ်ဆီ၊ ဒီဇယ်ဈေးနှုန်း အနည်းဆုံး/အများဆုံး နိုင်ငံများစာရင်းကို တစ်လီတာဈေးနှုန်းများဖြင့် တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ဓာတ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဓာတ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | အီရန် | လီတာ | ၀.၀၉ | ဟောင်ကောင် | လီတာ | ၂.၁၇ |
| ၂ | ဆူဒန် | လီတာ | ၀.၁၄ | နယ်သာလန် | လီတာ | ၁.၆၂ |
| ၃ | ဆော်ဒီအာရေဗျ | လီတာ | ၀.၂၂ | မော်လ်တာ | လီတာ | ၁.၅၄ |
| ၄ | အင်ဂိုလာ | လီတာ | ၀.၂၈ | ဘာဘေဒို | လီတာ | ၁.၅၃ |
| ၅ | ကာတာ | လီတာ | ၀.၂၉ | နော်ဝေ | လီတာ | ၁.၅၃ |

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ဒီဇယ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဒီဇယ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | အီရန် | လီတာ | ၀.၀၂ | ဟောင်ကောင် | လီတာ | ၁.၇၅ |
| ၂ | ဆော်ဒီအာရေဗျ | လီတာ | ၀.၁၃ | အယ်ဒေးနီးယား | လီတာ | ၁.၄၉ |
| ၃ | ဆူဒန် | လီတာ | ၀.၁၆ | မိုနာကို | လီတာ | ၁.၄၇ |
| ၄ | အယ်လ်ဂျီးရီးယား | လီတာ | ၀.၂၂ | ဆွီဒင် | လီတာ | ၁.၄၅ |
| ၅ | အင်ဂိုလာ | လီတာ | ၀.၂၃ | ဆွစ်ဇာလန် | လီတာ | ၁.၄၄ |

မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုအများဆုံး ဆောင်ရွက်နေသော တရုတ်၊ ဂျပန်နှင့် အိန္ဒိယနိုင်ငံများ၏ စက်သုံးဆီ တစ်လီတာဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | တရုတ် | လီတာ | ၀.၈၃ | ၀.၇၂ |
| ၂ | ဂျပန် | လီတာ | ၁.၁၃ | ၀.၉၅ |
| ၃ | အိန္ဒိယ | လီတာ | ၀.၉၈ | ၀.၈၉ |

Oil-Price.Net Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့ရေနံစိမ်း (Crude Oil) နေ့စဉ် ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြ


## ကေသွယ်(တန့်ဆည်မြေ)

အပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ရက်စွဲ | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|---|
| ၁ | ၂၂.၅.၂၀၂၀ | စည် | ၃၃.၉၂ |
| ၂ | ၂၅.၅.၂၀၂၀ | စည် | ၃၃.၂၅ |
| ၃ | ၂၆.၅.၂၀၂၀ | စည် | ၃၄.၃၅ |
| ၄ | ၂၇.၅.၂၀၂၀ | စည် | ၃၂.၈၁ |
| ၅ | ၂၈.၅.၂၀၂၀ | စည် | ၃၃.၇၁ |

၂၀၂၀ ပြည့်နှစ် မတ် ၃၀ ရက်မှ မေ ၂၅ ရက်ထိ အပတ်စဉ် ဓာတ်ဆီ၊ ဒီဇယ်နှင့် ရေနံစိမ်းဈေးနှုန်းပြောင်းလဲမှုများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-




**စာမျက်နှာ ၂၆ သို့**

## ရွှေနှင့် အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ သုံးသပ်တင်ပြခြင်း

ကမ္ဘာ့ရွှေဈေးသည် မေလ ၁၈ရက်နေ့တွင် အခေါက်ရွှေတစ်အောင်စလျှင် ၁၇၆၀ ဒေါ်လာအထိ မြင့်တက်လာခဲ့ရာမှ ပြန်လည်ကျဆင်းလာခဲ့ပြီး မေ ၂၇ ရက်တွင် ၁၇၀၅ ဒေါ်လာအထိပြန်လည်ကျဆင်းလာခဲ့ပြီး မေ ၂၈ ရက်တွင် ၁၇၂၈ ဒေါ်လာဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရပါသည်။ထိုသို့ ကမ္ဘာ့ရွှေဈေး ပြန်လည်ကျဆင်းလာခဲ့သည့်အတွက် ပြည်တွင်းအခေါက်ရွှေဈေးနှုန်းများလည်း လိုက်ပါကျဆင်းလာခဲ့ကြောင်း ရန်ကုန်မြို့၏ အဓိကရွှေဈေးကွက်ဖြစ်သော ရွှေဘုံသာ ဈေးကွက်အတွင်းမှ သိရှိရပါသည်။ ကမ္ဘာ့ရွှေဈေးသည် ပြီးခဲ့သည့်ရက်ပိုင်းကထက် ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ၃၂ ဒေါ်လာခန့် ကျ ဆင်းလာခဲ့ပြီး ပြည်တွင်းအခေါက်ရွှေဈေးနှုန်းမှာ၁၆ ပဲရည် တစ်ကျပ်သားလျှင် ကျပ် ၁၉၀၀၀ ခန့် ကျဆင်းလာခဲ့ကြောင်း ရန်ကုန်ရွှေဈေးကွက်အတွင်းမှ သိရှိရပါသည်။

မန္တလေးမြို့တွင် ရွှေဆိုင်များအနေဖြင့် ကိုဗစ်ကာလအတွင်း ရောဂါကူးစက်မှု ကြိုတင်ကာကွယ်သည့်အနေဖြင့် ယာယီပိတ်ထားခဲ့ရာမှ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် လမ်းညွှန်ချက်များ၊ စည်းကမ်းချက်များကိုအပြည့်အဝလိုက်နာစေပြီး မေ ၁၆ ရက်မှစတင်ကာ ပြန်လည်ဖွင့်လှစ်ခွင့်ပြုထားကြောင်း သိရှိရပါသည်။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် ပြန်လည်ဖွင့်လှစ်ထားသည့် ရွှေဆိုင်များအား လိုက်လံစစ်ဆေးမှုများ ပြုလုပ်သွားမည်ဖြစ်ကာ Covid-19 ရောဂါ ကာကွယ်ရေးအား စနစ်တကျလုပ်ဆောင်ထားရန် လိုအပ်ပြီး စည်းကမ်းမလိုက်နာသည့် ရွှေဆိုင်များ စစ်ဆေးတွေ့ရှိပါက ရွှေဆိုင်လိုင်စင် ပိတ်သိမ်းသည်အထိ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

ပြည်တွင်းရွှေဈေးကွက်တွင် အရောင်းအဝယ်အေးလျက်ရှိပြီး ရွှေဆိုင်များတွင်လည်း အရောင်းအဝယ် ကောင်းမွန်ခြင်းမရှိဘဲ ရွှေတုံးအရောင်းအဝယ်သာ အနည်းငယ် ဖြစ်ပေါ်နေကြောင်းရွှေကုန်သည်များထံမှ သိရှိရပါသည်။ လက်ရှိပြည်တွင်း အရောင်းအဝယ် အခြေအနေကြောင့် ရွှေဈေးအပြောင်းအလဲဖြစ်ပေါ်နိုင်ခြေနည်းပါးပြီး

**စာမျက်နှာ ၂၆ သို့**

## သကြား ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ယခုတစ်ပတ်အတွင်း ကမ္ဘာ့သကြားဈေးနှုန်းများအနေဖြင့် International Sugar Organization(ISO) ၏ website ဖြစ်သော www.isosugar.org တွင်ဖော်ပြချက်များအရနေ့စဉ်ဖြစ်ပေါ်နေသည့်ကမ္ဘာ့သကြားဈေးနှုန်းများကိုလေ့လာတွေ့ရှိရပါသည်။ အဆိုပါ website တွင်ဖော်ပြချက်များအရသကြားဖြူ (White Sugar)တစ်တန်လျှင် မေ ၁ ရက်တွင် အမေရိကန်ဒေါ်လာ ၃၄၆ ဒသမ ၁၅ ဒေါ်လာပေါက်ဈေးရှိခဲ့ရာမှအတက်အကျအပြောင်းအလဲများဆက်လက်ဖြစ်ပေါ်လျက်ရှိပြီး မေ ၂၇ ရက်တွင် သကြားဖြူ (White Sugar) တစ်တန်လျှင်အမေရိကန်ဒေါ်လာ ၃၅၄ ဒသမ ၅၅ ဒေါ်လာဖြစ်ပေါ်ခဲ့သည်ကိုအောက်ပါအတိုင်းတွေ့ရှိရပါသည်-

| Date | ISA Daily Price | 15 Day Average | White Sugar Price Index | |
|---|---|---|---|---|
| 27-May-20 | 11.13 cts/lb | 10.91 cts/lb | 354.55 $/T | 16.08 cts/lb |
| 26-May-20 | 11.30 cts/lb | 10.91 cts/lb | 362.75 $/T | 16.45 cts/lb |
| 22-May-20 | 11.16 cts/lb | 10.88 cts/lb | 355.40 $/T | 16.12 cts/lb |
| 21-May-20 | 11.22 cts/lb | 10.89 cts/lb | 354.75 $/T | 16.09 cts/lb |
| 20-May-20 | 11.38 cts/lb | 10.84 cts/lb | 356.00 $/T | 16.15 cts/lb |
| 19-May-20 | 11.12 cts/lb | 10.75 cts/lb | 352.90 $/T | 16.01 cts/lb |
| 18-May-20 | 11.10 cts/lb | 10.64 cts/lb | 351.95 $/T | 15.96 cts/lb |
| 15-May-20 | 10.70 cts/lb | 10.53 cts/lb | 346.25 $/T | 15.71 cts/lb |
| 14-May-20 | 10.76 cts/lb | 10.48 cts/lb | 344.40 $/T | 15.62 cts/lb |
| 13-May-20 | 10.62 cts/lb | 10.43 cts/lb | 336.75 $/T | 15.27 cts/lb |
| 12-May-20 | 10.62 cts/lb | 10.39 cts/lb | 335.80 $/T | 15.23 cts/lb |
| 11-May-20 | 10.50 cts/lb | 10.35 cts/lb | 333.40 $/T | 15.12 cts/lb |
| 7-May-20 | 10.71 cts/lb | 10.33 cts/lb | 339.55 $/T | 15.40 cts/lb |
| 6-May-20 | 10.68 cts/lb | 10.31 cts/lb | 337.90 $/T | 15.33 cts/lb |
| 5-May-20 | 11.17 cts/lb | 10.28 cts/lb | 350.05 $/T | 15.88 cts/lb |
| 4-May-20 | 10.81 cts/lb | 10.22 cts/lb | 336.80 $/T | 15.28 cts/lb |
| 1-May-20 | 11.35 cts/lb | 10.19 cts/lb | 346.15 $/T | 15.70 cts/lb |

၂၀၂၀ ပြည့်နှစ် မေလနောက်ဆုံးပတ်အတွင်း တရုတ်နိုင်ငံတွင် ဖြစ်ပေါ်နေသော သကြားဈေးနှုန်းမှာ တစ်တန်လျှင် ပျမ်းမျှ အမေရိကန် ဒေါ်လာ ၈၀၉ ဒေါ်လာ ဖြစ်ပေါ်ခဲ့ပြီး အမေရိကန်နိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၂၁၉ ဒေါ်လာ၊ ပါကစ္စတန်နိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှအမေရိကန်ဒေါ်လာ ၄၇၈-၄၈၆၊ အိန္ဒိယနိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၄၄၁-၅၇၉ ဒေါ်လာဖြစ်ပေါ်ခဲ့ပြီး ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက အမေရိကန်နိုင်ငံတွင် သကြားဈေးနှုန်းများ မြင့်တက်ခဲ့ပြီး ပါကစ္စတန်၊ အိန္ဒိယနှင့်တရုတ်နိုင်ငံတို့တွင် သကြားဈေးနှုန်းများ ကျဆင်းခဲ့ကြောင်းတွေ့ရှိရပါသည်။ ၂၀၂၀ ပြည့်နှစ် မေလနောက်ဆုံးပတ်အတွင်း

**စာမျက်နှာ ၂၆ သို့**

# ယခုဘဏ္ဍာနှစ်တွင် လျှပ်စစ်ကဏ္ဍသို့ ရင်းနှီးမြှုပ်နှံမှု များပြားနေ

ယခုဘဏ္ဍာနှစ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအနက် လျှပ်စစ်ကဏ္ဍ ရင်းနှီးမြှုပ်နှံမှုမှာ အများဆုံးနှစ်ဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

'ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေထဲက ၁၀၀ မှာ ၄၄ ရာနှုန်းက လျှပ်စစ်ကဏ္ဍပါ။ ထပ်လာဖို့လည်း ရှိပါတယ်။ ဒီနှစ်ထဲမှာပဲ ၁ဒသမ၆ ဘီလီယံ ရရှိပြီးပါပြီ။ လုပ်ငန်းအနေနဲ့ ခုနစ်ခု ခွင့်ပြုပြီးပါပြီ။ နောက်ဆုံးခွင့်ပြုလိုက်တဲ့ လျှပ်စစ်ကဏ္ဍကတော့ ဂျပန်နိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှုနဲ့ ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်မှာ ၃၈၀ မဂ္ဂါဝပ် LNC ပါဝါနဲ့ လျှပ်စစ်ထုတ်လုပ်မှာဖြစ်ပါတယ်'ဟု ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်က ပြောသည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွင် လျှပ်စစ်ကဏ္ဍ၌ ၄၀ ရာနှုန်းကျော်ဖြင့် အများဆုံးဖြစ်နေပြီး လက်ရှိခွင့်ပြုထားသည့် လုပ်ငန်းခုနစ်ခုအပြင် ဆက်လက်ခွင့်ပြု အတည်ပြုပေးသွားမည့် လျှပ်စစ်ကဏ္ဍ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများလည်း ရှိနေသေးကြောင်း သိရသည်။

လက်ရှိတွင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် အစည်းအဝေးအမှတ်စဉ်(၇/၂၀၂၀)အရ ခွင့်ပြု/အတည်ပြုလုပ်ငန်း ၁၃ ခုရှိခဲ့ပြီး စက်မှုကဏ္ဍ ၁၀ခု၊ စက်မှုဇုန်ကဏ္ဍတစ်ခု၊ လျှပ်စစ်ကဏ္ဍတစ်ခုနှင့် အခြားကဏ္ဍတစ်ခုတို့ကို ခွင့်ပြုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ချောစု**

# Covid-19 ဖြစ်ပွားချိန်မှစ၍ ပြည်တွင်း၌ အလုပ်လက်မဲ့ဦးရေ တစ်သိန်းထိ ရှိလာ

Covid-19 ဖြစ်ပွားစဉ်ကာလအတွင်း စက်ရုံ၊ အလုပ်ရုံများ၊ အလုပ်ဌာနတချို့ ပိတ်သိမ်းမှုများ၊ အလုပ်ထုတ်ခြင်းနှင့် လူအင်အား လျှော့ချခြင်းတို့ကြောင့် အလုပ်လက်မဲ့ဦးရေ တစ်သိန်းအထိ ရှိလာကြောင်း သိရသည်။

ထိုကဲ့သို့ အလုပ်လက်မဲ့ဦးရေမှာ ယခုနှစ်ဆန်းပိုင်းမှ မေလအထိ သတ်မှတ်ထားခြင်းဖြစ်ပြီး အသစ်ဝင်လာသည့် ရင်းနှီးမြှုပ်နှံမှုများကြောင့်လည်း အလုပ်ပြန်လည်ရရှိသည့် လုပ်သားများရှိကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ သိရသည်။

'အလုပ်လက်မဲ့အခြေအနေ ဖြစ်သွားတာက ဒီကာလမှာ တော်တော်များတယ်။ စက်ရုံ၊ အလုပ်ရုံတွေက ဒီကာလမှာ တော်တော်နားသွားတဲ့သဘောရှိတယ်။ စက်ရုံ၊ အလုပ်ရုံ တစ်ရာကျော်ရှိတယ်ဆိုရင် လူခြောက်သောင်းကျော်လောက်က အလုပ်လက်မဲ့ဖြစ်သွားတဲ့ အခြေအနေမျိုးဖြစ်တယ်။ ဒါပေမဲ့ ဒီကြားထဲမှာ လာရောက်ရင်းနှီးမြှုပ်နှံတာတွေ ရှိတဲ့အတွက် လူတစ်သောင်းကျော်လောက်ကို အလုပ်ပြန်ပေးနိုင်တယ်'ဟု အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်က ပြောသည်။

သို့ရာတွင် အသစ်ဝင်လာသည့် ရင်းနှီးမြှုပ်နှံမှုနှင့် အလုပ်ခေါ်သည့် စက်ရုံများရှိသော်လည်း အလုပ်ပြန်ရသည့် ဦးရေနှင့် အလုပ်လက်မဲ့ဦးရေမှာ ကာမိသည့်အနေအထားမျိုး မဟုတ်သေးကြောင်း၊ အလုပ်လက်မဲ့ဖြစ်ပွားမှုတွင်လည်း ရန်ကုန်တိုင်းက အများဆုံးဖြစ်ပြီး ပိတ်သိမ်းစက်ရုံနှင့် အလုပ်သမား အင်အားလျှော့စက်ရုံ ၁၃၀ ခန့်ရှိကြောင်း၊ လက်ရှိတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များအတိုင်းပြင်ဆင်၍ ပြန်လည်ဖွင့်လှစ်သည့် လုပ်ငန်းများလည်း ရှိနေပြီဖြစ်ကြောင်း သိရသည်။

**ချောစု**

**စာမျက်နှာ (၂၄) ဆန်ပြည်တွင်းဈေးနှုန်းနှင့် . . . မှအဆက်**

ထုတ်ပေးထားခြင်းလည်း ဖြစ်ကြောင်း သိရှိရသည်။


မြန်မာ-တရုတ် နယ်စပ်ဒေသဖြစ်သော မူဆယ်မြို့တွင် ၂၀၂၀ ပြည့်နှစ် မေ ၂၇ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်း တစ်ယွမ်လျှင် ၁၉၇ ကျပ်နှုန်းရှိပြီး ဧည့်မထ ၂၅ မှတ် ဆန်တစ်အိတ်လျှင် ကျပ် ၂၄၂၃၁ မှ ၂၅၂၁၆ ကြား ပေါက်ဈေးရှိကြောင်း သိရှိရသည်။ မြန်မာ-ထိုင်း နယ်စပ်ဒေသဖြစ်သော မြဝတီ မြို့တွင် ၂၀၂၀ ပြည့်နှစ် မေ ၂၇ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရပြင်ပငွေလဲနှုန်းအနေဖြင့် တစ်ဘတ်လျှင် ၄၈ ကျပ်နှုန်း ပေါက်ဈေးရှိကြောင်း သိရှိရသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်မှ ရရှိသော အချက်အလက်များအရ အလေးချိန် ၁၀၈ ပေါင်ပါ ဆန်တစ်အိတ်၏ ဆန်ဈေးနှုန်းများကို လေ့လာရာတွင် မေ ၂၂ ရက်မှ ၂၈ ရက်အတွင်းဖြစ်ပေါ်နေသော ဈေးနှုန်းစာရင်းများအား တစ်ဖက်ပါအတိုင်း ဖော်ပြအပ်သည်။

တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော ဧည့်မထဆန်ဈေးနှုန်းများကို လေ့လာကြည့်ပါက ဟားခါးမြို့တွင် ဧည့်မထဆန်တစ်ပြည်လျှင် ကျပ် ၂၂၅၀၊ မုံရွာမြို့တွင်ဧည့်မထဆန် တစ်ပြည်လျှင်ကျပ် ၂၁၀၀ နှင့် ကလေးမြို့တွင် ဧည့်မထဆန်တစ်ပြည်လျှင် ကျပ် ၁၈၀၀ ဖြင့် အမြင့်ဆုံးဈေးနှုန်းများ ဖြစ်ပေါ်ခဲ့ပြီး မော်လမြိုင်မြို့တွင် ကျပ် ၁၁၅၀၊ ပြည်၊ ပုသိမ်နှင့် ပဲခူးမြို့တို့တွင် ဧည့်မထဆန်တစ်ပြည်လျှင် ကျပ် ၁၁၀၀ နှင့် စစ်တွေမြို့တွင် ဧည့်မထဆန် တစ်ပြည်လျှင် ကျပ် ၁၀၅၀ ဖြင့် အနိမ့်ဆုံးဈေးနှုန်းများ ဖြစ်ခဲ့သည်ကို တွေ့ရှိရသည်။

Trading Economics Website တွင် ဖော်ပြချက်အရ ယခုတစ်ပတ်တွင် ကမ္ဘာ့ဆန်ဈေးနှုန်းမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက ၂ ဒသမ ၂၄ ရာခိုင်နှုန်းဈေးနှုန်း မြင့်တက်ခဲ့ကြောင်း သိရှိရသည်။ ၂၀၂၀ ပြည့်နှစ် မေလနောက်ဆုံးပတ်အတွင်း နိုင်ငံတကာ ဆန်ဈေးနှုန်းများတွင် အတက်/အကျ ပြောင်းလဲမှုများရှိသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ဆန်ဈေးနှုန်းများ အတက်/အကျ ပြောင်းလဲမှုများ ဖြစ်ပေါ်နေသည်ကို လေ့လာသုံးသပ် တင်ပြအပ်ပါသည်။

| စဉ် | အမျိုးအစား | ရာခိုင်နှုန်း | ဈေးနှုန်း | | | | |
|---|---|---|---|---|---|---|---|
| | | | ၂၂.၅.၂၀၂၀ | ၂၅.၅.၂၀၂၀ | ၂၆.၅.၂၀၂၀ | ၂၇.၅.၂၀၂၀ | ၂၈.၅.၂၀၂၀ |
| ၁ | ရက်(၉၀) | 90 (Raw) | ၂၃၅၀၀ | ၂၃၅၀၀ | ၂၃၅၀၀ | ၂၄၀၀၀ | ၂၄၀၀၀ |
| ၂ | ရက်(၉၀) | 80 (Raw) | ၂၂၈၀၀ | ၂၂၈၀၀ | ၂၂၈၀၀ | ၂၃၀၀၀ | ၂၃၀၀၀ |
| ၃ | သီးထပ် | 90 (Raw) | ၂၃၀၀၀ | ၂၃၀၀၀ | ၂၃၀၀၀ | ၂၃၅၀၀ | ၂၃၅၀၀ |
| ၄ | သီးထပ် | 80 (Raw) | ၂၂၅၀၀ | ၂၂၅၀၀ | ၂၂၅၀၀ | ၂၂၅၀၀ | ၂၂၅၀၀ |
| ၅ | ရတနာတိုး | 85 (Raw) | ၂၂၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | ၂၂၅၀၀ | ၂၂၅၀၀ |
| ၆ | ရတနာတိုး | 75(Raw) | ၂၁၀၀၀ | ၂၁၀၀၀ | ၂၁၀၀၀ | ၂၁၅၀၀ | ၂၁၅၀၀ |
| ၇ | ဧည့်မထ | 70(Raw) | ၂၁၀၀၀ | ၂၁၀၀၀ | ၂၁၀၀၀ | ၂၁၅၀၀ | ၂၁၅၀၀ |
| ၈ | ဧည့်မထ | 65(Raw) | ၂၀၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၂၀၅၀၀ | ၂၀၅၀၀ |
| ၉ | ကရင်မ | 90(Raw) | ၂၃၀၀၀ | ၂၃၀၀၀ | ၂၃၀၀၀ | ၂၃၀၀၀ | ၂၃၀၀၀ |
| ၁၀ | ကရင်မ | 80(Raw) | ၂၂၅၀၀ | ၂၂၅၀၀ | ၂၂၅၀၀ | ၂၂၅၀၀ | ၂၂၅၀၀ |
| ၁၁ | ရာကျော် | 85 (Raw) | ၂၂၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ |
| ၁၂ | ရာကျော် | 65(Raw) | ၂၀၅၀၀ | ၂၀၅၀၀ | ၂၀၅၀၀ | ၂၀၅၀၀ | ၂၀၅၀၀ |




**တနင်္ဂနွေသားသမီးများ** ဒီရက်တွေအတွင်းမှာ ပညာရေးကိစ္စ၊ လျှောက်လွှာကိစ္စ၊ ရာထူးကိစ္စ၊ ကြီးကဲသူများနှင့် ဆက်ဆံပြောဆိုရမည့်ကိစ္စများကို ဦးစားပေးသင့်ပါတယ်။ မိန်မကြီးတစ်ယောက်ကြောင့် စိတ်အနှောင့်အယှက် ဖြစ်ရပါတယ်။ ဆီး၊ မျက်စိ၊ အစာအိမ် ကျန်းမာရေး ဂရုစိုက်ပါ။ အချစ်ရေး၊ အိမ်ထောင်ရေးမှာ ဆွေမျိုး တွေက ဝင်ရောက်ကူညီတတ်ပါတယ်။ **၁၉ အစ ထီထိုးပါ။**
**ယတြာ။** ။ယတြာ။ ။ကံဇာတာပွင့်လန်းရန် မိခင်၊ အဒေါ်ကဲ့သို့သော အမျိုးသမီးကြီးများကို ရေခဲမုန့် လှူပြီး ဆုတောင်းပါလေ။ ရောင်းချင်သောပစ္စည်းတွေကို ကြက်သွန်ဥနဲ့ ခေါက်ပါလေ . . .။

**တနင်္လာသားသမီးများ** ဒီရက်တွေအတွင်းမှာ ဆုံးဖြတ်ချက် ပြတ်ပြတ်သားသား ချခြင်း၊ ငွေကြေးကိစ္စ၊ စာရင်းဇယားကိစ္စ ရှင်းလင်းစရာရှိသည်များကို ရှင်းလင်းခြင်းတွေကို ဦးစားပေးသင့်ပါတယ်။ ရုံးပြင်ကန္နားလို ပြဿနာမျိုးတွေနဲ့ လာပြီး ပတ်သက်ရတတ်ပါတယ်။ ခြေထောက်၊ ခါး၊ အကြော၊ အဆစ် ကျန်းမာရေး ဂရုစိုက်ပါ။ အချစ်ရေး၊ အိမ်ထောင်ရေးမှာ လူကြီးမိဘတွေ ဝင်ပါလာတတ်ပါတယ်။ **၄၁ ဂဏန်း အစထီထိုးပါ။**
**ယတြာ။** ။ယတြာ။ ။ကံဇာတာပွင့်လန်းရန် ကြီးကဲသူတစ်ဦးဦးကို ဖိနပ်လှူပြီး ဆုတောင်းပါလေ။ ရောင်းချင်သောပစ္စည်းတွေကို သခွါးသီးနဲ့ ခေါက်ပါလေ . . .။

**အင်္ဂါသားသမီးများ** ဒီရက်တွေအတွင်းမှာ ဘာသာရေးကိစ္စ၊ ပညာရေးကိစ္စ၊ စေ့စပ်ညှိနှိုင်းရေးကိစ္စ၊ ငွေဟောင်း၊ ကြွေးဟောင်းကိစ္စများကို ဦးစားပေးသင့်ပါတယ်။ ပစ္စည်းပျောက်ခြင်း၊ အခိုးခံရခြင်းများကို သတိပြုပါ။ အကြော၊ အာရုံကြော ကျန်းမာရေး သတိပြုပါ။ အချစ်ရေးနှင့် အိမ်ထောင်ရေးမှာ ဆွေမျိုးအသိုင်းအဝိုင်းတို့ရဲ့ အကူအညီကောင်းကို ရတတ်ပါတယ်။ **၅၂ ဂဏန်းအစ ထီထိုးပါ။**
**ယတြာ။** ။ယတြာ။ ။ကံဇာတာပွင့်လန်းရန် ဘုန်းတော်ကြီးကို လျှူဖွယ်တစ်ခုခု လှူပြီး ဆုတောင်းပါလေ။ ရောင်းချင်သောပစ္စည်းတွေကို ချဉ်ပေါင်၅ညွှန့်နဲ့ ရိုက်ပါလေ . . .။

**ဗုဒ္ဓဟူးသားသမီးများ** ဒီရက်တွေအတွင်းမှာ ခရီးသွားလာရေး၊ သယ်ယူပို့ဆောင်ရေးကိစ္စများ၊ ရပ်ဝေးပြည်ပနှင့် ပတ်သက်သောကိစ္စများကို ဦးစားပေးသင့်ပါတယ်။ ဆွေမျိုးသားချင်းတို့အတွက် စိတ်ညစ်စရာ ကြုံတတ်ပါတယ်။ အဖျားအနာ ကြုံတတ်ပါတယ်။ ချစ်သူ၊ အိမ်ထောင်ဖက်တို့ရဲ့ သတင်းကောင်းကို ကြားမယ်။ **၆၃ ဂဏန်းအစ ထီထိုးပါ။**
**ယတြာ။** ။ကံဇာတာပွင့်လန်းရန် မယ်တော်တစ်ပါးပါးအား သစ်သီးလှူပြီး ဆုတောင်းပါလေ။ ရောင်းချင်သောပစ္စည်းတွေကိုထန်းလျက်ခဲနဲ့ ခေါက်ပါလေ . . .။

**ကြာသပတေးသားသမီးများ** ဒီရက်တွေအတွင်းမှာ ယာဉ်ရထားကိစ္စ၊ စက်ပစ္စည်းကိစ္စ ပြတ်ပြတ်သားသား ပြောဆိုဖြေရှင်းရမယ့် ကိစ္စတွေကို ဦးစားပေးသင့်ပါတယ်။ လုပ်ငန်းပြိုင်တွေ၊ အတိုက်အခံတွေ များတတ်ပါတယ်။ ဆွေမျိုးသားချင်းတို့အတွက် စိတ်ညစ်စရာ ကြုံတတ်ပါတယ်။ မတော်တဆ ထိမိခိုက်မိ ဖြစ်တတ်တာကို သတိပြုပါ။ အချစ်ရေးနှင့် အိမ်ထောင်ရေးမှာ ညှိနှိုင်းရခက်တာတွေ များနေတတ်ပါတယ်။ **၇၄ ဂဏန်း အစထီထိုးပါ။**
**ယတြာ။** ။ကံဇာတာပွင့်လန်းရန် ကလေးတစ်ဦးကို ကစားစရာကားတစ်စီး လက်ဆောင်ပေးရင်း ဆုတောင်းပါလေ။ ရောင်းချင်သောပစ္စည်းတွေကို နှင်းဆီ ၇ ပွင့်နဲ့ ရိုက်ပါလေ . . .။

**သောကြာသားသမီးများ** ဒီရက်တွေအတွင်းမှာ မရေမရာ၊ မတင်မကျတွေ များနေတတ်ပါတယ်။ ဟိုဟာလုပ်ရကောင်းနိုးနိုး၊ ဒီဟာလုပ်ရကောင်းနိုးနိုးနဲ့ အချိန်ကုန်နေတတ်ပါတယ်။ အရောင်းမှား၊ အဝယ်မှား၊ ကတိပေးမှား၊ စကားမှားတာတွေကို သတိပြုပါလေ။ ခရီးတို၊ ခရီးနီးကိစ္စတွေကို ဦးစားပေးသင့်ပါတယ်။ ခြေထောက်ပိုင်းကျန်းမာရေး သတိပြုပါ။ အချစ်ရေးနှင့် အိမ်ထောင်ရေးမှာ အခုတစ်မျိုး၊ တော်ကြာတစ်မျိုး ဖြစ်နေတတ်ပါတယ်။ **၄၀ ဂဏန်းအစ ထီထိုးပါ။**
**ယတြာ။** ။ကံဇာတာပွင့်လန်းရန် ဖိနပ်အဟောင်းတစ်ရံကို စွန့်ပစ်ရင်း ဆုတောင်းပါလေ။ ရောင်းချင်သောပစ္စည်းတွေကို သတင်းစာနဲ့ ရိုက်ပါလေ . . .။


**စနေသားသမီးများ** ဒီရက်တွေအတွင်းမှာ လုပ်ငန်းသစ်စခြင်း၊ အစီအစဉ် အသစ်စခြင်း၊ ခရီးသွားလာခြင်းနှင့် သယ်ယူပို့ဆောင်ရေးအလုပ်တွေကို ဦးစားပေးသင့်ပါတယ်။ ငွေကြေး၊ ပစ္စည်း၊ စာရင်းဇယားအရှုပ်အထွေး ဖြစ်တတ်တာကိုတော့ သတိပြုပါ။ လက်မှာ ထိမိခိုက်မိဖြစ်ခြင်း ကြုံတတ်ပါတယ်။ အချစ်ရေးနှင့် အိမ်ထောင်ရေးမှာ ရုတ်တရက် အပြောင်းအလဲတွေ များတတ်ပါတယ်။ **၁၄ ဂဏန်းအစ ထီထိုးပါ။**
**ယတြာ။** ။ကံဇာတာပွင့်လန်းရန် မြတ်စွာဘုရားမှာ ရေတစ်ခွက်၊ မီးတစ်တိုင်၊ သစ်သီးတစ်လုံး၊ ပန်းတစ်ပွင့် ကပ်လှူပြီး ဆုတောင်းပါလေ။ ရောင်းချင်သော ပစ္စည်းတွေကို အုန်းမှုတ်ခွက်နဲ့ ခေါက်ပါလေ . . .။

## မော်လမြိုင်ကုန်စည်ဒိုင်၏ ကုန်စည်ဈေးနှုန်းများ

မေ ၂၅ ရက်တွင် မော်လမြိုင်ကုန်စည်ဒိုင်၌ ရော်ဘာ R.S.S-3 တစ်ပေါင် ကျပ် ၆၃၀၊ ၁၀၈ ပေါင် ဆန်တစ်အိတ်ဈေးနှုန်းများမှာ ဧည့်မထ ကျပ် ၂၇၀၀၀၊ ပေါ်ဆန်း ကျပ် ၄၀၅၀၀၊ ပေါ်ကျွဲ ကျပ် ၃၁၈၀၀၊ ၂၀ပိဿာဝင် ပဲတစ်တင်း ဈေးနှုန်းများမှာ ပဲတီစိမ်း ကျပ် ၃၄၀၀၀၊ မတ်ပဲ ကျပ် ၃၀၅၀၀၊ ပဲလွန်းဖြူကျပ် ၃၀၀၀၀၊ ဘိုကိတ်ကျပ် ၂၄၀၀၀၊ ပဲပုပ် ကျပ် ၂၀၀၀၀၊ ကျွဲကောသီးပန်းရောင်တစ်လုံး ကျပ် ၂၅၀၀ မှ ၄၀၀၀၊ ကျွဲကောသီး အဖြူ(ပုလဲ) ကျပ် ၁၃၀၀ မှ ၂၀၀၀၊ မင်းကွတ်သီး တစ်လုံး ကျပ် ၁၅၀ မှ ၄၀၀၊ ဒေသထွက် ဒူးရင်းသီး တစ်လုံးကျပ် ၃၅၀၀ မှ ၈၀၀၀၊ ရေထွက်ကုန်(အလတ်စ) တစ်ပိဿာ ဈေးနှုန်းများမှာ ငါးတန် ကျပ် ၂၂၀၀၊ ငါးမြစ်ချင်း ကျပ် ၃၅၀၀၊ ငါးဖားမ ကျပ် ၂၆၀၀၊ တီလားပီးရားအသေး ကျပ် ၃၂၀၀၊ ငါးပုတ်သင် ကျပ် ၆၅၀၀၊ ငါးပုဏ္ဏား(ထီး)ကျပ် ၇၀၀၀၊ ကကတစ် ကျပ် ၆၀၀၀၊ ငါးသလောက် (အာနီ)ကျပ် ၈၅၀၀၊ ကင်းမွန် ကျပ် ၄၀၀၀ မှ ၈၀၀၀၊ ပုစွန်ပျော့ ကျပ် ၈၀၀၀ မှ ၁၁၀၀၀၊ ရေချိုပုစွန်တုပ်စိမ်းအကြီး ကျပ် ၃၀၀၀၀၊ ကဏန်းအကြီး ကျပ် ၁၂၀၀၀ ဖြစ်ပေါ်နေကြောင်း သိရှိရသည်။

ယခင် (Covid-19 ရောဂါပိုးမတွေ့ရှိခင်) မတ် ၂၃ နှင့် နှိုင်းယှဉ်ပါက ရော်ဘာ R.S.S-3 ဈေးနှုန်းမှာ အနည်းငယ်ပြန်လည်မြင့်တက်လာပြီး အဓိက စားကုန်ဖြစ်သည့် ဆန်ဈေးနှုန်းမှာ ဧည့်မထ တစ်အိတ်ကျပ်၂၀၀၀ ၊ ပေါ်ဆန်း တစ်အိတ် ကျပ် ၅၀၀၀ နှင့် ပေါ်ကျွဲတစ်အိတ် ကျပ် ၃၀၀၀ ဈေးတက်လာ ကြောင်း၊ ပြည်တွင်းဝယ်လိုအားကြောင့် ကျွဲကော၊ ဒူးရင်းသီးနှံများမှာ ဈေးနှုန်း တည်ငြိမ်နေပြီး ရေထွက်ကုန်များမှာ ဈေးနှုန်း အနည်းငယ်ကျဆင်းနေကြောင်း၊ ပဲမျိုးစုံသီးနှံမှာ ဝယ်ယူမှုပေါ်မူတည်ပြီး ဈေးနှုန်း အတက်/အကျ ဖြစ်ပေါ်နေ ကြောင်း မော်လမြိုင်ကုန်စည်ဒိုင်မှ သိရသည်။

**ဝင်းမြတ် (ရာမညကုန်သွယ်မှုဗဟိုဌာန)**



## ဘုတလင်မြို့နယ်တွင် လျှော်ဖြူပင်များ အစေးစထုတ်ပြီ

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ်တွင် လျှော်ဖြူဧက ၁၂၀၀ ကျော် စိုက်ပျိုးထားရှိပြီး အချို့လျှော်ဖြူစိုက်ခင်းများမှာ ဧပြီလမှစ၍ အစေး စတင် ထုတ်ယူလျက်ရှိကြောင်း သိရှိရသည်။

ဘုတလင်မြို့နယ်အတွင်းရှိ လျှော်ဖြူစိုက်ပျိုးသည့်မျိုးများမှာ ရိုးနီ၊ ရိုးဖြူနှင့် ထိုင်ဝမ်မျိုးတို့ စိုက်ပျိုးထားရှိသည်။ သွင်းအားစုအနေဖြင့် တစ်နှစ်လျှင် အပင်ပေါ် မူတည်ပြီး မြေဩဇာ နှစ်ကြိမ်သုံးကြိမ်ခန့် ကျွေးပေးရပြီး ပိုးသတ်ဆေး ၁၅ ရက် တစ်ကြိမ်ခန့် ဖျန်းပေးရသည်။ လျှော်ဖြူတစ်ဧကကုန်ကျစရိတ်မှာ စတင်စိုက်ပျိုးသည့် ပထမနှစ်တွင် စုစုပေါင်းကုန်ကျစရိတ် ခုနစ်သိန်းခန့်ဖြစ်ပြီး နောက်နှစ်များတွင် သုံးသိန်းဝန်းကျင်သာ ကုန်ကျကြောင်း သိရှိရသည်။ အပင်နှစ်နှစ်သားမှစ၍ အစေး ထုတ်ယူနိုင်သည်။

လျှော်ဖြူပင် နှစ်နှစ်သားတွင် စတင်အစေးထုတ်ယူရာတစ်ပင်လျှင် လျှော်ဖြူစေး တစ်ရက် တစ်ကျပ်သားခန့်ထွက်ရှိပြီး ဘုတလင်မြို့နယ်ရှိ လျှော်ဖြူစိုက်တောင်သူ များမှာ လျှော်ဖြူစေးထုတ်ယူရာတွင် နည်းပညာ၊လုပ်သားနှင့် ဈေးကွက်တို့ကြောင့် ကိုယ်တိုင်မထုတ်ယူဘဲ ပွဲစားများက ကိုယ်တိုင်လာရောက်၍ စိုက်ခင်းထဲမှ စိတ်ကြိုက် အပင်များကိုရွေး၍ တစ်ပင်လျှင်တစ်ရာသီ(ရှစ်လ) ကျပ် ၁၆၀၀၀ နှုန်းပေး၍ လာရောက် ထုတ်ယူနေသည်ဟု ဘုတလင်မြို့နယ်အုတ်အိုင်ကျေးရွာရှိ လျှော်ဖြူ စိုက်တောင်သူ ဦးအောင်သန်းက ပြောကြားသည်။ တစ်ဧကအပင် ၃၅၀ ကျော် စိုက်ပျိုးနိုင်သော်လည်း၊ စိတ်ကြိုက်အပင် ၃၀၀ ခန့် အစေးထုတ်ယူရပါက တစ်နှစ် လျှင် တစ်ဧက ကျပ် ၄၈ သိန်းခန့်ရရှိပြီး စိုက်ပျိုးသည့်တောင်သူအတွက် အကျိုး အမြတ်များစွာ ရရှိသော နှစ်ရှည်ပင် သီးနှံဖြစ်သည်။

လျှော်ဖြူဈေးများမှာ ကိုဗစ်(၁၉)ရောဂါ ကာလအတွင်း ဈေးများကျနေကာ ကြာဆန်အသန့်၊ ကြာဆန်ကျိုးမှာ ဈေးမထွက်ဘဲ ပွဲစားများက ဝယ်ယူနေသော ဈေးနှုန်းများမှာ ရေခဲစတစ်ပိဿာလျှင် ကျပ် ၁၅၀၀၀-၂၀၀၀၀ နှင့် အောက်ဆုံးစ တစ်ပိဿာလျှင် ကျပ် ၁၀၀၀ မှ ၄၀၀၀ ဖြင့် ပစ္စည်းအရည်အသွေးပေါ်မူတည်ပြီး ဈေးနှုန်းအသီးသီးပေးကာ ပွဲစားများက ဝယ်ယူနေသည်ဟု လျှော်ဖြူစိုက်တောင်သူ များထံမှ သိရှိရသည်။

**ကျော်ဇင်ဝင်း (ဧယျာကုန်သွယ်မှုဗဟိုဌာန)**

## ကချင်ပြည်နယ်၏ ကုန်သွယ်မှုအခြေအနေ

ကချင်ပြည်နယ်တွင် လွယ်ဂျယ် နှင့် ကန်ပိုက်တီနယ်စပ်ကုန်သွယ်ရေး စခန်းများမှ မြန်မာ-တရုတ် နှစ်နိုင်ငံ ကုန်သွယ်မှုများရှိခဲ့ရာ မေ ၁၆ ရက်မှ ၂၂ ရက်များအတွင်း တင်ပို့ခဲ့သည့် ကုန် ပစ္စည်းများမှာ တစ်သျှူးငှက်ပျော၊ အစေ့ ထုတ်ပြောင်း၊ ငရုတ်သီး၊ ဖရဲသီး၊ ပဲပုပ် နှင့် ဆန်များတင်ပို့ခဲ့ကြောင်း သိရှိရသည်။

လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေး စခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ ငွေပမာဏသည် ၂၂၆၇၂၀၇ ကန်ဒေါ်လာ ဖြစ်ပြီး ကန်ပိုက်တီနယ်စပ်ကုန်သွယ်ရေး စခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ ငွေပမာဏမှာ ၄၂၈၉၃၉၄ ဒသမ ၂၆၈ ဒေါ်လာဖြစ်၍ တင်ပို့ကုန်၏ငွေပမာဏ စုစုပေါင်းတန်ဖိုးမှာ ၆၅၅၆၆၀၁ ဒသမ ၂၆၈ ကန်ဒေါ်လာ တင်ပို့မှုရှိခဲ့သည်။

သွင်းကုန်ပစ္စည်းများမှာ ကွန် ပေါင်းခံတ်မြေဩဇာ၊ လေးဘီးလယ် ထွန်စက်၊ ပီနန်အိတ်၊ ပလတ်စတစ်ကြိုး နှင့် အမိုးသွပ်ပြားတို့ဖြစ်သည်။ လွယ်ဂျယ် နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာ နိုင်ငံသို့ တင်သွင်းကုန်၏ငွေပမာဏမှာ ကန်ဒေါ်လာ ၈၉၇၄၆၃ ဖြစ်ပြီး ကန်ပိုက်တီ နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာ နိုင်ငံသို့ အမှန်တင်သွင်းကုန်၏ငွေ ပမာဏမှာ ကန်ဒေါ်လာ ၁၇၅၃၇၅ ဖြစ် ၍ တင်သွင်းကုန်၏စုစုပေါင်းငွေပမာဏ တန်ဖိုးမှာ ကန်ဒေါ်လာ ၁၀၇၂၈၃၈ တင်သွင်းမှုရှိခဲ့သည်။

မေ ၂၂ ရက်အထိ တစ်ဖက်နိုင်ငံ တရုတ်ပြည်တွင် ဆန်မာတစ်အိတ်လျှင် ၁၀၈ ယွမ်၊ ဆန်ပျော့ တစ်အိတ်လျှင် ၁၂၆ ယွမ်ဈေးနှင့် အစေ့ထုတ်ပြောင်း တစ်အိတ်လျှင် ၇၆ ယွမ်ဖြစ်ပြီး မြန်မာ ကျပ်ငွေနှင့် တရုတ်ယွမ်ငွေလဲနှုန်းမှာ မြန်မာငွေကျပ် ၁၀၀ လျှင် တရုတ်ယွမ် သုည ဒသမ ၅၃၀ ယွမ်ဖြစ်ကာ တစ် ယွမ်လျှင် မြန်မာကျပ်ငွေ ၁၈၉ ကျပ်ရှိ ကြောင်း သိရှိရသည်။

**ဒွေးလှိုင်**
**(မနောမြေကုန်သွယ်မှုဗဟိုဌာန)**

## မန္တလေး ကုလားပဲဈေးအနည်းငယ် ကျဆင်းလာ

၂၀၂၀ ပြည့်နှစ် မေလ စတုတ္ထပတ်တွင် မန္တလေး ကုန်စည်ဒိုင်၌ ကုလားပဲကို ဧရာဝတီမြစ်ကြောတစ်လျှောက် နှင့် ကလေးဘက်မှဝင်ရောက်လျက်ရှိပြီး အရည်အသွေးနှင့် ဝယ်လိုအားကြောင့် ဈေးအနည်းငယ်ကျဆင်းလာကြောင်း သိရသည်။

ကုလားပဲဖြူ ၅၇ ဒသမ ၂၅ ပိဿာဝင် သုံးတင်းတစ်အိတ် ဈေးနှုန်းမှာ ယခုတစ်ပတ် ကုလားပဲဖြူလုံးကြီး (V2) ကျပ် ၇၃၀၀၀ မှ ၇၃၅၀၀၊ ယခင်တစ်ပတ်ကျပ် ၇၄၀၀၀ မှ ၇၅၀၀၀၊ ယခင်လကျပ် ၇၆၀၀၀ မှ ၇၇၀၀၀၊ ယခင်နှစ် ကျပ် ၈၆၀၀၀ မှ ၈၇၀၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်လျှင် ကျပ် ၁၀၀၀ မှ ၁၅၀၀၊ ယခင်လထက် ကျပ် ၃၀၀၀ မှ ၃၅၀၀၊ ယခင် နှစ်ထက်ကျပ် ၁၃၀၀၀ မှ ၁၃၅၀၀ နိမ့်ကျလာသည်။

ကုလားပဲ (V7) ၅၇ဒသမ၂၅ ပိဿာဝင် သုံးတင်း တစ်အိတ် ဈေးနှုန်းမှာ ယခုတစ်ပတ်ကျပ် ၆၉၀၀၀ မှ ၇၀၀၀၀၊ ယခင်တစ်ပတ်ကျပ် ၇၁၀၀၀၊ ယခင်လ(V7) ကျပ် ၇၂၀၀၀ မှ ၇၃၀၀၀၊ ယခင်နှစ် ၈၂၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက် ကျပ် ၁၀၀၀ မှ ၂၀၀၀၊ ယခင်လထက် ကျပ် ၄၀၀၀၊ ယခင်နှစ်နှင့် နှိုင်းယှဉ်လျှင် ကျပ် ၁၂၀၀၀ မှ ၁၃၀၀၀ ကျဆင်းလာသည်။

ကုလားပဲ(929) ၅၆ဒသမ ၂၅ ပိဿာဝင် သုံးတင်း တစ်အိတ်ဈေးနှုန်းမှာ ယခုတစ်ပတ်ကျပ် ၇၁၀၀၀၊ မှ ၇၂၀၀၀၊ ယခင်တစ်ပတ် ကျပ် ၇၃၀၀၀ မှ ၇၄၀၀၀၊ ယခင်လကျပ် ၇၃၀၀၀ မှ ၇၄၀၀၀ ယခင်နှစ်ကျပ် ၈၅၀၀၀ ဖြင့် အရောင်းအဝယ် ဖြစ်ခဲ့သည်။ ယခင်တစ်ပတ် ကာလတူနှင့် နှိုင်းယှဉ်လျှင်(929) ကျပ် ၂၀၀၀၊ ယခင်လထက်ကျပ် ၂၀၀၀၊ ယခင်နှစ်ထက် ကျပ် ၁၃၀၀၀ နိမ့်ကျလာသည်။

ကုလားပဲ(ထိုင်ဝမ်) ၅၆ ဒသမ ၂၅ ကျပ် ပိဿာဝင် သုံးတင်းတစ်အိတ် ဈေးနှုန်းမှာ ယခုတစ်ပတ် ကျပ် ၆၅၀၀၀ မှ ၆၆၀၀၀၊ ယခင်တစ်ပတ် ကျပ် ၆၆၀၀၀ မှ ၆၇၀၀၀၊ ယခင်လ ကျပ် ၆၆၀၀၀ မှ ၆၇၀၀၀၊ ယခင်နှစ် ကျပ် ၈၃၀၀၀ မှ ၈၄၀၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက် ကျပ်၁၀၀၀ ယခင်လထက် ကျပ်၁၀၀၀၊ ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်လျှင် ကျပ် ၁၁၀၀၀ မှ ၁၃၀၀၀ ကျဆင်းလာသည်။

**မြင့်မြင့်လှိုင် (ရတနာပုံကုန်သွယ်မှုဗဟိုဌာန)**

## မကွေးကုန်စည်ဒိုင်တွင် နှမ်းဖြူဈေး ကျဆင်း

မကွေးတိုင်းဒေသကြီး၌ ယခု တစ်ပတ်အတွင်း နှမ်းမျိုးစုံ ဝင်ရောက် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ မကွေးကုန်စည်ဒိုင်တွင် အရည်အသွေး နှင့် ဝယ်လိုအားကြောင့် နှမ်းဈေးကျ သွားသည်။ ယခုတစ်ပတ် မေ ၂၇ ရက် တွင် နှမ်းဖြူ ၄၅ ပိဿာ သုံးတင်းဝင် တစ်အိတ်လျှင် ထိပ်စ ကျပ် ၁၃၁၀၀၀၊ နှမ်းဖြူ၄၅ ပိဿာ သုံးတင်းဝင် တစ်အိတ် လျှင် အောက်စ ကျပ် ၁၂၉၀၀၀၊ နှမ်းဖြူ ရေသွင်း၄၅ပိဿာ သုံးတင်းဝင်တစ်အိတ် လျှင် ထိပ်စ ကျပ် ၁၂၇၀၀၀၊ နှမ်းဖြူ ရေသွင်း၄၅ပိဿာ သုံးတင်းဝင်တစ်အိတ် လျှင် အောက်စ ကျပ် ၁၂၄၀၀၀ တို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ယခင်တစ်ပတ် မေ ၂၀ ရက်တွင် နှမ်းဖြူ၄၅ ပိဿာ သုံးတင်းဝင် တစ်အိတ် လျှင် ထိပ်စ ကျပ် ၁၃၅၀၀၀၊ နှမ်းဖြူ၄၅ ပိဿာ သုံးတင်းဝင် တစ်အိတ်လျှင် အောက်စ ကျပ် ၁၃၀၀၀၀၊ နှမ်းဖြူ ရေသွင်း ၄၅ ပိဿာ သုံးတင်းဝင် တစ်အိတ်လျှင် ထိပ်စ ကျပ် ၁၃၀၀၀၀၊ နှမ်းဖြူ ရေသွင်း ၄၅ ပိဿာ သုံးတင်းဝင် တစ်အိတ်လျှင် အောက်စ ကျပ် ၁၂၅၀၀၀ တို့ဖြင့်အရောင်းအဝယ်ဖြစ်ခဲ့ရာ ကာလတူ နှိုင်းယှဉ်ပါက နှမ်းဖြူ ၄၅ ပိဿာ သုံးတင်းဝင် တစ်အိတ်လျှင် ထိပ်စ ကျပ် ၁၀၀၀၊ နှမ်းဖြူ ၄၅ ပိဿာ သုံးတင်းဝင် တစ်အိတ်လျှင် အောက်စ ကျပ် ၄၀၀၀၊ နှမ်းဖြူ ရေသွင်း ၄၅ ပိဿာသုံးတင်းဝင် တစ်အိတ်လျှင် ထိပ်စ ကျပ် ၁၀၀၀၊ နှမ်းဖြူ ရေသွင်း ၄၅ ပိဿာ သုံးတင်းဝင် တစ်အိတ်လျှင် အောက်စ ကျပ် ၃၀၀၀ စီ ဈေးကျကာ အရောင်းအဝယ်ဖြစ်ခဲ့ ကြောင်း သိရှိရသည်။

**လှမိုးခိုင်**
**(ဖန်ခါးမြေကုန်သွယ်မှုဗဟိုဌာန)**

## မကွေးကုန်စည်ဒိုင်တွင် မတ်ပဲနှင့် ပဲစင်းငုံ(သစ်) ဈေးသိသိသာသာ ကျဆင်း

မကွေးတိုင်းဒေသကြီးအတွင်း ကုန်စည်ဒိုင်များနှင့် ပွဲရုံများတွင် ပဲမျိုးစုံတို့ အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ယခုတစ်ပတ် မေ ၂၇ ရက်တွင် ဝယ်လိုအား ကြောင့်မတ်ပဲနှင့်ပဲစင်းငုံ(သစ်)ဈေး ကျဆင်းသွားပါသည်။ မတ်ပဲ ပိဿာ ၂၀ တစ်တင်း လျှင် ကျပ် ၂၈၀၀၀၊ ပဲစင်းငုံ (သစ်) ပိဿာ ၂၀ တစ်တင်းလျှင် ကျပ် ၂၂၇၀၀ အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ယခင် မေ ၂၀ ရက်တွင် မတ်ပဲ ပိဿာ ၂၀ တစ်တင်းလျှင် ကျပ် ၂၉၅၀၀၊ ပဲစင်းငုံ(သစ်)ပိဿာ ၂၀ တစ်တင်းလျှင် ကျပ် ၂၃၅၀၀ ဈေးဖြင့် အရောင်းအဝယ် ဖြစ်ခဲ့သည်။ ကာလတူနှိုင်းယှဉ်ပါက မတ်ပဲပိဿာ ၂၀ တစ်တင်းလျှင် ကျပ် ၁၅၀၀၊ ပဲစင်းငုံ(သစ်)ပိဿာ ၂၀ တစ်တင်းလျှင် ကျပ် ၈၀၀ ထိ ဈေးကျသွားကြောင်း သိရှိ ရသည်။

**လှမိုးခိုင် (ဖန်ခါးမြေကုန်သွယ်မှုဗဟိုဌာန)**

# ယခုတစ်ပတ် မတ်ပဲဈေး အနည်းငယ်ကျဆင်း

ယခင်သီတင်းပတ်ကာလအတွင်း ဧရာဝတီတိုင်းဒေသကြီး မတ်ပဲဈေးနှုန်းသည် တစ်တင်းလျှင် ကျပ် ၃၀၀၀၀ ဝန်းကျင်ရှိခဲ့ပြီး မေ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် ကျပ် ၃၀၀၀၀ ဖြင့် ဝယ်ယူလျက်ရှိသည်။ မေ ၂၁ မှ ၂၃ ကာလအထိ တစ်တင်းလျှင် ကျပ် ၃၀၁၀၀ မှ ၃၀၄၀၀ အတွင်းရှိခဲ့သည်။ အိန္ဒိယနိုင်ငံက ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွက် မြန်မာနိုင်ငံမှ မတ်ပဲ တင်သွင်းခွင့် ကိုတာ တန်ချိန်လေးသိန်းကို ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၃၁ ရက် နောက်ဆုံးထားတင်သွင်းရန် ပြောင်းလဲသတ်မှတ်ခဲ့ပြီးနောက် မတ်ပဲဈေးနှုန်း အနည်းငယ် ပြန်လည်မြင့်တက်လာသည်။ မေ ၂၄ ရက်တွင် တစ်တင်းလျှင် ကျပ် ၃၀၅၀၀ မှ ၃၁၀၀၀ ထိ မြင့်တက်လာသော်လည်း မေ ၂၅ ရက်တွင် ကျပ် ၃၀၄၅၀ နှင့် မေ ၂၆ ရက်တွင် ကျပ် ၃၀၀၀၀ ထိ အနည်းငယ်ပြန်လည်ကျဆင်းလာသည်။

အိန္ဒိယနိုင်ငံတွင် မတ်ပဲဝယ်ယူမှုမြင့်တက်ပြီး နိုင်ငံတော်အရန်ပဲလက်ကျန်နည်းပါးနေပြီ ဖြစ်သဖြင့် မြန်မာနိုင်ငံမှ မတ်ပဲရှိသလောက် ဝယ်ယူရန်နှင့် အိန္ဒိယနိုင်ငံ၏ မတ်ပဲရိတ်သိမ်းရာသီကို ထိခိုက်မှုမရှိစေရန် မြန်မာနိုင်ငံမှ မတ်ပဲကိုသုံးလအတွင်း အပြီးဝယ်ယူရန် တင်သွင်းခွင့်ချမှတ်ပေးခဲ့ခြင်းဖြစ်သည်။ သို့သော် မြန်မာနိုင်ငံတစ်နိုင်ငံလုံးအနေဖြင့် မတ်ပဲလက်ကျန် တန်ချိန် ၂ဒသမ၅ သိန်းခန့်သာ ရှိနေသဖြင့် မတ်ပဲဈေးနှုန်း များစွာတက်လာရန် မျှော်လင့်ရသော်လည်း အိန္ဒိယနိုင်ငံ၏ မတ်ပဲတင်သွင်းခွင့်ပြုမိန့် အပြောင်းအလဲများသည် မြန်မာနိုင်ငံမတ်ပဲစိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချရခြင်းအပေါ် အကျိုးသက်ရောက်မှုရှိခြင်း၊ အိန္ဒိယနိုင်ငံအတွင်းရှိ ပဲကုန်သည်များအနေဖြင့် ပဲတင်သွင်းခါနီး ပဲဈေးနှုန်းများ အကျဘက်တွင် ထိန်းထားခြင်းတို့ကြောင့် မြန်မာနိုင်ငံရှိ မတ်ပဲ ဈေးကွက် အနည်းငယ်ပြန်လည်အသက်ဝင်လာသော်လည်း ဈေးနှုန်းများစွာတက်လာခြင်းမရှိဘဲ ကျပ် ၃၀၀၀၀ ဝန်းကျင်ဖြင့် ဆက်လက်ရောင်းဝယ်နေကြောင်း သိရှိရသည်။

**ဧရာကုန်သွယ်မှုဗဟိုဌာန**

# ကယားပြည်နယ်အတွင်း ဖြစ်ပေါ်လျက်ရှိသော အခြေခံစားသောက်ကုန် ဈေးနှုန်းများ

ကယားပြည်နယ်အတွင်း ဖြစ်ပေါ်လျက်ရှိသော အခြေခံစားသောက်ကုန်ဈေးနှုန်း အခြေအနေများအနေဖြင့် ပေါ်ဆန်းဆန်တစ်အိတ်လျှင် ကျပ် ၆၃၀၀၀၊ ဧည့်မထ (ဒေသ)တစ်အိတ်လျှင် ကျပ် ၃၇၀၀၀၊ ငစိန်တစ်အိတ်လျှင် ကျပ် ၂၉၀၀၀၊ ပဲဆီ တစ်ပိဿာလျှင် လက်ကားဈေး ကျပ် ၅၅၀၀/လက်လီ ဈေး ကျပ် ၆၅၀၀၊ နှမ်းဆီ တစ်ပိဿာလျှင် လက်ကားဈေးကျပ် ၆၀၀၀ /လက်လီ ဈေးကျပ် ၇၀၀၀၊ စားအုန်းဆီ တစ်ပိဿာလျှင် လက်ကားဈေး ကျပ် ၂၂၀၀/ လက်လီဈေး ကျပ် ၂၃၀၀၊ ကြက်သွန်ဖြူ(ရှမ်းဒေသစ)တစ်ပိဿာလျှင် ကျပ် ၃၇၀၀၊ ခရမ်းချဉ်သီး တစ်ပိဿာလျှင် ကျပ် ၄၀၀၊ အာလူးတစ်ပိဿာလျှင် ကျပ် ၁၀၀၀ ဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ဈေးနှုန်းပြောင်းလဲခြင်းမရှိကြောင်း သိရှိရသည်။

ကြက်သွန်နီဈေးနှုန်းများအနေဖြင့် ယခင်တစ်ပတ်တွင် တစ်ပိဿာလျှင် ကျပ် ၁၂၀၀မှ ယခုတစ်ပတ်တွင် တစ်ပိဿာလျှင် ကျပ် ၁၁၀၀ ဖြင့်လည်းကောင်း ပြောင်းဈေးနှုန်း မှာ ယခင်တစ်ပတ်တွင် တစ်ပိဿာလျှင်ကျပ် ၄၀၀ မှ ယခုတစ်ပတ်တွင် တစ်ပိဿာလျှင် ကျပ် ၄၁၀ ဖြင့် ဈေးနှုန်းငယ် အနည်းပြောင်းလဲလျက်ရှိကြောင်း ကယားပြည်နယ်အနေဖြင့် ပြောင်းကို ရန်ကုန်နှင့် မန္တလေးမြို့များသို့ အများဆုံး တင်ပို့ရောင်းချကြောင်း ဒေသခံကုန်သည်များ၏ ပြောကြားချက်အရ သိရှိရသည်။

မယ်စဲ့နယ်စပ်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်အရေး အခြေအနေများအနေဖြင့် ယခင်တစ်ပတ်နှင့် ယခုတစ်ပတ်အတွင်း ကုန်သွယ်ရေးပြုလုပ်ဆောင်ရွက်ခြင်းများ မရှိကြောင်း စခန်းတာဝန်ခံ၏ ပြောကြားချက်အရ သိရှိရသည်။

**ဗညားထက် (လွိုင်ကော်)**

# သဇင်မြေကုန်သွယ်မှုဗဟိုဌာန၏ ကုန်သွယ်မှုအခြေအနေ

၂၀၂၀ပြည့်နှစ် မေ ၁၆ ရက်မှ ၂၂ ရက်အထိ ရခိုင်ပြည်နယ် စစ်တွေမြို့ကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ကြက်သွန်နီ ၅၈ တန် တင်ပို့ခဲ့သည်။ ယခင်တစ်ပတ်တွင် ကြက်သွန်နီ ၇၀၆ တန် တင်ပို့ခဲ့ပြီး ယခင်တစ်ပတ်ထက် ယခုတစ်ပတ်တွင် ကြက်သွန်နီ တင်ပို့နိုင်မှုလျော့နည်းသွားကြောင်း သိရသည်။ ယခုတစ်ပတ်ကြက်သွန်နီ တင်ပို့နိုင်မှု ငွေပမာဏမှာ ၁၄၅၀၀ ဒေါ်လာ တင်ပို့မှုရှိခဲ့သည်။

မေ ၁၆ ရက်မှ ၂၂ ရက်အထိ ရခိုင်ပြည်နယ် စစ်တွေမြို့ ကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ချင်း(အစို) ၁၂ တန်တင်ပို့ခဲ့သည်။ ယခင်တစ်ပတ်က ချင်း(အစို) တန် ၇၀ တင်ပို့ခဲ့ပြီး ယခင်တစ်ပတ်ထက် ယခုတစ်ပတ်တွင် ချင်း(အစို) တင်ပို့နိုင်မှုလျော့နည်းသွားကြောင်း သိရသည်။ ယခုတစ်ပတ် ချင်း(အစို) တင်ပို့နိုင်မှု ငွေပမာဏမှာ ၉၁၂၀ ဒေါ်လာ တင်ပို့မှုရှိခဲ့သည်။

ရခိုင်ပြည်နယ်အတွင်းရှိစစ်တွေကုန်သွယ်ရေးစခန်းမှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ မေ ၁၆ ရက် မှ ၂၂ ရက်အထိ အမှန်တင်ပို့ကုန်ပစ္စည်းများအနေဖြင့် ဆီးဖတ်၊ မန်ကျည်းစေ့၊ ငါးစုံလေးခြောက်၊ ကွမ်းသီး၊ ဆီးသီးခြောက်၊ ကြက်သွန်နီနှင့် ချင်း(အစို) တို့တင်ပို့ရာ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၃၃၃၇၆ ဒေါ်လာတင်ပို့ခဲ့ကြောင်း သိရသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်ပစ္စည်းများအနေဖြင့် METAL WATER POT နှင့် PLASTIC WATER TANK တို့တင်သွင်းခဲ့ရာ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၄၁၂ ဒသမ ၈၉ ဒေါ်လာ တင်သွင်းနိုင်ခဲ့ကြောင်း သိရသည်။

**နီလာ (သဇင်မြေကုန်သွယ်မှုဗဟိုဌာန)**

# ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဟဲဟိုးအာလူးများ ဝင်ရောက်

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ရှမ်းပြည်နယ် ဟဲဟိုးမြို့မှ အာလူးများ ဝင်ရောက်လျက်ရှိပြီး မေ ၂၈ ရက်တွင် ဟဲဟိုးမြို့မှ ဝင်ရောက်လာသော အာလူးတစ်ပိဿာဈေးနှုန်းများမှာ အာလူးA1 ကျပ် ၅၃၀၊ အာလူး OK ကျပ် ၆၃၀၊ အာလူးS1 ကျပ် ၆၈၀၊ အာလူးS2 ကျပ် ၄၅၀ ဈေးနှုန်းအသီးသီးဖြစ်သည်။

ရန်ကုန်မြို့ဒေသအတွင်း လက်လီပြန်လည်ရောင်းချသူများနှင့် အာလူးကြော်လုပ်ငန်းရှင်များက ဝယ်ယူခဲ့ကြကြောင်း၊ ဘုရင့်နောင်ကုန်စည်ဒိုင်သို့ မေ ၂၈ ရက်က အာလူးဝင်ရောက်မှုမှာ တစ်နေ့လျှင် ပျမ်းမျှကား အစီးအရေအတွက် ၁၇ စီးခန့်နှင့် တစ်နေ့လျှင်ပျမ်းမျှပိဿာချိန် ၁၀၂၀၀ ဝင်ရောက်ခဲ့ကြောင်း ကုန်စည်ဒိုင်ဈေးကွက်မှ သိရှိရသည်။ **ရွှေဝါထွန်း(မြင့်တင်၊ ပြည်တွင်း-ရန်ကုန်)**

စာမျက်နှာ (၂၂) မလွန်ဆန်နိုင်သောဖြစ်ရပ်နှင့် . . . . . မှ အဆက်

ဒီလို Civil Law Jurisdiction နိုင်ငံများမှာ စာချုပ်ချုပ်ရင်တော့ ၎င်းတို့နိုင်ငံ၏ ဥပဒေမှာပါသည့်အတိုင်း Force Majeure စာပိုဒ်ကိုရေးသားရသည်။ စာချုပ်ဝင်များအနေဖြင့် ထပ်မံဖြည့်စွက်လိုတယ်ဆိုလို့ရှိရင်လည်း ဥပဒေမှာပါသည့် စာပိုဒ်၏ အဓိပ္ပာယ်ဆိုလိုရင်းကို မထိခိုက်စေဘဲ ဖြည့်စွက်လို့ရသည်။

ဆိုလိုရင်းကတော့ စာချုပ်တစ်ခုချင်းစီ၏ Force Majeure Clause စကားရပ်တစ်ခုချင်းစီပေါ်မှာ မူတည်ပြီး လျော်ကြေးပေးရန် လို၊ မလိုဆုံးဖြတ်နိုင်မှာပဲဖြစ်သည်။ အထက်ပြောခဲ့သလို ကူးသန်းရောင်းဝယ်ရေးစာချုပ်တွေမှာပါသည့် Force Majeure Clause ကို လေ့လာရာတွင် Force Majeure ကို စာချုပ်အချို့တွင် ကမ္ဘာ့ကပ်ရောဂါအဖြစ်သတ်မှတ်ထားသည့် ရောဂါ (pandemics)၊ ကူးစက်ရောဂါအဖြစ်သတ်မှတ်ဖော်ပြချက် Epidemics ဒါမှမဟုတ် ကိုရိုနာဗိုင်းရပ်စ်အခြေအနေနဲ့ဆင်တူသော အခြားစကားရပ်မျိုး Force Majeure Clause မှာထည့်ထားသလား၊ စာချုပ်ဝင်တွေကြုံတွေ့ရတဲ့မမျှော်မှန်းနိုင်တဲ့ ဖြစ်ရပ်က စာချုပ်ဝင်တွေအနေနဲ့ ကျိုးကြောင်း ဆီလျော်မှုရှိစွာ မထိန်းချုပ်နိုင်တဲ့ အခြေအနေဖြစ်တယ်လို့ Force Majeure Clause မှာ ထည့်ထားသလား စသည်ဖြင့် အနက်ဖွင့်ဆို ထားချက်ကိုလေ့လာရမည် ဖြစ်ပါသည်။

စာချုပ်ဝင်တွေဆောင်ရွက်ရမည့် တာဝန်ဝတ္တရားပျက်ကွက်မှုမျိုးကို Force Majeure Clause မှာ အကျုံးဝင်နိုင်မှုအခြေအနေကို လေ့လာရာမှာတော့ 'Force Majeure Clause မှာ စာချုပ်ဝင်တွေရဲ့ တာဝန်ဝတ္တရားများကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ မဆောင်ရွက်ဘဲနေနိုင်ကြောင်း ဖော်ပြထားသလား၊ စာချုပ်ဝင်တွေရဲ့ တာဝန်ဝတ္တရားတွေကို ရပ်တန့်ထားရမလား သို့မဟုတ် ဆိုင်းငံ့ထားရမလားဆိုတာကို Force Majeure Clause မှာဖော်ပြထားသလဲ' စသည့် အချက်များကို သတိပြုဆင်ခြင်သင့်ပါသည်။

ထို့ပြင် Force Majeure အခြေအနေကြုံတွေ့နေရကြောင်း တစ်ဘက် စာချုပ်ဝင်ကို နို့တစ်စာပေးပို့ဖို့ လိုအပ်ခြင်း ရှိ/မရှိ၊ Force Majeure အတွက် အနည်းဆုံးဆောင်ရွက်ပေးရမယ့် အစီအမံ တွေက ဘာတွေလဲ၊ Force Majeure ကြောင့် ဆောင်ရွက်နိုင်ခြင်းမရှိတဲ့ တာဝန်ဝတ္တရားအစား အခြားတာဝန်ဝတ္တရားကိုအစားထိုး ဆောင်ရွက်ခွင့်ရှိသလား စသည့် အချက်များကိုလည်း သတိထား ထည့်သွင်းချုပ်ဆိုသင့်ပါသည်။

### Force Majeure ကြောင့် ဘာတွေဖြစ်လာနိုင်သလဲ

ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မလွန်ဆန်နိုင်သောဖြစ်ရပ်နှင့် ပတ်သက်၍ စာချုပ်တစ်ခုချင်းစီပေါ်တွင် မူတည်လျက် ရှိပါသည်။ယေဘုယျအားဖြင့် အများဆုံး ကြုံတွေ့နိုင်မည့် အချက်များမှာ စာချုပ်ပါ တာဝန်ဝတ္တရားတွေကို ခေတ္တဆိုင်းငံ့ခြင်း၊ စာချုပ်ပါ တာဝန်ဝတ္တရားတွေကို မဆောင်ရွက်ခြင်း သို့မဟုတ် နောက်ကျဆောင်ရွက်ခြင်းတို့ကို ခွင့်လွှတ်ပေးခြင်း၊ စာချုပ်ရပ်စဲခြင်း၊ စာချုပ်ပါ မျှော်မှန်းအချိန်စာရင်းကို တိုးမြှင့်သတ်မှတ်ခြင်း၊ စာချုပ်သက်တမ်း တိုးမြှင့်နိုင်ရန် ညှိနှိုင်း၍ ခွင့်ပြုပေးခြင်းစသည်တို့ ဖြစ်နိုင်ပါသည်။

ကုမ္ပဏီများ၊ ကုန်သွယ်ကူးသန်းဆောင်ရွက်လျက်ရှိသော လုပ်ငန်းရှင်များကလည်း စာချုပ်ပါ တာဝန်ဝတ္တရားတွေကို ဆောင်ရွက်ဖို့ ခက်ခဲနေခြင်းတွေဟာ ရောဂါပိုးကူးစက်ပြန့်ပွားမှုကြောင့်လားဆိုတာကို စစ်ဆေးသင့်ပါတယ်။ စာချုပ်ဝင်ကြုံတွေ့နေရတဲ့ အခြေအနေဟာ force majeure clause အတွင်း အကျုံးဝင်ခြင်း ရှိ/မရှိပြန်လည်သုံးသပ်ရန်၊ တစ်ဘက် စာချုပ်ဝင်ကို နို့တစ်စာပေးပို့ဖို့ အချိန်သတ်မှတ်ချက်နှင့် ပေးပို့တဲ့နည်းလမ်းကို force majeure clause မှာ ဖော်ပြထားတဲ့အတိုင်း ဆောင်ရွက်ရန်၊ ကြုံတွေ့နေရတဲ့ အခြေအနေ၊ အခက်အခဲတွေကို စာချုပ်ဝင်တွေအနေနဲ့ အတိအကျမှတ်တမ်းပြုစုပြီး ထိန်းသိမ်းထားရန်၊ ကူးစက်ရောဂါဆိုးကြောင့် ကြုံတွေ့နေရတဲ့ အခက်အခဲ အခြေအနေ ဆိုးကျိုးရဲ့ အနည်း အများကို သုံးသပ်ပြီးနောက် ဖြေရှင်းနိုင်မည့် နည်းလမ်းကိုရှာဖွေထားရန် စသည့်အချက်များကို စုံစမ်းစစ်ဆေးညှိနှိုင်းဆောင်ရွက်ရန် လိုပါသည်။

သို့ဖြစ်ပါ၍ စီးပွားရေးနယ်ပယ်အသီးသီးတွင်၊ ကုန်သွယ်ကူးသန်းရောင်းဝယ်ရေး နယ်ပယ်အသီးသီးတွင် ဆောင်ရွက်လျက်ရှိသော သဘောတူစာချုပ်များကြိုတင်ချုပ်ဆိုခြင်းများ ဆောင်ရွက်ရာတွင် စာချုပ်၌ပါဝင်သည့် မလွန်ဆန်နိုင်သော ဖြစ်ရပ်ဟူသည့် အကြောင်းအရာသည် တိမ်မယောင်နဲ့နက်၊ လွယ်မယောင်နှင့် ခက်လှပေသည်။ နှစ်ဦးနှစ်ဖက် စိတ်ရှည်သည်းခံခြင်း၊ ရေရှည်မြော်တွေးခြင်းစသည့် စီးပွားရေးကျင့်ဝတ်များနှင့်အညီ ဆောင်ရွက်မှသာလျှင် ရေရှည်တည်တံ့ခိုင်မြဲသော စီးပွားရေးလုပ်ငန်းတစ်ခုကို ပုံမှန်လည်ပတ်နိုင်မည် ဖြစ်ပါသည်။ လက်ရှိဖြစ်ပေါ်လျက်ရှိသော ကိုရိုနာဗိုင်းရပ်စ် (Covid 19) ကူးစက်မြန်ရောဂါကြောင့် ပြည်တွင်းရော ပြည်ပပါ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများ အရှိန်အဟုန် ရပ်တန့်လုနီးပါး ဖြစ်ပွားနေချိန်တွင် သူ့ကြောင့် ကိုယ့်ကြောင့်ဟူသည့် လက်ညှိုးထိုးနေမည့်အစား နိုင်ငံသူနိုင်ငံသားများအားလုံး စားရေး၊ ဝတ်ရေး၊ နေရေးဟူသည့် အရေးသုံးပါးကို စေတနာပါပါဖြင့် ဖြည့်ဆည်းပေးရာရောက်သည့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ကျားကန်ပေးရာရောက်သည့် ကုန်သွယ်ကူးသန်း ရောင်းဝယ်ရေးလုပ်ငန်းများက မလွန်ဆန်နိုင်သောဖြစ်ရပ်များကြောင့် ရပ်တန့်မှုမရှိအောင် လုပ်ငန်းမပျက်စေဘဲ ညှိနှိုင်းဆွေးနွေးဆောင်ရွက်ခြင်းဖြင့် ကိုရိုနာဗိုင်းရပ်စ် (Covid 19) ကပ်ရောဂါကို ပူးပေါင်းတိုက်ဖျက်ကြပါရန် တိုက်တွန်းအပ်ပါသည်။



# ကုန်စည်ပြပွဲအကြောင်း သိကောင်းစရာ (၁)

## ညီညီအောင်

ငယ်စဉ်ကျောင်းသားဘဝက အောင်လံမြို့ တာဝတိံသာ တောင်ပေါ်ဘုရားပွဲကျင်းပရာ ရွှေမန်းတင်မောင်ဇာတ်သဘင်အဖွဲ့ လာရောက်ကပြလေသည်။ ကဇာတ်ရုံကြီးကို အထက်တန်းကျောင်း အမှတ်(၁)ရှေ့ ဘောလုံးကွင်းအတွင်း ဆောက်လုပ်ထားသည်။ ကျောင်းသားဘဝက ကျောင်းဆင်းသည့်အချိန်တိုင်း ကဇာတ်ရုံအတွင်း က ဖြတ်ပြီးပြန်လေ့ရှိသည်။ ပထမညဖြစ်ပေသည်။ ကျွန်တော်တို့ မိသားတစ်စုလုံး ညီအစ်ကိုမောင်နှမတွေပါမကျန် ဇာတ်ပွဲ သွားရောက်ကြည့်ကြသည်။ ထိုညက အော်ပရာမှာ 'လှည်းသားငါးရာ' ဖြစ်သည်။ ငါးရာ့ငါးဆယ်နိပတ်တော်ထဲက ဝဏ္ဏုပတဇာတ်တော်ကို မှီ၍ 'လှည်းသား ငါးရာ'ဇာတ်ကို ကပြသည်။

ကာသိတိုင်း ဗာရာဏသီပြည်တွင် ဗြဟ္မဒတ်မင်း မင်းပြုစဉ်ကာလ ဘုရားအလောင်းသည် လှည်းကုန်သည်အမျိုးမှာဖြစ်ပြီး အရွယ်ရောက်သည့်အခါ ကုန်သည်ငါးရာကို ခေါင်းဆောင်၍ ကုန်သွယ်မှုပြုကြ၏။ တစ်ဖက်မှာလည်း ဒေဝဒတ်လောင်းက လှည်းသားငါးရာကို ခေါင်းဆောင်၍ ကုန်သွယ်မှုပြုလျက်ရှိသည်။ ကုန်သွယ်မှုပြုသည့်အတွက် ကျွန်တော်တို့ ယနေ့လုပ်ကိုင်လျက်ရှိသော ကုန်စည်ပြပွဲနှင့် နှိုင်းယှဉ်စဉ်းစားကြည့်မိရာ တူညီသောအချက်များကို ဖော်ထုတ်ရမိသည်။

လှည်းသားငါးရာတို့မှာ ယူဇနာ ၆၀ ကျော် (ဝါ) (မိုင်ပေါင်း ၈၀၀)ကျော် ကန္တာရခရီးစဉ်များကို လှည်းဖြင့် ဖြတ်ကျော်၍ ဒေသထုတ်ကုန် ကုန်စည်များ၊ လူသုံးကုန်ပစ္စည်းများ သွားရောက်ခင်းကျင်းပြသရောင်းချကြခြင်းမှာ ကုန်သွယ်မှုပြုလုပ်ခြင်း ဖြစ်သလို ယနေ့ခေတ် လေယာဉ်ဖြင့် ကုန်စည်ပြပွဲ သွားရောက်ခင်းကျင်း ပြသရောင်းချခြင်းမှာလည်း ကုန်သွယ်မှုပြုခြင်းဖြစ်သည်။ လှည်းပေါ်တွင် သောက်ရေအိုး၊ မြက်ထုံးများ သယ်ဆောင်ကြရသလို ယခုခေတ်တွင်လည်း လေယာဉ်လက်မှတ်၊ ဟိုတယ် စသည်တို့ စီစဉ်ကြရသည်။ မည်သို့ပင်ဖြစ်စေကာမူ လှည်းသားငါးရာ ကုန်သွယ်မှုသည်လည်း ကုန်စည်ပြပွဲအမျိုးအစားတစ်မျိုးပင်ဖြစ်သည်ဟုပင် ဆိုရပေမည်။

ကမ္ဘာပေါ်တွင် ပထမဆုံးသော ကုန်စည်ပြပွဲကြီးကို ၁၈၁၇ ခုနှစ်က အင်္ဂလန်နိုင်ငံ၌ ကျင်းပခဲ့ပြီး အကြီးမားဆုံးသော ကုန်စည်ပြပွဲကြီးကိုမူ ၁၈၅၁ ခုနှစ်တွင် အင်္ဂလန်မြို့ ခရစ်စတယ်နန်းတော်၌ ကျင်းပခဲ့ကြောင်း မှတ်သားဖူးသည်။ ထိုစဉ်က ပြခန်း(Booths)ရယ်လို့ မရှိသေးသည့်အတွက် စားပွဲခုံကလေးများအပေါ် ပြပွဲကုန်ပစ္စည်းကလေးများတင်၍ ပြသခဲ့ကြသည်။ စားပွဲခုံကလေးများ တစ်ခုံနှင့်တစ်ခုံ ဆက်၍ ပြသခဲ့ကြသည်မှာ ရှစ်မိုင်ခန့်ပင် ရှည်လျားကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ၁၉၄၈ ခုနှစ်က အစိုးရအဖွဲ့ဝန်ကြီး ဦးမြသည် အင်္ဂလန်နိုင်ငံကဖိတ်ကြားသော ကုန်စည်ပြပွဲသို့ တက်ရောက်ခဲ့ပါသည်။ ၁၉၆၇ ခုနှစ် ကနေဒါနိုင်ငံတွင် ကျင်းပသည့် Montral World's Fair Expo-67 သို့ မြန်မာနိုင်ငံမှ သွားရောက်၍ မြန်မာပြခန်းဆောင် (MyanmarPavallion) ခင်းကျင်း ပြသခဲ့ဖူးသည်။တစ်ဖန် အပြည်ပြည်ဆိုင်ရာ ထုတ်ကုန်ပြပွဲ Expo-70 ကို ဂျပန်နိုင်ငံ အိုဆာကာမြို့တွင်ကျင်းပခဲ့ရာ မြန်မာနိုင်ငံမှ စားသောက်ကုန်လုပ်ငန်းရှင်များ သွားရောက်ခင်းကျင်းပြသခဲ့သည်။ မန္တလေးဘီယာနှင့် ရွှေတောင်ခေါက်ဆွဲတို့မှာ ကမ္ဘာကပင် သိရှိအောင် နာမည်ကျော်ခဲ့သည်။ ယင်းတို့မှာ ပြည်ပသွားရောက် ခင်းကျင်းပြသသော ကုန်စည်ပြပွဲဖြစ်သည်။

ကုန်သွယ်ရေးဝန်ကြီးဌာနက ကြီးမှူး၍ 'မြန်မာကုန်စည်ပြပွဲ-၉၄' ကို 'ပို့ကုန်မြင့်မားပြည့်စွမ်းအား'ဟူသော ဆောင်ပုဒ်ဖြင့် ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့်မြို့နယ် ကုန်သွယ်မှုဗဟိုဌာန TRADE CENTRE တွင် ၁၉၉၄ ခုနှစ် ဧပြီ ၁ ရက်မှ ၁၂ရက်အထိ ကျင်းပခဲ့သည်။ ဧည့်သည်များလွန်းသဖြင့် နောက်ထပ် ခုနစ်ရက် ထပ်တိုးပြသခဲ့ရပါသည်။ ပြည်ပပြခန်း၂၄၅ ခန်း၊ ပြည်တွင်း ပြခန်း ၂၃၀ ဖြင့် စုစုပေါင်း ၁၉ ရက်ကြာ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

'မြန်မာကုန်စည်ပြပွဲ-၉၅'ကိုလည်း 'ကုန်သွယ်မှုမှ ဝေမျှခံစားအကျိုးစီးပွား' ဟူသော ဆောင်ပုဒ်နှင့်အညီ မြန်မာ့ကုန်စည်များကို ပြည်ပဈေးကွက်ရရှိရေးအတွက်လည်းကောင်း၊ ပြည်ပနိုင်ငံများမှ ကုန်စည်ပစ္စည်းများ စက်မှုပစ္စည်းများ လာရောက်ပြသခြင်းဖြင့် မြန်မာ့လုပ်ငန်းရှင်များအတွက် အကျိုးတူခံစားနိုင်ရန်အတွက် လည်းကောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အဆင့်မြင့်နည်းပညာများ ရရှိရန်အတွက်လည်းကောင်း ၁၉၉၅ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်မှ မတ် ၃ ရက်အထိ ရန်ကုန်မြို့၊ ရွှေတိဂုံဘုရားလမ်း၊ သိမ်ကြီးဈေးရှိ မြန်မာ့ကုန်တိုက်တွင် ကျင်းပခဲ့သည်။ ၁၉၉၆ ခုနှစ်သည်မြန်မာ့ခရီးသွားနှစ်ဖြစ်သည်။ သို့ဖြစ်၍ မြန်မာကုန်စည်ပြပွဲ ၁၉၉၆ ကို ၁၉၉၆ ခုနှစ် ဇန်နဝါရီ ၆ ရက်မှ ဇန်နဝါရီ ၁၄ ရက် အထိ ရန်ကုန်မြို့၊ ရွှေတိဂုံဘုရားလမ်း၊ သိမ်ကြီးဈေးရှိ မြန်မာ့ကုန်တိုက်တွင် ကျင်းပခဲ့ပြီး 'မြန်မာခရီးသွားနှစ်ကုန်စည်ပြပွဲ'ကို ၁၉၉၆ ခုနှစ် နိုဝင်ဘာ ၁၆ ရက်မှ ၂၅ ရက် အထိ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ကုန်သွယ်မှုဗဟိုဌာနတွင် ကျင်းပခဲ့သည်။

၁၉၉၇ ခုနှစ် 'MYANMAR MORTORS AND RAIL TRANSPORTATION EXPO 97'ကို မေ ၂၂ ရက်မှ ၂၆ ရက်အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်း တပ်မတော်ခန်းမတွင် ကျင်းပခဲ့သည်။ မူလကမော်တော်ယာဉ် ၈၆ စီး ပြသရန် OGL လျှောက်ထားခဲ့သော်လည်း မြန်မာနိုင်ငံကုန်စည်ပြပွဲ အာဏာပိုင်အဖွဲ့ (TRADEFAIRS AUTHORITY OF MYANMAR) က ၃၅ စီး ပြသခွင့်ပြုခဲ့သည်။ ပြည်တွင်းတွင် ကျင်းပသော 'မြန်မာအပြည်ပြည်ဆိုင်ရာ ကုန်စည်ပွဲ' ကြီးကိုမူ ၁၉၉၉ ခုနှစ် စက်တင်ဘာ ၂၃ ရက်တွင် ရန်ကုန်မြို့ ဦးဝိစာရလမ်း တပ်မတော်ခန်းမကြီး၌ အောင်မြင်စွာ ဖွင့်လှစ်ခဲ့သည်။

ကျွန်တော်တို့ ယနေ့ကျင်းပနေကြသော ကုန်စည်ပြပွဲများကို နာမည်အမျိုးမျိုးခေါ်ဆိုနေကြသည်ကို တွေ့ရ၏။ တချို့က Expo ဟူ၍လည်းကောင်း၊ တချို့က Trade Fair ဟူ၍လည်းကောင်း၊ တချို့က Trade Exhibition ဟူ၍လည်းကောင်း ခေါ်ဆိုလျက်ရှိသည်။ သို့သော် အတူတူပင်ဖြစ်သည်။ ပင်ရင်းအမည်မှာ Event(အခမ်းအနား)ပင် ဖြစ်သည်။ Event များအား လေ့လာကြည့်လျှင် အောက်ပါအတိုင်းတွေ့ရမည်ဖြစ်သည်-

| | | | |
|---|---|---|---|
| 1. | Catered Function | 6. | Wedding |
| 2. | Concerts & Festivals | 7. | School Formals |
| 3. | Retail Events & Markets | 8. | Privae Parties & Wakes |
| 4. | Film & Television Production | 9. | Exhibitions & Tradeshows |
| 5. | Equestrian & Animal Events | 10. | Conferences & Conventions |

အခမ်းအနား(Events)ပုံစံအမျိုးမျိုးလေ့လာကြည့်လျှင် အစားအသောက်၊ ကန်ထရိုက်လုပ်ငန်းများ၊ ဈေးပွဲတော်များ၊ ညဈေးများ၊ တီးဝိုင်းရှိုးများ၊ ဇာတ်သဘင်များနှင့် ရာသီအလိုက်ပွဲတော်များ၊ ရုပ်ရှင်ပွဲတော်များ၊ မြင်းပွဲနှင့် တိရစ္ဆာန်အလှပြိုင်ပွဲများ၊ မင်္ဂလာဆောင်ပွဲများ၊ ကျောင်းကပွဲများ၊ ပုဂ္ဂလိကပျော်ပွဲရွှင်ပွဲပါတီများနှင့် နာရေးကူညီမှုလုပ်ငန်းများ ကုန်စည်ပြပွဲများ၊ ညီလာခံများနှင့် အစိုးရ အဆင့်ဆွေးနွေးပွဲများ ပါဝင်လျက်ရှိသည်ကို တွေ့ရသည်။ ကနဦးက ဖော်ပြခဲ့သော ရွှေမန်းတင်မောင်ဇာတ်သဘင် ကပြခြင်းသည်လည်း အခမ်းအနား (Event) အမျိုးအစားတစ်ခုပင် ဖြစ်သည်။

အခမ်းအနားပေါင်းများစွာကို ကျွမ်းကျွမ်းကျင်ကျင်လုပ်ကိုင်ပြီး အသက်မွေးဝမ်းကျောင်းပြုသူကို အခမ်းအနားစီစဉ်သူ (Event Organizer) ဟုခေါ်ဆိုသည်။ ကျွန်တော်တို့လေ့လာနေသော ကုန်စည်ပြပွဲ (Exhibition)မှာအခမ်းအနား (Event) ပေါင်းများစွာထဲက တစ်ခုအပါအဝင်ဖြစ်သည်။

ရုပ်ရှင်လုပ်ငန်းရှင်တို့ ပူးပေါင်း လက်တွဲလုပ်ကိုင်လျက်ရှိသည့် နယ်ပယ်လောကကို ရုပ်ရှင်လုပ်ငန်းနယ်ပယ် (Film Industry) ဟုခေါ်ဆိုကြသကဲ့သို့ ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းရှင်တို့ ပူးပေါင်း ပါဝင်လျက်ရှိသော နယ်ပယ်လောကကိုထောက်ပံ့ပို့ဆောင်ရေး နယ်ပယ်(Logistic Industry)ဟုခေါ်ကြသည်။ အခမ်းအနား (Events) ပေါင်းများစွာတွင် အသက်မွေးဝမ်းကျောင်းပြု လုပ်ကိုင်လျက်ရှိသော အခမ်းအနား စီစဉ်သူများ၏နယ်ပယ် လောကကို MICE Industry ခေါ်သည်။

MICE Industry သည် Meeting ,Incentives,Conferences နှင့် Exhibitions လုပ်ငန်းတို့ကို ကိုယ်စားပြုမှည့်ခေါ်ထားခြင်း ဖြစ်သည်။ Incentives လုပ်ငန်းဆိုသည်မှာ ဟိုတယ်၊ မိုတယ်များ၊ လေယာဉ်၊ မီးရထား၊ ဘတ်စ်ကားလုပ်ငန်း၊ တက္ကစီအငှားယာဉ်လုပ်ငန်းများပါဝင်သော ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းများနှင့် နိုင်ငံတော်က ပြန်လည်ထောက်ပံ့သော ထောက်ပံ့ငွေများ၊ အခွန်သက်သာခွင့်များရရှိသော နိုင်ငံတော်၏ စီးပွားရေးပေါ်လစီများကို အကောင်အထည်ဖော်လုပ်ကိုင်သည့် လုပ်ငန်းများ ပါဝင်သည်။ ဥပမာ လျှပ်စစ်မော်တော်ကားများဝယ်ယူရာတွင် ရောင်းချသည့် ကုမ္ပဏီမှ လျှော့ပေးခြင်း၊ ကော်မရှင်ပေးခြင်းအပြင် တင်သွင်းသည့် နိုင်ငံကလည်း အခွန်သက်သာခွင့်များပေးခြင်းကို ဆိုလိုသည်။ အခမ်းအနား (Events) များတွင်အသုံးပြုသည့် သင်္ကေတ(Symbols)များကို ဖော်ပြလိုက်ပါသည်။

လှည်းသားငါးရာက အစပြုခဲ့သော ကုန်သွယ်မှုကုန်စည်ပြပွဲသည် မြန်မာနိုင်ငံတွင် ယနေ့အချိန်အထိ အောင်မြင်လျက်ရှိသော လုပ်ငန်းတစ်ခုဖြစ်လာသည်။ အပြည်ပြည်ဆိုင်ရာ ကုန်စည်ပြပွဲများ၊ ပြည်တွင်းကုန်စည်ပြပွဲများ၊ မြန်မာနိုင်ငံတွင်း ကုန်စည်ပြပွဲများ လုပ်ကိုင်ဆောင်ရွက်ရာ၌ လိုအပ်သော စာရွက်စာတမ်းများ၊ ဆောင်ရွက်ရသည့်လုပ်ငန်းအဆင့်ဆင့်၊ လိုက်နာရမည့် အမိန့်ကြော်ငြာစာများ၊ စည်းကမ်းသတ်မှတ်ချက်များ၊ တွေ့ကြုံရသည့် အခက်အခဲများ၊ ကုန်စည်ပြပွဲများ ဆိုင်ရာသင်တန်းများအကြောင်းကို လာမည့် အပတ်စဉ်များတွင် ကျွန်တော် လက်လှမ်းမီသလောက် ရေးသား ဖော်ပြသွားမည် ဖြစ်ပါသည်။



# နာနတ်သီးဈေးကွက်အကြောင်း တစေ့တစောင်း

မေဖြိုးသူ (နှစ်နိုင်ငံ)

## ကမ္ဘာ့စိုက်ပျိုးထုတ်လုပ်မှု၊ တင်ပို့/တင်သွင်းမှု

အပူပိုင်းဒေသသစ်သီးဝလံဖြစ်သော နာနတ်သီးအား ကမ္ဘာတစ်ဝန်း၌ စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချလျက်ရှိသည်။ ၂၀၁၆ ခုနှစ်၏ နာနတ်သီးစိုက်ပျိုးထုတ်လုပ်မှုအနေဖြင့် Costa Rica နိုင်ငံသည် ပြိုင်စံရှားအဆင့်(၁)နေရာဖြင့် ရပ်တည်ခဲ့ပြီး နာနတ်သီးစိုက်ပျိုး တင်ပို့မှု စုစုပေါင်း၏ ၁၂ ရာခိုင်နှုန်း သို့မဟုတ် ၃ ဒသမ ၂ မီလီယံတန်တင်ပို့နိုင်ခဲ့ကြောင်း၊ အဆင့်(၂)နှင့် (၃)အဖြစ် ဘရာဇီးနိုင်ငံက ၁၀ ရာခိုင်နှုန်းနှင့် ဖိလစ်ပိုင်နိုင်ငံက ၁၀ ရာခိုင်နှုန်း တင်ပို့နိုင်ခဲ့ကြောင်း၊ Costa Rica နိုင်ငံအနေဖြင့် နာနတ်သီးအများဆုံးတင်ပို့သူဖြစ်ပြီး ကမ္ဘာ့နာနတ်သီး ဈေးကွက်ဝေစု ၅၆ ရာခိုင်နှုန်း ရရှိထားပြီး ဖိလစ်ပိုင်နိုင်ငံက ၁၆ ရာခိုင်နှုန်း ရရှိထားကြောင်း၊ နယ်သာလန်နှင့် ဘယ်လ်ဂျီယံနိုင်ငံတို့မှာ Re-exporter အဖြစ် နာနတ်သီး အများဆုံး တင်ပို့သည့် နိုင်ငံများဖြစ်ကြောင်း လေ့လာသိရှိရသည်။

၂၀၁၈ ခုနှစ်တွင် နာနတ်သီးစိုက်ပျိုးထုတ်လုပ်သည့် ကမ္ဘာ့ထိပ်တန်း ၁၀ နိုင်ငံမှာ Costa Rica၊ ဖိလစ်ပိုင်၊ ဘရာဇီး၊ ထိုင်း၊ အင်ဒိုနီးရှား၊ အိန္ဒိယ၊ နိုင်ဂျီးရီးယား၊ တရုတ် (ပြည်မ)၊ မက္ကဆီကိုနှင့် ကိုလံဘီယာနိုင်ငံတို့ဖြစ်ပြီး ၎င်းတို့အနက် နာနတ်သီးထုတ်လုပ်မှု အများဆုံးသုံးနိုင်ငံမှာ ၂၀၁၆ ခုနှစ်အတိုင်း ပြောင်းလဲခြင်းမရှိဘဲ Costa Rica၊ ဖိလစ်ပိုင်နိုင်ငံနှင့် ဘရာဇီး နိုင်ငံတို့ပင်ဖြစ်သည်။ ထို့ပြင် နာနတ်သီးရောင်းချမှုဈေးနှုန်းများမှာ ပင်ရင်းနိုင်ငံအပေါ် မူတည်၍ ကွာခြားချက်ရှိပြီး နယ်သာလန်နိုင်ငံထွက်နာနတ်သီးများမှာ ဈေးအမြင့်ဆုံးရရှိ၍ မက္ကဆီကိုနိုင်ငံထွက် နာနတ်သီးများမှာ ဈေးနှုန်းအနည်းဆုံးပင်ဖြစ်ကြောင်း သိရှိရသည်။

၂၀၁၈ ခုနှစ်တွင် နာနတ်သီးအများဆုံးဝယ်ယူခဲ့သော ကမ္ဘာ့ထိပ်တန်း ၁၀ နိုင်ငံမှာ အမေရိကန်၊ နယ်သာလန်၊ တရုတ်၊ ဂျာမနီ၊ စပိန်၊ ဘယ်လ်ဂျီယံ၊ အီတလီ၊ အင်္ဂလန်၊ ဂျပန်နှင့်ပြင်သစ်နိုင်ငံတို့ဖြစ်ကြောင်း၊ အမေရိကန်နိုင်ငံ၏ သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၇၂၅ဒသမ၉၉၂ သန်း၊ ကမ္ဘာ့ဈေးကွက်ဝေစု၏ ၂၆ ဒသမ ၆ ရာခိုင်နှုန်းဖြင့် ပထမနေရာ၌လည်းကောင်း၊ နယ်သာလန်နိုင်ငံက အမေရိကန်ဒေါ်လာ ၂၅၈ ဒသမ ၃၁၉ သန်း၊ ကမ္ဘာ့ဈေးကွက်ဝေစု၏ ၉ ဒသမ ၅ ရာခိုင်နှုန်းဖြင့် ဒုတိယနေရာ၌လည်းကောင်း၊ တရုတ်နိုင်ငံက အမေရိကန်ဒေါ်လာ ၁၈၂ ဒသမ ၇၃၁ သန်း၊ ကမ္ဘာ့ဈေးကွက်ဝေစု၏ ၆ ဒသမ ၇ ရာခိုင်နှုန်းဖြင့် တတိယနေရာ၌လည်းကောင်း ရပ်တည်လျက်ရှိကြောင်း ITC Trade Map အရ သိရှိရသည်။

၂၀၂၀ ပြည့်နှစ်တွင် နာနတ်သီးဖျော်ရည် ထုတ်လုပ်ရောင်းချမှုမှာ အမေရိကန် ဒေါ်လာ ၆၅၈၅ သန်းရှိလာနိုင်ပြီး ဈေးကွက်တိုးချဲ့နိုင်မှုမှာ ၄ဒသမ၄ ရာခိုင်နှုန်း နှစ်စဉ်တိုးတက်လာမည်ဟု ခန့်မှန်းထားပြီး နာနတ်သီးဖျော်ရည်စားသုံးမှုမှာ တစ်ဦးလျှင် သုည ဒသမ၃ လီတာ ပျမ်းမျှရှိမည်ဟု ကျွမ်းကျင်ပညာရှင်များက ခန့်မှန်းထားသည်ကိုလည်း သိရှိရသည်။

## ကမ္ဘာ့စားသုံးမှု

၂၀၁၆ ခုနှစ်တွင် ဘရာဇီးနိုင်ငံသည် ကမ္ဘာပေါ်တွင် နာနတ်သီးစားသုံးမှု အများဆုံးနိုင်ငံဖြစ်ကြောင်း၊ ကမ္ဘာ့နာနတ်သီး စားသုံးမှုအနက် ဘရာဇီးနိုင်ငံ၏စားသုံးမှုမှာ ၁၁ ရာခိုင်နှုန်းရှိပြီး ဖိလစ်ပိုင်နိုင်ငံက ရှစ်ရာခိုင်နှုန်း၊ အင်ဒိုနီးရှားနိုင်ငံကရှစ်ရာခိုင်နှုန်း၊ အိန္ဒိယနိုင်ငံက ခုနစ်ရာခိုင်နှုန်းနှင့် တရုတ်နိုင်ငံက ခြောက်ရာခိုင်နှုန်း အသီးသီးဖြစ်ကြောင်း လေ့လာသိရှိရသည်။

၂၀၁၈ ခုနှစ်တွင် ကမ္ဘာ့နာနတ်သီးစားသုံးမှုမှာ ဥရောပသမဂ္ဂနိုင်ငံများမှ အမေရိကန် ဒေါ်လာ ၁ဒသမ ၂ ဘီလီယံ၊ မြောက်အမေရိကနိုင်ငံများမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၇ ဘီလီယံ၊ ကျန်ရှိသော အမေရိကန်နိုင်ငံများမှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၈ ဘီလီယံ၊ အာရှနိုင်ငံများမှ အမေရိကန်ဒေါ်လာ ၅ ဒသမ ၅ ဘီလီယံ၊ အာဖရိကနိုင်ငံများမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ ဘီလီယံရှိပြီး နာနတ်သီးစည်သွတ်ဘူးစားသုံးမှုမှာ ဥရောပသမဂ္ဂနိုင်ငံများမှ အမေရိကန်ဒေါ်လာ သုည ဒသမ၄ ဘီလီယံ၊ မြောက်အမေရိကနိုင်ငံများမှ အမေရိကန်ဒေါ်လာ သုည ဒသမ၄ ဘီလီယံ၊ ကျန်ရှိသော အမေရိကန်နိုင်ငံများမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၈ ဘီလီယံ၊ အာရှနိုင်ငံများမှ အမေရိကန်ဒေါ်လာ တစ်ဘီလီယံ၊ အာဖရိကနိုင်ငံများမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၃ ဘီလီယံရှိကြောင်း သိရှိရသည်။

## ကမ္ဘာ့ဈေးကွက်

ကမ္ဘာ့နာနတ်သီးဈေးကွက်သည် ၂၀၀၇ ခုနှစ်မှစ၍ တဖြည်းဖြည်းတိုးတက်လာခဲ့ပြီး ၂၀၁၈ ခုနှစ်တွင် ကမ္ဘာ့နာနတ်သီးစားသုံးမှုနှင့်ထုတ်လုပ်မှုမှာ ထိပ်ဆုံးသို့ ရောက်ရှိခဲ့သည်။ ၂၀၁၆ ခုနှစ်တွင် နာနတ်သီးလက်လီရောင်းဈေးမှာ အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၉ ဘီလီယံသို့ မြင့်တက်ခဲ့သည်။ လူဦးရေတိုးပွားမှုနှင့် ဝင်ငွေများလာမှုတို့ကြောင့် နာနတ်သီးစားသုံးမှုမှာ မြင့်တက်လာခဲ့ပြီး ကျန်းမာရေးအထောက်အကူပြု စားသောက်ကုန်အနေဖြင့် ဈေးကွက်တင်သွင်းရောင်းချလျက်ရှိကြောင်း၊ အာရှနိုင်ငံများတွင် နာနတ်သီးအများဆုံးစိုက်ပျိုးပြီး ဒုတိယအနေဖြင့် Latin America နိုင်ငံများတွင် စိုက်ပျိုးကြောင်း လေ့လာသိရှိရသည်။

၂၀၁၄ ခုနှစ်မှစ၍ နိုင်ငံများမှ နာနတ်သီးတင်ပို့မှုများမှာ ပျမ်းမျှအားဖြင့် ၁၁ ဒသမ ၄ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း၊ ၂၀၁၇ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း ကမ္ဘာ့နာနတ်သီးတင်ပို့မှုမှာ ၅ ဒသမ ၇ ရာခိုင်နှုန်းတိုးလာခဲ့ကြောင်း၊ ၂၀၁၈ ခုနှစ်အတွင်း the Caribbean ပါဝင်သည့် Latin America နိုင်ငံများ (Mexico မပါ) သည် နိုင်ငံတကာရောင်းချမှုတွင် ငွေကြေးအမြင့်ဆုံးရရှိခဲ့ပြီး ကမ္ဘာ့ရောင်းချမှု၏တစ်ဝက်ခန့် သို့မဟုတ် အမေရိကန်ဒေါ်လာ ၁ဒသမ ၂ ဘီလီယံခန့်ရရှိခဲ့ကြောင်း လေ့လာသိရှိရသည်။

၂၀၁၄ ခုနှစ်မှစ၍ ပေါ်တူဂီ (၄၆၆ ဒသမ ၅ ရာခိုင်နှုန်း)၊ ထိုင်ဝမ် (၃၆၈ ဒသမ ၃ ရာခိုင်နှုန်း)၊ ဗြိတိန်နိုင်ငံ (၂၆၅ ဒသမ ၇ ရာခိုင်နှုန်း)နှင့် မက္ကဆီကို(၅၅ ဒသမ ၃ ရာခိုင်နှုန်း) နိုင်ငံတို့သည် နာနတ်သီးတင်ပို့မှုတွင် လျင်မြန်စွာကြီးထွားတိုးတက်လာခဲ့သော်လည်း ပနားမား(၄၃ ဒသမ ၄ ရာခိုင်နှုန်း)၊ အမေရိကန် (၂၁ ဒသမ ၅ ရာခိုင်နှုန်း)၊ နယ်သာလန် (၁၈ ဒသမ ၇ ရာခိုင်နှုန်း)၊ ဂျာမနီ (၁၂ ဒသမ ၁ ရာခိုင်နှုန်း)နှင့် ဘယ်လ်ဂျီယံ (၁၀ ဒသမ ၈ ရာခိုင်နှုန်း) နိုင်ငံတို့သည် နာနတ်သီးတင်ပို့မှု လျော့ကျခဲ့ကြောင်း သိရှိရသည်။

## ကမ္ဘာ့ကုန်သွယ်မှု

၂၀၁၆ခုနှစ်အတွင်း နာနတ်သီးဖျော်ရည်၏ ကမ္ဘာ့ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၉ ဘီလီယံရှိကြောင်း၊ Costa Rica နိုင်ငံသည် နာနတ်သီးဖျော်ရည် (Pineapple Juice) အများဆုံး တင်ပို့သည့်နိုင်ငံဖြစ်ပြီး ကမ္ဘာ့တင်ပို့မှုစုစုပေါင်း၏ ၂၂ ရာခိုင်နှုန်း သို့မဟုတ် အမေရိကန်ဒေါ်လာ ၂၃၇ သန်းတန်ဖိုးရှိကြောင်း၊ ထိုင်းနိုင်ငံမှာ ၁၉ ရာခိုင်နှုန်း သို့မဟုတ် အမေရိကန်ဒေါ်လာ ၂၀၉ သန်းတန်ဖိုးရှိကြောင်း လေ့လာသိရှိရသည်။ တစ်ဆက်တည်းမှာပင် နာနတ်သီးဖျော်ရည် အများဆုံးတင်သွင်းသည့် နိုင်ငံများအနေဖြင့် နယ်သာလန်နိုင်ငံမှာ ကမ္ဘာ့တင်သွင်းမှုစုစုပေါင်း၏ ၂၀ ရာခိုင်နှုန်း(သို့)အမေရိကန် ဒေါ်လာ ၂၂၀ သန်းတန်ဖိုးရှိပြီး အမေရိကန်နိုင်ငံမှာ ၁၇ ရာခိုင်နှုန်း(သို့) အမေရိကန်ဒေါ်လာ ၁၈၃ သန်းတန်ဖိုးရှိကြောင်း သိရှိရသည်။

## တရုတ်နိုင်ငံ၏ နာနတ်သီးစိုက်ပျိုးထုတ်လုပ်မှု၊ တင်ပို့/တင်သွင်းမှုအခြေအနေများ

ကမ္ဘာပေါ်တွင် ငှက်ပျောသီးနှင့် သရက်သီးတို့ကိုအဓိက စိုက်ပျိုးလျက်ရှိပြီး နာနတ်သီးသည် တတိယမြောက်စိုက်ပျိုးထုတ်လုပ်မှုအများဆုံး အပူပိုင်းသစ်သီးဖြစ်ပါသည်။ ကမ္ဘာတစ်ဝန်းလုံးတွင် နာနတ်သီးစိုက်ဟက်တာပေါင်း ၁၀၀၀၀၀၀ ရှိသည့်အနက် ၇၀၀၀၀ ဟက်တာမှာ တရုတ်နိုင်ငံ၏ စိုက်ပျိုးပမာဏဖြစ်သည်။ နာနတ်သီးသည် တရုတ်နိုင်ငံ၏ ကုန်စည်တင်သွင်းမှု ဈေးကွက်တွင်ရေပန်းအစားဆုံးသီးနှံဖြစ်ပါသည်။ တရုတ်နိုင်ငံအနေဖြင့် နာနတ်သီးအား ပြည်တွင်းစိုက်ပျိုးထုတ်လုပ်သည့်အပြင် ထိုင်ဝမ်၊ ဖိလစ်ပိုင်၊ ထိုင်း၊ မလေးရှားနှင့် Costa Rica နိုင်ငံတို့မှလည်း အများဆုံးတင်သွင်းကြောင်း သိရှိရသည်။

တရုတ်နိုင်ငံတွင် နာနတ်သီးအား Guangdong၊ Hainan၊ Yunnan၊ Guangxi၊ Fujian နှင့် Taiwan ပြည်နယ်တို့၌ အများဆုံးစိုက်ပျိုးကြပြီး ပြည်တွင်းဈေးကွက်တွင် ရောင်းချလျက်ရှိကြောင်း၊ အများစုမှာ Hainan ပြည်နယ်မှဖြစ်ကြောင်း သိရှိရသည်။

တရုတ်ဈေးကွက်တွင် အကျော်ကြားဆုံးနာနတ်သီးမှာ ဖိလစ်ပိုင်နိုင်ငံမှ တင်သွင်းသော နာနတ်သီးများပင်ဖြစ်ပါသည်။ အကြောင်းရင်းမှာ ယင်းတို့၏ချိုမြသော အရသာနှင့် သယ်ယူပို့ဆောင်ချိန် တိုတောင်းခြင်းတို့ကြောင့် ဖြစ်ပါသည်။ နာနတ်သီးအမျိုးအစား Comte de Paris မှာ ဖိလစ်ပိုင်နိုင်ငံမှ မိတ်ဆက်ခဲ့ခြင်းဖြစ်ပြီး တရုတ်နိုင်ငံ၏ အဓိကစိုက်ပျိုး ထုတ်လုပ်သော နာနတ်သီးအမျိုးအစားဖြစ်ကြောင်း သိရှိရသည်။

၂၀၁၈ ခုနှစ်တွင် နာနတ်သီးအများဆုံးတင်သွင်းသည့်နိုင်ငံများအနက် တရုတ်နိုင်ငံသည် တတိယမြောက်တင်သွင်းမှုအများဆုံးနိုင်ငံဖြစ်ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၈၂ ဒသမ ၇ မီလီယံဖြစ်သည်။ တရုတ်နိုင်ငံတွင် နာနတ်သီးအများစုကို လတ်လတ်ဆတ်ဆတ်အသီးအဖြစ် ရောင်းချလျက်ရှိကြောင်း၊ စည်သွတ်ဘူး၊ ဖျော်ရည်နှင့် အခြားထုတ်ကုန်များအဖြစ် အသွင်ပြောင်းထုတ်လုပ်မှုနည်းပါးသော်လည်း ခူးဆွတ်ပြီးနာနတ်သီး ၂၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းကို စည်သွပ်ဘူး၊ အချိုရည်ကဲ့သို့ အသွင်ပြောင်းထုတ်လုပ်ပြီး အများစုအား ဟောင်ကောင်၊ အမေရိကန်နှင့်ရုရှားနိုင်ငံသို့ တင်ပို့ကြောင်း သိရှိရသည်။

ဆက်လက်ဖော်ပြပါမည်။

# Helicopter Money နှင့် COVID-19 ဖြစ်ပွားမှုကြောင့် နိုင်ငံများ၏ ကူညီထောက်ပံ့မှု



ဒေါက်တာထိန်လင်း (MyanTrade)

၁၉၆၉ ခုနှစ်မှာ Nobel Prize ဆုရှင် Milton Friedman ရဲ့ အတွေးအခေါ်နဲ့ရေးသားထားတဲ့ "The Optimum Quantity of Money"စာတမ်းမှာ"Helicopter Money" ဆိုတဲ့ အဓိပ္ပာယ်ကို ရေးသားဖော်ပြခဲ့ပါတယ်။ အဲဒီစာတမ်းမှာ စီးပွားရေးကျဆင်းပြီး နိုင်ငံရဲ့စီးပွားရေး စတင်ဦးမော့လာစေဖို့အတွက် ပြည်သူလူထု လက်ထဲကို လိုအပ်နေတဲ့ငွေသားတွေထည့်ပေးဖို့ အဆိုပြုခဲ့တာ ဖြစ်ပါတယ်။ အဲဒီစာတမ်းမှာ ဖော်ပြထားတာက "Helicopter"နဲ့ ကောင်းကင်ကနေ လူ့အဖွဲ့အစည်းထံကို တစ်ကြိမ်တစ်ခါသာ ငွေသားတွေ ပစ်ချပေးပြီး သုံးစွဲဖို့နဲ့ လူတိုင်းမှာ ကောက်ယူခွင့်ရှိတယ်ဆိုတဲ့ သဘောတရားဖြစ်ပါတယ်။

World Economic Forum မှာ Pieria Magazine ရဲ့ Editor နှင့် Tomas Hirst ရဲ့ Co-founder တို့က "Helicopter Money" ရဲ့ အခြေခံသဘောတရားကိုဖော်ပြရာမှာ နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေး အခြေအနေဟာဖြစ်သင့်တဲ့ ကျဆင်းနေမှု အလားအလာရှိနေချိန်မှာ ဗဟိုဘဏ်တစ်ခုအနေနဲ့ အတိုင်းအတာတစ်ခုအထိ ငွေကြေးဖောင်းပွမှုနဲ့ တိုင်းပြည်ထွက်ကုန်မြှင့်တင်ဖို့ ထိရောက်စွာ အသုံးပြုတဲ့ ကိရိယာတစ်ခုဖြစ်ပြီး တိုင်းပြည်ရှိလူတိုင်းကို တိုက်ရိုက်ငွေကြေးလွှဲပြောင်းပေးတာ ဖြစ်ပါတယ်။ သီအိုရီအရတော့ တိုင်းပြည်ရှိ လူတိုင်းကိုအစိုးရအနေနဲ့ တိုက်ရိုက်ငွေကြေးလွှဲပြောင်းပေးတဲ့ အစီအစဉ်ဟာ တစ်ကြိမ်တစ်ခါသာလုပ်လေ့ရှိပြီး အဲဒီငွေကြေးနဲ့ ပြည်သူပြည်သားတွေဟာ လွတ်လပ်စွာ သုံးစွဲခြင်းကြောင့် တိုင်းပြည်အတွင်း ကျယ်ပြန့်တဲ့ စီးပွားရေးလုပ်ဆောင်ချက်တွေကို လည်ပတ်စေပြီး ဗဟိုဘဏ်အနေနဲ့ ရည်မှန်းထားတဲ့ ငွေကြေးဖောင်းပွမှုနှုန်းကို ပြန်လည်ရရှိဖို့ တုံ့ပြန်ဆောင်ရွက် တာဖြစ်ပါတယ်။ အမေရိကန်နိုင်ငံမှာ ကမ္ဘာ့ကပ်ရောဂါ COVID-19 ပြန့်ပွားမှုကြောင့် စီးပွားရေးအကျပ်အတည်းဖြစ်ပေါ်နေမှုနဲ့အတူ အလုပ်လက်မဲ့ဦးရေ မြင့်တက်လာမှုကြောင့် ကူညီထောက်ပံ့မှုအနေနဲ့ အမေရိကန်ဒေါ်လာ ၂ ဒသမ ၂ ထရီလီယံရဲ့ အစိတ်အပိုင်းတစ်ခုဖြစ်တဲ့ Coronavirus Aid, Relief, and Economic Security (CARES) Actအရ အမေရိကန်နိုင်ငံသားလို့ သတ်မှတ်ခြင်းခံရသူတွေကို တစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၁၂၀၀ အားပေးအပ်ခဲ့ပါတယ်။

မေ ၁ ရက်အထိ စာရင်းအရ အမေရိကန်ဒေါ်လာ ၁၅၇ ဒသမ ၉ ဘီလီယံခန့်ကို နိုင်ငံသားများ၏ လက်ထဲငွေသား ထည့်ပေးလိုက်တဲ့အတွက် အမေရိကန်နိုင်ငံရဲ့ လက်ရှိဘဏ္ဍာရေးဆိုင်ရာ အသိုက်အဝန်းမှာ"Helicopter Money"သဘောတရားကို တွင်ကျယ်စွာ ပြောဆိုလာကြပါတယ်။ အမေရိကန်နိုင်ငံအနေနဲ့ ဘဏ္ဍာငွေကြေး ကူညီထောက်ပံ့မှုတွေကို CARE Act အရ ဆောင်ရွက်နေပေမယ့် Hedge-fund Investor တွေကလည်း "Helicopter Money" ကို ပိုပြီး သုံးစွဲသင့်တယ်လို့ ဖက်ဒရယ်အစိုးရကို အကြံပြုကြပါတယ်။

ဝါရှင်တန်ဒီစီမြို့ရှိ American University က စီးပွားရေးပါမောက္ခဖြစ်သူ Ignacio Garcia က "HelicopterMoney" ဆိုတဲ့ သဘောတရားကို ပြောကြားရာမှာ ရှေးရိုးအားဖြင့် ဗဟိုဘဏ်တစ်ခုမှ ငွေသားအသစ်များ ရိုက်နှိပ်ထုတ်ဝေပြီး ပြည်သူတွေကို တိုက်ရိုက်ဖြန့်ဖြူးပေးခြင်းဖြစ်ပေမယ့် အမေရိကန်နိုင်ငံအနေဖြင့် အဲဒီလိုငွေသားအသစ် ရိုက်နှိပ်ထုတ်ဝေခြင်းနှင့် ဖက်ဒရယ်အစိုးရအနေနဲ့ အခွန်ရငွေများမှပေးဖို့ အတည်ပြုခြင်း မရှိသေးကြောင်း ပြောကြားပါတယ်။

ငွေကြေးထောက်ပံ့မှု ဒုတိယအစီအစဉ်အနေနဲ့ အထက်လွှတ်တော်နဲ့ ဒီမိုကရက်တစ်အဖွဲ့ဝင်များက အမေရိကန်နိုင်ငံသားလို့သတ်မှတ်ထားသူတွေကို တစ်လလျှင် အမေရိကန်ဒေါ်လာ ၂၀၀၀ နဲ့ အနည်းဆုံး ခြောက်လပေးဖို့ Emergency Money for the People Act အသစ်ကို ရေးဆွဲလျက်ရှိပါတယ်။

ကမ္ဘာ့ကပ်ရောဂါ COVID-19 ပြန့်ပွားမှုကြောင့် ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီးတွင် စီးပွားရေးအကျပ်အတည်းတွေ ဖြစ်ပေါ်လျက်ရှိရာ သက်ဆိုင်ရာနိုင်ငံတွေက အစိုးရတွေအနေနဲ့ နိုင်ငံရဲ့ စီးပွားရေး အထောက်အကူဖြစ်စေဖို့နဲ့ လူနေမှုဘဝ အကျပ်အတည်းကနေ လွတ်မြောက်ဖို့အတွက် စီးပွားရေးဆိုင်ရာ ထောက်ပံ့မှု အစီအစဉ်တွေကို ရေးဆွဲအကောင်အထည်ဖော်လျက်ရှိပါတယ်။ နိုင်ငံတွေရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအဆင့်၊ တိုင်းပြည်ဝင်ငွေ၊ ရောဂါပြန့်ပွားမှုနဲ့လူနေမှုဘဝအခြေအနေကွာခြားမှုတွေအလိုက် စီးပွားရေးဆိုင်ရာ ကူညီထောက်ပံ့မှုအစီအစဉ်တွေကလည်း ကွာခြားလျက်ရှိပါတယ်။

ဘယ်လ်ဂျီယံနိုင်ငံအခြေစိုက် ဥရောပနိုင်ငံများမှ စီးပွားရေး ပညာရှင်တွေနဲ့ Think Tank အဖြစ် ဖွဲ့စည်းထားတဲ့Bruegel ရဲ့ စိစစ်သုံးသပ်ချက်အရ ဂျာမနီနိုင်ငံဟာ ပျံ့နှံ့လာတဲ့ဘဏ္ဍာငွေကြေးဆိုင်ရာ အထောက်အပံ့နဲ့ စီးပွားရေး ပြန်လည်နိုးထစေဖို့အတွက် အစီအမံအနေဖြင့် ၂၀၁၉ ခုနှစ်မှာနိုင်ငံရဲ့ ထုတ်ကုန်ပမာဏ ၆၀ ရာခိုင်နှုန်းနဲ့ ညီမျှတဲ့ယူရို နှစ်ထရီလီယံကျော် (အမေရိကန်ဒေါ်လာ ၂ဒသမ၂ ထရီလီယံ)ကို ရေးဆွဲခဲ့ပါတယ်။ ဂျာမနီနိုင်ငံ ဖက်ဒရယ်နှင့် ပြည်နယ်အစိုးရတို့အနေနဲ့ ပြင်သစ်၊ အီတလီ၊စပိန်၊ အင်္ဂလန်နဲ့ အမေရိကန်နိုင်ငံတို့ထက် စီးပွားရေးဆိုင်ရာ ကူညီထောက်ပံ့မှုအစီအစဉ်တွေအတွက် ဘဏ္ဍာငွေကြေး အများအပြားသုံးစွဲထားပါတယ်။

အမေရိကန်နိုင်ငံရဲ့ အထက်လွှတ်တော်အနေနဲ့ဧပြီလနောက်ဆုံးပတ်က စီးပွားရေးဆိုင်ရာ ကူညီထောက်ပံ့မှုအစီအစဉ်အတွက် နိုင်ငံဂျီဒီပီ၏ ၁၄ ရာခိုင်နှုန်းခန့်ရှိတဲ့ အမေရိကန်ဒေါ်လာ ၄၈၄ ဘီလီယံသုံးစွဲဖို့ ခွင့်ပြုခဲ့ပါတယ်။ Bruegel ရဲ့ သုတေသနပြုချက်အရ အမေရိကန်နိုင်ငံရဲ့ တိုက်ရိုက်ထောက်ပံ့ပေးတဲ့အချိုးဟာ(ဂျီဒီပီ၏၉ ဒသမ၁ရာခိုင်နှုန်း)အခြားသော နိုင်ငံတွေရဲ့ ကူညီထောက်ပံ့မှု ထက်များကြောင်း ဖော်ပြထားပါတယ်။

ကိုရီးယားသမ္မတနိုင်ငံကလည်း စီးပွားရေးပြန်လည်နိုးကြွစေဖို့နဲ့ COVID-19 ဖြစ်ပွားမှုကြောင့် ပြည်သူများ အခက်အခဲတွေကို ရင်ဆိုင်နေရချိန်မှာ နှစ်သိမ့်ရန်အတွက် ကိုရီးယားသမ္မတနိုင်ငံ၏ သမ္မတမွန်းဂျေအင်းက တိုင်းပြည်စီးပွားရေး ပြန်လည်ဦးမော့စေဖို့ YDisaster Relief Payments အနေနဲ့ ကူညီမယ်လို့ မေ ၄ ရက်မှာ ပြောကြားခဲ့ပါတယ်။

Disaster Relief Payments ဟာ ကိုရီးယားသမ္မတနိုင်ငံရဲ့ သမိုင်းမှာ ပထမဦးဆုံးအနေနဲ့ ကူညီထောက်ပံ့ပေးမှာဖြစ်ပြီး ထောက်ပံ့မည့်ငွေပမာဏက ကိုရီးယားဝမ် ၁၄ဒသမ၃ ထရီလီယံ (အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၆၆ ဘီလီယံ) ဖြစ်ပြီး အရေးပေါ်ထောက်ပံ့ငွေအနေနဲ့ အိမ်ထောင်စု ၂၁ဒသမ၇၁ သန်းကို ပေးအပ်သွားမည်ဖြစ်ပါတယ်။

မိသားစုဝင် လေးဦးနဲ့ အထက်ရှိတဲ့ အိမ်ထောင်စုဝင်တစ်စုကို ကိုရီးယားဝမ် တစ်သန်း၊ မိသားစုဝင် သုံးဦးရှိတဲ့ အိမ်ထောင်စုဝင်တစ်စုကိုကိုရီးယားဝမ် ရှစ်သိန်း၊ မိသားစုဝင်နှစ်ဦးရှိတဲ့ အိမ်ထောင်စုဝင်တစ်စုကို ကိုရီးယားဝမ် ခြောက်သိန်းနဲ့ မိသားစုဝင် တစ်ဦးသာရှိတဲ့ အိမ်ထောင်စုဝင်တစ်စုကို ကိုရီးယားဝမ် လေးသိန်း ထောက်ပံ့ပေးသွားမယ့် စီမံကိန်းဖြစ်ပါတယ်။

လူမှုရေးအရ ထိခိုက်နစ်နာမှုရှိပြီး ပြည်တွင်း အခြေခံလူမှုဘဝလုံခြုံရေး လိုအပ်သူတွေနဲ့ မသန်မစွမ်းဖြစ်နေတဲ့ ပင်စင်စား အိမ်ထောင်စု ၂ ဒသမ ၈ သန်းကျော်အတွက်ကို ပထမဦးဆုံးမအနေနဲ့ ဘဏ္ဍာငွေကြေးထောက်ပံ့မှုတွေကို ပေးအပ်ခဲ့ပြီးဖြစ်ပါတယ်။ နိုင်ငံတော်က ထောက်ပံ့မယ့် အထောက်အပံ့တွေအတွက် သက်ဆိုင်ရာ အိမ်ထောင်စုဝင်များအနေနဲ့ ဘဏ်တွေနဲ့ အစိုးရရုံးတွေကို သွားရောက်ဖို့နဲ့ လိုအပ်တဲ့ပုံစံတွေဖြည့်စွက်ဖို့မလိုတော့ဘဲ ဘဏ်စာရင်းထဲကို ထောက်ပံ့ငွေကို တိုက်ရိုက်လွှဲပြောင်းပေးမှာ ဖြစ်ပါတယ်။

**ဆက်လက်ဖော်ပြပါမည်။**

## အိန္ဒိယနိုင်ငံ၌ APIs ဆေးဝါးများအား ကန့်သတ်ကုန်စည်အဖြစ်မှ ပြန်လည် ဖယ်ရှားပေးခဲ့

အိန္ဒိယနိုင်ငံ၌ ပါရာစီတမော၊ ဗီတာမင်ဘီ -၁၊ ဘီ-၆ နှင့်ဘီ-၁၂ စသည်တို့ အပါအဝင် 8 digit HS Code လိုင်းပေါင်း ၂၆ ခုရှိ ပဋိဇီဝဆေးဝါး (Active Pharmaceutical Ingredient-API) များအား ကန့်သတ်ကုန်စည်အဖြစ် အစိုးရက ၃-၃-၂၀၂၀ ရက်တွင် အမိန့်ကြော်ငြာစာ ထုတ်ပြန်လျက် သတ်မှတ်ထားခဲ့သည်။

ယခုအခါ အိန္ဒိယ ကူးသန်းရောင်းဝယ်ရေးနှင့်စက်မှုဝန်ကြီးဌာနရှိ ပြည်ပကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက အဆိုပါ HS Code လိုင်းပေါင်း ၂၆ ခုရှိ ဇီဝလှုံ့ဆော်မှုရှိသည့် ဆေးပစ္စည်း APIs များအနက်မှ Paracetamol နှင့် Formulations made of Paracetamol ဆေးဝါး နှစ်မျိုးကို ချန်လှပ်၍ ကျန်ဆေးဝါး ၂၄ မျိုးအား ပြည်ပသို့ လွတ်လပ်စွာ တင်ပို့ခွင့်ပြုသည့် ကုန်စည်များအဖြစ်သို့ ပြန်လည်ပြောင်းရွှေ့သတ်မှတ်လိုက်ကြောင်းဖြင့် ၆-၄-၂၀၂၀ ရက်တွင် အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၁၅-၂၀၂၀ ကို ထုတ်ပြန်လျက် ဖြေလျှော့ပေးခဲ့ကြောင်း သိရှိရသည်။

**နေအေးလွင် (စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ နယူးဒေလီမြို့)**

# Coronavirus ကြောင့် အာရှဒေသရှိ အထည်ချုပ်လုပ်ငန်းများနှင့် ဝန်ထမ်းများအပေါ် ထိခိုက်

ကမ္ဘာတစ်ဝန်းတွင် Coronavirus ကူးစက်ရောဂါဖြစ်ပွား မှုကြောင့် ဗြိတိန်အခြေစိုက် Next Plc ကုမ္ပဏီသည် အမှာစာများကို ရပ်ဆိုင်းသဖြင့် ယင်း၏ မြန်မာနိုင်ငံရှိအနွေးထည်များ ထုတ်လုပ်သောအထည်ချုပ် စက်ရုံကိုပိတ်လိုက်ရကြောင်း၊ ဗြိတိန်နိုင်ငံတွင်လည်း ယင်း၏ လက်လီ အရောင်းဆိုင်များကို ယာယီရပ်ဆိုင်းထားကြောင်း၊ အကျိုးဆက်အဖြစ် မြန်မာနိုင်ငံရှိအထည်ချုပ် စက်ရုံဝန်ထမ်းများမှာ အလုပ်လက်မဲ့ဖြစ်ပြီး ဝင်ငွေမရှိသည့်အတွက် ရှိစုမဲ့စုလက်ဝတ်လက်စားများကို ရသည့်ဈေးဖြင့် ပေါင်နှံရောင်းချရသည့် အခြေအနေကို ရောက်ရှိနေကြောင်း၊ ထို့ပြင် ထိုသူများကို မှီခိုနေရသည့် မိသားစုဝင်များလည်း ဒုက္ခရောက်ကြရကြောင်း မေ ၂၀ ရက်ထုတ် The Korea Times သတင်းစာတွင် ဖော်ပြထားသည်။

ထို့ကြောင့် မြန်မာနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့ရှိ အထည်ချုပ်စက်ရုံပိုင်ရှင်များအနေဖြင့် ၎င်းတို့၏စက်ရုံများကို ချက်ချင်း ပိတ်လိုက်ပြီး အဆိုပါစက်ရုံများမှ ဝန်ထမ်းပေါင်းမြောက်မြားစွာတို့ကို အချို့အလုပ်ရှင်များက လစာအနည်းငယ်ပေး၍လည်းကောင်း၊ အချို့က မပေးဘဲလည်းကောင်း အလုပ်ရပ်စဲကာ နေရပ်သို့ပြန်လွှတ်ကြသည်ဟု သိရှိရကြောင်း၊ လက်လီဖြန့်ချိရောင်းချသူများအနေဖြင့် အမှာစာများကို သုံးလကြိုတင်၍ မှာယူလေ့ရှိပြီး ငွေပေးချေမှုကိုမူ ကုန်စည်များရောက်ရှိအပ်နှံပြီးမှသာ ပေးချေလေ့ရှိကြကြောင်း၊ သို့ဖြစ်၍ ယခုကဲ့သို့အခြေအနေမျိုးတွင် ကုန်ပစ္စည်းမှာယူသူ အများစုက မှာယူထားသည့် ပစ္စည်းအမှာစာများ အားလုံးကို ပယ်ဖျက်ခဲ့ကြသည့်အတွက် လုပ်ငန်းရှင်များအနေဖြင့် များစွာနစ်နာမှုရှိကြောင်း၊ သို့ဖြစ်၍ ၂၀၂၀ ပြည့်နှစ် မတ်လနှင့် ဧပြီလအတွင်းတွင် အချင်းချင်း ညှိနှိုင်းမှုများဆောင်ရွက်ခဲ့ကြရာ ထုတ်လုပ်ပြီးနှင့် ထုတ်လုပ်ဆဲအထည်/ ကုန်ပစ္စည်းများအတွက် ကုန်မှာသူများမှပေးချေရန် သဘောတူညီမှုရရှိခဲ့ကြကြောင်းကိုလည်း ဖော်ပြထားသည်။

ထိုသို့ ညှိနှိုင်းမှုရရှိသည့် ကုန်အမှာစာများအတွက် ပြီးစီးအောင်ပြန်လည်ချုပ်လုပ်နိုင်ရန် ဘင်္ဂလားဒေ့ရှ်နိုင်ငံ စက်ရုံ ၄၀၀၀ကျော်အနက် ၂၀၀၀ ခန့်ပြန်ဖွင့်လှစ်ရကြောင်း၊ သို့ရာတွင် မြန်မာနိုင်ငံ၏အထည်ချုပ်စက်ရုံ၆၀၀ ကျော်အနက်မှ ၁၅၀ခန့်သည်လည်းကောင်း၊ ကမ္ဘောဒီးယားနိုင်ငံမှ အထည်ချုပ်စက်ရုံ ၆၀၀ကျော်အနက်မှ ၂၀၀ ခန့်တို့သည်လည်းကောင်း ပိတ်ခဲ့ရကြောင်းကို သက်ဆိုင်ရာအထည်ချုပ်အသင်းများ၏ သတင်းအချက်အလက်များအရသိရသည်။

မြန်မာနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့ရှိ အထည်ချုပ်စက်ရုံအများစု သည် ဆက်လက်ရပ်တည်ရန် ခက်ခဲမှုများနှင့်ရင်ဆိုင်ရလျက်ရှိသည့်အတွက် ယင်းစက်ရုံများ၏ ဝန်ထမ်းများအလုပ်လက်မဲ့ဖြစ်ခြင်း၊ အကျိုးဆက်အဖြစ် ဝန်ထမ်းများနှင့် မိသားစုများ၏ စားဝတ်နေရေးအတွက် အခက်အခဲဖြစ်ရခြင်း၊ အထည်ချုပ်လုပ်ငန်း



နယ်ပယ်ရှိဝန်ထမ်းများအတွက် အနာဂတ်မျှော်လင့်ချက်များကို ပျက်စီးစေခြင်းစသည်တို့ကို တွေ့ကြုံရသည့်အတွက် စက်ရုံများ မူလအခြေအနေအတိုင်း ပြန်လည်ဖွင့်လှစ်နိုင်ရန် ဝန်ထမ်းများက မျှော်လင့်နေကြကြောင်း ဖော်ပြပါရှိသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် လက်ရှိအခြေအနေအရ အထည်ချုပ်လုပ်ငန်းများမှ ဝန်ထမ်းအချို့သည် လုပ်ငန်းခွင်ပြန်ဝင်နိုင်ခဲ့သော်လည်း၊ ဝန်ထမ်းတစ်သန်းခန့်သည် မတ်လနှောင်းပိုင်းတွင် လစာမဲ့ခွင့်ဖြင့်အလုပ်နားခဲ့ရကြောင်း၊ ဝန်ထမ်း ၇၅၀၀၀ ခန့်သည် ၂၀၂၀ ပြည့်နှစ် မတ်လအတွက် လစာကို လုံးဝမရခဲ့ကြကြောင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ အထည်ချုပ်နှင့်ပို့ကုန်အသင်း၏ ပြောကြားချက်အရ သိရှိရသည်။ သက်ဆိုင်ရာအစိုးရမှ အမေရိကန်ဒေါ်လာ ၅၈၈ သန်း တန်ဖိုးရှိ ရန်ပုံငွေအစီအစဉ်ကို ကြေညာခဲ့သော်လည်း အဆိုပါပမာဏသည် မလောက်ငနိုင်ကြောင်း၊ ထို့ပြင် ကိုယ်ပိုင်ကုမ္ပဏီရှစ်ခုနှင့် ကုမ္ပဏီများသည် အဆိုပါ ရန်ပုံငွေထောက်ပံ့မှုအစီအစဉ်တွင် အကျုံးမဝင်ကြောင်းဖြင့် ဖော်ပြထားသည်။

ကမ္ဘောဒီးယားနိုင်ငံအစိုးရက အမေရိကန်ဒေါ်လာ၄၀နှင့် အလုပ်ရှင်က အမေရိကန်ဒေါ်လာ ၃၀ စုစုပေါင်း အမေရိကန်ဒေါ်လာ ၇၀ အား အထည်ချုပ်ဝန်ထမ်းများအား ထောက်ပံ့ပေးမည့် ရန်ပုံငွေအစီအစဉ်တွင် အထည်ချုပ်ဝန်ထမ်း ၆၀၀၀၀ ခန့်သည် ရရှိခြင်းမရှိသေးဘဲ စောင့်ဆိုင်းနေရကြောင်း၊ အဆိုပါငွေပမာဏသည်လည်း အနိမ့်ဆုံးလုပ်ခလစာ၏ သုံးပုံတစ်ပုံမျှသာရှိပြီး ဝန်ထမ်းများအားလုံးထံသို့လည်း မရရှိကြသေးသဖြင့် ဝန်ထမ်းအများစုသည် နေ့စဉ်နေထိုင်စားသောက်စရိတ်များအပေါ်တွင် အကြွေးတင်နေကြကြောင်း၊ NGO အဖွဲ့အစည်းများနှင့် အလှူရှင်များထံမှ လှူဒါန်းရရှိသည့် ဆန်နှင့်အစားအသောက်များအပေါ်တွင် မှီခိုနေရကြောင်းဖြင့် ထည့်သွင်းဖော်ပြထားသည်။

မြန်မာနိုင်ငံတွင် အထည်ချုပ်လုပ်ငန်းကဏ္ဍသည် လျင်မြန်စွာတိုးတက်လာသည့် ကဏ္ဍတစ်ခုဖြစ်ပြီး အများဆုံး ပို့ကုန် ၁၀ မျိုးစာရင်းတွင် တစ်ခုအပါအဝင်ဖြစ်ကာ လွန်စွာနွမ်းပါးသည့် လူတန်းစားများနှင့် ကျေးရွာများမှမြို့ပေါ်သို့ရွှေ့ပြောင်းလာသည့် လုပ်သားများအတွက် အဓိက ရပ်တည်ရာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းတစ်ခုလည်းဖြစ်သည့်အတွက် အဆိုပါအထည်ချုပ် လုပ်ငန်းကဏ္ဍ ရေရှည်ရပ်တည်နိုင်ရေးသည် ယင်းကဏ္ဍကိုမှီခိုရလျက်ရှိသည့်ဝန်ထမ်းများ၏ ဘဝရှင်သန်ရပ်တည်နိုင်ရေးအတွက်အရေးကြီးသကဲ့သို့ နိုင်ငံ၏ပို့ကုန်တိုးတက်ရေးအတွက်အဓိက အရေးကြီးသည့်ကဏ္ဍတစ်ခုပင် ဖြစ်ပါသည်။

**ဝင်းပပသူ၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ ဆိုးလ်မြို့။**

# ဧပြီလအတွင်း စင်ကာပူနိုင်ငံ၏ ကုန်သွယ်မှုကျဆင်းခဲ့သော်လည်း စက်သုံးဆီမဟုတ်သော ပို့ကုန်တိုးတက်

စင်ကာပူကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာနက မေ ၁၈ ရက်တွင် ထုတ်ပြန်ခဲ့သည့်စာရင်းအရ ၂၀၂၀ ပြည့်နှစ် ဧပြီလတွင် စင်ကာပူ၏ ကုန်စည်ကုန်သွယ်မှုပမာဏသည် ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက (-) ၁၂ ဒသမ ၈ရာခိုင်နှုန်းကျဆင်းခဲ့ပြီးပို့ကုန်ပိုင်းတွင် (-) ၁၂ ဒသမ ၇ရာခိုင်နှုန်းနှင့် သွင်းကုန်ပိုင်းတွင် (-) ၁၃ ရာခိုင်နှုန်း အသီးသီးထိုးဆင်းသွားခဲ့သည်။

ကာလအလိုက်ညှိနှိုင်းထားသောစာရင်းအရ ဧပြီလတွင်ပို့ကုန်တန်ဖိုး စင်ကာပူဒေါ်လာ ၃၈ ဒသမ ၅ဘီလီယံနှင့် သွင်းကုန်တန်ဖိုး စင်ကာပူဒေါ်လာ ၃၆ဒသမ ၁ဘီလီယံရရှိခဲ့သည့်အတွက် စုစုပေါင်းကုန်စည်ကုန်သွယ်မှုသည် စင်ကာပူဒေါ်လာ၇၄ဒသမ၆ဘီလီယံ ရရှိခဲ့ကြောင်းဖော်ပြထားသည်။

၂၀၂၀ ပြည့်နှစ် ဧပြီလအတွင်း ကုန်သွယ်မှုကျဆင်းခဲ့သော်လည်းစက်သုံးဆီမဟုတ်သော ပြည်တွင်းပို့ကုန် (Non-Oil Domestic Exports)မှာ ၉ ဒသမ၇ ရာခိုင်နှုန်းတိုးမြင့်တင်ပို့နိုင်ခဲ့ကြောင်း၊ စက်သုံးဆီမဟုတ်သောပြည်တွင်းပို့ကုန်အား အီလက်ထရွန်နစ်ပစ္စည်းမဟုတ်သော ပို့ကုန်နှင့် အီလက်ထရွန်နစ်ပစ္စည်းပို့ကုန်ဟု နှစ်ပိုင်းခွဲခြားထားရာ အီလက်ထရွန်နစ် ပစ္စည်းမဟုတ်သော ပို့ကုန်သည် ၁၂ ဒသမ ၈ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီးအီလက်ထရွန်နစ်ပစ္စည်းပို့ကုန်မှာ(-) သုည ဒသမ၆ ရာခိုင်နှုန်းလျော့ကျခဲ့ကြောင်း၊အီလက်ထရွန်နစ်ပစ္စည်းမဟုတ်သောပို့ကုန်များ တိုးတက်ခဲ့ခြင်းမှာအထူးသဖြင့် ဆေးဝါးပစ္စည်း၊ Food Preparationနှင့် ရွှေတို့ကိုတိုးမြင့်တင်ပို့နိုင်ခဲ့ခြင်းကြောင့်ဖြစ်သည်။အီလက်ထရွန်နစ်ပစ္စည်း ပို့ကုန်တင်ပို့မှုကျဆင်းခဲ့ခြင်းမှာ အဓိကအားဖြင့် PCs၊ Disk Drivesနှင့် Diodes & Transistors တို့ကိုလျော့နည်းတင်ပို့နိုင်ခဲ့သောကြောင့်ဖြစ်သည်။ စက်သုံးဆီမဟုတ်သောပို့ကုန်များကို တရုတ်၊ ဟောင်ကောင်၊ မလေးရှား၊ အင်ဒိုနီးရှားနှင့် ထိုင်းဈေးကွက်များမှလွဲ၍ စင်ကာပူ၏ အဓိကဈေးကွက်များသို့ တိုးမြင့်တင်ပို့နိုင်ခဲ့ပြီး အဓိကအားဖြင့် အမေရိကန်၊ အီးယူနှင့် ဂျပန်ဈေးကွက်များသို့ ပိုမိုတင်ပို့နိုင်ခဲ့ကြောင်းဖော်ပြထားသည်။

စက်သုံးဆီတင်ပို့မှုပိုင်းအနေဖြင့် ပနားမား ၊ မလေးရှားနှင့် အင်ဒိုနီးရှားနိုင်ငံများသို့ တင်ပို့မှုကျဆင်းခဲ့သည့်အတွက် ဧပြီလအတွင်း စင်ကာပူ၏ စက်သုံးဆီပို့ကုန်သည်(-) ၆၄ဒသမ ၉ရာခိုင်နှုန်းအထိထိုးဆင်းခဲ့သည်။ ပြန်လည်တင်ပို့မှု(Re-exports)အပိုင်းတွင် စက်သုံးဆီမဟုတ်သောကုန်ပစ္စည်းများကို ပြန်လည်တင်ပို့မှုသည်(-) ၈ ဒသမ ၃ ရာခိုင်နှုန်းကျဆင်းခဲ့သည်။

သတင်းရင်းမြစ် ။ ။ Ministry of Trade & Industry, Singapore

**မြတ်နိုး၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ စင်ကာပူမြို့**

# COVID-19 ရောဂါ ကာလအတွင်း အရှေ့တောင်အာရှနိုင်ငံများ စီးပွားရေးထိုင်းမှိုင်းနေ

ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါပြန့်ပွားကူးစက်မှုရှိသဖြင့် ခရီးသွားလုပ်ငန်းနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းနယ်ပယ်များတွင် သိသိသာသာ ထိခိုက်နစ်နာမှုများ ရင်ဆိုင်နေရသဖြင့် အရှေ့တောင်အာရှနိုင်ငံများ၏ စီးပွားရေးတိုးတက်မှုနှုန်းသည် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလမှ မတ်လအထိ သုံးလပတ်ကာလအတွင်း ထိုင်းမှိုင်းနှေးကွေးနေခဲ့သည်။

အရှေ့တောင်အာရှရှိစီးပွားရေးအင်အားကြီးနိုင်ငံများ၏ စီးပွားရေးပိုင်းအချက်အလက်များအရ ထိုင်းနိုင်ငံ၏ GDPသည် ယမန်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ယခုနှစ်သုံးလပတ်တွင် ရှစ်နှစ်တာအတွင်း အနိမ့်ဆုံးဖြစ်သည့် အနုတ် (- ၁ဒသမ၈ ရာခိုင်နှုန်း) ကျဆင်းနေကြောင်း သိရသည်။ စင်ကာပူနိုင်ငံ၏စီးပွားရေးသည် ၂ဒသမ ၂ ရာခိုင်နှုန်း ကျဆင်းနေပြီး ဖိလစ်ပိုင်နိုင်ငံသည် ၂၁ နှစ်တာကာလအတွင်း ပထမဦးဆုံးအဖြစ် သုည ဒသမ၂ ရာခိုင်နှုန်း လျော့ကျခဲ့ကြောင်း သိရသည်။ အင်ဒိုနီးရှားနိုင်ငံ၏ စီးပွားရေးတိုးတကမှုသည် ၂ဒသမ ၉ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး ၂၀၀၁ ခုနှစ် နောက်ပိုင်းတွင် အထိုင်းမှိုင်းဆုံးဖြစ်ကြောင်း သိရသည်။

နှစ်စဉ် စီးပွားရေးတိုးတက်မှုနှုန်း ခုနစ်ရာခိုင်နှုန်း ဝန်းကျင်ဖြင့် ဆက်တိုက်တိုးတက်နေခဲ့သည့် ဗီယက်နမ်နိုင်ငံ၏ စီးပွားရေးတိုးတက်မှုသည် ယခုနှစ်သုံးလပတ်ကာလတွင် ၃ ဒသမ ၈ ရာခိုင်နှုန်းအထိ လျော့ကျသွားကာ မလေးရှားနိုင်ငံ၏ တိုးတက်မှုနှုန်းမှာ မူ သုည ဒသမ ၇ ရာခိုင်နှုန်းအထိ လျော့ကျခဲ့ကြောင်း သိရသည်။

ကိုရိုနာကပ်ရောဂါ၏ ကာလတာရှည်စွာ ဂယက်ရိုက်မှုများကြောင့် အရှေ့တောင်အာရှနိုင်ငံများ၏ စီးပွားရေးတိုးတက်မှုနှုန်းသည် ဧပြီလမှ ဇွန်လအထိလာမည့် သုံးလပတ်ကာလတွင်လည်းဆက်လက်၍ထိုင်းမှိုင်းနှေးကွေးနေနိုင်ကြောင်း စီးပွားရေးကျွမ်းကျင်ပညာရှင်များက လေ့လာသုံးသပ်နေကြပါသည်။ **နန္ဒာဝင်း (စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ တိုကျိုမြို့)**


MYAWADDY BANK LIMITED
MWD BANK
Internet Banking Website : https://mwdibanking.com
Account Transfer
Cardless Cash Withdrawal
Remittance
Internet Banking
Mobile Banking
MPU Debit Card
e-Commerce Register
MPU

SAILUN
TIRE
ATREZZO
SH406
ATREZZO
SVA1
S702
S911
Exclusive Distributor:
SAN NGWE YAUNG CO., LTD.
Yangon: No.(59-60), Hlay Thin Ah Twin Wun U Chain Street,
Industrial Zone(2),Hlaing Thar Yar Township, Yangon, Myanmar.
Tel:09-442377775,442377776,442377779
Mandalay: PaPa(21/1), Corner of Yaw Min Gyi Street & 66 Street,
Industrial Zone(1), Mandalay, Myanmar.
Tel:02-5154403,5153970,5152224,5153100,5152117




Ph :(+95-9) 965 161 788 (+95-9) 952 105 566 (+95-9) 952 135 566

Kyaw Ye Win Auto Service Co., Ltd.



Address : No. 67/B, Pho Sein Road, Bahan Township, Yangon.

Tel : 01-394682 , 01-8604416 , 09-5182122

# COMMERCE INTERNATIONAL

## ဗီယက်နမ်ပြည်တွင်းစီးပွားရေးလုပ်ငန်းများ သဘာဝပတ်ဝန်းကျင်နှင့် FDA များအကြောင်း ကောင်းစွာသိထားရန်လို

အမေရိကန်နှင့် အီးယူဈေးကွက်များသို့ ကုန်ပစ္စည်းများတင်ပို့ရာတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိအမှတ်ပြုလက်မှတ် (CE) နှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာန (FDA) တို့က ချမှတ်ထားသော စံနှုန်းများအကြောင်းကို ကောင်းစွာနားလည်ထားရန်လိုကြောင်း မေ ၂၆ ရက်က ဟန္နိုင်းမြို့တွင် ကျင်းပသော CE နှင့် FDA စံနှုန်းများဆိုင်ရာ နှီးနှောဖလှယ်ပွဲတွင် ကျွမ်းကျင်သူတို့ကပြောကြောင်း ဗီယက်နမ်နယူးအေဂျင်စီ သတင်းတွင် ဖော်ပြသည်။

အမေရိကန်နှင့် အီးယူဈေးကွက်သို့ တင်ပို့နိုင်ရေးအတွက် CE နှင့် FDA အသိအမှတ်ပြုလက်မှတ်များ ရယူရန် ကုန်ချောများပေးပို့ပြီးမှတောင်းခံသည့် အခြေအနေမျိုးကို ရှောင်ရှားသင့်ကြောင်း ကျွမ်းကျင်သူတို့ကပြောသည်။ ထိုအချိန်ရောက်မှ ထုတ်ကုန်များအတွက် CE နှင့် FDA အသိအမှတ်ပြုလက်မှတ်များ မရရှိပါက ငွေကြေးအရင်းအနှီးအပါအဝင် အရင်းအမြစ်များကို ဖြုန်းတီးရာ



ရောက်နိုင်သည်။

'ဒီဈေးကွက်တွေရဲ့ လိုအပ်ချက်တွေကို ထိထိရောက်ရောက်ဖြည့်ဆည်းပေးမယ်ဆိုရင် ဗီယက်နမ်စီးပွားရေး လုပ်ငန်းတွေက ဥရောပနဲ့ အမေရိကန်ဈေးကွက်ကိုတင်ပို့မှု အခွင့်အလမ်းကောင်းတွေကို အရယူနိုင်မှာဖြစ်ပါတယ်'ဟု စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ သွင်းကုန်ပို့ကုန်ဌာန ဒုတိယညွှန်ကြားရေးမှူး ထရန်သန်းဟိုင်က ဝန်ကြီးဌာနနှင့် ဗီယက်နမ် ချည်မျှင်နှင့် အထည်ချုပ်လုပ်ငန်းအသင်းတို့ ပူးတွဲကျင်းပသော နှီးနှောဖလှယ်ပွဲတွင် ပြောသည်။

နှီးနှောဖလှယ်ပွဲတွင် CE နှင့် FDA အသိအမှတ်ပြုလက်မှတ်ဆိုင်ရာ ပြည်တွင်းစီးပွားရေးလုပ်ငန်းများ၏ မေးမြန်းချက်များကို ကျွမ်းကျင်သူတို့က ဖြေကြားပြီး ဤစံနှုန်းများကိုရရှိအောင် ဆောင်ရွက်ရာတွင် လိုအပ်သည့် အချက်အလက်များကို အကြံပြုကြသည်။ CE အသိအမှတ်ပြုလက်မှတ်အရ ပို့ကုန်များသည် ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လိုအပ်ချက်များကိုဖြည့်ဆည်းပေးရန်လိုသည်။ အမေရိကန်သို့ပို့ကုန်များအတွက် အမေရိကန် FDA အဖွဲ့က သတ်မှတ်ထားသောအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းရန်လိုသည်။



## ဘိုးရင်းကုမ္ပဏီက 737 MAX လေယာဉ်များ ပြန်လည်ထုတ်လုပ်မည်

လူအသေအပျောက်ရှိခဲ့သည့် လေယာဉ်မတော်တဆမှုနှစ်ကြိမ်ဖြစ်ခဲ့သောကြောင့် လေကြောင်းကြီးကြပ်ရေးအဖွဲ့များက ကမ္ဘာ့နေရာအသီးသီးတွင် လေယာဉ်များကို ပျံသန်းခွင့် ရပ်ဆိုင်းထားခဲ့ပြီးနောက် ဘိုးရင်း 737 MAX လေယာဉ်များကို နိမ့်ကျသောထုတ်လုပ်မှုနှုန်းဖြင့် ထုတ်လုပ်နေပြီဖြစ်ကြောင်း ကုမ္ပဏီက မေ ၂၇ ရက်တွင် ပြောကြောင်း AFP သတင်းတွင်ဖော်ပြသည်။

ဂျက်လေယာဉ်များမှာ ၂၀၁၉ ခုနှစ် မတ်လမှစ၍ စီးပွားရေးအရ ပျံသန်းမှုမရှိဘဲ အမေရိကန်ပြည်ထောင်စု လေကြောင်းသွားလာရေး အုပ်ချုပ်မှုဌာနနှင့် အခြားသော ကြီးကြပ်ရေးအဖွဲ့များက ချမှတ်ထားသော ဝန်ဆောင်မှုဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်ရန် အဆင့်များစွာ ကျန်နေဆဲ ဖြစ်သည်။

လုပ်ငန်းခွင်နေရာ ဘေးကင်းလုံခြုံရေးနှင့် ထုတ်လုပ်မှုအရည်အသွေးအတွက် ကနဦးဆောင်ရွက်ချက်များကို ဖြည့်ဆည်းပြီးဖြစ်သဖြင့် ဝါရှင်တန်ပြည်နယ် ရန်တန်မြို့ရှိ စက်ရုံတွင် MAX ထုတ်လုပ်ရေးလုပ်ငန်းများကို ပြန်လည်ဆောင်ရွက်နေပြီဖြစ်ကြောင်း ကုမ္ပဏီကပြောသည်။

'ကျွန်တော်တို့ရဲ့ထုတ်လုပ်မှုစနစ်ကို ဆက်လက်သွားနေပါပြီ။ ပိုမိုခိုင်မာအောင် ဆောင်ရွက်နေပါပြီ'ဟု ဒုတိယဥက္ကဋ္ဌနှင့် 737 အစီအစဉ် အထွေထွေမန်နေဂျာ ဝေါ့အိုဒီရှိုက ပြောသည်။ ဂျက်လေယာဉ်များကို ကြီးကြပ်ရေးအဖွဲ့များက မည်သည့်အချိန်တွင် ပြန်လည်ပျံသန်းခွင့်ပေးမည်ကို သေချာစွာမသိရသေးသည့်အတွက် ဘိုးရင်းက ထုတ်လုပ်မှုလုပ်ငန်းများကို ပိတ်ထားခဲ့ခြင်းဖြစ်သည်။

**စံမီအောင်**

## ကမ္ဘာ့ကပ်ရောဂါကို ကျော်လွှားနိုင်ရေး တောင်ကိုရီးယားက လွတ်လပ်သော ကုန်သွယ်ရေးကို တိုးမြှင့်ဆောင်ရွက်

ကိုရိုနာဗိုင်းရပ်စ်သစ် ပြန့်ပွားမှုပြီးဆုံးပြီးနောက်ပိုင်း ကိုယ်ကျိုးစီးပွားကာကွယ်မှုကြီးထွားလုနေချိန်တွင် တောင်ကိုရီးယားနိုင်ငံက လွတ်လပ်စွာကုန်သွယ်သည့်မူဝါဒကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တောင်ကိုရီးယား ကုန်သွယ်ရေးဝန်ကြီးက မေ ၂၇ ရက်တွင် ပြောသည်။ ထို့ပြင် ဗိုင်းရပ်စ်ကြောင့် ထိခိုက်မှုရှိခဲ့သော ကမ္ဘာ့ဖြန့်ဖြူးရေးကွင်းဆက်ကို ပုံမှန်ဖြစ်အောင် ကြိုးပမ်းရာတွင် လက်တွဲဆောင်ရွက်ရန် တိုက်တွန်းခဲ့ကြောင်း ယွန်းဟပ်သတင်းတွင် ဖော်ပြသည်။

'ကမ္ဘာ့ကပ်ရောဂါလွန်ကာလမှာ ကမ္ဘာ့ကုန်သွယ်ရေးနှင့် ကူးသန်းရောင်းဝယ်ရေးပတ်ဝန်းကျင်က ထူးထူးခြားခြား ပြောင်းလဲသွားနိုင်ပါတယ်' ဟု ကိုရီးယားအပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးအသင်းက ကျင်းပသည့် ကမ္ဘာတစ်ဝန်းရှိ ကျွမ်းကျင်သူများနှင့်ကျင်းပသော ဗီဒီယိုကွန်ဖရင့်တွင် ကုန်သွယ်ရေးဝန်ကြီး ယူးမြောင်ဟီးကပြောသည်။

'နိုင်ငံတိုင်းက စီးပွားရေးမှာ အမျိုးသားရေးဝါဒကို ဦးတည်သွားပါလိမ့်မယ်။ ဒါကြောင့် ကမ္ဘာ့ကုန်ပစ္စည်းဝယ်ယူရေး ကွင်းဆက်ကလည်း ပြောင်းလဲပါလိမ့်မယ်။ ကမ္ဘာကြီးက ဒစ်ဂျစ်တယ်စီးပွားရေး အကူးအပြောင်းကိုလည်း ကြုံတွေ့ရပါလိမ့်မယ်'ဟု ယူကပြောသည်။

ဤသို့ စိန်ခေါ်မှုများနှင့် ရင်ဆိုင်ရချိန်မှာ နိုင်ငံများသည် စီးပွားလုပ်ငန်းအရာရှိများကို ခရီးသွားလာစေပြီး တစ်ဦးနှင့်တစ်ဦး ချိတ်ဆက်စေကာ ကမ္ဘာ့ကုန်စည်နှင့်ဝန်ဆောင်မှု ကုန်သွယ်ရေးကို ပြန်လည်ရှင်သန်အောင်လုပ်ရန်လိုကြောင်း ကုန်သွယ်ရေးဝန်ကြီးကပြောသည်။

ကမ္ဘာတစ်ဝန်း အနည်းဆုံး လူ ၅ ဒသမ ၅ သန်း ကူးစက်ခံရသော ကိုဗစ်(၁၉)က အပြည်ပြည်ဆိုင်ရာ ခရီးသွားလာမှုကိုရပ်ဆိုင်းစေပြီး တောင်ကိုရီးယားကဲ့သို့ ပို့ကုန်စီးပွားရေးကိုမှီခိုနေရသော စီးပွားရေးကို ကျဆင်းစေခဲ့ပြီး နောက်ပိုင်း ဤဝေဖန်ချက် ထွက်ပေါ်ခဲ့ခြင်းဖြစ်သည်။

## ဆန်ပေးသွင်းရေးအတွက် ဗီယက်နမ်နှင့် ဖိလစ်ပိုင်တို့ ဆွေးနွေး

ကမ္ဘာ့ကပ်ရောဂါ ကိုရိုနာဗိုင်းရပ်စ် တိုက်ဖျက်ရေးအတွက် နှစ်နိုင်ငံကြားဒေသတွင်း ပူးပေါင်းဆောင်ရွက်မှု ပိုမိုခိုင်မာအောင် ဆောင်ရွက်ကြရန် ဖိလစ်ပိုင်သမ္မတ ရိုဒရီဂိုဒူတာတေးနှင့် ဗီယက်နမ်ဝန်ကြီးချုပ် ငုယင်ဇွမ်ဖတ်တို့ကတိပြုခဲ့ကြကြောင်း Straitstimes တွင် ဖော်ပြသည်။

ခေါင်းဆောင်နှစ်ဦး ဆွေးနွေးပွဲတွင် ဖိလစ်ပိုင်အတွက် ရေရှည် ပေးသွင်းရေးနှင့် အရေးကြီးသော ဆေးဝါးနှင့် ဆေးဝါးနှင့်သက်ဆိုင်သော ကိရိယာများရရှိရေးအတွက် အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) ယန္တရားထူထောင်ရေးတို့ပါဝင်သည်။

မေ ၂၆ ရက်က ပြုလုပ်သော တယ်လီဖုန်းဆက်သွယ် ဆွေးနွေးပွဲတွင် အရေးပါသော အခြေခံစားသောက်ကုန် အလုံအလောက်ရရှိအောင် ထိန်းသိမ်းရေးနှင့် ကိုဗစ်(၁၉)ကို အောင်မြင်စွာ တိုက်ဖျက်ရေးအတွက် အရေးပါသော ဆေးဝါးနှင့် ဆေးပစ္စည်းများ ဖြန့်ဖြူးရေးတို့၏ အရေးပါမှုတို့ကို အလေးပေး ပြောကြားခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံအား ဆန်ရေရှည်ပေးသွင်းရေးအတွက် အာမခံချက်ပေးသဖြင့် ဒူတာတေးက ဖတ်အား ကျေးဇူးတင်ကြောင်းပြောကြားခဲ့ပြီး ဆန်တင်သွင်းမှုအတွက် ထိပ်တန်းအရင်းအမြစ်နိုင်ငံတစ်ခုအဖြစ် ဗီယက်နိုင်ငံသည် စားနပ်ရိက္ခာဖူလုံရေးအတွက် အရေးပါသော မိတ်ဖက်နိုင်ငံဖြစ်ကြောင်း အလေးပေး ပြောကြားခဲ့သည်။

'ဗီယက်နမ်နိုင်ငံက ဆန်ကို သက်သာသောဈေးနှုန်းဖြင့် ဖိလစ်ပိုင်နိုင်ငံသို့ ရေရှည်ဆက်လက်ရောင်းချပေးသွားမှာဖြစ်ဖြစ်ပါတယ်'ဟု ဗီယက်နမ်ဝန်ကြီးချုပ်က ဖိလစ်ပိုင်သမ္မတကို ပြောသည်။

Be green, Keep our planet clean

**စိမ်းလန်းလှပစေဖို့ သန့်ရှင်းသော ကမ္ဘာမြေကိုစောင့်ရှောက်စို့။**